www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# [illegible]

## ရင်ခုန်သံထပ်တူထပ်မျှ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## နိဒါန်း

"အောင် တယ်မဟုတ်လားကြီးကြီး ... ဟင်၊ အဓိကသိချင်တာ ဂုဏ်ထူးနော် ... ဂုဏ်ထူး ... ကြီးကြီး သချာကြားရရဲ့လား ... ဂန်ဒူးမဟုတ်ဘူးနော် ... ဟိ ဟိ"

"အောင်တယ်ဟေ့ ... အောင်တယ်၊ ညည်းရဲ့ဂန်ဒူး က ... အဲလေ ... ဟုတ်ပါဘူး ... ဂုဏ်ထူးက နှစ်ခုပါတယ် ကလေးရဲ့ ... သင်္ချာနဲ့ဓာတု တဲ့"

"ဟယ် ... နှစ်ခု ... ဝေး ... ဟေးဟေး ... ဂုဏ်ထူး နှစ်ခုနဲ့ ... ဒါမှ ငါကွ"

သူမက ဘေးပတ်ဝန်းကျင်ကိုလည်း သတိမပြုမိ။ ဝမ်းသာစိတ်က သူမ့သိစိတ်ကို အနိုင်ယူစိုးမိုးသွားလေပြီ။ ဖုန်းပြောရင်းက သတိလက်လွတ် ထူထဲသန်စွမ်းလှသော ဆံပင်ကြီးကို ဝှေ့ခနဲ ယမ်းခါမိသည်။ ထိုအချိန်မှာပင် ဆံပင်အဖျားက တုံ့ခနဲ ဆောင့်ဆွဲခံလိုက်ရသလို လေ့ကားပေါ်မှ ဆင်းလက်စခြေလှမ်း တုံ့ရပ်သွားသည်။

"ကျွစ် ... ဟာကွာ ... ဒီမှာငြိနေပြီကွ"

သက်ပိုင်ရဲ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



အသံက သူမနောက်ပါးမှ ဆတ်ခနဲလှည့်တော့ ဆံပင်စအချို့က တင်းကုန်စေ၏။ တွေ့ပါပြီ ...။ သူမအပေါ်လှေကားၖ ရှုတင်းတင်းမျက်နှာထားနှင့်လူ။ အင်း ... ရွယ်တူလောက်ပင်ရှိလိမ့်မည်။ ရှပ်အင်္ကျီလက်ရှည်က ကြွေရောင်တောက်နေ၏။ ခရမ်းရင့်ရောင် ပိုးတွဲပုဆိုးနှင့်မို့ သူ့ပုံစံက လင်းလက်စွာတောက်ပလျှက်။ ခက်တာက မျက်နှာထား။ လိုအပ်တာထက် မှုန်ကုပ်တင်းမာနေခြင်းပါပဲ။

"ဟော့ ... ဒီမှာလုပ်ဦးလေ"

ဇီဂ ရက အင်္ကျီလက်ဖျားမှ ကြယ်သီးနှင့်ငြိနေသော ဆံခြည်မျှင်တို့ကိုပြသည်။

"ရှင်"

မျက်လုံးအဝိုင်းသားနှင့် အူကြောင်ကြောင်လုပ်နေသော ရှပ်ကြောင့် ဝီရ ... စိတ်ပိုတိုလာရ၏။

"ဟာ ... ဘာရှင်လဲ ... ဒီမှာငြိနေပြီလေ၊ မင်း ဆံပင်က အရင်လာပတ်သက်တာ ကိုယ့်ကိစ္စကိုယ်ရှင်း"

"ဩော် ... ဆောရီး ... အဟဲ ... ရှင်းပေးပါမယ်၊ အဲဒါကြောင့် ထင်တော့ထင်သား ... နောက်ကနေ တင်းခနဲဖြစ်သွားတော့လေ ... တစ်ခုခုနဲ့ငြိနေပြီဆိုတာ"

"ငြိနေလည်း ဖြည်ပေးလေဗျာ ... အရေးထဲ စကားလာများနေသေးတယ် ဒီမှာအချိန်မရှိဘူး"

"ရှင်ကလည်းရှင် ... ပြေရာပြေကြောင်းပြောတာကို ဒေါသချည်းပဲ"





"ဟာ ... ဒေါသပေါ့၊ ဒီမှာ မင်းလုပ်ထားလို့ သွားရမယ့်ခရီးတွေ နှောင့်နှေးကုန်ပြီ ... အချိန်ကုန်တယ်၊ ဒါကို ဒေါသမထွက်ရဘူးလား"

"တမင်လုပ်တာမှ မဟုတ်တာ ... မတော်တဆကိုပဲ"

ပြုံးစိစိနှင့်ပြောရင်း ကြယ်သီး၌ငြိတွေးနေသော ဆံပင်ကို အခုမှစဖြည်၏။ ဝီရကတော့ စိတ်ထဲ ဒေါသတွေဟာ ဒိုင်းနမိုက်တွေ ဖောက်ခွဲထားသလိုပင်။ တဝုန်းဝုန်းတဒိုင်းဒိုင်းနှင့် ပေါက်ကွဲနေတာ ထိန်းမရတော့။ ဖြည်နေတာလည်း ပိုရှုပ်နေသလိုပါပဲ၊ ဘုရားစောင်းတန်း၌ရှိသော ဈေးဆိုင်ထဲမှလူတွေကလည်း သူတို့အဖြစ်ကိုကြည့်ပြီး ပြုံးစိစိ တိုးတိုးကျိတ်ကျိတ်နှင့် ဝေဖန်ရေးလည်း လုပ်သည်။

ဘုရားလှေကားအလယ်တည့်တည့်မှမို့ ဆင်းသူတက်သူကြားမှာ သူတို့နှစ်ယောက်က ထင်းထင်းကြီး၊ ဒီကြားထဲ မယ်မင်းကြီးမက ဟမ်း(န်)ဖုန်းကို ပခုံးနှင့်နားရွက်ကြားညှပ်ပြီး ...

"ကြီးကြီးရေ ... ဒီမှာ စိတ်လည်း ညစ်ပါတယ် ... ဆံပင်တွေလေ၊ ကြိုင်ရှာပြန်ပြီ၊ အင်းလေ ... အငြိဇယားပဲပေါ့"

တစ်ဖက်က ဘာပြန်မေးလဲ မသိပါ ... ခိုးခိုးခစ်ခစ်ရယ်သံက ထွက်လာ၏။ ပြီးတော့ သူ့ကို မျက်လွှာပင့်ပြီး ခိုးကြည့်သေး၊ ဝီရမှာ ရှက်တာရော၊ ဒေါသထွက်တာတွေရော ပေါင်းပြီးလူက ပူထူနေပြီ။ သူမကတော့ ဘာမှ ဂရုမစိုက်ဟန်အပြည့်နှင့်။

"အဟိ ... ဒီတစ်ခါငြိတာ ထူးဆန်းနေတယ် ... သိလား၊ တံခါးတို့ လက်ရန်းတို့နဲ့ငြိတာမဟုတ်ဘူး ကြီးကြီးရို့



www.burmeseclassic.com

www.burmeseclassic.com



. . . ဟိဟိ . . . လူနဲ့ငြိတာ . . . လူချောလေး''

သူ့ကိုတောင် ဂရုမစိုက်တော့။ ပြောပြီး လျှာထုတ်ပြောင်ပြသေးတာ။ ဝိရ သည်းမခံနိုင်တော့။

''ကဲ . . . အမိ''

''ရှင်''

''မင်း . . . ဘေးဖယ်လိုက်တော့''

''ရှင်''

''ဟား . . . အူကြောင်ကြောင်လုပ်မနေနဲ့ . . . ဘေးဖယ်တော့''

ပြောပြီး သူကပဲ နောက်သို့ ခြေနှစ်လှမ်းဆုတ်ရသည်။ ပြီးနောက် ဆံခြည်မျှင်တို့ကြားရောက်နေသော ကြယ်သီးလေးကို ဆွဲဖြုတ်လိုက်၏။

''ရော့''

သူမလက်ထဲ ဆောင့်အောင့်ထည့်သည်။ ထို့နောက် ပုဆိုးကို စုံမကာ လေှကားထစ်တွေကို တလှမ်းလှမ်း ကျော်တက်သွား၏။ နှုတ်ဖျားမှလည်း မကြားတကြားရေရွတ်မိသေး . . ။

''အလကား . . . အရှုပ်ထုပ်တွေ''

နောက်၌ ကျန်ရစ်သူလေးကတော့ သူပေးခဲ့သောကြယ်သီးလေးကို ဆုပ်ကိုင်ပြီးတော့ သူ့နောက်ကျောအား ငေးကြည့်နေသည်။ ဒါတွေ သူ,မသိ။ သူပေးခဲ့တာ ကြယ်သီးလေးဖြစ်သည်။ ဒါပေမဲ့ သူ့ထံကပ်ငြိပါလာတာ မိန်းကလေးရဲ့ နှလုံးသားတစ်စုံဖြစ်သည်။ ဒါကိုလည်း သူ,မသိ။ ဆုံစည်းမှုအစကတည်းကိုက





သူက, မှုန်ကုပ်ကုပ် ဂျစ်ကန်ကန် . . . ။

သူမက, စတင်ငြိတွယ်ခဲ့ရသူ . . . ။ အဲဒီလိုဖြစ်၏။ ပေးသူနှင့် ပြန်ရသူရဲ့ပစ္စည်းချင်းက မတူ . . . ။ တန်ဖိုးချင်း ကွာခြားလွန်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com

**အခန်း - ၁**

'ဒုန်း ‥ဒုန်း ‥ဒုန်း ‥ဒုန်း'

တံခါးထုသံက အဆက်မပြတ်။ သူ လန့်နိုးလာသည်။ နာရီကိုကြည့်မိတော့ ငါးနာရီတိတိ။

"စောစောစီးစီးကွာ"

ညည်းတွားရင်းနှင့်ပင် လူးလဲထရ၏။ မထ၍မရ … သူ့ကိုနှိုးသောသူက သူ့မထမချင်း တံခါးထုနေမှာပင်။

"လာပြီကွ"

အော်ပြီး တံခါးဆွဲဖွင့်၏။ သံပန်းတံခါးအပြင်ဘက်၌ ရပ်နေသူက **ဇါဇါဇာ**။

"ဘာအရေးတော်ပုံပေါ်ပြန်ပြီလဲ"

သူက သံပန်းတံခါးဖွင့်ရင်း မေးသည်။ တီတာကတော့ ပွင့်သွားပြီဖြစ်သော တံခါးမှ သူ့ကိုတွန်းတိုက်ဝင်ရင်း …

"**ဥက္ကာ** လေ … နင့်ကားယူမလို့တဲ့ … ကားသော့လာတောင်းတာ"

"ဘယ်သွားမှာမို့လို့လဲ ‥ ဒီနေ့ ကျောင်းဖွင့်ရက်ကြီးကို"





"သူ့ကောင်မလေးဆီ"

"ဒီလောက်အစောကြီးကို"

"အေး … ဒီတစ်ယောက်က မနက်ဆို ကန်ပေါင်ပေါ်မှာ အပြေးလေ့ကျင့်တယ်လေ"

တီတာက ပါးစပ်ကလည်း စက်သေနတ်လို တဒက်ဒက်ပစ်သည်။ လက်ကလည်း အသုပ်စုံသည် (တွေ့ရာကောက်ထည့်ပြီး နယ်သောလက်) လိုပင်။ သူ့ရေခဲသေတ္တာ ဆွဲဖွင့်၊ အထဲက ပေါင်မုန့်ထုတ်ယူ၊ ချိ(စ်)အပြားတွေ ပေါင်မုန့်ကြားညှပ်၊ ကော်ဖီမစ်ထုပ်တွေ ဆွဲယူ၊ ခါတ်ဘူးအသေးစားထဲ ထည့်ဖျော်နှင့် … သူ့ထမင်းစားခန်းဟာ တဒင်္ဂအတွင်း အမှိုက်တွေပုံလို့။

"နင့်ကားက ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး … Latest (နောက်ဆုံးပေါ်) မဟုတ်လို့တဲ့၊ နင့်ကားကြီးက CYGNUS လေ၊ အရောင်ကလည်း အနက်ဆိုတော့ လန်းတယ်တဲ့ … ကားသော့ရော"

"တိုင်မှာ ချိတ်ထားတယ်၊ ဒီကောင်က ဘာလို့ တက်မလိုက်လာလဲ"

"ငါ့ကားထဲမှာ ခဏမှေးနေတယ်၊ မနက်သုံးနာရီကမှ အိပ်ရတာတဲ့၊ တစ်ပတ်ကို စာမေးပွဲက နှစ်ခါတောင်လေ၊ ဆေးကျောင်းသားတွေရဲ့ဘဝကလည်း သနားစရာဟဲ့ … စာတွေနဲ့ချည်း နပန်းလုံးနေရတော့ သူ့ခမျာ အိပ်ရေးပျက်ရှာမှာပေါ့၊ အဲဒါကြောင့် ရတဲ့အချိန်လေး မှေးပါစေဆိုပြီး …"

"ဖွန်ကြောင်တာလည်း ပါ,ပါတယ်ဟ … စာချည်း



www.burmeseclassic.com

www.burmeseclassic.com



လွဲချမနေစမ်းပါနဲ့၊ ည,ညကျ ဖုန်းပြောပြီး ကြူရတာလေ၊ ငါ့ဖုန်းဆို ညဘက် သူယူထားတဲ့ညဆိုရင် ဆောင်လိုက်ရတာ . . . ဖုန်းဘီ(လ်) မနည်းမနော''

''ဒါကတော့ဟယ်''

''အင်း . . . ပြောပါဦး''

သူက ဉာဏာဘက်မှ အမြဲကာကွယ်နေသော တီတာအား ရွဲ့ပေးလိုက်၏။ တီတာက သူမ,လုပ်လက်စအလုပ်အပေါ် အမြန်ပြီးအောင်ပဲ ဖွဲ့ကပ်နေဟန်တူသည်။ သူရွဲ့နေတာ သတိမထားမိ။

''သူ့ဝါသနာပေါ့''

''ခြော် . . . ဝါသနာ . . . အေး အေး . . . ဟုတ်ပါတယ်၊ နင်ပဲ နားလည်ပေးလိုက်ပါ၊ သူ့ခမျာ သနားပါတယ်၊ စာတွေနဲ့ နပန်းလုံးလိုက်, ရည်းစားတွေနဲ့ ခြေရှုပ်လိုက်, အဟောင်းဖြုတ်လိုက်, အသစ်ဆက်လိုက်နဲ့''

သူကပြောတော့ တီတာက မျက်စောင်းကြီးတရွယ်ရွယ်။ အဲဒါပါပဲ . . .။ သူတို့သုံးယောက်ဟာ စရိုက်တစ်စက်ကလေးမှ မတူပေ။ ဝီရ . . . သူက ဒေါသတကြီးနှင့် အရာရာကို အကောင်းမမြင်တတ်။ မြင်တတ်အောင်လည်း သူ့ပတ်ဝန်းကျင်က လူတွေက ကောင်းတာမှမရှိတာ။ တီတာကျတော့ အရာရာပေးဆပ်တဲ့ဘက်က။ သူ့ကိုတော့ မပေးဆပ်ပေါင်။ သူကလည်း ရယူချင်စိတ်မရှိပါဘူး . . . ဉာဏာကြည့်ရတာနှင့်ပင် စိတ်ရှုပ်လွန်းလို့။

တီတာက ဉာဏာမှ ဉာဏာ . . . ဉာဏာကို အရိပ်တကြည့်





ကြည့်။ ဟိုကောင်ကလည်း နှုတ်ကလေးချိုချိုနှင့် သူလိုချင်တာတောင်းတတ်တဲ့သူ။ သူတို့သုံးယောက်ထဲမှာ ဉာဏာက ရုပ်အဖြောင့်ဆုံး။ အရပ်က သူ့ထက်မမြင့်ပေမယ့် စမတ်တကျရင်ဖွင့်ပြီးလမ်းလျှောက်တဲ့ဟန်ကြောင့် လူကြားထဲ ထင်းနေအောင်ပေါ်လွင်သည်။

အသားအရေက ဆုတောင်းကောင်းခဲ့တယ် ဆိုမလား . . . ပန်းရောင်ပြေးနေကာ မျက်နှာက အမြဲတစေ ပြုံးနေတတ်၏။ ဒီကြားထဲ ခေတ်ရှေ့ပြေးတာက လွန်ရော။ ပန့်ကေဆို ဒင်းခေါင်းပေါ် တင်ပြီးသား။ အခုတလောလည်း နောက်ကအတို၊ ရှေ့နဖူးပေါ် အရှည်ချသည့် အီမိုဇကေ . . . တဲ့။ ဒင်းက ညှပ်ပြီးပြီ။ အပြောက ပိုင်သည်၊ အပြုံးက ချိုသည်၊ ထို့ကြောင့် ဒီကောင်ကမိန်းကလေးတွေရဲ့နှုတ်ဖျားမှာ ရေပန်းစားတာဖြစ်၏။

ဉာဏာမှာ နောက်ထပ်စန်းတစ်ခု ရှိသေးသည်။ အဲဒါကတော့ သူနှင့်ပြတ်တဲ့မိန်းကလေးတွေက သူ့ကို မုန်းတီးသွားတယ်၊ နာကြည်းသွားတယ်ဆိုတာမျိုး မရှိ။ အကူအညီလိုရင်တောင်ပေးမယ့်လူက အသင့်။ ဒါကိုပဲ ဉာဏာက ဝင့်ကြွားမဆုံး။

''သူတို့နဲ့တွဲတယ်ဆိုတာ နစ်နာအောင် ငါ ဘာမှမလုပ်ခဲ့ဘူးလေ၊ စာတွေကြားထဲမှာ မွန်းကျပ်လွန်းလို့ တွဲတာ . . . ဒါပဲ၊ အဆင်မပြေတဲ့အခါ လမ်းခွဲရုံပဲ . . . ဘာမှမုန်းတီးနာကြည်းစရာအကြောင်းမှ မရှိတာ၊ သူတို့ဆီမှာတောင် ဂုဏ်တက်သွားသေး၊ ဆေးကျောင်းသားဉာဏာရဲ့ ရည်းစားဖြစ်ဖူးတယ်ဆိုတာမျိုးပေါ့''

သူက ငယ်သံယောဇဉ်ကြောင့်သာ ဥပေက္ခာမပြုတာ



www.burmeseclassic.com

www.burmeseclassic.com



. . . တီတာတို့လောက်တော့ မလှုံးထွေးပေ။ တီတာကတော့ ဆေးကျောင်းသားလည်း ဖြစ်၊ နဂိုကတည်းကမှ ကိုယ်ပိုင်အချိန်နည်းသောကြောင့် ဉာဏရဲ့လက်စွဲတော်။ အောင်သွယ်တော်ဆိုလည်း သူမပဲ။ ရည်းစားချင်းချိန်းတွေလည်း သူမက ဒရိုင်ဘာ။ စိတ်ကောက်ကြလျှင် ကြားဝင်စေ့စပ်ပေးရန့် ဂျင်ခြေကိုလည်လို့၊ ထို့အပြင် အခုလိုကိစ္စမျိုးလည်း ရှိသေး၏။

အိပ်ရေးပျက်ခံပြီး ဟိုကောင်ကြောင်သမျှ လိုက်ကြောင်ပေးရတာမျိုး။ သူ့မီးဖိုချောင်ထဲက ရှိသမျှရိက္ခာ မ,တာမျိုးပေါ့။

''ဝီရ . . . နင်ကျောင်းလာရင် ငါ့ကားနဲ့လာနော်''

''နင့်ကားနဲ့ပဲ လာရမှာပေါ့ . . . ငါက လမ်းလျှောက်လာလို့မှ မရတာ''

သူက ဘုကန့်လန့်တိုက်သည်။ တီတာနှင့်သူက ဒဂုံ တက္ကသိုလ်၊ ဟိုကောင်က ဆေး(၂)မို့ လမ်းကတခြားစီ။ ထိုအချိန်မှာပဲ အိပ်ခန်းထဲရှိ သူ့ဟင်း(န်)ဖုန်းမြည်လာ၏။

''ဟဲ့ . . . ဉာဏထင်တယ်၊ ငါလာပြီလို့ ပြောလိုက်စမ်းပါ၊ ကော်ဖီဖျော်ပြီးပြီလို့''

''သူက ဘယ်ဖုန်းနဲ့ဆက်တာလဲ''

''ငါ့ဟင်း(န်)ဖုန်း ပေးထားခဲ့တယ်လေ''

သူ့ဖုန်း၌ပေါ်နေတာ တီတာ့ဖုန်းနံပါတ်။ ဉာဏကတော့ အမြဲ ဒီလိုပါပဲ။ သူ့ဖုန်းယူရင်ယူ၊ မယူရင် တီတာ့ဖုန်းကို အပိုင်သိမ်းထားတတ်သည်။ သူတို့က ဖုန်းရှိပေမယ့် ဆက်စရာကိစ္စအနည်းသား။ ဉာဏကတော့ ကမ္ဘာ့စီးပွားရေးသမားများထက်ပင်





ဖုန်းပြောနိုင်တဲ့သူ။ သူက စိတ်ပေါက်ပေါက်နှင့် လျှောက်တွေးရင်း ဖုန်းနားထောင်လိုက်သည်။

''ဝီရလား''

''အင်း''

စိတ်က သိပ်မရှည်။

''ဟေ့ကောင် . . . ဟိုတစ်လောက မင်းအမေပို့လိုက်တဲ့ RADO (ရာဒို) နာရီလေးလေ . . . အဲဒါ တီတာနဲ့ထည့်ပေးလိုက်စမ်းပါ . . . ငါ ခဏပတ်သွားမလို့၊ တီတာကိုပြောလိုက် . . . မြန်မြန်လုပ်လို့၊ ခြောက်နာရီအရောက်သွားရမှာလို့၊ ဒါပဲဟေ့ကောင်''

ပြောပြီး အရင်ဦးအောင် ဖုန်းချသွားသည်။ ဝီရသည် တောက်တစ်ချက်ပြင်းထန်စွာခေါက်ရင်း ဖုန်းကို လက်သီးနှင့်ရွယ်လိုက်၏။ ကိုယ်က ညစ်ညမ်းစွာဆဲရေးတတ်လည်း အကောင်းသား။ အခုတော့ ကိုယ့်ပစ္စည်းကိုယ်ငှားရမှာတောင် အထက်စီးကြီးနှင့် အပြောခံရသေးတာ။ ဒါပေမဲ့လည်း . . .

''တီတာ . . . ငါ့နာရီယူသွား''

လို့ လှမ်းအော်ပြောရသည်။ ပြီးတော့ မယ်မင်းကြီးမဆင်းသွားသည်အထိ တံခါးစောင့်ပိတ်ရ၊ အောက်ကပြန်တင်ပေးမည့် တီတာ့ကားသော့ကို ကြိုးနှင့်ဆွဲယူရ၊ ပြီးမှ စိတ်ချလက်ချ အိပ်ရာဝင်သည်။ ဒါပေမဲ့ အိပ်လို့က မပျော်တော့။

ကိုယ့်အဖြစ်ကိုယ် ဒေါသထွက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

**"Clown is Crown."**

လူပြက်က ဘုရင်ဖြစ်သတဲ့ . . .
ကိုယ်က လူပြက်၊
ကိုယ်က ဂျိုကာ၊
မင်းကို ကြည်ရွှင်အောင်လုပ်ဖို့ပါ။
မင်းနှလုံးသားမှာ ဘုရင်ဖြစ်ဖို့လေ . . .။

[illegible]

------------- ။

''အဟား''

လူးက ရင်ဖွင့်၊ ခေါင်းမော့ပြီး လေကိုအားပါးတရ ရှူသွင်း၏။ ပြီးတော့ မျက်နှာရှုံ့မဲ့သွားသည်။ ဒါကို ဘေးကကြည့်နေသော **မိဒိုဒး** နှင့် **မိဒူ** က မြင်သည်။ ဒီတော့ အလန့်တကြား ဖြစ်သွားရကာ ...

''ဘာဖြစ်တာလဲ မိလူး''

''နင့်မျက်နှာကြီး ဘာလို့ရှုံ့သွားတာလဲ''

''ငါ ဒဂုံတက္ကသိုလ်ရဲ့လေကို ရှူတာလေ''

''အေးလေ ... ရှူတော့ဘာနံ့ရလဲ''

''အီးနံ့''

''ဟဲ့'' ... ဟုသာ အော်နိုင်သည်။ နှစ်ယောက်သား တဟီးဟီး တဟားဟားနှင့်ထရယ်၏။ ရယ်သံတွေက အုန်းအုန်း ထ။

''ဟုတ်တယ်ဟဲ့ ... လေထုညစ်ညမ်းမှုကို ဒီနားက

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက် လုပ်လိုက်တာနဲ့တူတယ်''

ပြောပြီး လူးက မျက်စိကိုဝေ့ဝဲကာ တရားခံရှာသည်။ လူးပုံစံက ရယ်ချင်စရာ။

''ကဲ ... တော်ပါတော့ မိလူးရယ်၊ နင် ဟာသတွေ သိပ်မလုပ်နဲ့ ... ငါ အူတက်တော့မယ်''

''နင်က အူတက်ရုံတက်မှာ ... ငါက ဟိုဟာတွေထွက် ကျကုန်တော့မယ် မိသူ''

ဗိုက်တွေနှိပ်၊ မျက်ရည်တွေထွက်မတတ် ရယ်မောနေသော သူငယ်ချင်းမနှစ်ယောက်ကို ကြည့်ပြီး လူး ... ကိုယ်ရှိန် သတ်လိုက်သည်။

''အေး ... အေး ... တော်ပါပြီ ... ငါ့ကို ရန်ကုန်မြို့ရဲ့ အထင်ကရနေရာတွေ လိုက်ပြဦးနော်''

''ဟဲ့ ... ဒီနေ့လား''

''အေးပေါ့ မိပိုင်းရဲ့''

''နင် အတန်းမတက်တော့ဘူးလား''

''အမယ်လေး ... မိသူ ... အခုမှ စာကြမ်းပိုး လာ လုပ်ပြမနေနဲ့၊ အတန်းက ဘယ်အချိန်တက်တက် ရတယ်၊ အတန်းလစ်တာက အချိန်ရွေးရတယ်''

''ဘာဖြစ်လို့''

''ဩော် ... ငါက အခုမှ ရန်ကုန်ရောက်စလေ၊ ငါ့ကို စောင့်ကြည့်အကဲခတ်မယ့်လူတွေက ရောက်ခါစအချိန်မှာတော့ အခွင့်အရေးပေးတာပေါ့ဟဲ့ ... ရန်ကုန်မြို့တော်ကြီးကို လေ့လာ





ပါစေတော့ဆိုပြီးတော့လေ၊ ရောက်တာနည်းနည်းကြာသွားရင် တော့ ငါ ဒီလိုလတ်လျားလတ်လျားနေလို့ ဘယ်ရတော့မလဲ''

''ဩော် ... ဒီလိုလား''

''ဒီလိုပေါ့''

''စူးရောက်ပါပေ့ ရွှေဉာဏ်ရှင်ရယ်''

သူငယ်ချင်းနှစ်ယောက်စလုံးက မှတ်ချက်ချရတဲ့ အထိ။ လူးတို့က အဲဒါမျိုးလေ။ ဒီခေတ်ရေစီးကြောင်းအတိုင်း မျောချင် သလောက် မျောပါချင်သူ။

''ကဲ ... ဒါဆိုလည်း မိန့်တော်မူပါဦး ဉာဏ်ကြီးရှင်ရယ် ... ရှင်က ဘယ်နေရာများ လေ့လာကွင်းဆင်းချင်ရတာတုံး''

''ငါလား ... အတွဲများတဲ့ အင်းလျားတစ်ခွင်လေ''

''အတွဲသွားချောင်းမလို့လား''

''ဒါပေါ့ မိသူရယ် ... အင်းလျားသွားပြီး ဘူးသီးကြော် စားတယ်၊ မုန့်တီသောက်တယ်ဆိုတာ ငတုံးတွေအလုပ်၊ ငါက အတွဲချောင်းမှာ''

''အတွဲများ အင်းလျားထိ ချောင်းစရာမလိုဘူး ... ငါ တို့ကျောင်းထဲမှာတင် ရှိတယ်လေ''

မိပိုင်းက ဝင်ပြောသည်။ မိသူကတော့ သူမကို စေ့စေ့ စပ်စပ်အကဲခတ်ရင်း ...

''နေစမ်းပါဦး၊ နင်က အတွဲချောင်းပြီး ဘာလုပ်မလို့တုံး''

''ငါတို့မန္တလေးကအတွဲနဲ့ ရန်ကုန်အတွဲ စတိုင်တူ့မတူ စမ်းသပ်မလို့''



www.burmeseclassic.com

www.burmeseclassic.com



လူးက သူငယ်ချင်းမတွေရဲ့အမေးကိုဖြေရင်း ပီကေကို အကျယ်ကြီးဖောက်နေ၏။ လူးရဲ့ပုံစံမှာ မြင်ရသူအပေါင်းအတွက် တကယ့်ကို ရယ်ရွှင်ဖွယ်ဖြစ်သည်။

ရန်ကုန်မဆင်းခင်မှာ လူးက သီလရှင်ဝတ်ခဲ့သေးတာ။ ထို့ကြောင့် ကတုံးဆံပင်ပေါက်တိုစိစိလေးတွေက ခေါင်းပေါ်မှာ ထိုးထိုးထောင်ထောင်။ လူးသီလရှင်ဝတ်မယ်ဆိုတုန်းက ရင်ဘတ်စည်တီးဖြစ်ခဲ့သူက ကြီးကြီး။

ကဲ ... အံ့ဩစရာမကောင်းဘူးလား။ တူမ နိဗ္ဗာန်ရောက်ရာရောက်ကြောင်းကြံစည်တာကို ကြီးကြီးက ယူကျုံးမရဖြစ်သတဲ့။ ဖြစ်မှာပေါ့ ... ကြီးကြီးက လူးရဲ့ဆံပင်တွေကို နှမြောတာကိုး။ လူးဆံပင်တွေက တင်ပါးကျော်အထိ ရှိသည်။ မည်းနက်ဖြာဆင်းကာ အုံကလည်း အထူကြီး။ ခေါင်းလျှော်ရင်တောင် လူနှစ်ယောက်လောက်က ဝိုင်းကူလျှော်ပေးရတဲ့အဖြစ်။

"နေစမ်းပါဦး မိလူးရယ် ... တစ်သက်နဲ့တစ်ကိုယ် ဒီဆံပင်ကြီးကိုနှမြောပြီး ညည်း တရားစခန်းမဝင်ခဲ့တာလေ၊ အခုမှ ဘာအရူးထပြီး သီလရှင်ဝတ်ချင်ရတုံး၊ ညည်း ... စိတ်မှကောင်းသေးရဲ့လား ... ဟင်"

"ရွှေအပတ်ထဲမှာ ဖေဖေနဲ့မေမေ ငွေရတုနှစ်ပတ်လည် ရှိတယ်လေ ကြီးကြီးရဲ့"

"အလိုတော် ... ဘာငွေရတုတုံး၊ သူတို့ကွဲနေတာ ကြာပြီလေ၊ ငွေရတုတွေ,ဘာတွေမှ မရှိတော့တာ၊ ကလေး ... နေကောင်းပါတယ်နော်"





"ခစ် ... ခစ် ... ကြီးကြီးကတော့လေ စိုးရိမ်စရာမရှိ စိုးရိမ်နေတော့တာပဲ၊ အဲဒါကြောင့် ယူမယ့်လူမရှိတဲ့ အပျိုကြီးဖြစ်နေတာ"

"အမယ်လေး ... အဓိပ္ပါယ်မရှိတာတွေ မပြောစမ်းပါနဲ့၊ ငါ့များ လိုချင်တဲ့လူ ဝိုင်းလို့၊ အပူမရှာချင်လို့ဟေ့ ... ရှင်းပြီလား"

"လူးလည်း အခု အပူမီးတွေငြိမ်းဖို့အတွက် ဝတ်မှာ၊ လူးဆံပင်ကြီးကို ဖြတ်ရောင်းမယ် ... ပြီးရင်ဖေဖေတို့ကို အမှူးထားပြီး မိသားစုအလှူလုပ်မယ်၊ ပြီးရင် လူးကိုမွေးပေးခဲ့တဲ့ ဖေဖေနဲ့မေမေ ကုသိုလ်ရအောင် လူးက

သီလရှင်ဝတ်မှာ"

"ကြို ... ကြိုဖူးပေါင်ပါပဲတော်"

လို့ကြီးကြီးက ရေရွတ်ရတဲ့အထိ။ လူးကတော့ကိုယ့်ဆုံးဖြတ်ချက်အတိုင်းလုပ်သည်။ သီလရှင် ကိုးရက်ခန့်ဝတ်သည်။ ပြီးမှ ရန်ကုန်ဆင်းလာခြင်းဖြစ်၏။ မန္တလေး၌ ရွှေမန်းသူလုပ်ရတာ လူး ... ပျင်းလာပြီလေ။

"အေး ... ညည်းကိုတော့ မနိုင်တော့ဘူးဟေ့ ... သိလား မိလူး၊ မန္တလေးမှာ ပျင်းလို့ဆိုပြီး ပြင်ဦးလွင်ကအဒေါ်ဆီသွားတယ်၊ ပြန်ရောက်တာ ဖင်တောင်မနွေးသေးဘူး ... ရွှေလီက ဦးလေး၊ ဟော ... အခု သူငယ်ချင်းတွေရှိတဲ့ရန်ကုန်"

"ကြီးကြီးရဲ့မန္တလေးက ပူတယ်"

"ကွပါ ... ကွပါ ... ညည်းခြေစကြာက ဖြန့်လက်စနဲ့ အင်္ဂလန်အထိ ဖြန့်တော့၊ သွား ... ထိန်းမနိုင်သိမ်းမရနဲ့"



www.burmeseclassic.com

www.burmeseclassic.com



လို့ညည်းတွားသည်။ ဒါပေမဲ့ လူးရဲ့ ထက်သန်ပြင်းပြသောစိတ်ဆန္ဒအား မတားနိုင်။ ရန်ကုန်ကို လွှတ်ရသည်သာ။ ရန်ကုန်၌ လူး အသင့်နေနိုင်ရန် တိုက်ခန်းတစ်ခန်းဝယ်ပေးခဲ့သည်။ လူးနှင့် အတူတကွနေထိုင်ပေးမည့်သူတွေက မိပိုင်းနှင့် မိသူ။

နှစ်ယောက်စလုံးမိဘတွေက ဝန်ထမ်းတွေ။ တိုင်းပြည်တာဝန်ကို ကျေရာနေရာမှာ ထမ်းဆောင်တဲ့သူတွေ။ လူး ဆယ်နှစ်သမီးအရွယ်မှာ မန္တလေးသို့ရောက်လာ၏။ မြို့ခံဖြစ်သော ကြီးကြီးက အစစအရာရာကူညီဖေးမခဲ့သည်။ ထို့ကြောင့် လူကြီးချင်းလည်း ရင်းနှီး၊ လူးတို့ကလေးချင်းလည်း သူငယ်ချင်းကောင်းတွေ ဖြစ်သွားကြ၏။ အခု လူး . . . ရန်ကုန်လာနေလျှင် ကြိုက်တဲ့အိမ်မှာ တက်နေ၍ရသည်။

ဒါပေမဲ့ ပျိုရွယ်လူးက လွတ်လပ်မှုကိုခုံမင်သည်။ အတွေ့အကြုံအသစ်အဆန်းကို ရှာဖွေလိုသည်။ ထို့ကြောင့် သုံးယောက်ပေါင်းလောင်းကျော်ရန် စီစဉ်နေကြခြင်းပင်။ ကြီးကြီးကိုယ်တိုင်ကလည်း လူးနောက်မလိုက်နိုင်ပေမယ့် ရန်ကုန်မှာ သူမကိုစောင့်ကြည့်အကဲခတ်မည့်လူတွေ ရှိပြီးသား။

ဒီလိုနဲ့ပဲ လူးဟာ ရန်ကုန်ရောက်၊ ဒဂုံတက္ကသိုလ်ရဲ့ ဗရုတ်ကလေး ဖြစ်လာခြင်းပင်။

''ကဲ . . . ခုနက,စကား ဆက်စမ်းပါဦး . . . ရန်ကုန်အတွဲနဲ့ မန္တလေးကအတွဲရဲ့စတိုင်ကို''

''ရန်ကုန်ကအတွဲတွေရဲ့စတိုင်က လူမြင် ထီးကွယ် ချုံ၌





ဝပ်ကာမှတ်ပါအတွဲနည်းနာတဲ့''

''ဟား ဟား . . . မိလူး . . . နင်ဟာလေ မျက်စိထဲကွင်းခနဲမြင်အောင် ပြောတတ်တာပဲ''

''အဟုတ်ပဲလေ၊ နေစမ်းပါဦး . . . မန္တလေးက အတွဲ'

လူး စကားမဆက်နိုင်တော့ . . . အဲဒီနေရာမှာပဲ ရပ်သွားသည်။ မျက်ဝန်းအစုံက တစ်နေရာတည်း၌ စူးစိုက်လျက်။ ကင်း(န်)တင်းရှေ့လမ်းမပေါ်မှ ဖြတ်လျှောက်သွားသော လူတစ်ယောက် . . .။ ဆံပင်တို့က ခပ်အုပ်အုပ်လှိုင်းတွန့်အနည်းငယ်ရှိပေမယ့် ကြည့်ကောင်းသည်။ တီရှပ်အစိမ်းရင့်ရောင်၊ ဂျင်းပင်(န်)အနက်နှင့် တွဲဖက်ဝတ်ဆင်ထား၏။ သူဟာ ရှေ့လမ်းကိုပဲ တည့်တည့်ကြည့်လျှောက်သည်။

ကြိုးခပ်တိုတို ဘတ်(စ်)အိတ်ကို စလွယ်သိုင်းလွယ်ထား၏။ မျက်နှာက တည်လွန်းသဖြင့် ခက်ထန်သည့်ဘက်ရောက်နေသည်။ မေးကြောကြီးတွေပင် ထောင်ထနေသယောင်။ နှုတ်ခမ်းက ပိရိစွာ စေ့ပိတ်ထား၏။ မျက်ခုံးထူကြီးတွေ စိမ်းညို့မည်းနက်ကာ ဘေးတိုက်အနေအထားမှာပင် ထင်ရှားလွန်းလှသည်။ အထူးခြားဆုံးက သူ့ရဲ့လမ်းလျှောက်ဟန်။

ခြေမကို ဖွဖွလေးထောက်ပြီး ခြေဖနောင့်ကို ဆောင့်ချသည်။ တစ်လောကလုံးအပေါ် မကျေနပ်ခြင်းတွေကို ကမ္ဘာမြေကြီးပေါ် ပုံချထားသလို။

အိုကွယ် . . . သူဟာ ဟိုးအရင်အတိုင်းပဲ မပြောင်းလဲတဲ့ ဟန်ပန်နှင့် သူမကို စိုးမိုးသိမ်းပိုက်ပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ ... အဲဒီလူက ..."

လူးရဲ့မေးခွန်းက အထစ်ထစ်အငေါ့ငေါ့ ...။ ရင်ထဲ လှုပ်ရှားယိမ်းထိုးနေပါတယ်ဆိုမှ ထွက်လာသောမေးခွန်းက ဖြောင့်ဖြူးမနေနိုင်။

"ဟော့ ... အဲဒါ မစားကောင်းတဲ့အသီး, မရှုကောင်းတဲ့လေ, မကြည့်အပ်တဲ့မျက်နှာ ... ငါတို့ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေနဲ့ မသက်ဆိုင်တဲ့လူ"

"ဘာလဲဟ ... အငြင်းအကွာရာတွေ များလှချည်လား"

"များရမယ်လေ၊ ပတ်သက်ဖို့ စိတ်မကူးလေနဲ့ မိလူး၊ သူသဘောတွေ့မယ့်လူ ဒီကမ္ဘာမြေမှာ မမွေးသေးဘူး၊ သူ့အပြုံးတစ်ချက်က ကမ္ဘာသာ ပြိုသွားမယ် ... မြင်ဖူးတဲ့သူ ရှိမှာမဟုတ်ဘူး၊ သူ့ဆီမှာ အလိုမကျတာတွေ, ဒေါသတွေပဲရှိမယ်"

"ညွန်းလှချည်လား မိပိုင်းရယ်"

"ဒီထက်ညွှန်းစရာလူ ရှိသေးတယ်၊ သူ့မှာ အခင်ဆုံးသူငယ်ချင်းနှစ်ယောက်ရှိတယ် ... တစ်ယောက်က အီးမေဂျာက တီတီတာတာတဲ့၊ နောက်တစ်ယောက်က ဆေးကျောင်းက ဉာဏတဲ့ ... အဲတစ်ယောက်က အလန်းစားပဲ၊ ရုပ်ပါပွင့်တယ်၊ အပြောချိုတယ်၊ အပြုံးများတယ်၊ ဒါကြီးနဲ့က နံ့သာဆီနဲ့ အီးပဲ ... ပတ်သက်ဖို့ မစဉ်းစားနဲ့"

"မစဉ်းစားပါဘူး"

ဟု နှုတ်ခမ်းလေးတွေကော့ပြီး ပြုံးကာပြောသည်။ မျက်နှာပေါ်တွင် ကြည်နူးခြင်းတွေက လက်လက်ဖြာနေ၏။





"ဘာကြောင့်မစဉ်းစားလဲ ... သိလား"

"ဟင့်အင်း"

"မသိပါ"

အဓိပ္ပါယ်တူညီပေမယ့် စာလုံးက ကွဲပြားသည်၊ သူနဲ့လူးလိုပေါ့။ ပြန်ဆုံကြပေမယ့် ဂရုထားပုံချင်း ကွဲပြား၏။ သူက ဟိုတစ်ချိန်ကတည်းကမှ သူမကို အသိအမှတ်မပြုခဲ့တာလေ။

"ငါနဲ့ သူနဲ့ပတ်သက်ပြီးသား"

"ဘာ"

"ဘယ်လို မိလူး ... ငါတို့များ နားကြားလွဲသလားလို့၊ နင်နဲ့ သူက ..."

လူးက ကျေနပ်စွာ ခေါင်းညိတ်ပြသည်။ လူးအာရုံထဲ၌ အတိတ်က ထင်ရှားစွာ ပြန်ပေါ်လာ၏။

"ဟုတ်တယ် ... သူ့ကို ငါပြန်ပေးစရာ ပစ္စည်းတစ်ခု ရှိတယ်"

"ဘာပစ္စည်းလေးလဲ"

မိပိုင်းက သိလိုဇောဖြင့်မေးသည်။ လူးက မျက်ဝန်းလေးတွေကို မှေးစင်းရင်း ...

"ကြယ်သီးလေးတစ်လုံး"

"ဘာ ... ကြယ်သီး"

"အေး ... ပြီးတော့ သူ့ဆီက ငါပြန်ရစရာ တစ်ခုရှိသေးတယ်"

"ဘာလဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ငါ့နှလုံးသားလေ ... သူ့ဆီပါသွားတာ''

သူမအဖြေအဆုံး၌ သူငယ်ချင်းမလေးနှစ်ယောက်သည် အံ့ဩခြင်းဖြင့် တိတ်ဆိတ်ငြိမ်သက်သွား၏။ သူမနှလုံးသားလေး သူ့ထံပါသွားကတည်းက လူး ... ရင်မခုန်တတ်တာ ကြာပြီ။ အခုတော့ သူ့အပိုင်သိမ်းသွားသော သူမနှလုံးသားက ပိုင်ရှင်ကို လက်ယပ်ခေါ်လို့။

❦ ❦ ❦

**အခန်း - ၂**

''ဘာ လာလုပ်တာလဲ''

မေးပုံကိုက စူပုပ်ပုပ်။ လေသံက ရင့်ကျောကျောနဲ့။ ဉာဏဟာ သူထိုင်နေသည့် စားပွဲဝိုင်းမှာပဲဝင်ထိုင်ရင်း ...

''မင်းကလည်း လာလည်တဲ့လူကို အမောတောင်မဖြေရသေးဘူး''

''အမောပြေဖို့အတွက်တော့ ငါတို့ဆီ အထူးတလည်လာစရာမလိုပါဘူး''

''ဝီရရာ ... မင်းကလည်း တွေ့တာနဲ့ ဘုကန့်လန့်တိုက်နေတာပဲ၊ ငါ့ကို နန်းကြီးသုပ်တစ်ပွဲလောက် မှာပေးစမ်းပါ''

တွေ့လား ... အဲဒီကောင်ဟာ အဲဒါမျိုးတွေ ကြည့်မရတာ။ ဝီရက စိတ်အချဉ်ပေါက်ပေါက်နှင့် လျှောက်တွေးရင်းက

''မင်းက အ,နေလို့လား''

''အ,တော့ မအဘူးပေါ့၊ ဒါပေမဲ့ မင်းကျောင်းကိုလာတာ မင်း အိမ်ရှင်လေ ... မင်း ညှော်ခံရမှာပေါ့''

''ညှော်မခံဘူး မပြောပါဘူး ... စားချင်တာမှာစား ...



www.burmeseclassic.com

www.burmeseclassic.com



ငါရှင်းမယ်၊ လိုက်တော့မမှာပေးနိုင်ဘူးဟော့ကောင် ... ကျေနပ်ရင် စား ... မကျေနပ်ရင် မစားနဲ့ ... ဒါပဲ''

ဝီရ ပြောပြီးတာနှင့် ဘောလုံးဂျာနယ်ကို သဲကြီးမဲကြီး ဖတ်နေလိုက်သည်။ ဒီကောင့်အချိုးကို ကြည့်မရတာကြာပြီ။ သူလိုချင်တာရှိရင် လာမည်။ လိုချင်တာကို အထက်စီးကနေ တောင်းမည်။ တောင်းမရလျှင် ရန်လုပ်မည်။ ဒါပါပဲ ဉာဏအကြောင်း နောကျေနေပြီ။ ကိုယ်ကမကြိုက်ပေမယ့် ဥပက္ခာမပြုနိုင်သေးလို့သာ။

''တီတာရော''

''လာလိမ့်မယ်''

''မင်းမျက်နှာကြီးက ဝီရရာ ... ကြည့်ရဆိုးလိုက်တာ၊ ငါ့ကို အစာမကြေဖြစ်နေတုန်းလားဝီရ ... ဒါကြောင့်လား''

ဉာဏကသူ့လက်ကိုမြှောက်ပြ၏။ လက်ကောက်ဝတ်၌ RADO (ရာဒို)နာရီလေးက လင်းလက်တောက်ပစွာ တည်ရှိနေသည်။ ဝီရဘဝဟာ တစ်ခါတစ်ရံ ယောက်ျားချင်းပင် မနာလိုစရာဖြစ်ရသည်အထိ ကြွယ်ဝပြည့်စုံလွန်းတာ။ အိမ်ဆိုလည်း အသင့်ပြင်ဆင်ပြီးသား။ ကွန်ဒိုမှာ ပရိဘောဂက ခေတ်မီပစ္စည်းတွေချည်း။ ကားကလည်း တကယ့်သိန်းထောင်ကျော်တန် CYG-NUS ...။

ဖုန်းနှင့်ငွေရေးကြေးရေးကလည်း ပူစရာမလို။ သူ့ဘဏ်အကောင့်ထဲမှာပင် မနည်းမနော။ လိုသလောက် ထုတ်သုံးရုံသာ။ ငြူစူမယ့်သူ မရှိ။ ကန့်ကွက်မယ့်သူ မရှိ။ မိဘမေတ္တာ





ကလွှဲ၍ပေါ့။ ဒါ့ကြောင့်လည်း ဒီကောင်က လိုအပ်တာထက် မာန်တက်နေတာဖြစ်မှာ။ တွေးရင်း ဝီရထံ ခပ်စွေစွေကြည့်မိသည်။ ဝီရကလည်း သူ့ကိုပြန်ကြည့်နေ၏။ ဒါပေမဲ့ သူနှင့်မျက်လုံးချင်း အဆုံ။ ဝီရအကြည့်က RADO (ရာဒို) နာရီပေါ်မှာ။

''မင်းနာရီကို ငါက ယူချင်လို့ယူတာမဟုတ်ဘူး''

သူ့ဖြေရှင်းစကားကို မျက်လွှာပင့်ကြည့်သည်။ မိုက်ကြည့်ကြည့်တယ်ပဲ ခေါ်မလား။ ဝီရအကြည့်က ကျောချမ်းစရာကောင်းသည်။ အေးတိအေးစက်နှင့် ...။

''မင်းနာရီကို ရှုံးပြဖို့ ပတ်သွားတာကွ၊ အဲဒါ သူက ကြိုက်တယ်ဆိုပြီးတော့ ချက်ချင်း မိန်းမပတ်တစ်လုံး ဝယ်ပတ်တာ၊ သူပတ်မှ ငါကချွတ်တယ်ဆိုတော့ မကောင်းဘူးလေကွာ၊ တီတာ့ကို ငါ သေချာရှင်းပြခိုင်းထားတာ''

''တီတာပြောပါတယ်''

''မင်းကလည်းကွာ ဒါနဲ့များ ဖြစ်နေလိုက်တာ''

ဩော် ... သူကပဲ တစ်ပြန်နိုင်စီး။ ပြောတဲ့ပုံက သူ့တာဝန်မရှိသလိုမျိုး။ ကိုယ်က သိန်းကျော်တန်နာရီတစ်လုံးလည်း ပေးရသေးတယ်။ သူ့ကိုပဲ သွားဖြုံပြီး မျက်နှာချိုသွေးရမယ့်ပုံစံ။

''အဲဒါ ငါ့မေမေ ငါ့ကို မွေးနေ့လက်ဆောင်ပေးထားတာ''

''အေးလေ ... ဒီတစ်ယောက်နဲ့ပြတ်သွားရင် ငါ ပြန်ပေးမှာပေါ့ ... ခဏငှားတဲ့သဘော၊ မင်းကလည်း အခုမှ လာအဖြစ်သည်းနေတယ်၊ အမေနဲ့တောင် ခွဲနေနိုင်ပြီးတော့ ဒီနာရီ



www.burmeseclassic.com

www.burmeseclassic.com



လေး ကျမှ''

''ငါ ... နာရီကိုတန်ဖိုးထားတာ မဟုတ်ဘူး ဦးဇော''

သူ့အသံက တင်းမာခက်ထန်စွာ ...

''ငါ့မွေးနေ့ကို မမေ့တဲ့ မေမေ့စိတ်ရဲ့ကိုယ်စား ငါတန်ဖိုးထားတာ ... ဒါပဲ''

သူပိတ်ပြောလိုက်၏။ ဦးဇောကတော့ 'ကြီးကျယ်ရန်ကော'ဟူသော မျက်နှာပေးနှင့် တစ်ဖက်လှည့်ကာ နန်းကြီးသုပ်စားနေသည်။ သူတို့စားပွဲ၌ ပြောစရာစကား မရှိတော့။တိတ်ဆိတ်ငြိမ်သက်လျက်။ ထိုအချိန်မှာပင် ...

''ဟယ် ... ဦးဇော ... ဘယ်တုန်းကရောက်လဲ''

''ကြာပြီ''

''ငါ့အတန်းရှေ့ လာခဲ့တာမဟုတ်ဘူး''

''ဒီကောင့်မေးတာ ... နင် လာခဲ့မယ်ဆိုတာနဲ့''

ဦးဇောက မေးဆတ်ပြီးပြောသည်။ ဝီရက မသိဟန်ဆောင်ကာ ဂျာနယ်ကိုမဲပြီးဖတ်နေ၏။ အခြေအနေကို တီတာသဘောပေါက်လိုက်ပြီ ...။ ဒီနှစ်ယောက် အဆင်မပြေဖြစ်နေပြီဆိုတာ။ ထို့ကြောင့် ဦးဇောကို မေးဆတ်ပြီး အသံတိတ်မေးခွန်းမေးတော့ ဦးဇောက ဝီရကိုမေးငေါ့ပြ၏။ ပြီးတော့ မျက်နှာကိုရှုံ့မဲ့ပြီးခေါင်းယမ်းပြသည်။

''ကေန္တ ... ဝီရ ရန်လုပ်ပြီနဲ့တူတယ်၊ အဲဒီဝီရကလည်းဟယ် ... တစ်ခါတစ်ရံမှလာတဲ့ သူငယ်ချင်းလေးကိုပဲ ... နင်ကလည်း''





တီတာက မရဲတရဲနှင့် ပြောရခြင်းပါ။ ထိုထက်ပိုပြီးတော့လည်း မပြောရဲတော့။ ဝီရဟာ မထင်ရင်မထင်သလို ဘုနဲ့ဘောက်သမား မဟုတ်လား။ ဘာပဲပြောပြော ဦးဇောမျက်နှာမကောင်းရင်တော့ သူမလည်း စိတ်ထဲမရွှင်နိုင်တာအမှန်ပါ။ ဦးဇောဟာ သူမရဲ့အရိပ်ဆိုလည်း မမှားပါဘူး။ ဘာသဘောလဲတော့ မသိ ...။ ဦးဇောပျော်တာမြင်ရင် သူမလည်း ပျော်သည်။ ဦးဇောရဲ့အပြုံးက သူမရင်ကို အခုန်ပြင်းစေသည်လေ ...။

''နင် ဟိုကိစ္စ အကောင်အထည်ဖော်ဖြစ်လား''

တီတာက နှစ်ကိုယ်ကြား ခပ်တိုးတိုးမေးသည်။ တစ်ဝိုင်းတည်းထိုင်နေသော ဝီရလည်း ကြားမည်ပင်။ ဒါပေမဲ့ ဘာကိစ္စလဲတော့ သိမှာမဟုတ်။ ဒီလိုပါပဲ ... သူမတို့နှစ်ယောက်နှင့် ဝီရကြားမှာ ဝီရ,မသိတာတွေ အများကြီးရှိသည်။

''အေး ... အဲဒီကိစ္စကြောင့် ငါလာတာ၊ နင် ပြောပြီးတောင်းလိုက်တီတာ၊ ငါတောင်းရင် စောစောကအရှိန်နဲ့ ထပြီးထိုးမလား မသိဘူး၊ ရအောင်တောင်းပေး တီတာ ... ငါ ဟိုမှာစကားကျွံလာပြီးနေပြီ''

ဖျတ်ခနဲ သူမလက်ခုံအား လာရောက်ဆုပ်ကိုင်လိုက်သော အထိအတွေ့။ နူးညံ့သောလက်ဖဝါးမှတစ်ဆင့် သူမကိုယ်တွင်းသို့ ဓာတ်တစ်မျိုးစီးဝင်သွားသည်ဟု ထင်ရ၏။ တီတာတစ်ကိုယ်လုံး ကျဉ်ခနဲမြောက်တက်သွားသည်။ ရင်တွေတလှပ်လှပ်ခုန်လာ၏။ မျက်လွှာကို ပင့်ကြည့်မိသည်။ သူမကိုစိုက်ကြည့်နေသော ဦးဇောနှင့် အကြည့်ချင်းဆုံ၏။ အိုး ... ရင်ခုန်



www.burmeseclassic.com

www.burmeseclassic.com



သံတွေက ကတိမ်းကပါး ...။

ဉာဏရေ ... အဲဒီလောက်မလိုပါဘူးကွယ်။ မင်းပျော်မယ်ဆိုရင် ငါက ဘာမဆို လုပ်ပေးဖို့အသင့်ပါ။ အချစ်ရဲ့သံ့ပန်းတစ်ယောက်ပေါ့။ နင့်စက်ကွင်းက မလွတ်မြောက်နိုင်တဲ့သူ။ နင်သတ်ချင်တယ်ဆိုရင် ငါက အသာတကြည် လည်စင်းပေးချင်ခဲ့တာ။ တီတာ ရင်တွင်းစကားများကို ရင်ဘတ်ထဲမှာပဲ သိမ်းထုပ်ထားလိုက်သည်။ ပြီးမှ သူမတို့နှစ်ယောက်နှင့်မဆိုင်သလို လုပ်နေသော ဝီရအား ...

''ဝီရ''

ခေါင်းလှုပ်ပြီး ထူးသည်။ ဝီရရဲ့ မွေးရာပါဒီဖိုင်း။ လေကိုချွေတာခြင်းလေ။

''ဟိုလေ ... နင့်တိုက်ခန်းသော့ ... အဲဒါ ခဏငှားမလို့''

''ဘာလုပ်ဖို့လဲ''

ဝီရမျက်ခုံးထူကြီးနှစ်ခု ကျုံ့မေးသည်။ မျက်လုံးတွေကပိုမှေးစင်းသွားသယောင်။ ဒါပေမဲ့ ထိုမျက်လုံးတွေထဲမှ စူးရှသောအလင်းတန်းတွေ ထွက်ပေါ်နေ၏

''ဉာဏက သူ့ကောင်မလေးနဲ့အေးအေးဆေးဆေးတွေ့ချင်လို့တဲ့''

''ငါ့တိုက်ခန်းကမှ အေးဆေးသလား''

''နင်ကလည်း ဝီရရယ် ... စကားကို အကောင်းပြောလို့ မရဘူး''





တီတာက စိတ်ပျက်တကြီးညည်းညူသံ လွှတ်ခနဲထွက်သွား၏။ ဒီတော့ မောင်မင်းကြီးသားက ...

''ပြောမရရင် မပြောနဲ့ပေါ့''

ဟုဆိုကာ တစ်ဖက်လှည့်၍ ဂျာနယ်ပြန်ဖတ်နေသည်။ ဒီလိုဆိုတော့လည်း တီတာက လွှတ်မထားနိုင်။ ဉာဏကိစ္စရှိသေးတယ် မဟုတ်လား ...။

''ဝီရကလည်းဟာ ... ဒီသော့လေး ပေးရတာကိုပဲ၊ နင့်အခန်းမှာ သူတို့က ညနေစာချက်စားမလို့တဲ့၊ နင့်တိုက်ခန်းမီးတွေမှိတ်, ဖယောင်းတိုင်လေးတွေထွန်းပြီး ညစာစားပွဲ လုပ်ချင်လို့တဲ့''

''ငါပါ ပါရမှာလား''

သူ့မေးခွန်းအဆုံး၌ ဉာဏမျက်နှာကြီး မဲ့ရွဲ့သွားသည်ကိုသူက မျက်လုံးထောင့်မှမြင်နေရသည်။ သိသားပဲ ... တမင်တကာ ဆွလိုက်တာလေ။

''သူတို့နှစ်ယောက်တည်းပေါ့ဟဲ့''

''သူတို့က ငါ့အခန်းမှာ ညစာစားတော့ ငါကဘယ်မှာသွားနေရမှာလဲ''

''ငါကျောင်းဆင်းရင် လာပြန်ကြိုမယ်လေ၊ ငါ့အိမ်မှာနင်နေပေါ့''

ခုချိန်ထိ ကာယကံရှင်ဉာဏက တစ်ခွန်းမှ ဝင်မပြောသေး။ တီတာကသာ သူ့ထံခွင့်တောင်း၊ ရှင်းပြနှင့် အလုပ်ရှုပ်နေတာ။ ဒင်းကတော့ နှုတ်ဆိတ်နေတာများ သူ့ကိစ္စမဟုတ်သလို



www.burmeseclassic.com

www.burmeseclassic.com



ပင်။ ဒီတော့ ဝီရလည်း ရစ်ချင်လာပြီ။ နဂိုကတည်းက စိတ်မ
မကြည်တာလေ။

"နေပါဦး ... နင်က ပြန်လာကြိုမယ်ဆိုတော့ နင်
လိုက်သွားမှာပေါ့"

"အေးလေဟယ် ... နင့်အခန်း ပွရှုပ်နေတာ ရှင်းရဦး
မယ်၊ ပြီးတော့ သူတို့နှစ်ယောက်အတွက် ချက်ပြုတ်ပေးရဦးမှာ"

ကဲ ... ကြည့်ဦး။ တီတာတို့က ဉာဏအတွက်ဆို အဲဒီလို
မီးသေပြီးသား။

"တီတာ ... နင် စာမေးပွဲရှိတယ်နော်၊ သူများအကျိုး
ဆောင် ကိုယ့်အကျိုးပြောင်နေဦးမယ် ... ကြည့်လုပ်၊ အကျိုးမရှိ
တဲ့ဟာတွေနဲ့ အချိန်ကုန်ခံမနေနဲ့"

"ဟေ့ကောင်"

ဉာဏက ရှုံးရှုံးရွဲရွဲနှင့် ထရပ်သည်။ သူက အေးဆေး
စွာပင် မော့ကြည့်ရင်း ...

"ငါပြောတာ အမှားပါလား ဉာဏ"

"မင်း မကူညီချင်ရင်နေ ... မဖျက်ဆီးနဲ့"

"ဟာ ... ကူညီရအောင် မင်းက ဒုက္ခရောက်နေလို့
လား"

"တော်တော့ဝီရ ... မင်းတော်တော့၊ ဒီနေရာမှာ မင်း
စကားတွေ ရင့်သီးလွန်းနေပြီ"

ဝီရ ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်ပြမိ၏။ မတတ်နိုင်ဆို
တဲ့ သဘော။ ဉာဏက ဆိုင်အပြင်သို့ ခြေလှမ်းပြင်သည်။





"ဟဲ့ ဉာဏ ... နေဦးလေ"

တီတာက လှမ်းဆွဲ၏။

"နေပလေ့စေတော့တီတာ ... ငါ မျက်နှာအပျက်ခံ
လိုက်တော့မယ်"

"မဟုတ်တာဟယ် ... နင်တို့နှစ်ယောက်ကလည်း ဘာ
မဟုတ်တာလေးနဲ့၊ ကဲ ... သွား ... ငါ့ကားနားက စောင့်
... ငါလိုက်လာခဲ့မယ်"

တီတာက ဉာဏကိုတွန်းလွှတ်လိုက်ပြီး တစ်ဆက်တည်း
သူ့အားခေါ်သည်။

"ဝီရ ... နင့်လုပ်ပုံကလည်းဟာ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲဟ ... အချင်းချင်းတွေကို၊ သူ ဟိုမှာ
မျက်နှာပျက်ရတော့မယ်"

"ပျက်ပျက်ပေါ့ ... စီးပွားရေးလည်း မဟုတ် ,ပညာ
ရေးလည်း မဟုတ်နဲ့"

"နင်ကလည်း သူ့ဘက်လည်း ထည့်တွက်ဦးမှပေါ့၊ သူ
က ငါတို့ထဲမှာ အချို့တဲ့ဆုံးလေ၊ သူ့ကို နင် အဲဒီလိုဆက်ဆံလိုက်
တော့ သူ့ကိုနှိမ်သလိုဖြစ်သွားမှာပေါ့"

အဲဒီစကားတစ်ခွန်းက သူ့ရင်အား ထွင်းဖောက်သွား
သည်။ ဝီရက နဂိုကတည်းက နိုင်ထက်စီးနင်းလုပ်လိုတာမဟုတ်။
ယယ်သံယောဇဉ်ကြောင့် စိတ်မကောင်းပါ ဖြစ်သွားရသည်။ ထို့
ကြောင့် အခန်းသော့ထုတ်ပေးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကားပါ ယူသွားမှာလား"

"အေးပေါ့ဟဲ့ ... နင့်ကားကို အဲ့တစ်ယောက်က ခိုက်နေတာ"

သူ ဘာမှဆက်မပြောတော့။ ကားသော့ပါ ထုတ်ပေးလိုက်သည်။ ဒီလိုအချိုးနဲ့ပဲ ဉာဏ ... သူ့အပေါ် အနိုင်ယူပေါင်းများပြီ။ သူကလည်း သူပင်။ အပြင်ပန်း၌ မာကျောချင်ပြီး အတွင်းစိတ်က နူးညံ့လွန်း၏။ ဒါတောင် သံယောဇဉ်မီးပဲ ရှိသေးတာ။ ဟုန်းခနဲ ထတောက်တတ်သော အချစ်မီးသာဆိုရင် သူ ဘယ်လိုနေမှာပါလိမ့်။ ပျော့ပျောင်းလွယ်သောနှလုံးသားက တစ်ခါတည်း အရည်ပျော်သွားလိမ့်မည်။

"နင် ... ငါ့ကို လာမကြိုနဲ့တော့တီတာ၊ နင့်ကောင်ကိုသာ ပြောလိုက် ... ညနေ သူ့ကိစ္စပြီးမှ ငါ့ဆီဖုန်းဆက်လို့"

"အေး ... ပြီးရော ... အဲဒါဆို ငါလစ်ပြီ"

တီတာက ပြောပြောဆိုဆိုပင် လှစ်ခနဲထပြေး၏။ ဆိုင်ထဲတွင် သူတစ်ယောက်တည်းကျန်ခဲ့သည်။ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့ရသောအဖြစ်သည် ဝီရအတွက်တော့ သိပ်မထူးဆန်းတော့။ မိဘတွေကိုယ်တိုင်က သူ့အား တစ်ယောက်တည်းထားပစ်ခဲ့ခြင်းပင်။ သူငယ်စဉ်ကတည်းက နားမလည်နိုင်သော မိဘတွေရဲ့ ပဋိပက္ခကြား အမြဲဗျာများခဲ့ရသည်။

"လောကမှာ အရေးကြီးဆုံးက ငွေပဲငါ့သား၊ Money make Everything ... တဲ့၊ ငွေက အရာအားလုံးကို ပြုလုပ်နိုင်တယ်ပေါ့၊ ဒီတော့ ငါ့သားလည်း ငွေရှိအောင်ကြိုးစား၊ ငွေ





အများကြီးရအောင် ရှာဖွေရမယ် ... ဟုတ်ပြီလား"

ဖေ့ဖေ့အယူအဆက ငွေသာ ကိုးကွယ်ရာ။ မေမေကတော့ ဒီလိုမဟုတ်။

"ပညာတတ်တစ်ယောက်ရဲ့ဘဝကမှ လောကကြီးမှာ တင့်တယ်စေတာသားရဲ့၊ သားဝါသနာပါတယ်ဆိုရင် မေမေ့လို ဆရာဝန်ကြီးဖြစ်အောင်လုပ် ... မေမေ အကုန်ပံ့ပိုးပေးမယ်၊ အခုချိန်မှာ စာသာကြိုးစား ... တခြားဘာမှ မတွေးနဲ့"

လို့ မေမေ့လက်ချာက တစ်မျိုး။ ဒါကို တစ်စွန်းတစ်စကြားသော ဖေဖေကဖြင့် မျက်နှာကိုအစွမ်းကုန်ရှုံ့မဲ့ပစ်ကာ ...

"သွားပြီ ... သူ့လို လူစက်ရုပ်ဖြစ်အောင် ပုံစံသွင်းနေတာ၊ စာပြီးရင် စာ၊ ဘဝကို စာအုပ်ထူကြီးတွေကြားမှာ နှစ်မြှုပ်ထားမယ်၊ ဒါနဲ့ပဲ သေသာသေသွားကြရော၊ ဘဝရဲ့အဓိပ္ပါယ်ဆိုတာ ဘာမှန်းတောင် သိလိုက်ရမှာမဟုတ်ဘူး၊ ဒီမယ်သား ... တခြားဘာမှ အတွေးမခေါင်နဲ့ ... ငွေရှိအောင်ရှာ၊ ပြီးရင် ကမ္ဘာပတ်ပြီး လောကစည်းစိမ် ခံစားပစ်လိုက်"

ဟု ဖေဖေကသင်ကြားသောအခါ မေမေက ဆတ်ခနဲ ခါနာကြည်းသောလေသံဖြင့် ...

"အဲ့ဒီငွေတွေနဲ့ ကျွန်မလို အထူးကုဆိုတဲ့ဘွဲ့တစ်ခုရအောင် ယူပြစမ်းပါ"

မေမေ့စကားသည် ဘွဲ့မရသော ဖေဖေ့အရှိက်အား ထိုးပစ်သကဲ့သို့ရှိသည်။ ဖေဖေကလည်း မခံ။

"အထူးကုဆရာဝန်ဆိုတဲ့ဘွဲ့ မရရင်နေပါစေ ... အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရတဲ့ မင်းကို မိန်းမအဖြစ် ငါယူတားတယ်လေ ... ပြီးပြီပေါ့၊ မင်းဟာမင်း ဘာဘွဲ့ပဲရရ ... မိုးပေါ်ထိ ပျံလန်တက်နေပါစေ ... နောက်ဆုံးတော့ မင်းက ငါ့မိန်းမပါပဲ ဂန္ဓမာ ... ဒါ ငြင်းလို့ မရပါဘူး''

''တော်စမ်း ကိုလင်းထင် ... ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမနေနဲ့၊ ကျွန်မကတော့ ရှင့်ကို လင်ယောကျ်ားအဖြစ် ဘယ်တော့မှမသတ်မှတ်ဘူး''

''မင်း,မသတ်မှတ်လည်း ရတယ်လေ ... ပတ်ဝန်းကျင်က သတ်မှတ် ... ပြီးတာပဲ၊ မင်းက ငါ့ရဲ့ပေးတာယူ, ကျွေးတာစားတဲ့ လက်အောက်ခံ၊ ငါ့အတွက် သားသမီးမွေးပေးရတဲ့ မိန်းမပဲ ... ဒါကို မင်းမမေ့နဲ့''

''လဲသေလိုက် ... အဲဒီမှာ ရှင့်လုပ်စာ ဒီတစ်သက် ကျွန်မ,မစားဘူး ကိုလင်းထင်''

''ဒါကတော့ မင်းသဘောပဲ''

ပြဿနာမီးက အဲဒီမှာ အစပျိုးတာ။ ဒါပေမဲ့ ဟုန်းခနဲ ထ,မတောက်ခဲ့။ ကြိမ်မီးအုံးပမာ တငွေ့ငွေ့နှင့်။ မေမေကလည်း သူမဝင်ငွေနှင့်သူမ ရပ်တည်ရန်အတွက် ပုဂ္ဂလိကဆေးခန်းတွေ မလွတ်တမ်းထိုင်သည်။ ဖေဖေကတော့ သူလိုချင်သောငွေအတွက် အရူးအမူး ကမ္ဘာပတ်ရှာ၏။ ဖေဖေနှင့်မေမေက တစ်အိမ်တည်းနေပေမယ့် ဖေဖေ့လုပ်စာကို မေမေမစားတော့။

ကိုယ်စီအလုပ်တွေသာ မဲနေချိန်၌ နာနီတွေကြားမှာ မေတ္တာအစစ်မရခဲ့ပေ။ မိသားစုပျော်ရွှင်မှု၊ မိဘရဲ့ရင်ငွေ့ဆိုတာ





သူ ဘာမှန်းမသိခဲ့။ သူ တစ်စထက်တစ်စ အရွယ်ရောက်လာလေ ဖေဖေနဲ့မေမေ့ကြားက ပဋိပက္ခက ပိုကြီးထွားလာခဲ့၏။

''သားအတွက် မေမေ .ပိုတိုးပြီး ပိုက်ဆံရှာရတော့မှာလေ၊ အခု သားက ရှစ်တန်းရောက်နေပြီ၊ စာကြိုးစားနော်သား ... ဆယ်တန်းမှာ D ရအောင်, အမှတ်များများ ရအောင်၊ ဒါမှ သားကဆေးလိုင်းယူပြီး မေမေက အင်္ဂလန်တွေ ဘာတွေပို့ပြီး ပညာသင်ပေးလို့ရမှာ''

အဲ့ဒါ - မေမေ့စိတ်ကူးအိပ်မက်။ ဒါပေမဲ့ အကောင်အထည်မဖော်ဖြစ်ခဲ့၊ သူ ဆယ်တန်းမရောက်ခင်မှာပင် လေထဲ၌ ပျောက်ကွယ်သွား၏။ ဖြစ်ရသည့်အကြောင်းရင်းမှာ ဖေဖေ့ကြောင့်။ ဖေဖေဖွင့်သောပုဂ္ဂလိကဆေးခန်း၌ မေမေက ဝင်ထိုင်သည်။ ဖေဖေ့ဆေးခန်းမှန်း မသိ။ ဖေဖေက စာချုပ်ချုပ်ထား၏။ သက်တမ်းမပြည့်ခင် ဆေးခန်းကထွက်လျှင် လျော်ကြေးပေးရမည်ဆိုပြီးလေ။

မေမေ စာချုပ်၌လက်မှတ်ထိုးပြီးမှ ဖေဖေက ထိုစာချုပ်ကြီးကိုင်၍ ခနဲ့တော့တာဖြစ်၏။

''တွေ့လား ဂန္ဓမာ ... မင်းတို့ပညာတတ်မိန်းမတွေကလည်း ငွေပါပဲကွာ၊ ငွေအင်အားကြီးလာရင် မငြင်းနိုင်ပါဘူး၊ အခု မင်း ငါ့လက်အောက်ပြန်ရောက်လာပြီလေ''

ဖေဖေကပြောသောအခါ မေမေ အသားတွေ တဆတ်ဆတ်တုန်နေ၏။ မျက်လုံးတွေက စိန်းစိန်းကြီး အရောင်တောက်စွာ ဖေဖေ့အားစိုက်ကြည့်သည်။ ခက်ထန်သော၊ နာကြည်းမုန်း



www.burmeseclassic.com

www.burmeseclassic.com



တီးသော၊ ပြီးတော့ ဘယ်အခါမှခွင့်မလွှတ်သော အကြည့်မျိုးဖြစ်၏။ မေမေက နဂိုကတည်းက ငွေချမ်းသာသောမျိုးရိုးက မဟုတ်။ ထို့အတွက် မေမေ ... စာချုပ်ပါစည်းကမ်းအတိုင်း ပြန်ပေးရမည့်လျော်ကြေးက အခက်တွေ့လေသည်။

ဒါပေမဲ့ မေမေက ရှိစုမဲ့စုလက်ဝတ်လက်စားနှင့် သူ့အတွက်ရည်ရွယ်စုထားသော ဘဏ်မှငွေ နှစ်ခုပေါင်းပြီးလျော်ပစ်၏။

''ငွေမဏ်တဲ့လူကို ငွေနဲ့ပေါက်ပြီး စကားပြောတာ အကောင်းဆုံး၊ ရှင့်ကိုကွာမယ်ကိုလင်းထင် ... ဘယ်လောက်လျော်ကြေးပေးရမလဲ ... ပြော''

မေမေ့နှုတ်ခမ်းအစုံက ကော့ညွတ်စွာ ကွေးကွေးလေးပြုံး၏။ သရော်လှောင်ပြုံးသောအပြုံးမျိုး ...။ ဖေဖေကလည်း မာနမင်းသားလေ။

''မလိုပါဘူး ... ငါ့ကိုဝင့်ကြွတ်စေတဲ့ မင်းအိုက်ဒီယာကို ကျေးဇူးတင်တဲ့အနေနဲ့ နှစ်ဆတောင် ပြန်လျော်ပေးလိုက်ဦးမှာ''

ဟူသောစကားတွေနဲ့တင် အိမ်ထောင်ရေးအက်ကြောင်းကို အပြီးတိုင်ဖြိုချပစ်၏။ ဒီနေရာမှာ ဓားစာခံက သူ။ အဘိုးအဘွားတွေ ကြားဝင်ခဲ့မှုကြောင့် သူ့ကိုရယူရန် အငြင်းမပွားခဲ့ရ၊ အရွယ်ရောက်သည်အထိ နှစ်ဖက်ဆွေမျိုးထိန်းကွပ်မှုအောက်၌ ကြီးပြင်းရသည်။

နဂိုကမှ စီးပွားရေးကို တက်ကုန်ရွက်ကုန်ဖွင့်ချင်သော ဖေဖေ၊ ပညာရေးကို အနှောင်အဖွဲ့ကင်းကင်းရှာချင်သော မေမေတို့က သူ့အား ထား၍ထွက်သွားခဲ့သည်။ အပယ်ခံဘဝ၊ အပစ်ခံ





ဘဝမှတစ်ဆင့် အထီးကျန်ဆန်လာသော ဝီရလင်းထင်သည် အလိုမကျမှုများ၊ လောကအားဒေါသဖြစ်မှုများနှင့် ကြီးပြင်းလာရသောအခါ သူ့ဘဝ၌ ပျော်ရွှင်မှုက တစ်စထက်တစ်စ ဆိတ်သုဉ်းလာ၏။

နှလုံးသားကလည်း အေးစက်မာကျောစွာ ငြိမ်သက်လာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

------------- ။

''ရှင့်အပြုံးက  သိပ်ချိုတာပဲဝီရရယ်''

လူးအသံက တောင့်တောင့်ကလေး။ သူကငုံ့ကြည့်ကာ လူးအားပြုံးပြပြီး ...

''တကယ်လား''

''အင်း ... တကယ်ပေါ့၊ ရှင့်ကို အမြဲတမ်းပြုံးနေတာပဲ မြင်ချင်တာ''

''မင်း ... ကိုယ့်အနားမှာ  အမြဲနေလေ''

''ဒါဆို  ရှင်ပြုံးနေတော့မှာပေါ့  ... ဟုတ်လား''

''အင်းပေါ့ ... မင်းရှိနေရင် ကိုယ် အမြဲတမ်း ပြုံးနေတော့မှာပေါ့၊ ကိုယ်က အထီးကျန်မဆန်တော့ဘူးလေ၊ ပြီးတော့ မင်းက  ကိုယ့်ကိုပျော်အောင်လုပ်ပေးပေါ့''

သူ့ရင်ခွင်ထဲ၌ရှိသော  လူးကိုပြော၏။  သူ့ရဲ့နူးညံ့နွေးထွေးသောလက်အစုံသည် သူမကို သိုင်းဖက်ထားသည်။ သူ့မျက်နှာက  ပြုံးချိုစွာ  လူးဦးခေါင်းအထက်၌  အုပ်မိုးထား၏။





''လူးက  ဝီရကို  အပျော်တွေပဲပေးမှာပါ''

''တကယ်နော်''

''တကယ်ပါ  ဝီရရဲ့''

''အိုး  ... ကျေးဇူးပါပဲ  ... so thanks''

ဟု သူကဆိုသည်။ လူးက ကျေနပ်ကြည်နူးစွာ သူ့မျက်နှာကို  မော့ငေး၏။  သူကပြုံးရင်း  ဦးခေါင်းကို  တဖြည်းဖြည်း နှိမ့်ချကာ လူးနှုတ်ခမ်းပြင်အား ဖွဖွနမ်းသည်။ လူးရင်သည် ဖျတ်ခနဲ နှိမ့်ဆင်းသွားသည်။ ထိုတဒင်္ဂ၌ တစ်လောကလုံးရှိပန်းတွေအကုန် ပွင့်ကုန်၏။  အဲဒီပန်းတွေရဲ့ရနံ့က  နှာဖျားမှတစ်ဆင့်  အသည်းနှလုံးအထိ စီးဆင်းသွားသည်။ သူမရင်တစ်ခွင်လုံး ချစ်ခြင်းပန်းရနံ့တွေဖြင့်  ပျံ့သင်းမွှေးထုံသွားသည်။

''မွှေးလိုက်တာနော် ... ဟင်  ... ဝီရ''

သူမ  တအံ့တဩဖြစ်သွားသည်။  ဝီရရော ...။

ဝီရ  ... သူမအနား၌  မရှိတော့။  ပန်းရနံ့တွေလည်း ရုတ်ခြည်းပျောက်သွား၏။  သူမကမ္ဘာသည်လည်း  ရုတ်တရက် မှောင်မိုက်သွားသည်။

''ဝီရ  ... ဝီ  ... ရ''

အာခေါင်ခြစ်ပြီး အော်သည်။ မျက်စိတွေ ဖျတ်ခနဲပွင့်လာ၏။ ရင်အစုံသည် မောပန်းခြင်းကြောင့် နိမ့်ချည်မြင့်ချည် ...။

''ဝီရ''

တိုးတိုးလေး ခေါ်သည်။ ဝီရကို သူမ အိပ်မက်မက်နေတာပါလား။  အိပ်မက်က  ပျောက်ကွယ်သွားပြီ။  ဒါပေမဲ့  ဝီရရဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြုံးမျက်နှာက မပျောက်သေး။ နှလုံးသား၌ မြစ္စာထင်ကျန်ရစ်ခဲ့၏။

"ဟဲ့ ... ဘာဖြစ်တာလဲ"

"မိလူး ... ငုတ်တုတ်ကြီးထထိုင်ပြီး ဘာလုပ်နေတာလဲ"

တစ်ခုတင်တည်းအိပ်နေသော မိသူနှင့်မိပိုင်းတို့သည် သူမ,လှုပ်ရှားမှုကြောင့် နိုးလာသည်။ နိုးတာနှင့်တစ်ပြိုင်နက် ခုတင်ပေါ် ငုတ်တုတ်ကြီးထိုင်နေသောသူမအား အထူးအဆန်းသဖွယ် ကြည့်ရင်း ထိုကဲ့သို့မေးတော့သည်။ သူမကလည်း တစ်ဖက်လူတွေ အံ့ဩမည်ဆို အံ့ဩလောက်ပါသည်။ လူးရဲ့မျက်နှာလေးက ကျေနပ်ပီတိတွေနှင့် ပြုံးလို့ ...။

"ငါ ဝီရနဲ့တွေ့တယ်"

"ဟယ် ... တကယ်"

"အဟုတ် ... ဘယ်မှာတွေ့တာလဲ"

"အိပ်မက်ထဲမှာလေ"

ထက်သန်တက်ကြွနေသောမျက်နှာတွေ ညှိုးကျသွား၏။ သိချင်စိတ်တွေ အရောင်လျော့သွားတာမျိုးလေ။

"နင်ဟာလေ ... အရူးထပြန်ပြီ"

"သူအရူးထတာ အရေးမကြီးဘူး ... ငါတို့က အိပ်ရေးပျက်တယ်၊ ပြန်အိပ်မယ် မိပိုင်း ... လာ"

မိသူက အဖော်ဆွယ်ပြီး ပြန်အိပ်ရန်ကြိုးစားသည်။ ဒါပေမဲ့ လူးက ခွင့်မပေး။





"နေကြပါဦးဟဲ့"

'လှဲချတော့မည့်နှစ်ယောက်စလုံးအား ဆွဲထားလိုက်ပြီး ...

"ဝီရကလေ ငါ့ကိုဖက်ထားတယ်"

"အဲဒါ အိပ်မက်ထဲမှာ"

သူငယ်ချင်းနှစ်ယောက်က အားတက်သရော ဝိုင်းအော်၏။ လူးက ဂရုမစိုက်ပါ။ ကိုယ့်ကြည်နူးရင်ခုန်မှုကို တသိမ့်သိမ့်ပြန်ခံစားခွင့်ရတာများ နည်းတဲ့ကုသိုလ်လားလို့။

"ပြီးတော့ ဝီရက ငါ့ကိုပြုံးပြတယ်"

"အိပ်မက် ... အိပ်မက်"

"ငါ့နဖူးကို သူ ဖွဖွလေးနမ်းတယ်"

"အဲဒါလည်း အိပ်မက်ပဲဟေ့"

ဟု သံပြိုင်ဝိုင်းအော်ကြသည်။ လူးကတော့ ကိုယ်ပြောချင်ရာပြောခွင့်ရသွားပြီမို့ နှစ်ယောက်စလုံးကို တွန်းလှဲပစ်လိုက်ပြီး ...

"ရပြီ ... အိပ်ကြတော့"

"ဟဲ့ ... နင်က မအိပ်သေးဘူးလား"

ခုတင်ပေါ်မှ သူမအားကျော်ခွပြီး ဆင်းသွားသောလူးကို မိသူကမေးသည်။

"ငါ ... သူ့ဆီ E-mail (အီးမေးလ်) ပို့မလို့"

"သွားပြီ၊ မိပိုင်း ... နင့်လူးတော့ သွားပြီ၊ အရူးအမဲသားကျွေးမိသလို ဖြစ်သွားပြီ"

မိပိုင်းက ဝီရရဲ့ဖုန်းနံပါတ်ကအစပြု၍ E-mail (အီး



www.burmeseclassic.com

www.burmeseclassic.com



မေးလ်) လိပ်စာအထိ စုံစမ်းရှာဖွေပေးထားတာကို ဆိုချင်ဟန်ရှိသည်။

"ဒီအရူးကို ရွာသာကြီးကတောင် နိုင်မယ်မထင်"

မိသူက ပက်စက်စွာဝေဖန်ပေးသည်။ အိုး . . . လူးကတော့ ဂရုမစိုက်နိုင်ပါ။ တစ်လောကလုံး သူမကို ရှုတ်ချထားပါစေ။ သူ့အပြုံးတစ်ချက်နဲ့တင် လူးက အရာခပ်သိမ်း ရင်ဆိုင်နိုင်သည်။ သူနှင့်မတွေ့ခင်ကဆို လူးနှလုံးသားဟာ တကယ့်ကန္တာရ။ သွေ့ခြောက်စွာ အထီးကျန်ဆန်ခဲ့ရသည်။ ဖေဖေနှင့်မေမေ သူမဘဝထဲက ထွက်သွားပြီးသည့်နောက် နေ့ရက်များက အဓိပ္ပါယ်မဲ့စွာ ရှင်သန်ခဲ့ရ၏။

ပိုင်ဆိုင်မှုမြောက်မြားစွာနှင့် လူးကို ကြီးကြီးလက်ထဲသို့ ယုံကြည်စိတ်ချစွာအပ်နှံခဲ့ကြ၏။

"ဖေဖေနဲ့မေမေက ဘာလို့ကွဲသွားတာလဲဟင် . . . ကြီးကြီး၊ ဖေဖေက မေမေ့ကိုမချစ်လို့လား"

လူးသိတတ်စကတည်းက ထိုပဟေဠိကိုအဖြေညှိမရ၊ ကြီးကြီးရဲ့အဖြေကတော့ရှင်းပါသည်။

"ကလေးရဲ့မေမေကလည်း ကလေးအဖေကို ချစ်မှမချစ်တာ"

အချစ်ဆိုတာ အိမ်ထောင်တစ်ခုရဲ့အသက်ဖြစ်ကြောင်း လူး အဲဒီမှာစသိခဲ့ရတာဖြစ်၏။

"ဒါနဲ့များကြီးကြီးရယ် . . . မချစ်ဘဲနဲ့ ဘာလို့ယူခဲ့ကြတာလဲလို့"





"မိဘတွေစီမံရာပေါ့၊ စိန်စိန်ချင်းထပ် မြတ်တယ်ဆိုပြီးတော့လေ . . . ပေးစားခဲ့ကြတာ၊ သူတို့မှာ ချစ်သူတွေရှိရဲ့နဲ့"

"ဩော် . . . သနားပါတယ်နော်"

လူးက တကယ်ရင်နင့်စွာ ရေရွတ်ခဲ့၏။ သူမ မှတ်မိသလောက်ဆိုရင် ဖေဖေနှင့်မေမေ စကားစစ်ထိုးတာမျိုး၊ ရန်ဖြစ်တာမျိုး တစ်ခါမှမရှိခဲ့။ အင်မတန် အေးဆေးငြိမ်သက်သောမိသားစုပါ။ ဖေဖေကလည်း အိမ်ထောင်ဦးစီးဝတ္တရားကို ကျေပွန်သည်။ မေမေကလည်း အိမ်ရှင်မတစ်ယောက် ပီသ၏။ စည်းစိမ်ဥစ္စာ၊ ဂုဏ်ဒြပ်နှင့်ပတ်သက်ပြီး ပြည့်စုံသည်။

ကဲ . . . ဒီလိုအိမ်ထောင်မျိုး ကွဲကွာရတာ မဆန်းလား။ ထိုထက်ပိုဆန်းတာက အချစ်ကြောင့်တဲ့လေ။ သူမမေမေနှင့် ဖေဖေကြား အေးဆေးခြင်းက အေးစက်ခြင်းသို့ ပြောင်းလဲသွားသလား။ ဟင့်အင်း . . . သူမ ဉာဏ်မမီတော့။ သေချာတာက လူးသည် မိဘများထံမှ မရသောအရာများကို ကိုယ်နည်းကိုယ့်ဟန်ဖြင့် ဖန်တီးတတ်ခြင်းပင်။

လူးရဲ့စရိုက်ကိုက မရတာကို တောင့်တပြီးမနေ။ လူးငယ်စဉ်ဘဝက မိသားစုတွေ အတူတကွလည်ပတ်သောမြင်ကွင်းမျိုးဆို အားကျတာအမော။ ထို့ကြောင့် ဒရိုင်ဘာလင်မယားကို ခေါ်၍ လျှောက်လည်ပတ်သည်။ သူမက အလယ်ကပေါ့။ လူစည်ကားသောနေရာသို့ရောက်လျှင် ဖေဖေ,မေမေနှင့်တောင် ခေါ်ပစ်သေး။ ကဲ . . . မှတ်ကရောပဲ။ သူမက အဲဒီလို ပျိုရွယ်လူးပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစရိုက်က သူမတစ်ယောက်တည်းကျန်ခဲ့သောအချိန်များ၌ များစွာအထောက်အကူပြုပါသည်။ ဘ၀ကို ပျော်ရွှင်စရာနည်းလမ်းတွေနှင့် ဖြတ်ကျော်တတ်ပြီလေ။ ဖေဖေနှင့်မေမေကွာရှင်းတော့ သူမ ဆယ့်ခြောက်နှစ်သမီး။ ဖေဖေက သူမခေါင်းလေးကို ရင်ခွင်ထဲဆွဲသွင်းထားရင်း ...

''သမီးအရွယ်က သိတတ်နားလည်နေပြီ၊ ပြီးတော့ ကိုယ့်အားကိုယ်ကိုးတတ်နေပြီ၊ သမီး ဒီအရွယ်ရောက်တဲ့အချိန်ထိ ဖေဖေရောမေမေကပါ စောင့်ခဲ့ရတာ''

''စောင့်ခဲ့ရတာဆိုတာဟာ တစ်စုံတစ်ခုကို မျှော်ကိုးလို့ပေါ့နော် ... ဖေဖေ''

လူးက အဲဒီမေးခွန်းကို စိတ်ထဲမှာပဲသိမ်းထား၏။ မေးစရာမှ မလိုတော့တာ။ ဖေဖေ့နောက်ပါး၌ အသက်လေးဆယ့်ငါးနှစ်နှင့်မလိုက်အောင် ချောမောနုပျိုသောအမျိုးသမီးက သက်သေလေ။ လူးကတော့ စိတ်ထဲထူးပြီး ၀မ်းနည်းမနေ။ ပီတိဟူသောကျေနပ်ခြင်းက သွေးကြောအနှံ့ စီးဆင်းလို့။ ရှိန်းမြစွာပေါ့။

''အခု သမီးဖေဖေနဲ့မေမေ နှစ်ဦးသဘောတူ လမ်းခွဲပြီးပြီ ... ဒီအတွက် သမီးစိတ်ထိခိုက်စရာ ...''

''ဟင့်အင်း ... No Problem (ပြဿနာမရှိ) ပါဖေဖေ၊ လူးနေတတ်တယ်၊ ပြီးတော့ လူးကျေနပ်ပါတယ်''

''ကျေနပ်တယ် ... ဟား ဟား ... ဘာကိုကျေနပ်တာလဲ သမီးရဲ့''

ဖေဖေက ရယ်မောရင်း ... ပြီးတော့ သူမစကားကို





သံယောင်လိုက်ရေရွတ်ရင်း မေးသည်။ သူမကတော့ ဖေဖေ့မျက်၀န်းတွေကို တည့်တည့်စိုက်ကြည့်ရင်း ...

''ဖေဖေပျော်နေတာတွေ့လို့လေ''

သူမက အဲဒီလိုဖြေသည်။ ရယ်မြူးရိပ်သမ်းသော ဖေဖေ့မျက်၀န်းတွေ ခဏတွေ့ တည်သွားခဲ့သေးတာ။ ပြီးမှ သူမနဖူးပြင်ထက် အနမ်းလေးဖွဖွခြွေရင်း ...

''ကျေးဇူးတင်ပါတယ် သမီးရယ်''

ဟု တလှိုက်တလှဲပြော၏။ မေမေကလည်း ဖေဖေ့နည်းတူပင်။ နောက်ထပ်အဖော်တစ်ယောက်နှင့်။ မေမေကတော့ လူးကို ရင်ခွင်ထဲထည့်ဖက်ရင်း ...

''သမီးဆန္ဒရှိရင် မေမေ့ဆီမှာ လာနေလို့ရတယ်နော်၊ သမီးဖေဖေဆီမှာလည်း နေလို့ရတာပဲ ... တစ်လှည့်စီပေါ့၊ မေမေတို့က တစ်နိုင်ငံတည်းပေမယ့် မြို့ချင်းမတူဘူးသမီးရဲ့၊ မေမေတို့ရေစက်ပေါ့၊ သမီးဖေဖေရဲ့ဇနီးကလည်း အင်္ဂလန်ကဆေးရုံမှာပဲ တာ၀န်ကျတာလေ''

မေမေက ဖိတ်ခေါ်ပါသည်။ ဒါပေမဲ့ လူးက မေမေ့စကားကို စိတ်မ၀င်စားပေ။ လူးစိတ်၀င်စားတာက သက်တံလို ရောင်စုံဖြာနေသော မေမေ့မျက်နှာကိုသာ ငေးမောနေမိ၏။ တအံ့တဩနဲ့ပေါ့။ ကြည့်စမ်း ... နုပျိုလန်းဆန်းခြင်း၊ ပျိုမျစ်နုနယ်ခြင်းတွေက မေမေ့မျက်နှာနှင့်တောင် မဆန့်တော့။ သူမသက်တမ်းတစ်လျှောက် မေမေ့မျက်နှာ အခုလောက် အရောင်တောက်တာ တစ်ခါမှ မတွေ့ဖူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဝန်ခံချက်အရ ဒီအန်ကယ်လ်က အချစ်ဦးဖြစ်ပါသတဲ့။ မေမေအိမ်ထောင်ပြုသွားတောင် စိတ်မနာနိုင်။ လူးသည် ပန်းရောင်လွှလွှသမ်းနေသော မေမေ့မျက်နှာကို တအံ့တသြငေးမောရင်း . . .

"အိမ်ထောင်တစ်ခုမှာ ဘာအရေးကြီးလဲမေမေ . . . စည်းစိမ်ဥစ္စာလား, ဂုဏ်ရည်တူလား, ဒါမှမဟုတ် မျိုးရိုးအမြင့်စားထဲကလား"

မေမေကပြုံး၍ သူမကိုငုံ့ကြည့်သည်။ မေမေ့အပြုံးက တောက်ပလွန်းတာကြောင့် ကြယ်တစ်ပွင့် ကြွေဆင်းကျလာသည့်နှယ်။

"အဲဒါတွေက လုပ်ယူလို့ရတယ်သမီးရဲ့ . . . လုပ်ယူလို့မရတာ နှလုံးသားရဲ့လိုအင်ဆန္ဒ"

"နှလုံးသားရဲ့လိုအင်ဆန္ဒ"

သူမမေးခွန်းကို မေမေက ခေါင်းညိတ်ဖြေ၏။

"သမီးနားလည်အောင်ပြောရရင် နှလုံးသားက အလိုလိုစိမ့်စီးဆင်းလာမယ့် ချစ်ခြင်းမေတ္တာပဲ၊ တစ်ယောက်ကိုတစ်ယောက် တကယ့်အချစ်စစ်အချစ်မှန်နဲ့ချစ်ရင် ဘာမဆိုဖန်တီးနိုင်တယ်၊ ဖြည့်စွမ်းနိုင်တယ်၊ အချစ်က လူတစ်ယောက်အတွက် အကောင်းဆုံးသောအားပဲ"

မေမေ့စကားသည် သူမနှလုံးသားကို သံမှိုနက်သကဲ့သို့ ရှိသည်။ အချစ်က အရေးကြီးဆုံးပါတဲ့ . . .။ သူမနှလုံးသားသည် သူနှင့်မတွေ့ခင်အထိ အပြစ်ကင်းဆဲ၊ ကလေးဆန်ဆဲ။ သူနှင့်





တွေ့မှ ရင်ခုန်တတ်လာပြီ။ သူ့အား အမြဲမပြတ်တွေ့ချင်စိတ်တွေက ခန္ဓာကိုယ်အနှံ့အပြား၌ သွေးတွေလို မပြတ်စီးဆင်းခဲ့၏။ ဒါဟာ . . . အချစ်တဲ့လား။

လူးသည် ကွန်ပျူတာဖန်သားပြင်၌ ထင်ဟပ်လာသော သူ့ပုံတူအား တစိမ့်စိမ့်ငေးမဝ။ သူမနှလုံးသားရဲ့ပုံရိပ်လွှာ သူ့မျက်နှာက ပြုံးတုံးတုံးလေး။ ထိုအပြုံးမျက်နှာအား တဝကြီးငေးကြည့်ပြီးမှ E-mail (အီးမေးလ်)လိပ်စာအတိုင်း ရိုက်ပို့သည်။

လူးချစ်ရပါသော ဒီလူငယ်လေး ကျေနပ်ပျော်ရွှင်နိုင်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၃

"ဒါ မှာ ... ဆယ့်ငါးသိန်း သမီး"

"ရှင်"

ငွေထုပ်ကြီးမြင်တာတောင် သူမက နဝေတိမ်တောင်ဖြစ်ဆဲ၊ ဆိုင်ရှင်အန်တီကြီးက ပါးစုန့်တွေ မို့တက်နေအောင်ပြုံးပြရင်း ပိုက်ဆံထုပ်ကြီးကို သူမဘက် တွန်းပေး၏။

"ရပါတယ် အန်တီ"

တီတာက တစ်သိန်းအုပ်ဆယ့်ငါးအုပ်ကိုပဲ ရေရင်း ...

"ဒီမှာ ပစ္စည်းက ... အန်တီ စစ်ကြည့်ပါဦး"

"စစ်ကြည့်စရာမလိုပါဘူးသမီးရယ် ... အန်တီ့ဆိုင်က ဝယ်သွားတဲ့ပစ္စည်းပဲကို"

ပြောရင်း အန်တီကြီးက ပစ္စည်းထည့်ထားသော ကတ္တီပါဘူးလေးကို ဆွဲယူသွား၏။ တီတာ့စိတ်ထဲ ကတ္တီပါဘူးလေး ပါသွားတယ်လို့ မမြင်။ နှလုံးသားတစ်ခြမ်း ပဲ့ကြွေသွားသလို ခံစားရသည်၊ ဒီလော့ကတ်လေးက တီတာအကြိုက်ဆုံး ပစ္စည်းလေး။ အမှတ်တရအဖြစ်ဆုံးလို့လည်း ပြော၍ရသည်။ တီတာ





ဆယ်တန်းအောင်တဲ့နှစ်မှာပဲ ဖေဖေက အမှတ်တရ ဆုချထားခဲ့တာ ...။

ဒါပေမဲ့ပေါ့လေ ... ဉာဏအပြုံးတစ်ချက်ကို မြင်ယောင်တော့ နာကျင်တာတွေ ဝေးလွင့်သွားသည်။ တီတာဟာ ဉာဏအတွက် ဘာမဆိုပေးဆပ်ချင်သူလေ။ သန်ဘက်ခါ ဉာဏ မွေးနေ့၊ ဉာဏဟာ အခြားမွေးနေ့ရှင်တွေလို မဟုတ် ... ပေးတဲ့ မွေးနေ့လက်ဆောင်ကို ဒီအတိုင်းမယူတတ်။ သူ့ဝါဒက ဒီလို ..

"နင်တို့ပေးတဲ့လက်ဆောင်က ငါ့အတွက် အသုံးဝင်မှ ကောင်းမှာလေ၊ နင်တို့ကပေးပေမယ့် ငါကမလိုချင်ရင် နင်တို့လည်း ပေးရတာ အရာမထင်ဘူး၊ ဒီတော့ မွေးနေ့လက်ဆောင်ကို ငါလိုချင်တာပဲတောင်းမှာ"

"တစ်ခါမှမကြုံဖူးဘူး ... အဲလောက်ဗြောင်ကျတဲ့ မွေးနေ့ရှင်ကို"

ဝိရက အဲဒီလို ဝေဖန်ဖူးသည်။ တီတာကတော့ ဘယ်လိုမှ မထင်။ ဝေလည်းမဝေဖန်။ ဉာဏပြောတဲ့ နည်းလမ်းကျတာကို။ သိတယ်မဟုတ်လား ... တီတာဆိုတာလည်း ဉာဏရဲ့ အသုံးတော်ခံလေ။

"မင်းတို့ ကျေးဇူးတောင်တင်ရဦးမှာ ... မွေးနေ့လက်ဆောင် ဘာပေးရင်ကောင်းမလဲဆိုပြီးတော့ ခေါင်းမစားတော့ဘူးပေါ့"

"တော်စမ်းပါ ... မင်းက လိုချင်တာလည်း တောင်းဦးမယ်၊ လေကလည်း အထက်က မဆင်းတော့ဘူး၊ မင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



တောင်းချင်ရာတောင်း ... ငါလည်း ပေးချင်ရာပေးမယ်''

''အောင်မယ် ... ငါ့စိတ်ကူးကို ပြောပြတာလေ၊ မင်းမပေးချင် နေ ... ရတယ် ... တီတာတစ်ယောက်လုံး ရှိတယ်''

ဉာဏာကသူမကို ပခုံးချင်းတိုက်သည်။ ပြီးတော့ စကားပရိယာယ်ကြွယ်ဝစွာ ချုပ်ကိုင်ထား၏။ သူမက ခေါင်းငုံ့ကာ ပြုံးသက်ဆဲ။ ဟုတ်တယ်လေ ...။ တီတာက ဉာဏာအတွက်ဆိုဘာမဆို မငြင်းဝံ့သူ။ ဝီရကတော့ သူမတို့ကို ရှုတည်တည်ကြည့်ရင်း ...

''အေးပေါ့ ... တီတာက မင်းခိုင်းစားလို့ရတဲ့ အ,အဲမလေ''

ဟုဆိုတတ်သည်။ တီတာက ဉာဏာကို မလွန်ဆန်ရဲတာနှလုံးသားကြောင့်။ ဝီရကျတော့ အမှန်တွေကိုသာ ပြောတတ်လွန်း၍ မလွန်ဆန်ရဲ။ ကိုယ်က ယောကျ်ားလေးနှစ်ယောက်ကြားညပ်ကာ မိန်းကလေးလာဖြစ်တာကိုး။ တစ်ခါတစ်ရံ ဉာဏာရဲ့လိုအင်တွေဟာ မိန်းကလေးတစ်ယောက်နှင့် ဘယ်လိုမျိုးမှမအပ်စပ်ပေ။

ညကြီးမိုးချုပ်ကျမှ သူ့ကောင်မလေးအိမ်ရှေ့ သီချင်းသွားဆိုချင်သည်။ ထို့အတွက် တီတာက လိုက်ပို့ရ၏။ ဉာဏာမှာ မိသားစုပိုင်ကားတစ်စီး ရှိသည်။ ဒါပေမဲ့ သူ့အဖေရုံးသွားရုံးပြန်မှတစ်ပါး အခြားအချိန်တွေ မသုံးရ။ ပိုသောဆီကို ထုတ်ရောင်းရသည်။

ထိုငွေက ဉာဏာကျောင်းအတွက် တစ်ဖက်တစ်လမ်းမှ





အထောက်အကူပေးတာကိုး။ ယင်းကြောင့် ထိုကားကို ဉာဏာမသုံးရဲ။

''Taxi ကြီးနဲ့ဆိုတော့ သွားရစ်ရတာ ငါအောက်တယ်တီတာရဲ့ ... နင်လိုက်ပို့''

ဆိုသောအမိန့်က မပြင်းထန်။ ဒါပေမဲ့ အဲဒီမပြင်းထန်သောအမိန့်ကိုပဲ တီတာက မလွန်ဆန်နိုင်တာဖြစ်သည်။ ထို့ကြောင့် ဉာဏာက ဘယ်အချိန်သွားမလဲ ... သင့်တော်၏။ မသင့်တော်၏ ... သူမ မစဉ်းစားနိုင်။ ဉာဏာတစ်မျက်နှာက သူမအတွက် ကမ္ဘာ။ ဒီအတွက် အိမ်က ခိုးထွက်ရသည်။ ကားစက်သံမကြားရအောင် အပြင်ကိုတွန်းထုတ်ရသည်။ ဉာဏာကတော့ ခပ်တည်တည်ပင်။

''ဘာလဲ ... နင့်အိမ်က ငါနဲ့သွားတာစိတ်မချလို့လား''

''အဲဒီလိုတော့ မဟုတ်ပါဘူးဟာ''

''ငါသိပါတယ် တီတာရယ် ... ငါက ဝီရလို မချမ်းသာဘူးလေ၊ ငါက မျက်နှာမွဲပါဟ၊ ဒီတော့ ဝီရနဲ့သွားတာလောက်ဘယ်စိတ်ချမလဲ''

အဲဒီလို မျက်နှာနွမ်းနွမ်းနှင့်ပြောသော ဉာဏာကြောင့်သူမ စိတ်မကောင်းနိုင်ပါ။

''မဟုတ်ပါဘူးဆို ... နင်ကလည်း''

''နင့်ကိုလည်း အကူအညီတောင်းရတာ အားနာပါတယ်တီတာရယ်၊ ဒါပေမဲ့ နင်နဲ့ငါက ခြေချင်းကပ်လည်း ဖြစ်တယ်၊ပြီးတော့ နင့်လို ငါ့အပေါ်ကောင်းဦးမယ့်လူဆိုတာ ဘယ်မှာရှာရှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့နိုင်မှာမဟုတ်ဘူးဟ . . . အဲဒါကြောင့်ပါ၊ ငါ သိပ်တစ်ကိုယ်ကောင်းဆန်သလိုများ ဖြစ်သွားပြီလား တီတာ . . . ဟင်''

ဥာဏာက သူမပခုံးကို ဆုပ်ကိုင်ပြီးမေးသည်။ မော့ကြည့်တော့ ဥာဏာမျက်ဝန်းထဲ အရည်ကြည်တချို့ကို တွေ့ရသည်။ သူမရင်သည် ဆစ်ခနဲ နာကျင်ရသည်။ မငိုပါနဲ့ ဥာဏာရယ်။ နင့်မျက်ရည်တွေဟာ ငါ့အတွက် အခါမဟုတ်ရွာတဲ့ အက်စစ်မိုးပါ။

''နင့်အတွက် ငါ . . . လူဖြစ်လာတာပါ ဥာဏာ၊ ငါ့အပေါ်မှာ နင် တစ်ကိုယ်ကောင်းဆန်ခွင့်ရှိတယ်၊ ငါခွင့်ပြုပါတယ် . . . ဘာမဆိုပေါ့''

အဲဒီတုန်းက သူမနှုတ်ဖူးပြင်လေးထက် ဖျတ်ခနဲ ဥာဏာနမ်းသည်။ ထိုအနမ်းက စက္ကန့်ပိုင်းလောက်ကလေးလောက်သာ။ ဒါပေမဲ့ သံသရာတစ်လျှောက်လုံး သူမအတွက် မမေ့နိုင်သောအရသာ။ အခု မွှေးနေ့လက်ဆောင်ကို ဥာဏာတောင်းဆိုတာက ဟန်းဖုန်း။ ကြားစက သူမ မျက်လုံးပြူးသွားသည်။ ခုခေတ်ကာလပေါက်ဈေးနှင့် ဟန်းဖုန်းရဲ့တန်ဖိုးက မနည်းမနော။

''ဆရာဝန်ဆေးကျောင်းသားဆိုတာ ဖုန်းလေးတစ်လုံးလောက် ရှိမှဖြစ်တာဟ''

ဟုပြောတုန်းက တီတာ တကယ်မရိပ်မိခဲ့တာ။ထိုကြောင့်လည်း . . .

''ငါတို့ဖုန်းတွေရှိတာပဲ ဥာဏာရယ်''

''မတူဘူးလေဟာ . . . နင်တို့ဖုန်းက ညအထိ ငါယူထား





လို့မှ မရတာ''

''အယ် . . . ညအထိတော့ မရဘူးဟ၊ သိတဲ့အတိုင်း . . . ဖေဖေက ငါကျောင်းကပြန်လာရင်လည်း ပစ္စည်းအစုံပါ၊ မပါစစ်တာ၊ ကျောင်းသွားခါနီးဆိုလည်း ဖုန်း၊ ကားသော့၊ ပိုက်ဆံအိတ်ဆိုပြီးတော့ ဂါထာရွတ်သလိုအော်နေတာတောင် ငါ့မှာလမ်းတစ်ဝက်ကနေ ပြန်ယူရတဲ့ပစ္စည်းက အခါခါ၊ ငါက နဂိုကတည်းက မေ့တတ်တာလေ''

''အေးလေ . . . အဲဒါကြောင့် မဖြစ်တာ''

''ဟမ် . . . ဘာကိုမဖြစ်တာလဲ . . . နင် နေ့ဘက်ယူလေ . . . ရတာပဲ''

''ငါက အပိုင်လိုချင်တာ''

''အပိုင် . . .၊ ဟယ် . . . ဒါတော့မဖြစ်နိုင်ဘူးထင်တယ် ဥာဏာရဲ့''

သူမအသံက စိတ်မကောင်းခြင်းများစွာ ရောယှက်လို့။ ပြီးတော့ မရွံ့မရဲလေး။ ဒါကိုပဲ ဥာဏာက ပြုံးပြီး စိုက်ကြည့်သည်။ ဥာဏာမျက်လုံးတွေဟာ ရီဝေပြီး တဖျပ်ဖျပ်တောက်ပနေတာ။ နှုတ်ခမ်းထက်ကအပြုံး ချိုရည်ရွှန်းလဲ့လွန်းတာ။ အိုး . . . အဲဒီအပြုံး အကြည့်တွေကြောင့် သူမ . . . ရင်အခုန်ပြင်းလာသည်။

''ငါကလည်း နင့်ကို တောင်းနေတာမှမဟုတ်တာ၊ ငါလိုချင်တာ ငါပြောတာ၊ နင်မပေးနိုင်တာ စိတ်မကောင်းမဖြစ်နဲ့၊ ငါ့ရဲ့ကံကိုက ဖွတ်တက်နေတာလေ . . . ဘယ်တတ်နိုင်ပါ့မလဲ''

''အဲလိုတော့မဟုတ်ပါဘူးဟယ်''



www.burmeseclassic.com

www.burmeseclassic.com



''အဲလိုမဟုတ်ရင် ငါ့အတွက်မွေးနေ့လက်ဆောင်ကို ဟန်းဖုန်းတောင်းရင် နင်ပေးမလား''

''ဟို''

သူမ ချက်ချင်းမဖြေနိုင်။ သိန်းနှစ်ဆယ်၊ နှစ်ဆယ့်ငါးကို သူမ ဘယ်မှာရှာရမှာပါလိမ့်။ ဘဏ်အကောင့်ထဲမှာတောင် ဆယ်သိန်းပြည့်အောင် မရှိဘူး။ ဒါတောင် ကုန်တာများပါသည်။ ဉာဏရဲ့ အကျီအဝတ်အစားဖိုးနဲ့တင်လေ။

''ရပါတယ် ... နင် သိပ်အခက်အခဲဖြစ်ရင်လည်း ငါ မကိုင်ရုံပဲ ... စိတ်ထဲ ဘာမှမထားနဲ့နော်''

ဉာဏက အရေးမကြီးဟန် နေပြသည်။ ဒါပေမဲ့ ဉာဏ အလိုကို ဖြည့်ဆည်းပေးချင်စိတ်က နှလုံးသားမှတစ်ဆင့် ခုန်တက်လာ၏။ နောက်ဆုံးတော့ ဘဏ်ကငွေသားရယ်၊ သူမအနှစ်သက်ဆုံး စိန်လော့ကတ် ရောင်းပါမှ ငွေပြည့်သွား၏။ ဒါပေမဲ့ တီတာမမှုပါ။ လိုအင်ပြည့်ဝသည့်အခါ ပြုံးတတ်သော ဉာဏ အပြုံးက သူမရင်ကို လန်းဆန်းစေသည်လေ။

'တီ .. တီ .. တီ .. တီ'

ဟွန်းသံက အကျယ်ကြီး။ တီတာ ဘေးကပ်ရပ်ပေးသည်။ ဒါပေမဲ့ ကားက ဆက်မသွား။ သူမဘေးတွင် ရပ်လိုက်ပြီး ...

''တီတာ''

''ဟယ် ... ဝီရ''

သိစိတ်က နှိုးဆော်သည်။ ပိုက်ဆံတွေပါသော အိတ်အကြီးကြီးအား ကျောနောက်ပိုးမိသည်အထိ။ မဟုတ်တာတွေ





လုပ်မိတာနှင့် တန်းခနဲပေါ်သောအဖြစ်က ဒါမျိုးထင်သည်။

''နင်ဘာလာလုပ်တာလဲ''

''ဟို''

စဉ်းစားမထား၍ ဘာဖြေရမှန်းမသိ။

''ဉာဏအတွက် မွေးနေ့လက်ဆောင်မဟုတ်လား''

ဝီရကပြောမှ သတိရသွားသည်။

''အေး ... ဟုတ်တယ်၊ နင်ရော ...''

''ငါလည်း ဒီအတိုင်းပဲပေါ့၊ တက် ... ကားပေါ်၊ နောက်ကားတွေ ပါတယ်ဟ၊ ဒီမှာ အကြာကြီးရပ်လို့မရဘူး''

ဒီတော့မှ ကားကိုသတိထားမိသည်။ လွတ်လပ်ပေါ့ပါးသော ဂျစ်ကားအနီရဲလေး။

''နင် ကားလဲလိုက်တာလား ဝီရ''

ကိုယ်က ဦးအောင်မေးထားမှ ကိုယ့်ကို မေးချိန်မရမှာ။ တီတာက တခြားနေရာတွေသာ တုံးတာ ... ဉာဏကို ကာကွယ်ဖို့အတွက်တော့ အကြံဉာဏ်ရှိသည်။

''အေး ... ဟိုကားကြီးက သိပ် Heavy ဖြစ်လွန်းလို့၊ ဉာဏကတော့ ငါ့ကို ကျိန်ဆဲတော့မှာပဲ ... သူ့အကြိုက်ကို ရောင်းတယ်ဆိုပြီးတော့လေ၊ ငါက လွတ်လပ်ပေါ့ပါးချင်တာ''

''ကောင်းပါတယ်၊ နင်ကသူ့အတွက် ဘာဝယ်ပေးဦးမလို့လဲ၊ နင့် RADO ကို သူယူလိုက်ပြီဆို''

''အေး ... အဲဒါနဲ့ မလုံလောက်ဘူး ... Skecher (စကတ်ချာ) ဖိနပ်တစ်ရန်လောက်တဲ့၊ နင့်ဆီကရော ဘာတောင်း



www.burmeseclassic.com

www.burmeseclassic.com



ထားလဲ''

''ဖုန်း'' ဟု ပြောမယ့်ပါးစပ်ကို အလျင်အမြန် ချွန်းအုပ်ရသည်။ ပြီးမှ ...

''သူ့မွေးနေ့ကျတော့ သိမှာပေါ့ဟ ...နင်ကလည်း၊ ကဲ ...နင်လည်း ရှာတော့၊ ငါလည်း ဈေးကို စိတ်ကြိုက်ပတ်မွှေဦးမယ်၊ အပြန်မစောင့်နဲ့နော် ဝီရ ...ငါ့ဟာငါ အဆင်ပြေသလိုပြန်မယ်''

''အေး ..အေး ..ပြီးရော''

ဝီရနှင့်လမ်းခွဲပြီးတာနှင့် သူမမှာ တစ်ချိုးတည်းလစ်ပြေးရတယ်။ ဝီရစိတ်က ရိုးရှင်းသည်၊ ပြီးတော့ ဟန်မဆောင်တတ်။ တည်ငြိမ်၏။ ဉာဏကတော့ အကွေ့အကောက်များသော မြစ်တစ်စင်းလို။ အို ...မြစ်ကွေ့တာ မြစ်ရဲ့အပြစ်လို့ တီတာမမြင်။ ဒါဟာ မြေမျက်နှာပြင်ကြောင့် ဖြစ်ပေါ်ရတာလေ။ တီတာက ဉာဏအတွက်ဆို အဲ့ဒီလိုပင်။ အတွေးထဲမှာတောင် အပြစ်ကလွှတ်အောင်ကြံဖန်တွေးဆ တတ်သူ။

ဉာဏရေ ...ငါဟာ နင့်အတွက် ဒိုင်းတစ်လက်။ ချစ်သူ ဘေးမသီရန်မခအောင် ကာကွယ်ပေးမှာလေ ...။

-------------- ။

''ဟဲ့ ...လာပြီ''

''ငါသိတယ် ...နင် · တိတ်တိတ်နေစမ်းပါ''

''မိလူး ...နင် သိပ်အဖြစ်သည်းမနေနဲ့''

''အဖြစ်သည်းတာမဟုတ်ဘူး ...နင်က အာပြဲကြီးနဲ့''

''နင့်လူ မကြားရပါဘူး''

''ငါ အာရုံပျက်တယ်''

လူးက ပိတ်ပြောပစ်သည်။ ဒီတော့မှ မိဝိုင်းက မဲ့ရွဲ့ကာထိုင်၏။ မကြည့်ပေမယ့် သိပြီးသား၊ ဒီသူငယ်ချင်းတွေအကြောင်းနောကျေလွှန်းလို့။ လူးက အဲ့ဒီလိုတွေးရင်း ဗီဒီယိုကင်မရာ၌ပေါ်နေသော သူ့ပုံရိပ်ကိုသာ အာရုံစိုက်ထားမိ၏။ သူ ဒေါ်သထွက်လာတယ်နဲ့တူရဲ့။ ကျောက်ခဲတွေကို လိုမ့်ပြီးကန်နေတာ။

ဒါပေမဲ့ ချစ်သောမျက်စိနှင့် ကြည့်မိလို့လားတော့ မသိ။ သူ ဒေါ်သထွက်ပုံလေးဟာလည်း သူမအတွက် ချစ်စရာပါပဲ။ လူးက အဲဒီလိုချစ်စနိုးဖြစ်လေလေ ဟိုနှစ်ယောက်က မကြည်လေ



www.burmeseclassic.com

www.burmeseclassic.com



လေ။ မနက် အစီအစဉ်စဆွဲကတည်းကိုက ပြဿနာက အခုလို စခဲ့တာပါ။

"အမိပွဲါယ်မရှိတာမိလူးရယ် . . . သူ့နောက် တကောက်ကောက်လိုက်ပြီး ကင်မရာနဲ့ မှတ်တမ်းတင်ရမယ်လို့"

"အေးလေ . . . လူမသိအောင်တဲ့ . . . အတန်းကလည်း ဖျက်ရဦးမယ်"

"မလိုက်ချင်လည်းနေဟေ့ . . . ငါတစ်ယောက်တည်းလည်း ဖြစ်တယ်"

လူးက ပြတ်၏။ တကယ်တော့ တစ်ယောက်တည်းနှင့် မလွယ်သည့်အဖြစ်။ သူသွားရာနောက် ကားမောင်းလိုက်ရဦးမည်။ ပြီးလျှင် ကင်မရာနှင့်ခိုးဝှက်ရိုက်ရမည်။ ဗျာတော်တော်များရမယ့်အဖြစ်။ ခက်တာက သူနှင့်ပတ်သက်လျှင် နည်းနည်းမှ အထိအခိုက် အကွဲအရှမခံနိုင်သော နှလုံးသားက သည်းသည်းလှုပ်ချင်၏။

မိပိုင်းက စိတ်ပေါက်ပေါက်နှင့်ပြောခြင်းပါ။ မနက်ကတည်းက အတန်းလည်းမတက်ရ . . . အခု ထမင်းစားချိန်လည်း ကျော်နေပြီ။ မိလူးက ဖွဲနုပဲကြီးစွာ ဝီရလင်းထင်နောက် လိုက်တုန်း။ အဖော်ဖြစ်သော သူမတို့နှစ်ယောက်က ဝမ်းထဲ တကျုတ်ကျုတ်နှင့် ဆာ၍နေပြီ။

"အေးဟ . . . ဖြစ်နိုင်တယ်၊ နင်ပြောသလို လက်ထပ်ခွင့်တောင်းတယ်ဆိုရင်လည်း တီတီတာက ငြင်းလိုက်လားမှမသိတာ"





"တီတီတာက ဆေးကျောင်းသားကို နိုက်နေတာဖြစ်မှာပေါ့ . . . သုံးဖွင့်ဆိုင်လေ"

မိသူကပါ အလိုတူအလိုပါ ပင့်သည်။ ဟိုမိန်းမထံ မျက်စပစ်ပြီးတော့လေ . . .။

"ဘာမှသုံးပွင့်မဆိုင်ပါဘူး . . နိမိတ်နမာ မရှိတာတွေ"

"အဲဒါတွေက အရေးမကြီးပါဘူး . . . ဝီရအတွက် အလိုက်ဖက်ဆုံးနဲ့ အသင့်တော်ဆုံးလူဆိုလို့ ငါပဲရှိတာ၊ စိတ်ချ . . . ဝီရနဲ့ငါပဲ ဇာတ်သိမ်းခန်းမှာတွေ့ကြရမှာ"

လူးက ခပ်ကြွားကြွားလေး ပြောမိသည်။ ယုံကြည်ချက်ဆိုတာ ရင်ခုန်သံနှင့်ရင်းပြီးမွေးလာသော ရင်သွေး။ မိပိုင်းကတော့ မကြည်လက်စနှင့် ပျစ်နှစ်စွာရှုတ်ချသည်။

"မိသူ . . . မြင်ဖူးအောင်ကြည့်ထား . . . နေမမြင့်သေးဘူး . . . ဒါပေမဲ့ အရှုးကရင့်နေပြီ"

တဲ့လေ . . .။ သူ့မတို့ ကင်မရာထဲကနေ ကြည့်နေဆဲမှာပဲ ဝီရက ကားနားရောက်လာပြီ။

"ဟော . . . တွေ့သွားပြီ"

ဒီတစ်ခါ ထအော်တာ လူးကိုယ်တိုင်။ သူမ တင်ထားခဲ့သော ဒတ်(ရှ်)ဘုတ်ပေါ်မှ စာအိတ်အဖြူလေးအား ဝီရတွေ့သွားခဲ့လေပြီ။

"ဘာလဲကွာ"

ဒေါမာန်အရှိန်က မပြေသေး။ မြင်မြင်ကရာ ပတ်ယမ်းချင်နေသောဝီရက စာအိတ်ကိုဆွဲယူမိပြီ။ သူ့ကားပေါ်၌ စာအိတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပတ်သက်၍ ဘာမှမထားခဲ့တာ အသေအချာပင်။ ဒါဆို ဒီစာအိတ်ဟာ ဘယ်ကခြေထောက်ပေါက်ပြီး ရောက်လာပါသနည်း။ အတွေးထက် လက်ကမြန်သည်။ စာအိတ်ကို ဆွဲဖြဲပြီးသား။

အထဲမှ ထွက်ကျလာတာက ကြယ်သီးလေးတစ်လုံး။

''ဘာတွေလဲ''

ကိုယ့်ဟာကိုယ်မေးရင်း မျက်ခုံးနှစ်ခုက ထိလုမတတ်ကျုံ့သွား၏။ ပဟေဠိတစ်ပုဒ်ပင်။ စာအိတ်အပေါ်၌ ရေးထားတာက ...

*E-mail ဖွင့်ကြည့်ပါ။*

*ပြီးတော့ ကြယ်သီးလေးကို သူ့နေရာသူ ပြန်ထားတာပါ။*

တဲ့ ... အမိန့်လိုလို၊ ရာဇသံလိုလို။ ဘေးဘီဝဲယာသို့ ဝေ့ဝဲကြည့်သည်။ တရားခံရှာတာလေ။

''သူရှာနေတယ် မိလူး''

''ငါတွေ့တယ် မိပိုင်း၊ နင် အာပြဲကြီးနဲ့ အော်မနေနဲ့၊ သူ့စိတ်တွေ ငါ အပိုင်မသိမ်းရသေးဘူး၊ ဒီအချိန်မှာ ငါ ဘယ်သူလဲဆိုတာ သူသိသွားရင် ငါ့အတွက်အကျိုးမရှိဘူး''

''နင့်အတွက် အကျိုးမရှိပေမယ့် ငါတို့အတွက်တော့ အကျိုးရှိတယ်၊ ဒီလိုနောက်ကနေလိုက်ပြီ သူခိုးချောင်း မချောင်းရတော့ဘူးပေါ့''

မိပိုင်းက ထပြောသည်။ သူမက ချေပရန်နှုတ်ခမ်းအပြင်





မှာပင် သူက စာအိတ်ရော၊ ကြယ်သီးတွေရောပါ ခြေမွလွှင့်ပစ်တာ ဖြစ်၏။ ပြီးတော့ နှုတ်ခမ်းနှစ်လွှာကလည်း လှုပ်စိစိ ... ဘာတွေပြောနေမှန်း မသိ။ ပြီးတာနှင့် ကားပေါ်တက်ကာ တရကြမ်းမောင်းထွက်သွားတော့တာ ဖြစ်သည်။

''ကဲ ... ငါမပြောဘူးလား မိလူး ... သူက ဒေါသကုမ္ပဏီရ၊ သူ့နှလုံးသားထဲမှာ ဒေါသတွေပဲရှိတာ၊ ကြည်နူးတာ၊ စိတ်လှုပ်ရှားတာ ဘာမှရှိမနေဘူး ... နင့်ရဲ့တစ်ခုတည်းသော အမှတ်တရပစ္စည်းလေးတော့ သွားတာပဲ ... နင် မနှမြောဘူးလား''

''မနှမြောပါဘူး''

''ဘာလို့''

မိပိုင်းက အံ့သြတကြီးမေးသည်။ ဒီမိန်းမဟန်ဆောင်နေတာလားဆိုပြီးလည်း အကဲခတ်ရသေးသည်။ မိလူးကတော့ ပကတိ ကြည်စင်သော မျက်နှာလေးဖြင့် ...

''အဲဒါက ကော်ပီ ... တကယ့်အစစ်က ငါ့ဆီမှာ''

သူမက ဝံ့ကြွားစွာပြောသည်။ သူ့ကားလေးကတော့ သူမ့မြင်ကွင်းအောက်မှ ပျောက်ကွယ်သွားပြီဖြစ်၏။ လူးရဲ့ သူငယ်ချင်းမနှစ်ယောက်ကတော့ အခုလို သူမကို မှတ်ချက်ချပါသည်။

''နင့်တစ်ကိုယ်လုံးမှာ ဥာဏ်နီဥာဏ်နက်တွေချည်းပါပဲလား မိလူး ... ဝီရလင်းထင်အတွက် တမင်ဖန်တီးထားတာများလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . အဲဒါက ဖန်တီးစရာမလိုဘူး . . . နှလုံးသားက အလိုလိုစိမ့်ယိုစီးဆင်းလာတဲ့အရာ"

"နင် သိပ်ပြီးမရှုးပါနဲ့ မိလူး . . . ဒါ ငါသတိပေးတာ"

မိသူက ကားမောင်းသူနေရာမှာ ထိုင်နေရာမှ သူမနောက်ခန်းဘက်ဆီ ကိုယ်ကိုလှည့်ရင်းပြော၏။

"နင် စိတ်တော့မဆိုးနဲ့"

"ပြောပါ မိသူရာ . . . နိဒါန်းကမျှားပါ့"

"ဝိရလင်းထင်ကြည့်ရတာ နင်မျှော်လင့်သလို ဖြစ်လာမယ်မထင်ဘူး၊ သူ့ရဲ့စရိုက်ကိုက ဒေါသကြီးမယ်, အတ္တကြီးမယ်, ပြီးတော့ သူကိုယ်တိုင်က မေတ္တာငတ်ခဲ့သူလေ၊ ဒီတော့ မေတ္တာအပေါ် အယုံအကြည်မရှိလောက်ဘူး၊ သူငယ်ချင်းသုံးယောက်ကိုပဲ ကြည့် . . . သူတစ်ယောက်တည်း ကွဲထွက်နေတာလေ . . . ဒါ ဘယ်သူ အလွန်ဖြစ်မလဲ၊ သူ့မိဘတွေ တစ်ယောက်တကွဲစီဖြစ်ကတည်းက အဲဒီဂျစ်ကန်ကန်စရိုက်က အသားကျနေပြီ၊ နင်ပြောင်းလဲလို့ ရမယ်တော့ ငါမထင်ဘူး"

လူးကတော့ သူငယ်ချင်းတွေရဲ့ထင်မြင်ချက်ကို ခေါင်းလေးယမ်းပြီး ငြင်းဆန်ဆဲ။ လောကကြီးရဲ့နိယာမကိုက မမြဲခြင်းတရားနှင့် ဖွဲ့စည်းထားတာ။ အေးစက်သောနှလုံးသားဟာ သူထံ၌ အမြဲထာဝရ ခိုတွယ်နေမယ်လို့ လူး ယူဆမထားပေ။ ပြီးတော့ မေတ္တာတရား။ ထိုအရာကို လူးယုံကြည်ပါသည်။ အေးမြငြိမ်သက်ခြင်းများနှင့်အတူ ရောင်ပြန်ဟပ်စေသောအရာ။ ထို့ကြောင့် . . .

"ငါနဲ့သူက Life (ဘဝ) ချင်းတူတယ်၊ Broken Family





(ပြိုကွဲမိသားစု) လေ၊ ဒါပေမဲ့ သူ့ခံယူချက်က ငါနဲ့မတူဘူး၊ ငါက သူ့မရခဲ့တဲ့မေတ္တာမျိုးကို ပေးချင်တာ . . . ဘယ်သူ့ကိုမဆိုပါ၊ ငါ့လိုမခံစားစေချင်ဘူးလေ၊ အဲဒါကြောင့် သူ ပြောင်းကို ပြောင်းလဲသွားစေရမယ်၊ ငါ့အချစ်, ငါ့ပေးဆပ်မှု, ငါ့မေတ္တာတွေနဲ့ သူ့ဘဝရဲ့ကွက်လပ်ကို ငါဖြည့်ဆည်းပေးသွားမှာ"

"သွားပြီ"

မိပိုင်းက စိတ်ပျက်စွာရေရွတ်သည်။

"နင်တော့ ဘာဆေးတိုက်တိုက် မမီတော့ဘူး"

"မဟုတ်ဘူး မိပိုင်းရဲ့ . . . ဒီရောဂါမျိုးဆိုတာ ဆေးကို မရှိတာ . . . ထားလိုက်တော့"

ဟု မိသူက ဆို၏။ ဒါဟာ ဝေဖန်ချက်လား . . . ကဲ့ရဲ့ရှုတ်ချခြင်းလား . . . လူး မသိတော့။ သိလည်းမသိချင်ပါ။ သူမ သိတာက နှလုံးသားထဲ၌ စစ်မှန်၍အေးမြသော မေတ္တာတရားအပြည့် သိလှောင်ထားခဲ့၏။ ဒါဟာ ခက်ထန်အေးစက်သော လူငယ်လေးအတွက်ပေါ့ . . .။

ဝိရရေ . . . ကိုယ့်ရဲ့အချစ်စက်ကွင်းမှာ မိစေဖို့ အချိန်နဲ့ အမျှ ကြိုးစားသွားမှာ . . . ဒါကိုယုံကြည်ပေးမှာလား . . .။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၄

ဉာဏက ဒေါသစိတ်ကြောင့် ရင်ထဲလှိုက်ခနဲ ...။ နားထဲ ပြန်ကြားယောင်သောစကားတွေဟာ ဗုံးအတွဲလိုက် ပေါက်ကွဲနေသလိုမျိုး ...။

"ဖုန်းနဲ့မင်း ဘာမှမဆိုင်ဘူး"

ဝီရစကားသံက နားထဲ၌ မာကျောစွာ .. ခက်ထန်စွာ။ ပုံရိပ်တွေက ရုပ်ရှင်အနှေးပြကွက်တွေလို သူ့အာရုံကို တစ်ဖန်စီးနင်းသွားပြန်၏။ တကယ်တော့ ဖုန်းလေးကို သူမြင်လျှင်မြင်ချင်း ပျော်သွားတာ ဝန်ခံရပါလိမ့်မည်။ သူအလိုချင်ဆုံး အရာကိုး။

"ကျေးဇူးအများကြီးတင်ပါတယ် ချစ်သူငယ်ချင်းလေး ရယ်၊ ဒါ .. ငါ့ပါးစပ်ဖျားကလာတဲ့ စကားမဟုတ်ဘူးနော် ... ငါ့ရင်ထဲက လာတာ၊ တကယ်လှိုက်လှိုက်လှဲလှဲကို ပြောတာပါ၊ ကျေးဇူးအများကြီးတင်ပါတယ်"

ဖုန်းလေးကို လှည့်ပတ်စစ်ဆေးရင်း သူပြောသည်။ ဖုန်းက အနက်ရောင်၊ လက်တစ်ဝါးစာ အပြားလေး။ ကင်မရာပါ ပါသည်။ Function လည်း မြင့်သည်။ တန်ဖိုးက သေးမည်မထင်။





တီတာကတော့ သူပျော်ရွှင်လျှင် ကျေနပ်ဝမ်းမြောက်နေပုံဖြင့် ..

"နင်ကြိုက်တယ်မဟုတ်လား ... ဉာဏ"

"ကြိုက်တာပေါ့ဟ၊ နင်ပေးခဲ့တဲ့ မွေးနေ့လက်ဆောင် တွေထဲမှာ ဒါကိုအကြိုက်ဆုံးပဲ"

"အမယ် ... ကျန်တဲ့နှစ်လည်း နင်တောင်းတာပဲ ပေးခဲ့ တာပါနော်"

"အေးပါဟာ ... ဟုတ်ပါတယ်၊ ကဲ ... နင့်မွေးနေ့ကျ ရင်လည်း လိုချင်တာပြော ... ငါ မဖြစ်ဖြစ်တဲ့နည်းနဲ့ ဝယ်ပေး ပါ့မယ်"

"ငါလိုချင်တာ နင် တကယ်ပေးမယ်ဆိုရင်တောင် ငါ မတောင်းရက်ပါဘူး ဉာဏရယ်"

တီတာက ခေါင်းငုံ့ရင်း ခပ်တိုးတိုးပြောသည်။ ဒီအတွက် တော့ သူ တကယ်စိတ်မကောင်းပါ။ တီတာဟာ သူ့ရဲ့ငယ်သူ ငယ်ချင်း။ အနက်ရှိုင်းဆုံး သံယောဇဉ်တွယ်တာရသူ။ ဒါပေမဲ့ တီတာလိုချင်သောအရာနှင့် သူပေးနိုင်သောအရာက အများကြီး ကွာခြားလွန်းလှသည်။

ထိုသို့ တိတ်ဆိတ်ခြင်းဝတ်ရုံလွှမ်းခြုံထားသော သူနှင့် တီတာ့အကြားသို့ ရောက်ရှိလာသူက ... ဝီရ။

"အဲဒီဖုန်းကို နင် ဘယ်ကပိုက်ဆံနဲ့ဝယ်တာလဲ တီတာ"

ဝီရမေးသံက ပြင်းထန်စွာပေါက်ကွဲသော ဗုံးတစ်လုံးနှယ် ... တီတာ့တစ်ကိုယ်လုံး ဆတ်ခနဲတုန်သွားတာကို သူတွေ့ရ ၏။ သူ မကျေနပ်တာ အဲဒါပဲ။ ဝီရဟာ ဘာ့ကြောင့်များ အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေအရပ်ရပ်ကို ထိန်းချုပ်ထားနိုင်တာလဲ ...။

"လာပြီ ... စစ်ဆေးရေးက"

"ငါ အကြောင်းမဲ့ စစ်ဆေးနေတာမဟုတ်ဘူး ဉာဏ"

"ကဲ ... ဒါဆိုလည်း မင်းရဲ့အကြောင်းကို ပြောစမ်းပါဦး"

"မင်းကိုပြောပြဖို့ အချိန်မရောက်သေးဘူး ... တီတာ"

ဝီရခေါင်းသံက ပြင်းသည်။ ပြတ်သည်။ ပြီးတော့ မာ၏။ တီတာက ဆတ်ခနဲမော့ကြည့်သည်။ တီတာ့မျက်ဝန်းတွေထဲ စိုးရွံ့ရိပ်တွေကို သူ ... အတိုင်းသားတွေ့နေရသည်။ ဝီရက အမြဲ အဲဒီလိုပင်။ သူ့ဆို အရေးမပေး၊ အရာမလုပ်။ ဒါကိုပဲ ဉာဏက တွေးမိတိုင်း ခံပြင်းရတာဖြစ်၏။

"ဒါ ... ဘာလဲ"

ဝီရထိုးပေးတာက အနီရောင်ကတ္တီပါဘူးလေး ...။ ဒါဟာ ရတနာပစ္စည်းထည့်တဲ့ဘူးဖြစ်တာ သူသိသည်။ အထဲက ပစ္စည်းကို ဘာမှန်းမသိ။ တီတာနှင့်ဘယ်လိုပတ်သက်နေမှန်းလည်း သူ့မသိ။

"နင် ... နင် ... ဒါကို ဘယ်ကရလဲ ဝီရ"

"နင် မတန်တဆဈေးနဲ့ရောင်းခဲ့တဲ့ဆိုင်ကပေါ့၊ နေပါဦး ... နင်က ဒီကောင့်အတွက် အဲဒီလောက်တောင် စွန့်စားနေပြီလား တီတာ၊ နင့်အမေမေးရင် ဒီလော့ကတ်ကို ဘယ်လိုဖြေမလဲ ... နင့်အိမ်နဲ့ ပြဿနာတက်မှာ နင်တွေးမပူဘူးလား"

"ငါ ... ငါက ..."





တီတာ ဘာစကားမှ ဆက်မပြောနိုင်။ ဉာဏက အကင်းပါးသူ။ ဒီလောက်ဆို အရာခပ်သိမ်း သဘောပေါက်ပြီ။ တီတာက သူ့အတွက် လော့ကတ်ရောင်းပြီး ဖုန်းဝယ်မည်၊ ဒါကို ဝီရသိတော့ ပေါက်ကွဲသည် ... အဖြစ်အပျက်က ဒါပါပဲ။ တီတာဟာ သူ့အတွက်ဆို အမြဲစွန့်စားနေကျ။ ဒါကို ဉာဏ အသိအမှတ်ပြုသည်။ သူ အသိအမှတ်မပြုချင်တာ ဝီရ ...။

ဒီကောင်ဟာ အမြဲတမ်း သူနဲ့တီတာအကြား နှောင့်ယှက်သည်။ တီတာ့ရှေ့၌ သူကပဲ အသုံးမကျသည့်ကောင် တစ်ကောင်လို နှိမ့်ချဆက်ဆံတတ်သည်။ အခုပြောပုံကိုပဲ ကြည့်..

"ဒီကောင့်အတွက် နင် အဲဒီလောက်တောင်စွန့်စားနေပြီလား"... တဲ့။ ဉာဏရဲ့ မခံချင်စိတ်က ဝုန်းခနဲပေါ်ထွက်လာပြီ။ ထို့ကြောင့် ...

"နင် ငါ့အတွက် ဖုန်းဝယ်ပေးတာ အဲဒီလိုနည်းနဲ့လား တီတာ"

"အဲဒါ မင်း အစောကြီးကတည်းက စဉ်းစားရမှာ၊ သူ့မှာ ဘာဝင်ငွေမှမရှိဘူး၊ ဒီနည်းကလွဲလို့ တခြားဘာနည်းကို သူသုံးရမှာလဲ"

ဉာဏက ဒီကောင့်ကို မျက်လွှာပင့်ကြည့်သည်။ စူးရဲသောအကြည့်တွေက ထိပ်တိုက်ဆုံသွားသည်။ ဉာဏသည် တမင်တကာပင် မျက်ဝန်းတို့ကို မှေးစင်းပစ်ရင်း ...

"ငါ ... မင်းကိုမမေးဘူးဝီရ"

"မင်းမမေးလည်း ငါကပြောရမှာပဲ၊ ဒါ ... သူ့အိမ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကွိုင်အကြီးအကျယ်တက်မှာ၊ မင်း ထောက်ထားသင့်တယ် … နားလည်သင့်တယ် … ငဲ့ညှာသင့်တယ်''

''အေးလေ … အခု မင်း အဲဒီကိစ္စတွေလုပ်ပေးပြီးပြီ မဟုတ်လား၊ တီတာ့လော့ကတ်တောင် မင်းပြန်ဝယ်လာပြီးပြီပဲ … ကိစ္စပြတ်သွားပြီ''

''ဒါပေမဲ့ မင်းကိုသတိပေးရဦးမှာ … ကိစ္စမပြတ်သေးဘူး''

''မပြတ်သေးလည်း မတတ်နိုင်ဘူး၊ မင်းဆီက ဒီဖုန်းငါတောင်းထားတာ မဟုတ်ဘူး၊ အခု ငါလိုချင်တာလည်း ရပြီ၊ တီတာ့ကိစ္စလည်း မင်းရှင်းပြီးပြီ … ဒီတော့ ငါ့အမြင်မှာပြတ်ပြီ''

''မင်း ငါ့ဆီက ဖုန်းတောင်းလည်း ငါကမပေးပါဘူး … ဖုန်းနဲ့မင်း ဘာမှမဆိုင်ဘူး''

အဲဒီ့စကားက သူ့နားစည်ကို ထုခွဲပစ်သည့်နှယ်။ ဉာဏ ရင်တွင်းရှိ ဒေါသမီးတောင် အုန်းခနဲပွင့်ထွက်သွား၏။

''ဟော့ကောင် … မင်း မိုးပေါ်မှာနေနိုင်သလို ကျန်တဲ့လူလည်း နေနိုင်တယ်ကွ … ဆွဲမချနဲ့''

''မင်းကိုငါ ဆွဲမချဘူး … မင်းဟာမင်း ဆွဲချတာ၊ မြင့်မြတ်တဲ့ယောကျ်ားတစ်ယောက်ရဲ့စိတ်ဓာတ်မှာ ရယူလိုခြင်းတွေ အဲဒီလောက်အထိ များမနေရဘူးကွ''

ဝီရ အော်သည်။ ထိုစကားက ဓားသွားတစ်စင်းလို ချွန်မြစွာ သူ့ထံထိုးစိုက်သွား၏။ ဆတ်ဆတ်ခါနာကြည်းမှုကြောင့် သွေးကြောတွေဖျဉ်းခနဲ …။





''ဝီ … ရ''

သူ့ အံကြိတ်ကာခေါ်သည်။ မျက်လုံးချင်း ဒိုင်းခနဲဆုံကြပြန်ပြီ။ အကြည့်တစ်ချက်ဆုံတိုင်း ကျည်ဆံတွေထွက်မည်ဆိုလျှင် နှစ်ယောက်စလုံး ဆန်ခါပေါက်တွေဖြစ်လောက်ပြီ။

''ကဲ … ဟယ် … နင်တို့နှစ်ယောက်ကလည်း''

တီတာက ကြားဝင်ရပ်သည်။ မြင်ကွင်းကွယ်သွားပေမယ့် ဒေါသတွေ ပျောက်မသွားသေး၊ တားလည်းတား၊ ဝီရ လက်ဖျံကို ဖျန်းခနဲပိတ်ရိုက်သည်။

''နင်ကလည်း ဝီရရယ် … သူများမွေးနေ့ကြီးမှာ … သူက တကူးတက ငါတို့ကျောင်းအထိလာပြီး မွေးနေ့ပွဲကျင်းပရတာကို၊ ပြီးတော့ ငါကိုယ်တိုင်က ကျေနပ်လို့ပေးထားတာ''

''နင်ကျေနပ်ပေမယ့် ငါကျေနပ်လို့မရဘူး၊ ပွဲက မမျှဘူးဖြစ်နေတယ် တီတာ၊ မပေးနဲ့မဟုတ်ဘူး … ပေးပါ … ဘောင်အတွင်းက ပေးပေါ့''

ဉာဏ မျက်နှာကို သိသိသာသာ မဲ့ရွဲ့တွန့်လိမ်ပစ်လိုက်၏။ ဆရာကြီးဒီဖိုင်းနှင့် ဩဝါဒတွေပေးနေတာကို အမြင်ကတ်လွန်း၍ ဖြစ်သည်။

''သူ့မွေးနေ့လက်ဆောင်အဖြစ် လူတစ်ယောက်သတ်ပေးပါဆိုရင် သတ်ပေးမလား၊ ကဲ … ပြော တီတာ''

''အာ … နင်ကလည်း''

တီတာ့အသံနှင့် မရှေးမနှောင်းမှာပင် …

''ငါကလည်း တီတာကို အဲဒါမျိုးမခိုင်းဘူးဟော့ကောင်''



www.burmeseclassic.com

www.burmeseclassic.com



''ယုံဖို့ ငါကြိုးစားကြည့်မယ်''

ဝီရက လျောင်ပြုံးစွန်းသော မျက်နှာနှင့်ပြောပြီး ...

''လူတစ်ယောက်ကို ချစ်ရုံပဲချစ် တီတာ ... နှစ်မပစ်နဲ့၊ မင်းကလည်း တစ်ဖက်လူရဲ့ ချစ်ခြင်းမေတ္တာအပေါ်မှာ အခွင့်ကောင်း မယူမိစေနဲ့ပေါ့''

ဝီရက ပြောပြီးတာနှင့် ချာခနဲလှည့်ထွက်သည်။ စားပွဲဝိုင်း၌ တိတ်ဆိတ်မှုနှင့်အတူ ကျန်ခဲ့တာက သူနှင့်တီတာ။ တီတာသည် ခေါင်းကြီးငုံ့ထားကာ ဝီရပြောသွားသော စကားအပေါ် ခံစားနေဟန်ရှိသည်။ ဟင့်အင်း ... ဒါ မဖြစ်သင့်။ တီတာနှင့် သူ့အကြား သန့်ရှင်းဖြူစင်သော မေတ္တာနှောင်ကြိုးနှင့်သာ ဆက်သွယ်ထားချင်ပါသည်။

တီတာမျှော်လင့်ထားသောအရာမျိုး သူ မပေးနိုင်။ သူ ဝီရအား နိုင်ချင်သေးပါသည်။ ဘဝတစ်လျှောက်လုံး ဝီရနှင့် သူငယ်ချင်းဖြစ်တဲ့အချိန်မှာလေ ... သူရှုံးခဲ့ရတာချည်း။ စည်းစိမ်ဥစ္စာနှင့် ကံတရားကပေးသော ဘဝအခြေအနေ ..။ သူ အမြဲနောက်ကောက်ကျခဲ့ရ၏။ သူ့ဘဝက မြိုးမြိုးမြှေတာရသောဘဝ။ ငွေကြေးအသုံးစရိတ်အတွက် အမြဲ တွက်ချက်နေရသောဘဝ။

ဝီရကျ ဒီလိုမဟုတ် ... သိန်းထောင်ပေါင်းများစွာ ဘဏ်အကောင့်(တ်) ဖွင့်ထားနိုင်သည်။ သိန်းရာကျော်တန်ကား၊ ခေတ်မီကွန်ဒိုနှင့် တကယ့်ဒိတ်ဒိတ်ကြဲ အသုံးအဆောင်တွေရှိသည့် လူကုံထံ။ ဒါတောင် တီတာလို တစ်ဖက်တစ်လမ်းက ကူညီထောက်ပံ့ဖို့ မပြောနှင့် ... တီတာကူညီတာတောင် ဖြတ်





တောက်ချင်တဲ့လူ။ ဒီလိုလူအပေါ် သူစိတ်ဆိုးတာ သူ့အလွန်မဟုတ်။

ထို့ကြောင့် သူဟာ ဝီရရဲ့အနိမ့်ခံဘဝက လွတ်ချင်သည်။ တစ်သက်မှာတစ်ခါတော့ ဝီရအား သူ အလဲထိုးနိုင်ချင်သည်။

''ဉာဏ''

တီတာ့ခေါ်သံကြောင့် သူ ဆတ်ခနဲဖြစ်သွား၏။

''ဝီရပြောတာတွေ နှင့်စိတ်ထဲ ထားမနေပါနဲ့ဟာ၊ ဝီရက အပြောသာဆိုးတာ ... စိတ်ရင်းကောင်းပါတယ်ဟာ''

''ငါ့ကို နှိမ်သလိုခံစားရတယ်''

သူက အံကြိတ်ပြီးဆိုသည်။ ဒီတော့လည်း တီတာ စိတ်မကောင်းနိုင်။ ချစ်ရတဲ့လူ အချိုးဖွဲ့ခံရတာ ရင်ထဲ နှလုံးသားတွေ ကွဲကြေသလိုခံစားရသည်။

''ထားပါဟာ ... ကဲ ... နင့်မွေးနေ့မှသည် နောင်နှစ်ပေါင်း တစ်ရာတိုင်တဲ့အထိ ...''

''ငါ ချမ်းချမ်းသာသာနေပါရစေ ... အထူးကုဆရာဝန်ကြီး ဖြစ်ပါစေ၊ အင်း ... နောက်ပြီးတော့ အင်္ဂလန်မှာ ဘွဲ့သွားယူနိုင်တဲ့အထိ ထောက်ပံ့ပေးနိုင်တဲ့ မိန်းမချောချောလေးနဲ့ ညားပါစေလို့ ဆုတောင်းပေးဟာ''

တီတာ့ရင်ထဲ မျက်ခနဲ။ တီတာဟာ ချမ်းသာကြွယ်ဝသူပါ။ ဒါပေမဲ့ ဉာဏကိုထောက်ပံ့ပေးဖို့အထိ သူမမိဘတွေက သဘော တူမည်မဟုတ်။

''ငယ်သူချင်းဆိုတော့ ငယ်သံယောဇဉ်ရှိတာ သိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနားလည်ပေးလို့ ရတယ်၊ ဒါပေမဲ့ ဖြည့်ဆည်းပေးတာနဲ့ ပေးဆပ်တာနဲ့ကျတော့ မတူဘူးနော်သမီး၊ ဖေဖေတို့ အရာရာ ပေးဆပ်ထားခဲ့တဲ့ သမီးဟာ အခြားတစ်ယောက်အတွက် ပေးဆပ်တဲ့သူ မဖြစ်စေချင်ဘူး''

ဖေဖေက ယောကျ်ားသား။ ပြီးတော့ သမီးနှင့်အဖေ ဖြစ်နေတာမို့ စကားကို ထိန်းသိမ်းပြီးပြောခဲ့သည်။ မေမေကတော့ ဒီလိုမဟုတ် ... မိန်းမသားချင်းဖြစ်တာကြောင့် ပွင့်လင်းစွာပင်။

''မေမေကတော့ ဉာဏ်မျက်လုံးတွေ သိပ်မကြိုက်ဘူး သမီး ... ရယူလိုဇောတွေ တအားများတာ ဘေးလူတောင် ရိပ်မိတယ်၊ သူ့အတွက်, သူကောင်းစားဖို့ဆို ဘယ်သူ့ခေါင်းပဲ နင်းရ နင်းရ ... အတ္တသိပ်ကြီးမယ့်ရုပ်နဲ့၊ မေမေ့သမီးလေး သူ့အပေါ်ခင်တာထက် တခြားဘာမှမပိုစေနဲ့၊ သမီးရှေ့ရေး အတွက် ပြောတာပါ''

သမီးတစ်ယောက်ရဲ့စိတ်ကို အမေတစ်ယောက်က ဖတ်မိတာ မဆန်းပေ။ မေမေက အဲဒီလိုတားမြစ်ပေမယ့် ဉာဏ်နဲ့ တွဲသွားတွဲလာတော့ ပြင်းထန်စွာ မကန့်ကွက်ခဲ့။ ဉာဏ်နှင့်အတူ ဝီရပါ ပါတတ်တာမို့ ယုံကြည်စိတ်ချတတ်သည်။ ဝီရစရိုက်က ဉာဏ်နှင့်ဆန့်ကျင်ဘက်။

''မိဘတွေ ဒီလိုဖြစ်ပေမယ့် ဝီရက ဂျစ်ကန်ကန်နိုင်တာက လွဲရင် အဆိုးရွားကြီးမဖြစ်ဘူးသမီးရဲ့၊ မေမေကတော့ ဝီရကို သဘောကျတယ်''

ဟု ဆိုတတ်သည်။ ဒါပေမဲ့ အချစ်ဆိုတာ ဦးနှောက်နှင့်





ဆန့်ကျင်ဘက်။ သင့်တော်၏,မတော်၏ မသိ ... ရင်ခုန်သံကို သာ ကိုးကွယ်ချင်သည်။ ချစ်ခြင်းနှင့်သာ အသက်ဆက်ချင်သည်။ ပြီးတော့ ချစ်သူလက်တစ်ဖက်ကို ဆုပ်ကိုင်၍ ကမ္ဘာတစ်ခြမ်း စိုးမိုးချင်သည်။

တီတာကတော့ သူချစ်,မချစ် အရေးမကြီး ... သူမ ချစ်နေရလျှင် တော်ပြီ။ ဒါဟာ နှလုံးသားရဲ့ဆန္ဒ ...။

www.burmeseclassic.com

www.burmeseclassic.com

------------ ။

ထူးဆန်းအံ့သြစရာပါ။ သူ့ E-mail လိပ်စာသိသူကို ဒီကမ္ဘာပေါ်၌ လက်ချိုးရေတွက်ရသည်။ တစ်နိုင်ငံစီရှိနေသော ဖေဖေနှင့်မေမေ၊ နောက်ပြီး ဉာဏာနှင့်တီတာ ... ဒါပါပဲ။ ဖေဖေနှင့်မေမေကတော့ မကြာခဏ E-mail ပို့တတ်သည်။ ဉာဏာတို့နှင့်ကျတော့ E-mail ပို့စရာမှ မလိုတာ။ သူတို့က နေ့စဉ် တွေ့နေကြတာလေ။

အခု သူ E-mail ဖွင့်တော့ ရောက်နေသောအရာက တကယ်အံ့စရာပါ။ သူ့ရဲ့ပုံတူပန်းချီ။ ရုပ်ပုပ်တင်းမာသော သူ့မျက်နှာကား ဝီရလင်းထင်စစ်စစ်။ ဘယ်လောက်အထိများတူသလဲဆို ကိုယ့်ကိုယ်ကိုယ် မှန်ထဲပြန်ကြည့်နေရသလိုပင်။ ပန်းချီကားဘေး၌ ကွင်းစကွင်းပိတ်ဖြင့် ကြက်ခြေခတ်ပြထား၏။ ထိုပုံ၏အောက်၌ နောက်တစ်ပုံ ဖန်သားပြင်ပေါ်ထင်ဟပ်လာသည်။

''ဟာ''

သူ အလန့်တကြားထအော်မိ၏။ အော်ရုံသာမက ...





ကွန်ပျူတာရှေ့၌ထိုင်နေသော လူပင်မြောက်တက်ချင်သွားသည်။ တွေ့ရတာကသူ။ ဒါပေမဲ့ သူမဟုတ်သောသူ။ ဖန်သားပြင်၌ ဟက်ပက်စွာရယ်မောနေသော ဝီရလင်းထင်။ သွားတန်းတွေတောင် စီစီရီရီပေါ်လို့။ ဝီရသည် အံ့သြနေတာများ တစ်ခါမှ မတွေ့ဖူးသော သူ့စိမ်းတစ်ယောက်ကို မြင်တွေ့ရသည်နှယ်။ ရူးစိုက်စွာကြည့်လို့ ...။

ပုံထဲကလို သူ တစ်ခါမှမရယ်မောဖူးခဲ့ပေ။ ပုံရဲ့ဘေးမှာတော့ ကွင်းစကွင်းပိတ်ထဲ၌ အမှတ်ခြစ်ထား၏။ ရယ်နေသောပုံက အမှန်ပေါ့။ သူဟာ ကြည့်ရင်း တစ်ယောက်တည်းပြုံးစိစိဖြစ်သွားသည်။ ထို့အတူ သူ့ထံရောက်လာသော အရာတွေကသူနှင့်မသက်ဆိုင်သောအရာတွေ။ ကော်ကြယ်သီးလေးတွေ၊ E-mail ကတစ်ဆင့် ရောက်လာသော သူ့ရယ်မောနေသောပုံတွေနှင့် အတူ သူ့နေ့ရက်တွေက တစ်စထက်တစ်စပြောင်းလဲလာရသည်။

သူ့ပြောင်းလဲမှုကို ကာယကံရှင်ထက် ဘေးလူတွေ ပိုသိမြင်နိုင်စွမ်းရှိပါသည်။ သူ့အိမ်သို့ မကြာခဏရောက်လာသော တီတာဆို ...

''ဟဲ့ ... ဒီကြယ်သီးတွေ ဘာလုပ်တာလဲ''

အလှမွေးငါးကန်ကြီးနား၌ စီရီထားသောကြယ်သီးတွေ က မြင်တဲ့သူတိုင်း မေးချင်စရာပါ။ ခက်တာက သူ၌ အဖြေမရှိခြင်းပင်။ ဉာဏာကတော့ မွေးနေ့ကိစ္စကတည်းက သူ့အား မကြည်လင်သူလေ။ ထို့ကြောင့် ...

''တစ်ယောက်တည်း ဒဿနတွေထုတ်ရပါများတော့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်သွားတာနေမှာပေါ့''

သူ့ကိုတွယ်သောအဖြေပါ။ ဒါပေမဲ့ ဝီရကတော့ ကျေနပ်ခြင်းများစွာနှင့် တိတ်ဆိတ်နေခဲ့၏။

''မဟုတ်ဘူး ဉာဏရဲ့ . . . အခုတလော ဝီရကို ငါသတိထားမိသလောက် သူ . . . နဂိုကလောက် မျက်နှာကြောမတင်းတော့သလိုပဲ . . . မှန်စမ်း''

ပြောပြောဆိုဆို တီတာက သူ့မျက်နှာကို အနီးကပ်လာကြည့်သည်။ သူ့အာရုံ၌ E-mail (အီးမေးလ်)နှင့်ပို့သော အပြုံးမျက်နှာဆီ ရောက်သွားသည်။ သူ့မျက်နှာက မချိမချဉ်။

''ဟော . . . တွေ့လားဉာဏ . . . ဒီမှာပြုံးစိစိဖြစ်လာပြီ''

''တော်စမ်းပါ တီတ္တာရာ''

''အောင်မယ် . . . မတော်နိုင်ပါဘူး . . . ပြုံးတာ ရက်စရာလားဟဲ့''

''အေးဟာ . . . တီတာ၊ နင်ပြောမှ ငါသတိထားမိတယ် . . . အခုတလော ဒီကောင် ငါ့အပေါ်မှာ သိပ်မရစ်တော့ဘူး။ အဲဒါကြယ်သီးတွေကြောင့်ပဲလား''

''ဘာမှမဆိုင်ဘူး''

အငြင်းစကားက အလျင်အမြန်။ ဘာရယ်ကြောင့်မှန်းမသိ . .။ သူ့ထံကြယ်သီးတွေပို့နေသော အဖြစ်အပျက်လေးအား ဉာဏတို့တစ်တွေသိသွားမှာ စိုးလှပါသည်။ တိတ်တဆိတ်သာ သူခံစားချင်သည်လေ။

သူ့အတွက် ထူးထွေအံ့ဩစရာတွေက ဆက်တိုက်။ ဒီ





တစ်ကြိမ်ကတော့ လေလှိုင်းမှတစ်ဆင့် သူ့ထံရောက်လာခြင်းပင် ဖြစ်သည်။ အတိအကျပြောရလျှင် ရင်ဘတ်ထဲသို့ ထုတ်ချင်းခတ် ဝင်ရောက်သွားသောအသံလေးဖြစ်၏။

''ဟဲလို . . . ဝီရလင်းထင်ပါလား''

မိန်းကလေးအသံ။ သူ ကြောင်အမ်းသွားသည်။ ဒါပေမဲ့ ရင်းနှီးသောအသံမျိုး မဟုတ်။ ပြီးတော့ နူးညံ့ပျော့ပျောင်းသော ခပ်ချွဲချွဲအသံမျိုးလည်း မဟုတ်။ ရှတ၍ တိမ်းညွတ်ကြည်နူးဖွယ်ကောင်းသောအသံ။

''ဟုတ်တယ် . . . အခုပြောတာ ဘယ်သူလဲ''

သူ့အသံက မပြောင်းလဲစွာ ကြွပ်ဆတ်ဆတ်နိုင်ဆဲ။ တစ်ဖက်က ရယ်သံတိုးတိုးထွက်လာသည်။ ရယ်သံက နားထောင်၍ အတော်ကောင်းပါသည်။

''ဘာလဲ . . . ဒေါသထွက်နေပြန်ပြီလား''

''မေးတာကိုဖြေ . . . အခုပြောတာ ဘယ်သူလဲ''

''ဝီရ တကယ်မသိဘူးလား''

''နေပါဦး . . . အသံကြားတာနဲ့ သိရအောင် ကျုပ်က အကြားအမြင်ဆရာမှမဟုတ်တာ''

''အဟင်း . . အဟင်း . . . ဝီရကလည်း ဒေါသချည်းပဲ၊ ကဲ . . . ထားပါ . . . တို့က ဝီရကို ပျော်ရွှင်စေချင်တဲ့လူ၊ အဲလိုပဲ မှတ်ထားပေါ့''

''မင်းက တို့ကို ပျော်ရွှင်စေချင်တဲ့သူ''

''အင်းလေ . . . ဘာလဲ . . . မယုံဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ... မင်းက တန်ခိုးရှင်မို့လို့လား"

"တန်ခိုးရှင်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဝီရကို ရယ်မောလာအောင်လုပ်ချင်တဲ့လူ"

သူ့ဦးနှောက်ထဲရှိ မီးသီးက ဖျတ်ခနဲလင်းသွား၏။

"ဒါဆို ... မင်း E-mail (အီးမေးလ်) နဲ့ပုံတွေပို့တဲ့ သူ့ ကြယ်သီးတွေပို့တဲ့သူလား"

"အဟင်း ... ဝီရက ဉာဏ်ကောင်းသားပဲ"

အောင်မယ် ... ပြောတဲ့အသံက တကယ့်ဆရာကြီး ဒီဇိုင်းနဲ့။

"စိတ်ကူးတွေ သိပ်ယဉ်မနေနဲ့အမိ ... တို့ကို ရယ်မောပျော်ရွှင်အောင် ဘယ်သူမှ လုပ်မပေးနိုင်သေးဘူး၊ အထူးသဖြင့် ကိုယ်နဲ့မသိတဲ့လူဆို ပိုဆိုးသေးတယ်"

"ဘာလို့ မသိရမှာလဲ ... ဝီရနဲ့ တို့က အခုမှသိတာ မဟုတ်ဘူး ... ဟိုး လွန်ခဲ့တဲ့နှစ်ကတည်းက သိခဲ့တာ"

ဒီတစ်ခါတော့ သူက အံ့သြခြင်းကြီးစွာနှင့်။ လွန်ခဲ့သောနှစ်တဲ့။ ဘယ်နေရာမှာ သိခဲ့တာပါလိမ့်။ သူ့ကို အကြောင်းရိုက်နေတာများလား။ အဲဒီလိုသံသယတွေးတွေနဲ့ပင် တဒင်္ဂအတွင်း ပူလောင်ဆူပွက်လာရ၏။ သေချာတာကတော့ အဲဒီအသံရှင်ဟာ တည်ငြိမ်နေသော သူ့စိတ်အား ယောက်ယက်ခတ်အောင် ဖန်တီးနိုင်တဲ့သူပင်ဖြစ်၏။

"ဟော့ ... ဘာတွေစဉ်းစားနေလို့ ဒီလောက်အသံတိတ်နေတာလဲ"





"မင်းပြောတဲ့ လွန်ခဲ့တဲ့နှစ်ဆိုတာကို ပြန်ခေါ်နေတာ"

"ခေါ်လို့ရပြီလား"

"ဟင့်အင်း"

"ဖြစ်နိုင်ပါတယ် ... အဲဒီတုန်းက အမှတ်တမဲ့အဖြစ်နဲ့ တို့နှစ်ယောက်ဆုံသွားတာ၊ ဒါပေမဲ့ တို့အတွက်ကတော့ အမှတ်တရဖြစ်သွားတယ်၊ ဘာလို့လဲဆိုတော့ ဝီရပစ္စည်းလေးတစ်ခုက ကျန်ခဲ့တယ်လေ"

"တို့ပစ္စည်း ... ထပ်ရှုပ်သွားပြန်ပြီ"

တစ်ဖက်မှ ရယ်သံလွင်လွင်လေးကို ကြားရသည်။

"တို့ပြောပြပါမယ်၊ ဝီရကို တို့က စိတ်ရှုပ်စေချင်တဲ့သူမှ မဟုတ်တာ၊ တို့နဲ့ဝီရစတွေ့တဲ့နေရာက ရွှေတိဂုံဘုရား တောင်ဘက်မုခ်လှေကားမှာ၊ တွေ့တဲ့အချိန်က မနက်အစောကြီး၊ မှတ်မှတ်ရရ အဲဒီနေ့က ဆယ်တန်းအောင်စာရင်းတွေထွက်တဲ့နေ့၊ ဝီရနဲ့တို့ ဆုံစေတဲ့အကြောင်းရင်းထဲမှာ ကြယ်သီးလေးတစ်လုံးပါတယ် ... သူက အဓိကအခရာပဲ"

သူ နှုတ်ဆိတ်သွားရသည်။ စိတ်အစုံက လွန်ခဲ့သောနှစ်ဆီသို့ ဒုန်းစိုင်းပြေးလွှားသွားသည်။ ဟုတ်သည်။ အဲဒီအောင်စာရင်းတွေထွက်တဲ့နေ့က သူတို့သုံးယောက် ဘုရားပေါ်၌ တွေ့ဖို့ချိန်းသည်၊ သူနောက်ကျနေ၍ လှေကားတွေဆီ ဒုန်းစိုင်းပြေးတက်သည်။ လှေကားထစ်တွေကို အပြေးအလွှားကျော်တက်သောအချိန်၌ သူ့ခြေလှမ်းတွေတုံ့သွားတာ မြင်ယောင်လာသည်။

ရှည်လျားတူထဲသော ဆံနွယ်တွေ။ နောက်သူ့အကျီ



www.burmeseclassic.com

www.burmeseclassic.com



လက် ကြယ်သီး။ စိတ်တိုတောင်းစွာ သူ ကြယ်သီးဖြုတ်ပေးမိတာ မှတ်မိသည်။ သူ့အသိစိတ် လင်းခနဲ ။

"ဒါဆို ... မင်းက အဲဒီဆံပင်ရှည်နဲ့တစ်ယောက်ပေါ့ ... ဟုတ်လား"

"ဟုတ်ပါသတဲ့ရှင် ... ဒီလောက်စဉ်းစားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်နော်၊ ကဲ ... ဖုန်းပြောတာ ကြာသွားပြီ၊ Good Night နော် ဝီရ"

"ဟာ ... ဟေ့ ... ဟေ့"

သူခေါ်ပေမယ့် မမီတော့။ တစ်ဖက်မှ ဖုန်းကျသွားပြီ။ ဖုန်းပြောပြီးနောက်ပိုင်း သူအိပ်မရ။ တစ်ညလုံးလိုလိုပင်။ မှေးခနဲ အိပ်ပျော်သွားတော့ အိပ်မက်ထဲထိအောင် ဆံနွယ်ရှည်တွေက ပြူစားပြန်သည်။ ခက်တာက သူဟာ ဆံနွယ်ရှည်တွေပဲ မှတ်မိ၏။ သူမမျက်နှာကား ဘယ်လိုပုံပန်းဆိုတာ သူမသိခဲ့။ ထိုအဖြစ်အပျက်သည် ဝီရလင်းထင်၏ရာဇဝင်၌ စာတင်သောဖြစ်ရပ်ပင်တည်း။

❦ ❦ ❦

## အခန်း - ၅

သူ ဟင်းချက်နေရင်းတန်းလန်းကြီးမှာ တံခါးထုသံ တဒုန်းဒုန်း ပေါ်လာတာပါ။ ဝီရက ဟိုနှစ်ကောင်မှန်း တပ်အပ်သိပါသည်။ ထို့ကြောင့် Apron (ခါးစည်းအဝတ်) ကိုမချွတ်တော့ဘဲ မီးဖိုမီးသာပိတ်ပြီး တံခါးပြေးဖွင့်သည်။

"ဟင် ... ဘယ်လိုဖြစ်လာတာလဲ"

တံခါးဖွင့်ဖွင့်ချင်း မြင်ရသောမြင်ကွင်းကြောင့် အသံထွက်မေးမိသည်။ ဉာဏက တီတာ့ကိုတွဲထားသည်။ တီတာ့လက်မောင်း၌ မှန်ကွဲစတချို့ စိုက်ဝင်နေသည်။ သွေးတို့က စီးကျလျက်။

"နောက်မှမေး ဝီရ၊ တီတာ့ကို အရင် အိမ်ထဲဝင်ခိုင်းဦး"

"ကဲ ... ကဲ ... လာ ... လာ ... ဝင်ခဲ့"

သူက တံခါးပြန်ပိတ်သည်။ ပြီးတာနှင့် ညှဲခန်းထဲ၌ ထိုင်နေသော တီတာအား ...

"ငါ ဆရာဝန်ခေါ်လိုက်ရမလား ... တီတာ"

"ဟင့်အင်း ... ရတယ်ဝီရ၊ စိုက်နေတဲ့မှန်ကွဲစကေ



www.burmeseclassic.com

www.burmeseclassic.com



တစ်စရယ် ...ကျန်ဘာက ရှုံ့ပဲရှုတာ''

တီတာက စီးကျနေသောသွေးတွေကို သုတ်သည်။ ပြီးတော့ ညှော်ခန်းထဲရှိမှန်ထဲ၌ သူ့မျက်နှာသူစစ်ဆေးနေသော ဉာဏအား ...

''ငါ ဒီလောက်ကာထားတာ နင်ထိမိသွားသေးတယ်ပေါ့ ...ဟုတ်လား ဉာဏ''

''နားထင်နားချိုစောင်းမှာ နည်းနည်းပွန်းပဲ့သွားရုံပါဟာ၊ ဟွန်း ...သဒ္ဒါအစ်ကိုတွေဖြစ်နေလို့ပေါ့ ...နို့မိုဆို သူသေကိုယ်သေပဲ''

''အမလေး ...အဲဒီလိုဖြစ်မှာစိုးလို့ ငါ နင်ရှေ့က ကာထားတာပေါ့ ဉာဏရယ်၊ အမျှားနဲ့တစ်ယောက်ဖြစ်ရင် နင်ပဲနာမှာ၊ ငါက မိန်းကလေးဆိုတော့ ကိစ္စမရှိဘူးလေ''

''ဟုတ်ပါတယ် ...ကိစ္စမရှိတဲ့ မိန်းမကြီးရဲ့ ဒီမှာ ...အရက်ပြန်, ဆေးပုလင်း ...ထည့် ဉာဏ၊ ပြီးရင် ပတ်တီးလာ စည်းပေးလိုက်''

သူက ပြောပြီး မီးဖိုခန်းထဲ ပြန်ဝင်လာမိသည်။ သူတို့ကြားထဲ ကိုယ်ကမခံနိုင်၍ဝင်ပြောလျှင် တရားခံဖြစ်ဦးမည်။ ဖုန်းကိစ္စကတည်းက ကြည့်ပါလား။ ဝီရဟာ ရင်ထဲကတနုံ့နုံ့ဖြစ်နေသောဒေါသကို မုန်လာဥနီပေါ် လွှဲချ၏။ ဓားချက်က အားပါစွာ နုပ်နုပ်စဉ်းပစ်ခြင်းပါ။ တီတာမကိုလည်း အဲဒီလို နုပ်နုပ်စဉ်းရလျှင် ကောင်းမည်။

''ဝီရက ကျောင်းပိတ်ရက် လက်စွမ်းပြတယ်ပေါ့လေ''





တီတာ့အသံ ...။

''ဟော့ကောင် ...ငါတို့ဘာဖြစ်လာသလဲဆိုတာ မင်းမသိချင်ဘူးလား''

ဉာဏက ပခုံးပုတ်ရင်းမေးသည်။

''မင်းတို့ပြောမယ်ဆိုရင် ငါနားထောင်ပေးမယ်''

''ငါတို့ ရန်ဖြစ်လာကြတယ်''

''အင်း''

ဉာဏအပြောကို သူက တစ်ခွန်းတည်းနှင့် ထောက်ခံသည်။

''ငါ အခုလိုက်နေတဲ့ကောင်မလေးက သဒ္ဒါမိုးတဲ့''

''ဩော် ...လိုက်ပြန်ပြီပေါ့''

''မရွဲ့နဲ့ကွာ ...ငြိမ်ငြိမ်နားထောင်၊ သဒ္ဒါမိုးက တော်တော်ချမ်းသာတယ်ကွ ...စက်ရုံကြီးနှစ်ရုံ ပိုင်တယ်၊ အခုပေါ်နေတဲ့ ဂျစ်ကားထုတ်တဲ့စက်ရုံလည်း ရှိတယ်ကွ၊ သူ့မှာ သူ့ကို ကဲကဲလှုပ်အောင် အဖြစ်သည်းတဲ့ အစ်ကိုနှစ်ယောက်ရှိတယ်၊ ချမ်းသာတာကတော့ကျိုကျိုတက်ပဲ၊ အေး ..ချမ်းသာသလောက် မာနက အကြီးစားပဲကွ၊ သူတို့ညီမကို ဘယ်သူနဲ့မှ တူတယ်တန်တယ်မထင်ဘူး၊ ငါကလည်း အဲဒါမျိုးမှ သွားပိုးတော့လည်း ရလဒ်က သိပ်မကောင်းဘူးပေါ့''

တီတာက စိတ်အားထက်သန်စွာပြောနေသည့် ဉာဏမျက်နှာချောမွေ့မွေ့ကို ငေးကြည့်နေမိသည်။ ယောက်ျားတန်မဲ့ အသားက ပန်းရောင်သန်းသည်။ ပါးပြင်ရှိ အကြောစိမ်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရ၏။ နှုတ်ခမ်းပါးပါးရဲရဲ ... နှာတံက ချွန်သည်။ မျက်ခုံးက သိပ်အထူကြီး မဟုတ်။ ဒါပေမဲ့ နက်စိုစွာတောက်ပသော မျက်ဝန်းတို့ကြောင့် သူဟာ ညို့မင်းသားတစ်ယောက်လို ပေါ်လွင်လွန်းလှ၏။

သူ့ရုပ်ရည်၊ သူ့ဟန်ပန်၊ သူ့အမူအရာတို့ကြောင့် မိန်းကလေးအတော်များများက မဆွတ်ခင်ကတည်းက ယိမ်းကုန်ကြတာ။ ထိုအထဲ၌ သူမအပါအဝင်။ သဒ္ဒါမိုးကရော ဘာသားနဲ့ ထုထားတာမို့လဲ။ သိပ်မကြာခင် ကြွေတော့မှာ မြင်ယောင်ပါသေး။ ထိုသို့ ဉာဏက အသစ်တစ်ယောက်နှင့် တွဲတိုင်း သူမမှာ ဝမ်းနည်းရတာက တစ်ဖက်။ မုဒိတာပွားပေးရတာက တစ်ဖက်နှင့် အတော်စိတ်ရှုပ်ရသည်။

ဒါပေမဲ့ ကိုယ်ခံစားရတာ တစ်ဖက်၊ သူပျော်တာမြင်ရတော့ စိတ်ချမ်းသာရတာတစ်ဖက်ပေ့ါလေ။ တစ်ခါတစ်ခါကျတော့ ဉာဏကိုအံ့သြသည်။ ထိုအံ့သြခြင်းက မေခွန်းအဖြစ်သို့ပြောင်းသွားသောအခါ ...

''နင် အဲဒီမိန်းကလေးတွေကို တကယ်မချစ်ဘူးလား ... ဟင် ... ဉာဏ''

ဉာဏက သူမကို ကြည့်သည်။ မသိနားမလည်သော ကလေးတစ်ယောက်ကို လူကြီးတစ်ယောက်က သနားကြင်နာစွာ ကြည့်တဲ့အကြည့်မျိုးဖြင့်။ ပြီးမှ ...

''အချစ်ဆိုတာဘာလဲ ... စွန့်လွှတ်ခြင်းလား ... ရယူခြင်းလား၊ အဲ ... ရယူခြင်းဆိုရင်တော့ ငါ သူတို့ကိုချစ်တယ်





လေ၊ ငါ့ဘဝကို အထောက်အပံ့ပေးနိုင်မယ့် မိန်းမတစ်ယောက်ကို ငါရှာနေတာဆိုရင် နင်ရယ်မလား ... တီတာ''

သူမ ခေါင်းကို အသာပဲယမ်းပြသည်။ ရယ်ဖို့အင်အားမရှိတာ၊ ပြီးတော့ သူ့ဘဝအတွက် တီတာက ဘယ်အခါမှ အထောက်အပံ့ကောင်းမဖြစ်တာ ... ဒီအတွေးတွေဟာ သူမချစ်ခြင်းကို သိမ်ငယ်စေသည်လေ ...။ ဒါပေမဲ့ သူမချစ်ခြင်းက စွန့်လွှတ်ခြင်း။ ဘယ်လောက်တောင်များဆို ကိုယ့်နှလုံးသားရဲ့ ဆန္ဒကို မြေမြှုပ်ပြီးချစ်ဝံ့သောသူ။ ထို့ကြောင့် သူမက ဉာဏအား သဒ္ဒါမိုးနှင့်ဆက်သွယ်ပေးခဲ့ခြင်း ဖြစ်၏။ ဉာဏကတော့ သဒ္ဒါမိုးရဲ့ ကြွယ်ဝချမ်းသာခြင်းတွေ ကြားကတည်းက ဖျပ်ဖျပ်ကိုလူးရော။

''ငါလေ ဆေးကျောင်းပြီးသွားရင် ရိုးရိုးဆရာဝန်ဘဝနဲ့ မနေချင်ဘူး ... ဘွဲ့တွေအများကြီး နိုင်ငံခြားမှာ သွားယူချင်တယ်၊ ပြီးမှ ကိုယ့်နိုင်ငံကိုယ်ပြန်လာပြီး တကယ့်ပါမောက္ခကြီး အနေနဲ့ ရပ်တည်ချင်တာဟ၊ ဒီတစ်ယောက်ကတော့ ငါ့ဘဝရဲ့ နောက်ဆုံးတစ်ယောက်ဖြစ်မှာပါဟ ... နော်''

သူမလက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး ပြောခဲ့သေးတာ။ မပြည့်စုံ၍ ပြည့်စုံသောဘဝကိုတောင့်တတာ သူ့အပြစ်တော့ မဟုတ်။ ဖြစ်နိုင်လျှင် တီတာက တန်ခိုးရှင်တစ်ယောက်သာ ဖြစ်ချင်တော့သည်။ သူဖြစ်ချင်ရာ ဖြည့်စွမ်းပေးဖို့အတွက်လေ။

''နင်ကရော ... ဘယ်လိုဖြစ်ပြီး ဒဏ်ရာရလာတာလဲ တီတာ''

ဝီရမေးသံကြောင့် အတွေးထဲနစ်မွန်းနေရာမှ သတိပြန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာ၏။

"သူတို့က ထိုးမယ်ကြိတ်မယ် တကဲကဲဖြစ်နေတော့ ငါ ဦးဏကို ကားပေါ်ဆွဲတင်ပြီးမောင်းပြေးရတာပေါ့၊ အဲဒါ ခဲနဲ့ကောက်ထုတယ်နဲ့ တူပါတယ်ဟာ . . . ဘေးမှန်ကွဲပြီး ငါ့ကို လာစိုက်တာပဲ"

"နင်က မိန်းမသူရဲကောင်းကြီးပေါ့၊ ဟိုသုံးကောင် ထိုးမှာကိုလည်း ကြားထဲက ဝင်ကာရတယ်၊ ကားလည်းမောင်းပြေးတာဆိုတော့ . . . ဒီကြားထဲ မှန်ကွဲစိုက်တာတောင် မငိုဘဲ သတ္တိရှိရှိ ဆွဲနှုတ်ရဲတယ်ဆိုတော့ . . . အင်း . . . ငါဂုဏ်ပြုတယ် သူရဲကောင်းမကြီးရေ"

ဝီရက သူမလက်ကို လာဆွဲနှုတ်ဆက်သည်။ ခနဲ့နေတာသိသားပဲ။ ဒါပေမဲ့ တီတာက မသိချင်ဟန်ဆောင်နေရသည်။ ဦးဏကတော့ ဆေးသေတ္တာဖွင့်ကာ ပလာစတာတွေယူ၊ သူ့နဖူး၌ တစောင်းကပ်၊ ချိုစောင်းရှိ မရှိမဲ့ရှိမဲ့ဒဏ်ရာအား ပလာစတာကပ်ဟန် ပြင်နေပြီ။

"တီတာ . . ငါ့ကို ဒီနားကဆံပင် ကွက်ရိတ်ပေးစမ်းပါ"

"ဟဲ့ . . . ဘာဖြစ်လို့လဲ"

"ကွဲသွားတယ်,ဘာညာပြောဖို့လေဟာ၊ ပလာစတာကပ်ရမယ်၊ သဒ္ဒါမိုးဆီက ကရုဏာလေးဘာလေး ခြွေယူရအောင်လေ"

"အယ် . . . နင်ကလည်းဟာ . . . ဆံပင်ကြီးကွက်နေတာ ရုပ်အရမ်းဆိုးသွားဦးမယ် ပြီးတော့ . . . နမြောစရာ"





"ရိတ်မှာသာ ရိတ်စမ်းပါဟာ . . . ဒါမှ သူ့အစ်ကိုတွေ လက်ချက်နဲ့ ဖြစ်တယ်ဆိုပြီးတော့ ကရုဏာသက်အောင်ပေါ့ . . . လုပ်ပါဟာ"

လို့ ပြောတာကြောင့် တီတာ ထပ်မငြင်းဝံ့။ ခေါင်းရိတ်ရန် ပြင်ဆင်ပေးရသည်။ ပြီးတော့ သူ့အလိုကျ မရှိသောဒဏ်ရာအား ပလာစတာကပ်ပေးရသည်။ သူ့ကိစ္စ အလုံးစုံပြီးမှ . . .

"ငါသွားတော့မယ် ဦးဏ"

"အေး . . . အေး"

ဦးဏက ဒါပဲပြောသည်။ ကြားထဲကဝင်ပြီး စိုးရိမ်ပူပင်ရသူက ဝီရ။

"နင့်မှန် အကွဲကြီးဆို"

"အေးလေ . . . ဝပ်ရှော့(ပ်) မှာ ဝင်အပ်မှာ၊ ဟဲ့ . . . ငါ့အမေဖုန်းဆက်ရင်သာ ငါတို့သုံးယောက် ဈေးအတူသွားတာလို့, ငါ ဈေးပတ်နေလို့ ဈေးထဲမှာပဲထားခဲ့တာလို့ပြောပေး . . သိလား"

ဦးဏက နှုတ်ခမ်းကြီးမွဲ့ကာ ကြည့်သည်။ နဖူးစောင်း၌ ပလာစတာလေးနှင့် ဦးဏအား သူမက ကြည့်မဝဖြစ်ဆဲ။

"ငါက မုသာဝါဒကျူးလွန်ရဦးမယ်ပေါ့"

"လုပ်ပါဟာ . . . အကူအညီတောင်းတာပါ၊ ဦးဏ . . နင် ညနေ ဟိုသင်တန်းသွားမှာလား"

"အေး . . . ဝီရဂျစ်ကားပဲ ငါယူသွားမယ်"

ဦးဏကတော့ သူ့အခန်းထဲ ရောက်နေပြီ။ ဗီရိုကြီးဖွင့်ကာ ဘာတွေမွှေနေမှန်းမသိ ။ ထိုကြားထဲက သူ့ကားကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါတည်း ဖမ်းဆွဲထားသည်။ တတ်လည်းတတ်နိုင်သည့် ကောင်။ တီတာကတော့ ဉာဏအား စိတ်မချစွာနှင့် ...

''နင် ရန်လုပ်မနေနဲ့ဦးနော်ဝီရ၊ သူကားတောင်းလည်း ပေးလိုက်ပါ၊ သူက သိတဲ့အတိုင်းရယ် ... သူ့ကိုယ်သူ သိမ်ငယ် စိတ်ကလည်း ဝင်နေသေးတာ''

''ဟုတ်ပါတယ် .. သူက သိမ်ငယ်စိတ်ဝင်နေတာ မှန် ပါတယ်''

သူ စကားအကောင်းကို မပြောချင်တော့။ တီတာ ထွက် သွားသည်။ ဉာဏကတော့ သူ့အဝတ်စားတွေထဲက တန်ဖိုး အကြီးဆုံးနှင့် သူအကြိုက်ဆုံးဝတ်စုံကို ရွေးချယ်ဝတ်ဆင်သည်။ လေကလေး တချွန်ချွန်နှင့်။ သူ ဘာမှမပြောလိုတော့။ ကြော့မော့ အောင်ပြင်ပြီးမှ ထွက်သွားသည်။ ဒါတောင် ပြောသွားသေး သည်။

''ငါ ပါမောက္ခဖြစ်ရင် မင်းကျေးဇူးတွေမမေ့ပါဘူးကွာ ... သိလား၊ မင်း ရောဂါဖြစ်တိုင်း ငါ အလကားကုပေးမယ်၊ ဒါပေမဲ့ ငါယူမယ့်ဘွဲ့က မီးယပ်သားဖွားအထူးကုကွ''

ဟု ပြောပြီး ပြေးတော့သည်။ သူလိုက်ကန်တာတောင် မမိတော့။ အချစ်ဆိုတာ ဒါမျိုးပဲလား။ ပေးချင်တဲ့လူနှင့် ယူချင်တဲ့ လူ တလွဲစီများလား။ သူတွေးရင်း အတွေးထဲ မဆီမဆိုင်ရောက် လာတာက ဆံနွယ်ရှည်ကြီးများ။

❦

------------- ။

''ဟာသကား ... ကြည့်ရအောင်''

လို့ သူမက ဖုန်းထဲမှတစ်ဆင့် စတင်တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ လူးပြောတော့ သူ အံ့ဩသွားခဲ့ရ၏။

''ဟာသကား''

''အင်းလေ၊ အခုရုံတင်နေတဲ့ကားက အရမ်းရယ်ရတာ''

''အင်း ... တို့က တစ်ခါမှ ဟာသကားမကြည့်ဖူးဘူး''

သူ့အသံထဲမှာ ငြင်းဆန်လိုခြင်းတွေ ပါနေသယောင်။

''ဝီရက ဘာကားတွေကြည့်လဲ''

''အက်ရှင်လေ ... စစ်ကားတို့ ဘာတို့ပေါ့၊ စစ်ကားက များပါတယ် ... နောက် ... လူသတ်ကား''

''ဟင် ... အနိဋ္ဌာရုံတွေ၊ တို့တော့မကြည့်ရဲပါဘူး ... သွေးသံရဲရဲတွေကို''

''တို့က စိတ်လှုပ်ရှားမှုကို ကြိုက်တယ်လေ''

''ဝီရကို တစ်ခုပြောချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



လူးက သူ့ကိုတရားချရန် စတင်ကြိုးစားလေပြီ။ သူကတော့ လူးရဲ့စိတ်ကူးကို သိသူမဟုတ်။ ထို့ကြောင့် အသာတကြည်ပင် ...

''ပြောလေ''

''အဲဒီရုပ်ရှင်ကားတွေကလည်း လူ့ရဲ့စိတ်ထားကို ပြောင်းလဲစေတယ်လေ ... သိလား''

''ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့လေ ... စာအုပ်တစ်အုပ် ဖတ်ဖူးတယ်၊ အဲဒီအထဲကမင်းသားလေ ... သူက တစ်ယောက်တည်းနေတယ်၊ ပြီးတော့ ဖတ်တဲ့စာအုပ်, ကြည့်တဲ့ရုပ်ရှင်ကားတွေက ဒရက်ကူလာကားတွေ၊ နောက်ပိုင်း သူဘာဖြစ်သွားလဲဆိုတော့ အဲဒီဒရက်ကူလာတွေက သူ့ကိုလွှမ်းမိုးသွားတာ၊ သူပါ ဒရက်ကူလာလို ဖြစ်သွားတာလေ၊ နေရောင်ဆို မမြင်ချင်တော့ဘူး၊ သွေးစိမ်းရှင်ရှင်ထွက်နေတဲ့ဟာမှ စားတယ်၊ အဲဒီလိုမျိုးတွေပေါ့၊ ဝီရလည်း အဲလိုဖြစ်မှာစိုးလို့ ... မသိစိတ်ကိုလွှမ်းမိုးတာပေါ့ ... အင်း ... ဘယ်လိုပြောရမလဲ ... အကွဲဇာတ်လမ်းကို ကြိုက်တဲ့သူက နောက်ဆုံး အသည်းကွဲသွားတာမျိုးပေါ့''

''အဲလိုရှိလို့လား''

အမယ် ... သူက ယုံကြည်သက်ဝင်သည့်ပုံစံမျိုးနှင့် မေးသည်။

''ရှိတာပေါ့၊ အခု ဝီရကြည့်တာ စစ်ကားနဲ့လူသတ်ကားချည်းဆိုတော့ အားရင် စစ်တိုက်ပြီးလူသတ်ချင်နေရင် ဘယ်





လိုလုပ်မလဲ''

''အင်း ... ဖြစ်နိုင်တယ်ဗျ၊ တို့လည်း တကယ်အဲဒီလို စိတ်ပေါက်နေတာ''

''ဟောတော့ ... ဘယ်သူ့ကိုလဲ''

''ဩော် ... သူငယ်ချင်းကိုပါ ... ဥက္ကာတဲ့၊ ဒီကောင် မတရားလုပ်တာတွေများတော့ မခံချင်တော့ဘူး''

''ဘာလဲ ... တီတီတာ့အပေါ်လား''

ဝီရ ဆတ်ခနဲဖြစ်သွားသည်။ ဒီမိန်းကလေးက သူ့အကြောင်းတွေ သိနေပါလား။ လျှော့တွက်လို့မရမှန်း သူသိလိုက်သည်။

''မင်းသိနေသလား''

''ဝီရနဲ့ပတ်သက်တာ အားလုံးသိတယ်''

''အလို့ ... အလာကြီးပါလား''

''အဟုတ်ပြောတာ ... ဝီရက (Broken Family) ဖြစ်တာရောပေါ့''

သူ့အသံ တိတ်ကျသွားသည်။ သူက မိသားစုနှင့်ပတ်သက်ပြီး ခံစားချက်ရှိပြီးသားလူ။ ဒီလိုပြောလိုက်တော့ လူးမှားသွားပြီလား။

''တို့လည်း (Broken Family) ပါပဲ ... ဝီရရဲ့''

''မင်းလည်း''

''အင်း ... ဒါပေမဲ့ ဝီရနဲ့တော့ တို့က ရပ်တည်ရှင်သန်ပုံချင်း မတူဘူး၊ တို့က ကံကြမ္မာကပေးလာတဲ့အရာတိုင်း လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ကြိုးစားတယ်၊ ဒီတော့စိတ်ထဲမှာ အနာတရ သိပ်မဖြစ်ဘူးပေါ့၊ ပြီးတော့ ဘဝကို ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းတယ်''

''တို့က မပျော်တတ်ဘူး''

''အဟင်း ... မပျော်တတ်တာ မဟုတ်ပါဘူး ... မပျော်ဖူးတာပါ''

''မပျော်ဖူးတာ''

ဝီရအတွက်တော့ သူမ,ပြောသမျှ အံ့သြစရာတွေချည်းပဲဖြစ်သည်။ ထို့ကြောင့် သူမဟာ သူ့အတွက်တော့ ပဟေဠိတွေ ဖန်တီးပေးတတ်သော နတ်သမီးတစ်ပါးပင်ဖြစ်သည်။

''အင်းလေ ... ဝီရစိတ်ထဲမှာ အခဲမကြေတာ, ဒေါသထွက်တာတွေချည်းပဲ အမြဲတမ်းရှိနေတော့ စိတ်လွတ်လပ်ပေါ့ပါးမှု မရှိတော့ဘူး၊ အဲဒီမှာ မပျော်တာတွေ, ပျော်တာတွေ ကွဲပြားသွားတာ၊ အဲဒါကြောင့် ဝီရကိုပြောတာပေါ့ ... ဟာသကားကြည့်ပါလို့''

''အဟင်း ... ဆွယ်တရားဟောတာ တော်တော်ကောင်းတယ်နော်''

''ကောင်းတယ်လို့ ထောက်ခံချက်ပေးတဲ့အတွက် တို့ပြောတာ ဝီရလက်ခံလိုက်ပြီပေါ့ ... ဟုတ်လား''

''အင်း ... လက်ခံလိုက်ပြီ၊ ဒါပေမဲ့ မင်းနဲ့တို့သိတဲ့တစ်လျှောက်လုံး မင်းတောင်းဆိုတာတွေချည်းပဲ လက်ခံနေရတယ်နော်၊ တို့တောင်းဆိုချင်သေးတယ်''

''ပြောလေ ဝီရရဲ့''





''တို့ ... မင်းနဲ့တွေ့ချင်တယ်''

လူး အသက်ရှူရပ်သွားသည်။ သူတောင်းဆိုချက်ဟာ သူမရင်ကို အခုန်ပြင်းစေသည်။ ပြီးတော့ စိတ်ကိုလှုပ်ရှားစေသည်။

''ဟော့ ... ကြားရဲ့လား''

''အင်း ... ဝီရ''

''တို့တောင်းဆိုတာကို မင်း ငြင်းမယ်လို့မထင်ဘူး၊ တို့ယူဆတာ ဒီလိုဖုန်းပြောလိုက်, မင်းက E-mail (အီးမေးလ်)က တစ်ဆင့် တို့ပုံတွေဆွဲပို့လိုက်နဲ့လုပ်နေရင် အဓိပ္ပါယ်မရှိသလိုပဲ''

''အင်း ... တို့လည်း ဝီရနဲ့တွေ့ဖို့ စဉ်းစားထားပါတယ်၊ ဒါပေမဲ့ တို့က ဝီရမပျော်ရွှင်တတ်မချင်း မတွေ့သေးဘူးလို့ ဆုံးဖြတ်ထားတာ''

''မင်းကိုတွေ့ရမှ ပျော်မယ်ဆိုရင်ကော''

အိုး ... သူမရင်ခုန်သံက ဖျတ်ခနဲ ငြိမ်ကျသွားသည်။ ရင်ဘတ်ထဲသို့ ငြိမ့်ညောင်းသောဂီတမြစ်တစ်စင်း စီး၍ဝင်လာ၏။ သူမ၌ ငြင်းဆန်နိုင်ခြင်းမရှိတော့ ...။ ကိုယ်က အစကတည်းက အမိန့်ဆို နာခံချင်ပြီးသား။ ထို့ကြောင့် ...

''ကောင်းပြီလေ ဝီရ ... တွေ့ကြတာပေါ့၊ ဒါပေမဲ့ နေ့နဲ့အချိန်ကိုတော့ စဉ်းစားပြီးဆက်သွယ်လိုက်မယ်လေ၊ ဒီကြားထဲ ဟိုဟာသကားကိုကြည့်ဖို့ ဝီရဆီ လက်မှတ်ပို့ပေးလိုက်မယ်''

''OK ... မင်းဖြစ်စေချင်တဲ့အတိုင်း ခုချိန်ကစပြီး ကြိုးစားပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



သူက ကတိပေးပြီး ဖုန်းချသွားပြီ။ ဒါပေမဲ့ လူးရင်က အခုန်မရပ်သေး။ စပီကာမှတစ်ဆင့် အကုန်ဖွင့်နားထောင်နေကြသော မိဝိုင်းတို့ကတော့ ပြုံးဖြဲဖြဲမျက်နှာကိုယ်စီဖြင့် သူမအနား ကပ်လာကာ ...

"ဟီ ဟီ ... အခြေအနေမဆိုးဘူးနော် မိလူး ... သူ့ အရင်တောင်းဆိုတာ"

"နင် ဘယ်လိုလုပ်မလဲ မိလူး"

တစ်ယောက်တစ်ပေါက်မေးသံတွေကြားမှာ သူမ ရင်ခုန်သံတွေ နစ်မြုပ်ကုန်၏။

"ငါလည်း သူနဲ့တွေ့ချင်တယ်၊ ဒါပေမဲ့ အလွယ်တကူတော့ မဟုတ်ဘူး၊ ပျို့ရွယ်လူးဆိုတာ သူ့အတွက်လွယ်လင့်တကူ ရတဲ့ ပစ္စည်းတစ်ခုလို့ မသတ်မှတ်စေချင်ဘူး"

လူးစကားအဆုံး၌ သူငယ်ချင်းတွေ ငြိမ်ကျသွားသည်။ အတွေးကိုယ်စီထဲ နစ်မြောသွား၍ဖြစ်မည်။ လူးက သူ့အား ပျော်ရွှင်စေချင်သည်။ ဒါပေမဲ့ ထိုပျော်ရွှင်မှုသည် တန်ဖိုးကြီးကြောင်း သူသိစေချင်သည်။

လူးလည်း ရှင့်ကိုတွေ့ချင်ပါတယ် ဝီရရယ် ...
မခွဲခွာသော တွေ့ဆုံခြင်းမျိုးနဲ့လေ ...။

❦ ❦ ❦

**အခန်း - ၆**

"လာ ပါဟယ် ... ဝီရရဲ့၊ နင်ကလည်း ဒီလူနဲ့ ဒီလူတွေ ငြင်းဖို့မကောင်းပါဘူး"

"ငါက ငြင်းတာမဟုတ်ဘူးတီတာ၊ အဲဒီလိုလူများများနဲ့ ပွဲမျိုး ငါ ဘယ်တုန်းကသွားဖူးလို့လဲ"

"ဒီပွဲက လူမများပါဘူး၊ ဖေဖေနဲ့မေမေရဲ့ မင်္ဂလာနှစ်ပတ်လည်ဆိုပေမယ့် ဖေဖေ့မိတ်ဆွေ လေးငါးယောက်ရယ်, ဉာဏာတို့မိသားစုရယ် ... ဒါပဲရှိမှာကို"

"အဲဒီလို မိသားစုတွေစုံနေလို့ မလာချင်တာ" ... ဟု ပြောပစ်ချင်စိတ်က လည်ချောင်းဝအထိ တနင့်တပိုးနင်တက်လာသည်။ ဒါပေမဲ့ သူ မပြောဖြစ်။ သူ့နုတ်သမီးက မှာကြားထားသည်လေ။ လူအများနှင့် ပေါင်းသင်းဆက်ဆံရင်း ပျော်ရွှင်မှုကို ရှာဖွေပါတဲ့။ ဘာကြောင့်မှန်းတော့ မသိ ...။ သူမစကားကို ကွယ်ရာ၌လည်း သူနားထောင်နေမိ၏။

"ကဲပါဟယ် ... ငါ့အိမ်လာရမှာကို နင် အဲဒီလောက် စဉ်းစားနေရသလား ... ဝီရရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"မဟုတ်ရင် လာခဲ့"

ဟု သူမက အဓမ္မကိုခေါ်ခဲ့တာပါ။ နို့မို့ဆို ဝီရဟာ သူမတို့အဖွဲ့ထဲမှ ကွဲထွက်နေသော သင်းကွဲငှက်တစ်ကောင်ပမာ။ ဂျစ်ကန်ကန်နိုင်ကာ ဘုဆတ်ဆတ်ရှိလှသော အကျင့်မှလွဲ၍ သူမ အတွက်တော့ သူငယ်ချင်းကောင်းတစ်ယောက်ပင်။ တစ်ခါတစ်ရံ ဉာဏအပေါ် အံပြောဆိုးတာက လွဲလို့ပေါ့လေ။ သူမက စောင့်နေ မယ်ပြော၍လားမသိ ...။ ဝီရ ရောက်လာပါသည်။ လာတဲ့ပုံစံ ကိုလည်း ကြည့်ဦး ... အိမ်နောက်ဖေး မီးဖိုချောင်ကနေ ဝင်လာ ခြင်းဖြစ်၏။

အိမ်အကူကောင်မလေး လာပြောသောအချိန်တွင် သူမ တို့နှင့်အတူ ဉာဏတို့မိသားစုကပါ ဘုန်းကြီးဆွမ်းကပ်သောအချိန်

"မမလေး ... မီးဖိုခန်းထဲမှာ ကိုဝီရလင်းထင်ရောက်နေ ပါတယ်"

"ဟဲ့ ... နင်က ဘာကိစ္စ ငါ့သူငယ်ချင်းကို မီးဖိုခန်းထဲ ခေါ်ထားရတာတုံး"

"သမီးခေါ်တာ မဟုတ်ဘူးမမလေး ... သူ့ဟာသူ အဲဒီကနေ ဝင်လာတာ"

သူမနှင့် အနီးကပ်နေသော ဉာဏတို့ မျက်လုံးချင်းဆုံမိ ကြ၏။ ဉာဏမျက်နှာက ပြုံးစိစိ။

"နင်သိတဲ့အတိုင်းပဲ တီတာ ... အဲ့ကောင်က ဘုကန့် လန့်၊ လူ့ခွစာ၊ သွားခေါ်လိုက်ဦး"





သူမက ဘုန်းကြီးဝိုင်းမှထလာတော့ မေမေက ...

"ဘယ်လဲ သမီး"

"ဝီရရောက်နေလို့တဲ့"

ဟုပြောပြီး မီးဖိုခန်းဆီ ထွက်ခဲ့သည်။ တွေ့ပါပြီ ... ဗရုတ်သုတ်ခအကောင်။ အိမ်အကူကောင်မလေးတွေ ထမင်းစား သော စားပွဲဝိုင်းအပုပေါ် ဒံပေါက်ပန်းကန်တင် အောက်က ဖင် ထိုင်ခုံချပြီး ကျကျနနထိုင်စားနေသော ဝီရ။

"ဟဲ့"

"ဘာလဲ"

ပလုပ်ပလောင်းလေသံနှင့် ပြန်ထူးသည်။

"နင်က ဒါ ဘာအချိုးလဲ ... အိမ်ရှေ့ခန်းတော့ မလာ ဘဲနဲ့"

"ငါက အိမ်ရှေ့ခန်းကိုလာခဲ့မယ်လို့ ပြောမိလို့လား"

"ဝီရ ... စကားကို အကောင်းပြောဟယ်၊ ဟိုမှာ ဘုန်း ကြီးဆွမ်းကပ်နေတယ်၊ နင်ပါတစ်ခါတည်းဝင်ကပ်တော့ ကုသိုလ် ရတာပေါ့"

"အမယ် ... သူများလှူတဲ့အလှူမှာ အချောင်ကုသိုလ် ဝင်ယူတတ်တဲ့လူများမှတ်နေသလား ... တီတာ"

"အဲလိုတော့ မဟုတ်ဘူးပေါ့ဟဲ့ ... အတူတူ အလှူ အတန်းလုပ်၊ ရေစက်ချတော့ နောင်ဘဝပါ ရေစက်ဆုံတာပေါ့"

"တော်ပါပြီ ... ဒီဘဝ ဒီမျှပါပဲ"

သူကပြောရင်း ဒံပေါက်စားခြင်းကို လက်စသတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်၌ ဉာဏက မီးဖိုခန်းဝရောက်လာ၏။

"ဘာလဲ ... ဒီဘဝဒီမျှဆိုတာ"

အသံကြောင့် လှည့်ကြည့်မိသည်။ တောက်ပသားနားသောဉာဏအား တွေ့ရသည်။ စတစ်ကော်လံအဖြူက ကြွေရောင်တောက်နေသည်။ အနီကွက်ပိုးတွဲပုဆိုးနှင့်။ တီတာကလည်း နို့နှစ်ရောင် ရင်ဖုံးလက်စကကို အနက်ဖောက်ချည်ထည်လုံချည်နှင့် ...။ သူအကြည့်က နှစ်ယောက်ထံ အစုန်အဆန်ရောက်ရှိတာမို့ ဉာဏက သတိထားမိသွားပြီး ...

"ဟ ... ဘာကြည့်တာလဲ"

"ကြည့်စရာရှိလို့ ကြည့်တာပေါ့ကွ၊ မင်းတို့က ဆင်တူကြီး ဖြစ်နေတာကိုး၊ အန်တီတို့ရဲ့နှစ်ပတ်လည်နဲ့မတူဘူး ... မင်းတို့ မင်္ဂလာဆောင်နဲ့တူနေတယ်"

"ဟဲ့ ... ဝီရနော်"

တီတာ့ထံမှ ရှက်ရွံ့စွာတားမြစ်သံ ပေါ်လာသည်။ ရှက်ရိပ်ဝဲဝဲကလည်း သူမမျက်နှာပေါ်၌ စွန်းထင်းလျက်ရှိသည်။ ဉာဏကဖြင့် ထိုအရာကို ဂရုပြုမိဟန်ပင်မတူ။ မသိချင်ဟန်ဆောင်တာလည်း ဖြစ်နိုင်ပါသည်။ ဉာဏဆိုသောကောင်ဟာ အင်မတန်မှ ဟန်ဆောင်ကောင်းသူ မဟုတ်လား။ ဝီရကလည်း အဲဒါမျိုးကို အမြင်ကတ်တာ။ လိုချင်တာတော့ ပူဆာတတ်သည်။ သူ့ဘက်က ပေးရန်ကျတော့ မသိချင်ဟန်ဆောင်တာ တစ်ဆိတ်လွန်လွန်းသည်။

သိတဲ့အတိုင်းလေ ...။ ဝီရဆိုတဲ့ကောင်ကလည်း





မတရားတာမြင်လျှင် မျက်နှာလွှဲတတ်သူမဟုတ်တော့ အခက်သားလား။' ထို့ကြောင့် ...

"ဟုတ်တယ်လေ ... နင်တို့က အင်္ကျီအရောင်ချင်းကလည်း ဆင်တူ၊ ဝတ်စားထားပုံလည်း ကြည့်ဦး"

"ဟေ့ကောင် ... သူ့အလိုက်အထိုက်တော့ ဝတ်ရတယ်ကွ၊ ဒါ လူ့အသိုင်းအဝိုင်းမှာထွန်းကားတဲ့ လူ့ယဉ်ကျေးမှု"

"အောင်မယ် ... လာပြီ ... လေကြီးလေကျယ်"

သူက ခေါင်းတညိတ်ညိတ်နှင့်ပြောသည်။ ဉာဏတို့က စကားအရာ၌ ပရိယာယ်ကြွယ်တော့ အဲဒီလို။ သူ့ဘက်လာသော ဦးတည်ချက်ကို မသိမသာလမ်းကြောင်းလွှဲပေးတတ်၏။ အဲဒါ ဉာဏရဲ့ပညာလေ ...။

"ဟုတ်တယ်လေ ... မင်းကိုယ်မင်းပဲ ပြန်ကြည့်ဦး၊ သူများအလှူလာတဲ့ဒီဖိုင်းက ကွာတားဘောင်းဘီနဲ့ တီရှပ်နဲ့၊ ဒါလား ... ဘုန်းကြီးဆွမ်းကပ်ကိုလာတဲ့လူ၊ အဲဒီလိုဝတ်လာလို့ ဒီကောင် နောက်ဖေးဘက်က ပတ်ဝင်တာပဲဖြစ်မယ် ... သိလား တီတာ"

ဉာဏဟာ ချက်ချင်း အာရုံလွှဲပြောင်းယူလိုက်၏။ တီတာကတော့ ဘာမှမရိပ်မိ ...။ ရယ်ရယ်မောမောနှင့်ပင်။

"နင်က ဒီလိုဝတ်လာလို့အပြစ်မတင်နဲ့ဦး ဉာဏ၊ ဝီရအကြောင်းက နင်သိတဲ့အတိုင်းပဲကို၊ တော်ပါသေးရဲ့ ... Pyjamas ညအိပ်ဝတ်စုံနဲ့ မလာလို့"

ဟု ပြောသည်။ ဝီရကတော့ သူ့ဦးတည်ပစ်လွှတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြောင်း လွဲသွားသည့်အတွက် မကျေနပ်။ မျက်နှာကြီးက ရှုတည်တည်နှင့်။ ထိုသို့အဖုအထစ်လေးဖြစ်သွားသည့်နေ့မှာပဲ သူ့မေမေက နောက်ထပ်စကားစတစ်ခုအား ဖန်တီးခဲ့တာဖြစ်သည်။ သူစိတ်ရင်းကို ဝီရနှင့်တီတာသိသာအောင် ဖော်ပြခွင့်ရသည့် အနေအထား။ ဝီရကိုတော့ အမြင်ကတ်စွာသိစေချင်တာပါ။

ဝီရက သူ့ကို တီတာနှင့် ရွှေလက်တွဲစေချင်သည်။ သူက တီတာလောက်တော့မမှန်းသေး။ အားတော့နာပါရဲ့။ ကိုယ့်ဘဝကြီးတစ်ခုလုံးနှင့် လောင်းကြေးထပ်ရမည့်အိမ်ထောင်ရေးဟာ သူ့အတွက် အထောက်အကူမဖြစ်လျှင် သူ ... မစဉ်းစားလိုပြီ။

"မြတ်ရဲ့ငယ်သူချင်းလေ မမစောရဲ့ ... သူက အမျိုးသားနဲ့ကွာရှင်းပြီး တခြားနိုင်ငံမှာ အိမ်ထောင်သစ်ထူထားတာ၊ ဉာဏအတွက်လိုအပ်တဲ့စာအုပ်တွေတောင် သူပို့ပေးမယ်ဆိုပြီး ပြောနေတာ ... တကယ်ပို့ပေးတာ မမစောရေ၊ မြတ်ကတော့လေ သူငယ်ချင်းတွေကွဲသွားတာ ကြာပြီဆိုတော့ သူ အဲဒီလောက်ထိ အလေးအနက်ထားမယ်လို့ မထင်ခဲ့ဘူး၊ စာအုပ်တွေ ရတော့မှ တန်ဖိုးတွက်ကြည့်တာ မနည်းဘူး မမစောရေ၊ မြတ်လေ ကျေးဇူးတင်လိုက်တာ အရမ်းပဲ၊ မြတ်တို့အနေအထားနဲ့ဆို အဲဒီစာအုပ်တွေ ဝယ်ဖို့ တော်တော်အချိန်ယူပြီးငွေစုရမှာ"

မေမေက အန်တီစောနှင့်စကားစပ်မိရင်း ထိုအကြောင်းဆီ ရောက်သွားသည်။ ဉာဏအတွက်လည်း အကွက်ဆိုက်လာပြီဟု ပြော၍ရသည်။ ဉာဏတို့သုံးယောက်က တစ်ဝိုင်း၊ လူကြီးတွေ





က တစ်ဝိုင်းမို့ ကိုယ်ပြောလိုရာ ပြောခွင့်ရတဲ့အခြေအနေ ...။

"အေးကွ ... အဲဒီအန်တီကြီးဆီမှာ သမီးတစ်ယောက်ရှိတယ်တဲ့၊ ဒီရန်ကုန်မှာပဲ ကျောင်းတက်နေတာတဲ့၊ သဘောကကွာ ... ငါက ဆရာဝန်လောင်းလေ၊ မေမေနဲ့လည်း သူငယ်ချင်းဆိုတော့ သူ့သမီးနဲ့မိတ်ဆက်ပေးမယ်တဲ့၊ သူ့သမီးကိုလည်း ငါတို့အိမ်အကြောင်း ပြောပြထားမယ်တဲ့၊ ရှေ့အနာဂတ်ကတော့ မဆိုးဘူးကွ"

"ဘာမဆိုးတာလဲ"

ဝီရ မှုန်ကုပ်ကုပ်နှင့်ဝင်မေးသည်။ တီတာကတော့ အရာရာ သဘောပေါက်သည်။ ကိုယ်ချစ်ရတဲ့သူ၊ ကိုယ် အမြဲအရိပ်အကဲကြည့်နေရတဲ့သူ ... သူ့နှုတ်ထွက်စကားတစ်ခွန်းဟာ ဘယ်အထိရည်ရွယ်ပါကြောင်း ကောင်းစွာနားလည်ထားသည်။

"ဩော် ... ဝီရရယ် ... မင်းက သိပ်ဒုံးဝေးတာကိုး၊ သူ့ဘက်ကလိုချင်တာရှိလို့ ဒီလို အရင်ပေးတာပေါ့ကွ၊ ငါကလည်း အသာလေးမျှောလိုက်ဖို့ စိတ်ကူးထားတယ်၊ သူတို့အခြေချတာ အင်္ဂလန်ဆိုတော့ ငါ့ရည်မှန်းချက်နဲ့က ကွက်တိပဲပေါ့ကောင်"

"ကိုယ်ရဖို့ချည်း တွေးမနေနဲ့ ... မင်းပေးရမှာက ဘဝကြီးတစ်ခုလုံး"

"အဲဒီဘဝကြီးတစ်ခုလုံး သာယာမယ်ဆို ပေးပျော်ပါတယ်ကွ"

ဉာဏက ပြောပြီးထထွက်သွားပြီ။ တီတာက ခေါင်းငိုက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ချလျှက်။ မျက်ရည်စက်က ကော်ဇောပေါ် ဝေ့ခနဲကြွေ၏။ အချစ်ကလည်း ခေါင်းငုံ့တိုင်းကြွေကျမည်ဆို သူမ ခြွေချပေးချင်ပါသည်။ ဉာဏ ခြေရင်းမှာပေါ့ ...။

---

------------ ။

''ဟာ ... သွားပါပြီကွာ''

''အယ် ... ဆောရီး ... ဆောရီးပါရှင် ... ဒီကပြန်ကောက်ပေးပါမယ်''

ဝီရ စိတ်ရှုပ်ရှုပ်နှင့် မျက်ခုံးကို အတွန့်ချိုးထားရသည်။ အခုခေတ်မိန်းကလေးတွေကို သူ မျက်စိမတွေ့လှပါ။ တကယ့်ရှုပ်ပျာတေးတွေ။ ဟိုတိုးဒီတိုက်လုပ်ကြတာကိုပဲ စတိုင်တစ်ခုလို ထင်နေသလားမသိ။ အခုလည်း ကြည့် ...။ လာနေတာတွေ့သားပဲ။ နောက်ကို လှည့်ကြည့်ပြီးပြေးလာတာ။ သူက ဒီအရေးကိုမြင်လို ကြိုတင်ရှောင်ပါတယ်၊ ရှောင်ခါမှ တည့်တည့်ကြီးတိုက်တဲ့ အဖြစ်။

ပုံစံကလည်း မိန်းမတစ်စက်မှ မပီသ။ ဆံပင်က ခပ်တိုတို။ တိုတာမှ ခေါင်း၌ကပ်နေသည်။ အဲဒီဆံပင်ကို မရမက ခွဲကြောင်းနှင့်ဖြီးထား၏။ မမီမကမ်းဆံပင်တွေက လဲတချို့ထောင် တစ်ဝက်။ အရပ်ကလည်း ရှည်သည်။ ကလန်ကလား



www.burmeseclassic.com

www.burmeseclassic.com



အမျိုးအစား။ တီရှပ်က အစိမ်းရောင်ခါးတို။ အောက်က ဖက်ဖူးစိမ်းရောင် မိုးကာသားဘောင်းဘီပွပွ။ ခြေမျက်စိနား၌ ကြိုးစီးပါတာမို့ ဖောင်းဖောင်းလေး။ ဂျင်းအိတ်လိုဟာကို စလွယ်သိုင်းလွယ်ထား၏။ ခါး၌ဦးထုပ်အစိမ်းရောင်အား ချိတ်ထားသေးသည်။

တကယ့် ဇရုတ်သုတ်ခ။ သူမဘေး၌လည်း ချထားသော အိတ်တွေကလည်း တပုံကြီး ...။ သူ့ကိုတိုက်မိ၍ ကျသွားသော အိတ်တွေကို ကောက်သည်။ ပြီးတော့ သူမအိတ်တွေ ပြန်ကောက်တာနှင့် မပြီးစီးနိုင်။

''ဒီမှာ ... ရော့ ... အဟဲ ... တောင်းပန်ပါတယ်နော်''

အသားလွတ်ကြီး လာရယ်ပြနေသော ထိုမိန်းကလေးအား ရူတည်တည်ကြည့်သည်။ အိတ်တွေကို ဆတ်ခနဲဆောင့်ဆွဲယူတော့ သူမ အသာတကြည်လွှတ်မပေးသေးဘဲ ....

''ရှင့်ပစ္စည်းတွေ ပြန်စစ်ကြည့်ပါဦးလား ... မတော်တဆ ကျကျန်ခဲ့ဦးမယ်''

''ကျန်ခဲ့လည်း လှူတယ်လို့ပဲ သဘောထားလိုက်မယ်၊ ပေး ... အိတ်''

သူက ဆွဲယူပြီးကျောခိုင်းထွက်ခဲ့သည်။ ဒါတောင်မကြားတကြားပြောသောအသံက သူ့နောက်ပါး၌ ကပ်ငြိပါလာတုန်း ...။

''ဟွန်း ... သူကလည်း ဒေါသချည်းပဲ''

တဲ့လေ ...။ သူ အိတ်တွေဆွဲရင်း တောက်တစ်ချက်





ခေါက်မိသည်။ သူမ,ပြောတဲ့ဒေါသတွေကို ထွက်ပေါက်ပေးခြင်းပါ။ F.M.I Shopping Centre ရဲ့လှေကားထစ်တွေကို ကျော်ဖြတ်နင်းသည်။ ထိုအချိန်မှာပင် သူဟန်းဖုန်းက အသံမြည်လာခြင်း ဖြစ်သည်။

''ဟဲလို''

''ဝီရ''

ဒီအသံက သူ့အား ရှိန်းခနဲဖြစ်သွားစေသည်။ သူ့ရဲ့ ပဟေဠိနတ်သမီးလေး ...။

''မင်းဘယ်မှာလဲ''

''အခုတော့ ဝီရနားမှာမဟုတ်တာ သေချာပါတယ်''

''တို့ ... မင်းနဲ့တွေ့ဖို့ တောင်းဆိုထားတယ်လေ''

''တွေ့ပြီးပြီပဲကို''

''ဘယ်မှာလဲ ... ဘယ်တုန်းကလဲ''

သူ့မေးသံက အမောတကော။ တကယ် သူမသိခဲ့တာ။

''အဟင်း ... ဝီရက တို့ကိုတွေ့ချင်တယ်သာပြောတာ၊ တကယ်တွေ့တော့လည်း ဆူပူကြိမ်းမောင်းနေတာပဲ''

''တို့က မင်းကို ဆူပူကြိမ်းမောင်းတယ်''

''အင်းလေ''

စဉ်းစားရင်း သူ့မှတ်ဉာဏ်မီး ဖျတ်ခနဲလင်းလာ၏။ တိုက်မိသောသူမ။ အစိမ်းရောင်ဝတ်ထားသော သူမ။ ဆံပင်တိုကပ်သော သူမ။ ခက်တာက သူမမျက်နှာကို သူ,မမှတ်မိခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ...စောစောက ...မင်း"

ဝီရပြောရင်း F.M.I Shopping Centre ရဲ့လှေကားထစ်တွေကိုပြန်ဖြတ်ကျော်တက်သည်။ စောစောကထက် ပိုမိုလျင်မြန်သောအရှိန်နှုန်းနှင့်ပေါ့။ ဖုန်းထဲက သူမရယ်သံ ချိုလွင်လွင်ကို အတိုင်းသားကြားရဆဲ။ သူCentre ထဲပြန်ရောက်လာသည်။ အထပ်တိုင်း၌ အစိမ်းရောင် ကွယ်ပျောက်နေ၏။

"မင်း ဘယ်မှာလဲ"

"စောစောကတည်းကပြောထားတယ်လေ ...ဝီရနားမှာမဟုတ်တာ သေချာပါတယ်လို့၊ ဝီရရဲ့အဝေးတစ်နေရာမှာ နောက်တစ်ကြိမ်မတော်တဆဖြစ်ရင် သတိထားပေါ့ ...See you again ...ဝီရ"

ဖုန်းချသွားပြီ။ သူ့ဖုန်း၌ သူမဖုန်းနံပါတ်က ထင်ကျန်နေဆဲ။ ဝီရကခပ်သဲ့သဲ့လေးပြုံးကာ ...

"ကဲ ...မင်းဘယ်ပြေးမလဲ မိချိုသဲ"

ဟု တစ်ကိုယ်တည်းရေရွတ်သည်။ ကျန်ခဲ့သော ဖုန်းနံပါတ်ကို နှိပ်၏။ တစ်ဖက်မှ ...

"ဟဲလို"

"...ကပါလား"

"ဟုတ်ပါတယ်"

"ခုန စကားပြောတဲ့ကောင်မလေးကို ဖုန်းပေးလိုက်ပါ"

"ခုန ...ဩော် ...သူထွက်သွားပါပြီ"

"ဟင် ...သူထွက်သွားပြီ ...ဘယ်ကိုသွားတာလဲ





...ဒါ ...သူ့ဖုန်းမဟုတ်ဘူးလား"

"မဟုတ်ပါဘူးရှင့် ...မြန်မာ့ဆက်သွယ်ရေးကပါ"

ဟူသောအဖြေအဆုံး၌ ဝီရသည် တစ်ယောက်တည်းပေမယ့် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ သူနဖူး သူ့လက်ဝါးဖြင့် ဖြန်းခနဲပိတ်ရိုက်ရင်း ...

"ကဲ ...သေစမ်း ဝီရလင်းထင်၊ မင်းလိုက်လေ သူက ပြေးလေပါပဲလား"

လို့ရေရွတ်ရသည်။ သူ့ရဲ့ ထိုသို့ဗျာများနေသောအပြုအမူကို တစ်ထောင့်တစ်နေရာမှ မှတ်တမ်းတင်နေသူတွေ ရှိပါသည်။ ထိုထဲ၌ ဝီရတွေ့ချင်သော အစိမ်းရောင်လေးပါရှိ၏။

"သူ ...နင့်ကို တကယ်တွေ့ချင်တာမိလူးရဲ့"

မိသူက ပြောသည်။

"အေးလေ ...နင်ထွက်တွေ့လိုက်ပါလား မိလူး၊ သူရှာနေတာ ချာလပတ်ရမ်းနေပြီ ...သနားပါတယ်"

မိပိုင်းက တိုက်တွန်းသည်။ ဒါပေမဲ့ မိလူးကခေါင်းကို ဖြည်းညင်းစွာယမ်းရင်း ...

"ဟင့်အင်း ...ငါ အဲဒီလို အလွယ်တကူမဖြစ်ချင်ဘူး"

"ဒါဆို ...နင်ဖြစ်စေချင်တဲ့ဆန္ဒလေး ပြောပါဦး"

သူမနှုတ်ခမ်းနား နားရွက်တွေကို တိုးကပ်လာသည်။ သူမက နှုတ်ခမ်းလှုပ်ရုံသာ ...တီးတိုးကလေး။ ဒါပေမဲ့ သူ့အကြံအစည်ကို သိပ်သဘောကျဟန်မတူ။

"နင့်ဟာကြီးကလည်း မနိပ်ပါဘူး ...မသေချာမရေ



www.burmeseclassic.com

www.burmeseclassic.com



ရာကြီး''

''အေးလေ ... သူ့မတွေ့ရင် ဘယ်လိုလုပ်မလဲ''

''တွေ့တဲ့အထိစောင့်မှာပေါ့ ... ဒါမှ သူ ငါ့အပေါ် ဘယ်လောက်တွေ့ချင်စိတ် ပြင်းသလဲဆိုတာသိရအောင်''

လူး ... ကိုယ့်အကြံအစည်နှင့်ကိုယ်၊ ကိုယ်ဟာကိုယ် လည်းတွေးရင်း သဘောကျသည်။ ထို့ကြောင့် လူးသည် သူမ အကြံအစည်ထဲက အမှတ်စဉ်တစ်ဖြစ်သော သူ့ထံသို့ စီဒီတစ်ချပ်ပို့လိုက်၏။ သူ့လှုပ်ရှားမှုများအားလုံး မှတ်တမ်းတင်ထားသော အရာ။ သူအံ့ဩသွားမည်ဟု လူးမျှော်လင့်ပါသည်။

တကယ်လည်း ဝီရအံ့ဩသွားသည်။ သူ့ထံ စာတိုက်မှ တော်တန်ရုံပါဆယ် ဘယ်သူမှမပို့တတ်ကြ။ အခု စာပို့သမားက

''လက်မှတ်ထိုးယူပါ''

ဆို၍သာ လက်မှတ်ထိုး လက်ခံယူထားရသည်။ အထဲ၌ ဘာဘာညာညာမသိသေး။ ဖောက်ကြည့်တော့ ထွက်လာတာက စီဒီချပ်လေး။ သူ စက်ထဲထိုးထည့်ပြီး ဖွင့်ကြည့်သည်။ တွေ့ပါပြီ သူ့ပုံရိပ်တွေ။ သူ ဒေါသထွက်ပြီး ကန်တင်းထဲက ထွက်လာပုံ၊ ပြီးတော့ ကျောက်ခဲတွေလိုမ့်ကန်ပုံ၊ ကားပေါ်က စာအိတ်အား ခြေမွပစ်ပုံ။

သူ့ပုံရိပ်တွေပြီးသွားသောအခါ အမှောင်ခန်းတစ်ခု ...။ ထိုအထဲ၌ ပန်းချီကားတစ်ကား ချိတ်ဆွဲထား၏။ သူ့ပုံတူ ...။ ရုပ်ပုံတင်းမာနေသော ဝီရလင်းထင်ပုံရဲ့အောက်၌ စာတန်း။

ဒီလိုမနေနဲ့ ... ရုပ်ဆိုးတယ်





တဲ့ ...။ နောက်ပုံရိပ်တစ်ခု ဖျတ်ခနဲ ပြောင်းသွား၏။ ဝီရလင်းထင် နောက်တစ်ကိုယ်ခွဲ၊ ရယ်မောပျော်ရွှင်နေတဲ့ပုံ။ ထိုပုံရဲ့အောက်ခြေမှာတော့ စာတန်းက အခုလိုမျိုး ...

ဒီလိုနေ ... ချောတယ်

တဲ့လေ ...။ ဝီရမျက်နှာ ပြုံးယောင်သမ်းသွား၏။ ဒါကို မှန်မကြည့်ဘဲသိနိုင်ပါသည်။ သူချောချင်၍ ပြုံးတာမဟုတ်မှန်း သေချာပါသည်။ သူမလက်ရာက ဟာသမြောက်လွန်း၍ ဖြစ်၏။ ဝီရသည် သူမရဲ့ ထူးခြားစွမ်းပကားတွေကို မြင်ရလေလေ သူမကိုတွေ့ချင်မြင်ချင်စိတ်က ထိန်းမရလေလေ။ သူမ ပြောခဲ့သည်လေ ...

''နောက်ထပ်မတော်တဆဖြစ်ရင် သတိထားပါ'' .. တဲ့။

ထို့ကြောင့် ဝီရသည် ကျောင်းသွားရာလမ်းမှာပဲဖြစ်ဖြစ်၊ တစ်ယောက်တည်း ဈေးဝယ်ပဲသွားသွား၊ ယုတ်စွအဆုံး ဘာကိစ္စနှင့်ပင် လမ်းထွက်ထွက် ... မျက်လုံးက ကျီးကန်းတောင်းမှောက်။ ဘယ်နေရာမှာများ မတော်တဆကြုံမလဲဆိုတာ။ ကြုံလာလျှင်လည်း ဆီးကြိုဖမ်းပွေ့ရအောင် အသင့်ပြင်ထား၏။

သူ့ရဲ့ မျှော်လင့်သောစိတ်က အားကောင်းသလား ... မသိ။ တစ်ညနေ သူ အင်းယားကန်ပေါင်ပေါ် လမ်းလျှောက်ထွက်တုန်း နောက်ကျောအား တစ်စုံတစ်ယောက် ဖြတ်တိုက်သွား၏။ ဒါပေမဲ့ ရပ်မနေ ... ဆက်ပြေးသွားသည်။ ဆံပင်တိုတိုနှင့် ကောင်မလေးတစ်ယောက်။ ဟင်း ... ဒါမျိုးတော့ လာမစမ်းနဲ့ ... ဝီရလင်းထင်လေ။ ဝီရသည် စိတ်ထဲက အဲဒီလိုကြုံးဝါးရင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနောက် ပြေးလိုက်တော့တာဖြစ်၏။

''ဟေ့ ... ဟေ့ ... နေဦး''

မီလာတာနှင့် အသင့်ပြင်ဆင်ထားခဲ့သောလက်က သူမရဲ့လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်သည်။

''ဟာ ... ဒါဘာလုပ်တာလဲ''

အမေးနှင့်အတူ ဆတ်ခနဲ လှည့်ကြည့်လာတဲ့မျက်ဝန်းတွေက ဒေါသအရောင်ကိုတောက်လို့။ ဒါဆို သေချာသွားပြီ။ ဒါ ... သူ့ရဲ့နတ်သမီးမှ မဟုတ်တာ။ သူက လက်ကို ဖြည်းညှင်းစွာ လွှတ်ပေးလိုက်ရင်း ...

''အဲ ... ဆောရီး ... ဟို ... ကျွန်တော်လူမှားသွားလို့''

''အူကြောင်ကြောင် မလုပ်နဲ့နော် ... ပါးချခံရမယ်၊ ဟွန်း ... ရုပ်က သနားကမားနဲ့ အကျင့်က ကြောင်ပါ့''

လို့ အသားလွတ်ကြီး ကြိမ်းမောင်းခံရ၏။ ရှိစေတော့ ... ကိုယ်က မှားတဲ့လူကိုး။ သူက စိတ်ပျက်လက်ပျက်နှင့် ဆံပင်တွေကို ထိုးဖွပြီး အဲဒီနေရာမှပင် ခြေစုံရပ်နေမိ၏။ ထိုအခိုက်မှာပင် သူ့ဖုန်းက အသံမြည်လာခြင်းပင်။

''ဟဲလို''

''အဟင်း ... ဝီရက ရယ်ရတယ်နော်''

ဝီရ ခေါင်းတွေချာချာလည်သွား၏။ ဖုန်းထဲမှာ ကြားရတာ သူမအသံ။ ဒါဆို အနီးအနားမှာ သူမ ရှိနေပြီ။ သူ လမ်းလျှောက်ထွက်သည့်ကန်ပေါင်တစ်လျှောက် ညနေချမ်းအချိန်က





လူစည်ကားတာ အမှန်ပင်။ ဒါပေမဲ့ သူ့လို တစ်ယောက်တည်းသမားက နည်းပါး၏။ အားလုံးက ချစ်သူစုံတွဲတွေချည်း။

''ရှာမနေနဲ့ ဝီရရဲ့ ... တို့က လုံခြုံရာ ပုန်းကွယ်ပြီးမှ ဖုန်းဆက်တာ၊ ဩော် ... ဟိုတစ်ခေါက်ကလို ဖုန်းနံပါတ်မှတ်ပြီး ပြန်မခေါ်နဲ့နော်၊ တို့က တခြားလူဆီက ဟန်းဖုန်းခဏငှားပြီး ဆက်တာ၊ ဆောရီး ဝီရရယ် ... ဒီတစ်ခါ ဝင်တိုက်တဲ့လူက တို့မဖြစ်လိုက်တဲ့အတွက် တို့ကပဲ တောင်းပန်ပါတယ်''

''မင်း အားလုံးတွေ့လိုက်တာလား''

''အင်းပေါ့''

''ဒါဆို ... မင်း တို့အနားမှာရှိတာပေါ့နော်''

''ဝီရရဲ့အရိပ်လေ''

''နေပါဦး ... ဒီအဖြစ်တွေကို ဗီဒီယိုရိုက်ထားသေးလား''

''အင်း ... ရိုက်ထားတယ်၊ ဝီရလှုပ်ရှားမှုတိုင်းက တို့အတွက် အမှတ်တရလေ''

သူမက ပြောပြီးဖုန်းချသွား၏။ သူမက အဲလိုပဲ။ သူ့ရင်ဘတ်ထဲသို့ မခေါ်ဘဲရောက်လာသူ၊ ပြီးတော့ မနှင်ဘဲပြန်ထွက်သူ။ ဒါပေမဲ့ ဒီတစ်ခါတော့ သူ သဲလွန်စရလိုက်သည်။ သူဘာဖြစ်ဖြစ် ကြိုသိနေသူ။ ကင်မရာနှင့်မှတ်တမ်းတင်သူ ...။ သူ့အရိပ်လို့ သူမကိုယ်တိုင်ဝန်ခံထားသူဟာ သူ့အနီးအပါး၌ အမြဲတစေရှိရမည်။ ထိုအတွေးက ရှည်လျားသောလက်တံတစ်ခုအဖြစ် သူ့ကို ဆွဲယူသိမ်းပိုက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်သို့ အမြန်ပြန်ခဲ့သည်။ အိမ်ရောက်တာနှင့် အမောအပန်းတောင်မဖြေနိုင်။ တီဗီရှေ့ထိုင်ပြီး အခွေကို ပြန်ကြည့်တော့တာဖြစ်၏။ တစ်ခန်းချင်း၊ တစ်ကွက်ချင်း သေချာကြည့်သည် ... သူ့ပတ်ဝန်းကျင်ကလူတွေကို။ တွေ့ပါပြီ။ သူ့အနီး၌ မယောင်မလည်ရှိနေတတ်သော ဆံပင်တိုတို၊ အရပ်မြင့်မြင့်နှင့် မိန်းကလေးတစ်ယောက်။

ဖြစ်စဉ်တွေပြောင်းသွားမည်၊ နောက်ခံပတ်ဝန်းကျင်တွေပြောင်းသွားမည်။ အဝတ်အစားတွေပြောင်းသွားမည်။ သူမကတော့ မပြောင်းလဲ။ ဝီရ ... ပုံကို Zoom ဆွဲကြည့်သည်။ သူ့နှုတ်ခမ်း၌ အပြုံးက ပီသစွာပေါ်လာသည်။

"ကိုယ် ... မင်းကိုတွေ့ပြီ"

ဝီရ သဲ့သဲ့လေးရေရွတ်၏။ ကျေနပ်ကြည်နူးစိတ်က တစ်ကိုယ်လုံးဆီသို့ အဟုန်ပြင်းစွာစီးမျောပြီး သူ့ကိုယ်ခန္ဓာတစ်ခုတည်းသို့ ကွက်ပြီး လျှပ်စီးလက်သလို ဝင်းထိန်တောက်ပသွားသလို ခံစားရ၏။

"ကိုယ်ရဲ့ပဟေဠိနတ်သမီးရေ ... ကိုယ်တို့ တွေ့ဖို့အချိန်တန်ပြီ"

ကြိမ်းဝါး၏။ သူ့ကြိမ်းဝါးသံကို မကြားနိုင်သောသူမကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စွာပင်ရှိဆဲ။ သူမအား ဒီလောက်အချိန်လေး၌ မတွေ့နိုင်ဟုထင်တားတာကိုး။

ဒါပေမဲ့ ဒီနေ့တော့ လူးတို့ကားလေး ကျောင်းဝင်းထဲထိုးကွေ့ဝင်တာနှင့် သူ့အားတွေ့ရခြင်းပင်။





"ဟဲ့ ... ဒီနေ့ မင်းသားကြီးရောက်နေပါလား"

"ငါ့ကိုလာစောင့်နေတာနဲ့တူတယ် ... မိပိုင်းရဲ့"

မဖြစ်နိုင်မှန်းသိသိကြီးနှင့် သူမ တောင့်တမိခြင်းပါ။

"စိတ်ကူးတွေသိပ်ယဉ်မနေနဲ့၊ ဟိုတစ်ယောက်ရုပ်ကိုလည်း ကြည့်ဦး ... မျက်နှာသေကြီးနဲ့"

ဟုတ်ပါရဲ့ ...။ လူးချစ်ရသောကောင်ကလေးဟာ ကားဘောနက်ပေါ်၌ ထိုင်နေသည်။ ထုံးစံအတိုင်း မျက်နှာကြောဟာ တစ်စက်ကလေးမှမလျှော့။ မှုန်ကုပ်ကုပ် တည်တင်းတင်းနှင့်။

"ဟဲ့ ... ကားရပ်ဖို့က သူ့ဘေးမှာ တစ်နေရာပဲ လွတ်တာနော်"

မိပိုင်းက သတိပေးသလိုပြောသည်။

"အေး ... အဲဒီနေရာပဲဝင်ရပ်ရမှာ၊ မိန်းမတွေ ... ကို့ခြေမပျက်စေနဲ့နော်"

"အလိုတော် ... အဲဒီစကားကို ကျုပ်တို့က ရှင့်ကိုပြောရမှာပါ ဒေါ်ပျိုရွယ်လူးရဲ့၊ ရှင်သာ ခြေလှမ်းမမှားအောင်သတိထား"

"ရှင့်ရင်ခုန်သံလည်း ထိန်းထား ... တော်ကြာ ဟိုကဘင်ခရာတပ်ကြီး ချီတက်လာပါတယ်ဆိုပြီး လန့်သွားဦးမယ်"

မိပိုင်းနှင့်မိသူဟာ အဲလိုပါပဲ ...။ သူနှင့်ပတ်သက်၍ သူမ ကဲကဲဆတ်ခြင်းတွေကို အခွင့်သင့်တိုင်း နှိပ်ကွပ်နေကျ။ လူးကလည်း ပြောချင်စရာပင်။ သူနှင့်ပတ်သက်တိုင်း ထိန်းချုပ်ဖို့ခက်ခဲသည်မဟုတ်လား ...။ ကိုယ့်ကိုယ်ကိုယ်ထိန်းပြီး ကား



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆင်းတာတောင် အစိုးမရသောစိတ်က သူ့ထံပျံ့လွင့်သွား လိုက်၊ သူမက အတင်းပြန်ခေါ်ယူလိုက်နှင့် လူနဲ့စိတ်နဲ့ မကပ်။

သူ့ကားနားက ဖြတ်ကျော်လာပြီး . . . သူ့အနားမှ ဖြတ် သန်းခိုက်တွင် မွှေးပျံ့ထုံသင်းသော ရနံ့တစ်မျိုးက လေပြည်ထဲ ရောချပါလာသေးသည်။ လူးကလည်း မရမကနမ်းရှိုက်ကာ သူ့ အား ကျောခိုင်းမိစဉ်မှာပင် . . .

"ပျို . . . ရွယ် . . . လူး"

သူမ ဆတ်ခနဲ တောင့်မတ်သွား၏။ အသံက နက် ကျောကျောနှင့်။ ဘုရားရေ . . . ဒါ ဘယ်သူ့အသံပါလိမ့်။ သူ . . . သူ ခေါ်တာများလား။ အတွေးက သူမတစ်ကိုယ်လုံးအား မြွေတစ်ကောင်လို ရစ်ပတ်သွား၏။ ချက်ချင်း အသက်ရှူကျပ် လာကာ အေးစက်လာ၏။ ထိုအခိုက်မှာပင် သူက သူမရှေ့ မှောက်သို့ ရောက်ရှိလာပြီး . . .

"တို့ . . . မမှားပါဘူးနော်၊ မင်းက Broken Family (ပြိုကွဲမိသားစု) သမား၊ ပုံတူဆွဲတော်တယ်၊ လွန်ခဲ့တဲ့သုံးနှစ်က ဆံပင်အရှည်ကြီးပိုင်ဆိုင်တဲ့ မိန်းကလေး . . . ဟုတ်လား . . . အခုတလောမှာတော့ တို့ကိုပျော်စေချင်တဲ့လူ"

**ဝီရသည် သူ့ရှေ့၌ ခြေစုံရပ်ကာ မျက်လွှာချထားသော မိန်းကလေးအား မမိုတ်မသုန်စိုက်ကြည့်နေမိသည်။ သူမရဲ့ ရဲရင့် ခြင်းတွေ ဘယ်ဆီရောက်သွားပါလိမ့်။**

**"ဟော့ . . . စကားမပြောတော့ဘူးလား"**

**သူက လူးမျက်နှာကိုမြင်ရရန် အောက်ကိုငုံ့ပြီး** မေး





သည်။ မိသူက သတိပေးတဲ့အနေဖြင့် လူးရဲ့ခါးကို တံတောင်နှင့် တွက်သည်။ ဒီတော့မှ လူးရဲ့လွင့်ပျံ့နေသောစိတ်တွေ ခန္ဓာ ကိုယ်ဆီ ပြန်ပူးကပ်တော့တာဖြစ်သည်။

"ဘယ်လိုလုပ်ပြီး သိသွားတာလဲ"

လူးလေသံက တိုးတိမ်တိမ်လေး။ မော့ကြည့်တော့ ရွှန်းလဲ့ကြည်လင်သော သူ့မျက်ဝန်းတွေက အားကောင်းစွာ။

"မင်းပဲပြောခဲ့တယ်လေ . . . တို့ရဲ့အရိပ်ဆို၊ အခွေထဲ ပြန်ကြည့်ရင် သိတာပေါ့"

"အဲလောက်မြန်လိမ့်မယ် မထင်ဘူး"

"တို့က နောက်ကျနေပြီထင်တာ"

"အဟင်း . . . ဝီရက တော်သားပဲ၊ မိတ်ဆက်ပေးရဦး မယ် . . ဒါက လူးရဲ့သူငယ်ချင်း . . . သူသူစံတဲ့၊ ဒါက ဝိုင်းဝိုင်း"

"တွေ့ရတာ ဝမ်းသာပါတယ်"

သူ ခေါင်းလေးညွှတ်ပြီးပြောပုံက လူးအတွက် ဘဝင် ခိုက်စရာ။

"လူးသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးပြီးပြီနော် . . . ဝီရသူငယ်ချင်းတွေနဲ့လည်း ပြန်မိတ်ဆက်ပေးရမယ်"

လူးက သူတို့သုံးယောက်ထဲသို့ လေ့လာချင်တာကြာ လှပြီ။ အထူးသဖြင့် သူနှင့်တီတီတာဆက်ဆံရေးကိုလေ။ သူက တော့ တွေဝေနေဟန်ရှိပြီး ပြီးမှ . . .

"နောက် . . . အေးအေးဆေးဆေးမှပေါ့"

ဟု ဆိုလေသည်။ သူ့ပဟေဠိနတ်သမီးသည် ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်များ သူတစ်ယောက်တည်းနှင့် မလုံလောက်ပါလိမ့်ဟု မတွေးချင်။ ရုပ်ချော၊ အပြောကောင်းသော ဉာဏစက်ကွင်းထဲ သူမ ပျော်ဝင်သွားမှာတော့ သူ ...စိုးရိမ်မိသား။

ဒါဟာ မနာလိုဝန်တိုစိတ်များလား ...။

## အခန်း - ၇

"မင်း သတင်းတွေ ငါကြားတယ် ဝီရ ...ဒိုင် လျှို့ထားတာလား ...အချိန်မကျသေးလို့လား"

အမှန်တော့ သူကြားတာမဟုတ်။ တီတာ့ထံမှ တစ်ဆင့် စကားတစ်ဆင့်နားဖြင့် ပြန်ကြားရခြင်းဖြစ်သည်။ ဆေးကျောင်း နှင့် ဒဂုံတက္ကသိုလ်ဆိုတာ အဝေးကြီးကိုပဲ။

"ဝီရက အခုတလော ငါ့တို့မသိတဲ့ သူငယ်ချင်းအသစ် တွေ ရနေတယ်ဉာဏရဲ့၊ ကင်(န်)တင်းမှာ ငါ နှစ်ခါတောင်မြင် ပြီးပြီ"

"နင်ကို မိတ်ဆက်မပေးဘူးလား"

"သူက ငါ့မှမမြင်တာကိုး"

"နင်ကလည်း မြင်အောင်မသွားဘူးမဟုတ်လား"

"မြင်အောင်မသွားတာ မဟုတ်ပါဘူးဟဲ့၊ သူ့မသိစေ ချင်တဲ့ကိစ္စကို မသိချင်ယောင်ဆောင်ပေးလိုက်တာ မကောင်း ဘူးလား"

"အေးပါ ...နင်ပဲ အဲဒီလို ပေါက်တီးပေါက်ရာတွေး



www.burmeseclassic.com

www.burmeseclassic.com



... သိလားတီတာ၊ ဘယ်ကောင်တွေကလည်း ဒီလောက်ပေ တေဂျစ်ကျတဲ့ ဝီရနဲ့ အပေါင်းအသင်းဖြစ်သွားတာပါလိမ့်"

"ဟဲ့ ... အကောင်တွေမဟုတ်ဘူး"

"ကောင်မတွေလား"

သူက နောက်တီးနောက်ရွှတ်မေးလိုက်သည်။ တီတာက တည်ငြိမ်စွာခေါင်းညိတ်လိုက်၏။

"ကောင်မလေးသုံးယောက် ... အဲဒီထဲကတစ်ယောက် က ..."

တီတာက စကားကိုဆက်မပြော။ နှုတ်ဆွံ့နေမိ၏။ မိမိ ပစ်သောဓားသည် မိမိကိုပြန်ခွင်းမှာ စိုးရိမ်ရသေးသည်။

"ဘာဖြစ်လဲ ... အဲဒီတစ်ယောက်က"

"ဩော် ... တော်တော်ချောတယ်လို့ ... ပြီးတော့ ဝီရနဲ့ ပိုခင်သလိုပဲ၊ သူနဲ့ဝီရ စကားပြောတိုင်း ငါတို့တွေ့ရခဲ့တဲ့ အပြုံးမျိုး ဝီရမျက်နှာပေါ်မှာ တွေ့နေရတယ်"

အဲဒီစကားက သူ့ရင်ကို လှိုင်းထစေသည်။ ဝီရဟာ တော်တန်ရုံမိန်းကလေးတွေကို စိတ်ဝင်စားတတ်သူမဟုတ်။ ပြုံး ခဲ့ရယ်ခဲ့တာလည်း သူတို့အသိ။ အခု ဒီတစ်ယောက်နှင့်ကျခါမှ ...။ တီတာပေးသောသတင်းက သိပ်ထူးဆန်းလွန်းသည်။ ထူးဆန်းသည်နှင့်အမျှ ထိုမိန်းကလေးက ဘယ်သူဘယ်ဝါဆိုတာ သူသိချင်လာ၏။ ထို့ကြောင့်ပင် သူဖွင့်မေးရန် ကြံစည်ခြင်းပါ။ တီတာကတော့ မမေးခင်ကတည်းက တုန်လှုပ်ချောက်ချားနေ သော ပုံစံဖြင့် ...





"ငါပြောတယ်လို့ မပြောနဲ့နော် ... ဉာဏ"

ဟုသောစကားကို ထပ်တလဲလဲမှာကြားပြီးမှ မေးခွင့်ရ ခြင်း ဖြစ်သည်။ သူမေးလျှင်မေးချင်းတော့ အင်မတန်တည်ငြိမ်လှ သော ဝီရသည် သူ့အား မျက်လွှာပင့်ကြည့်ကာ ...

"မင်း ဘယ်လိုသိတာလဲ"

"မင်းနဲ့ငါ့ကျောင်းက အဝေးကြီးဆိုပြီး ငါ့ကိုလိမ့်မလို့ လား"

"လိမ့်ရအောင် ငါက မဟုတ်တာလုပ်ထားတဲ့သူမှ မဟုတ်တာ"

"ဒါဆို မင်းမိတ်ဆက်ပေးပေါ့"

"ဟော့ကောင်ဉာဏ ... ဒါ ငါ့ရဲ့ကိစ္စ၊ မင်းထားခဲ့တဲ့ ရည်းစားတိုင်း ငါ့ကိုမိတ်ဆက်ပေးဖို့ မတောင်းဆိုခဲ့ဖူးနော်၊ အဲဒါဘာဖြစ်လို့လဲ သိလား ... ငါနဲ့မဆိုင်ဘူးလို့ သတ်မှတ်ထား လို့ပဲ"

"ငါတို့က ငယ်သူငယ်ချင်းတွေလေ ဝီရ"

"ငယ်သူငယ်ချင်းတွေက တစ်ကဏ္ဍ၊ ကြီးလာလို့မိတ် ဆွေထားတာက တစ်ကဏ္ဍပဲ ... ရောမပစ်နဲ့"

ဉာဏရင်ထဲ ဖျဉ်းစပ်သွားရသည်။ ဝီရစကားတွေက မှန်လွန်းသည်။ မှန်လွန်း၍ သူနာကျင်ထိရှသွားတာလည်း ဖြစ် မည်။ ဒါပေမဲ့ မခံချင်စိတ်က အဲဒီနာကျင်မှုကို ဖုံးလွှမ်းသွားလိုက် ၏။ သူ့ကို ဝီရက ဒီလိုအရာမသွင်းတာ၊ အရေးမလုပ်တာကို သူ အခံရအခက်ဆုံး ဖြစ်သည်။ ဉာဏက ဒင်းမျက်နှာကို စူးစူးရဲရဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ဝီရကလည်း မျက်တောင်မခတ်စတမ်း သူ့အား ပြန်စိုက်ကြည့်၏။

သူတို့နှစ်ယောက်ကြားသို့ တိတ်ဆိတ်ခြင်းက ထုထည်ကြီးမားစွာ လွှမ်းခြုံသွားသည်။ တီတာကတော့ ပွဲကြည့်ပရိသတ်။ အဲဒီအခြေအနေကို စောင့်ကြည့်ရင်း ရင်ထဲတလှပ်လှပ်နှင့် တုန်လှုပ်ချောက်ချားလာသည်။

"ရောမပစ်နဲ့တဲ့ ... ဒါ မင်းက အမိန့်လိုပြောတာပေါ့ ... ဟုတ်လား ဝီရ၊ စိတ်ချ ... ငါကလည်း မင်းမကြိုက်ဘူးဆိုတဲ့အရာကို မျက်စိမှိတ်ပြီးနှစ်ခြိုက်ပစ်ဖို့ ဆုံးဖြတ်ထားပြီးသား၊ မင်းရဲ့မိတ်ဆွေတွေထဲကို ငါ ... တစ်ချက်တည်းဖေ့ပြမယ်၊ ငါ့ဘက်ဒိုက်မလာရင် ကြိုက်သလိုပြော"

ဝီရက နှုတ်ခမ်းကို အပေါ်သို့ကော့တက်အောင် ပြုံးသည်။ သရော်ပြုံး၊ မထီလေးစားအပြုံး ...။

"ကြိုးစားပါ ... ကြိုးစားခွင့်ဆိုတာ လူတိုင်းမှာရှိတာပဲ၊ ဒါပေမဲ့ ဒီတစ်ခါ မင်းတွေ့ရမယ့်သူဟာ တွေ့နေကျသူတွေလို မဟုတ်ဘူးဆိုတာ သဘောပေါက်ထားဉာဏ"

ဝီရဟာ ကြိမ်းမောင်းသလို၊ သတိပေးသလိုပြောရင်း အနားမှ ထွက်သွားပြီး တီတာကတော့ သူ့အား စိုးရိမ်မကင်းမျက်ဝန်းတွေနဲ့ ငေးကြည့်ကာ ...

"သူမိတ်မဆက်ပေးချင်တာပဲ ဉာဏရယ် ... ထားလိုက်ပါ ... သက်သက်မဲ့ ရန်များအောင်"

"အေးလေ ... ငါလည်း အဲဒီမိတ်ဆက်မပေးချင်တာ





ကိုပဲ သဘောမကျတာ၊ ဘာဖြစ်လို့လဲ ... ငါတို့က နူနေဝဲနေလို့လား ... မျက်နှာပန်းမလှလို့လား၊ အဲဒါ လူရာမသွင်းတာတီတာရဲ့၊ ဒါကို ငါတို့ငြိမ်ခံလိုက်မယ်ဆိုရင် ငါတို့ လူရာမဝင်ရာကျသွားမှာပေါ့"

"ဉာဏရယ်"

သူမဟာ အဲဒီလိုပဲ ရေရွတ်နိုင်ပါသည်။ ရင်ထဲမှာလည်း လေးလံသောဝန်ထုပ်ဝန်ပိုးကြီး ဖိစီးထားသည့်နှယ် ချက်ချင်းအသက်ရှုကျပ်သွားရ၏။ ဝီရနှင့်တွဲ၍ တွေ့ဖူးသောတစ်ယောက်သည် အင်မတန်လှပါသည်။ လှတာထက် ဆွဲဆောင်မှုရှိသည်။ ညှို့အားပြင်းသည်။

တီတာက အဲဒီလိုအလှမျိုးတော့ မဟုတ်ပါ။ သူမ အသားအရေသည် ဖြူဝင်း၏။ မျက်လုံးပေါက်မှေးကျဉ်းလေးတွေက ရယ်လိုက်တိုင်း ပိတ်ကျသွားလေ့ရှိသည်။ နှာတံလည်း သိပ်အပေါ်လွင်ကြီးမဟုတ်။ ဒါပေမဲ့ သူမမှာ လှပသောနှုတ်ခမ်းလေးတစ်စုံတော့ ရှိပါသည်။ အပေါ်နှုတ်ခမ်းလေးသည် ဗွီအချိုင့်ရာလေးထင်းနေပြီး အောက်နှုတ်ခမ်းလေးက ထူထူတွဲလေးဖြစ်သည်။

တီတာက အရပ်လည်း သိပ်အမြင့်စားကြီးမဟုတ်၊ ကိုယ်လုံးကလည်း ခပ်သွယ်သွယ်။ ထူးမခြားနားသော မိန်းကလေးတစ်ယောက်မို့ ဉာဏစိတ်ဝင်စားခြင်း မခံရတာဖြစ်မည်ဟု တွေးမိသေးသည်။ မိန်းကလေးတစ်ယောက်ရဲ့ သည်းခြေပျက်အတွေးပေါ့လေ။ ထိုအခါမျိုး၌ ရွက်ကြမ်းရေကျိုမွေးပေးခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



အမေနှင့်အဖေ့အား အပြစ်တင်ရတော့မလိုလို။

''ကဲပါ ... နင် ကြားထဲက ဘာမှစိုးရိမ်မနေပါနဲ့၊ ဒီကောင် အဖက်မတန်သလိုလုပ်တာ ငြိမ်ခံမနေဘူး၊ စိတ်ချ ... သူ့ရဲ့အဖိုးတန်မျိုးမှန်လေးတွေ ငါ့ဘက်ပါလာအောင် ငါဆွဲပြမယ်''

ဟု ကြုံးဝါးမိသည်၊ တီတာကတော့ ဉာဏရဲ့အစွမ်းအစကို ယုံကြည်ပါသည်။ ဘယ်လောက်ပင် အသိဉာဏ်နှင့်ထိန်းချုပ်ထားသောမိန်းမဖြစ်စေ ... ဉာဏရဲ့ညှို့ချက်ထဲ အငိုက်မိသွားတာချည်းပင်။ ဒါဟာ ... သူမမျက်မြင်ကိုယ်တွေ့။ တီတာကိုယ်တိုင်ရော ကြည့်ပါလား ...။ ဉာဏအကြောင်း၊ ဉာဏစိတ်ဓာတ်တွေ သိသိကြီးနှင့်ကို တွယ်တာချင်တဲ့စိတ်က အညွန့်ချိုးလို့မရတာ ... တစ်စထက်တစ်စပဲ ကြီးထွားရှင်သန်လာခဲ့တာ။

ဉာဏကတော့ သူ့စကားအတိုင်းပင် ... တစ်နေ့ ဝီရတို့အဖွဲ့ ကင်(န်)တင်းထိုင်နေတုန်းအချိန်မှာပင် ဆိုက်မြိုက်စွာ ရောက်ရှိလာခဲ့၏။

''တီတာ ... ငါတို့လည်း ကင်(န်)တင်းသွားရအောင်''

''ဖြစ်ပါ့မလား ဉာဏရယ် ... ဝီရက နဂိုကတည်းက ဒေါသခပ်ကြီးကြီးရယ်''

''လာစမ်းပါ ... မဖြစ်သေးတာကို တွေးပူမနေနဲ့ ... အဲဒါ အသက်တိုတတ်တယ်၊ နင်အသက်တိုရင် ငါ့ကိုကူညီမယ့်လူ မရှိ,ဖြစ်သွားဦးမယ်''

ဉာဏက သူမကို လက်ကလည်းဆွဲခေါ်၊ ပါးစပ်က





လည်း တတွတ်တွတ်ပြောရင်း ကင်(န်)တင်းရှိရာသို့ ခေါ်လာခဲ့၏။ တွေ့ပါပြီ ...။ အဝေးကြီးကတည်းက ဝီရမျက်နှာသည် သူတို့တစ်ခါမှမကြုံဖူးသော နူးညံ့ပျော့ပျောင်းမှုတစ်ခု အရိပ်ထင်လျက်။ သူ့ဘေးကတစ်ယောက် ... အနက်ရောင်လက်ရှည်ကိုယ်ကျပ်ပေါ်မှာ အစိမ်းရောင်ဒူးဖုံးဂါဝန်နှင့်၊ အသားကပ်ဘောင်းဘီ၊ အနက်ရောင်ဆံပင်တိုတိုတွေဟာ ဂျယ်(လ်)အစွမ်းကြောင့် တောက်ပစိုလွင်နေသည့် မိန်းကလေး။

''ဟ ... စတိုင်က မြူးလှချည်လား၊ ဝီရကို အရွဲ့တိုက်ချင်တာမဟုတ်ဘဲ ငါ့ပင်ကိုစိတ်ရင်းနဲ့ကို ဝင်လုံးချင်ပြီတီတာရေ၊ နင့်တာဝန်က ထုံးစံအတိုင်း သူ့ရဲ့ Biography ကိုယ်ရေးရာဇဝင် ရှာခဲ့လေ''

တီတာ ဘာမှမတုံ့ပြန်နိုင်။ ဉာဏက သူစိမ်းမိန်းကလေးတစ်ယောက်အပေါ် အဲဒီလိုခံစားသွားတိုင်း သူမနှလုံးသားက ဆူးတစ်ချောင်းစိုက်ဝင်ခံရသလိုပင် ရင်ထဲအောင့်မျက်နာကျင်လျက်။ ဉာဏကဖြင့် သူမဖြစ်အင်ကို ဂရုပင်မထား။ ဇော်သန်သောခြေလှမ်းလုံးကြီးတွေဖြင့် ကင်(န်)တင်းထဲဝင်ရောက်သွားလေပြီ၊ ဒီတော့ သူမမှာ အမီလိုက်ရတော့တာပေါ့။

''ဝီရ''

နောက်ပါးက ပခုံးအပုတ်ခံရသည်။ မော့ကြည့်လိုက်တော့ မချိမချဉ်မျက်နှာပေးနှင့် ဉာဏ။ သူ့နောက်ပါးမှ တစ်စုံတစ်ရာကို စိုးရိမ်နေပုံရသော တီတာ။ ဝီရက တီတာ့ပုံစံကို ကြည့်ပြီး သနားသွားသည်။ ဉာဏကြောင့် စိတ်အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွား၏။ ထိုအခိုက်မှာပင် ...

"ဝီရသူငယ်ချင်းတွေနဲ့ အခုမှပဲ တွေ့ရတော့တယ် ... ဒါက တီတီတာမဟုတ်လား"

လူးက ချစ်စဖွယ်လေးမျက်နှာနှင့် တီတာ့အား စတင်မိတ်ဆက်၏။ ထိုအခါ လူသွက်ကလည်း ဒီအတိုင်းငြိမ်မနေပါ။

"ကျွန်တော်က ဉာဏပါ၊ ဆေးတက္ကသိုလ် ဒုတိယနှစ်ကျောင်းသားပါ၊ ဒီက ..."

"ဩော် ... လူးက ပျိုရွယ်လူးပါ၊ ဒါက လူးသူငယ်ချင်း သူသူစံနဲ့ ဝိုင်းဝိုင်းပါ"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ဉာဏက လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးသည်။ မိဝိုင်းတို့က ဟန်မပျက်နှုတ်ဆက်၏။ လူးအလှည့်ကိုရောက်သောအခါ လက်ကို ချင်းချင်းပြန်မလွှတ်ပေးဘဲ ...

"ပျိုရွယ်လူးက တကယ့်မိန်းမချောစာရင်းဝင်တာပဲ"

"Than You ဉာဏ"

"ကျေးဇူးတင်စရာမလိုပါဘူး ... တကယ့်ရှိရင်းစွဲအလှကို ပြောတာလေ၊ အကူအညီလိုရင် ကျွန်တော့်ကို ဘယ်ကိစ္စမဆို ပြောပါ ... ကျွန်တော်က မိန်းမလှလေးတွေကိုကူညီတဲ့နေရာမှာ အင်မတန်ဝါသနာထုံတာဗျ"

လက်ကို မလွှတ်တမ်းဆွဲထားရာမှ ပြောသည်။ ဝီရ မျက်နှာ လှမ်းအကဲခတ်တော့ တိမ်မည်းတွေလို ပုပ်ခဲနေပြီ။ လူးကတော့ သူ့အပြောကို သဘောကျဟန်တူသည်။ တခစ်ခစ်





ရယ်မောရင်းက ...

"အဲဒီလိုကူညီတတ်လို့နဲ့ တူတယ်နော်၊ ဉာဏသတင်းတွေကို ကြားပါတယ် ... အလှပဂေးတွေနဲ့ တွဲတဲ့အကြောင်းလေ"

"ကျွန်တော်တွဲခဲ့တဲ့အလှပဂေးဆိုတာ ပျိုရွယ်လူးနဲ့ယှဉ်ရင် တကယ်သေးငယ်တဲ့အမှုန်အမွှားပါ"

"အဟား ... ဉာဏတို့ အပြောကောင်းတယ်ဆို ယုံလိုက်ပြီ"

"အပြောကောင်းတာမဟုတ်ပါဘူး ... အကောင်းပြောတာပါ"

ဝီရ မြင်ပြင်းကတ်လှပြီ။ မျက်လုံးတွေက ညိုရီရိပ်သမ်းနေကာ နှုတ်ခမ်းတွေကလည်း သကာရည်လောင်းထားတဲ့အတိုင်း ပြုံးလို့။ ရုပ်ကိုက ကြာရုပ်။ လျှာအရိုးမရှိတိုင်း ဒင်းက ပေါက်ပန်းလေးဆယ်တွေ ပြောသည်။ လက်ကိုလည်း မလွှတ်သေး။ ထို့ကြောင့် သူက ခုံအောက်ခြေမှနေ၍ ဒီကောင့်ညို့သကျည်းအား ခပ်ဆတ်ဆတ်လေး ပိတ်ကန်ပစ်၏။

"အ"

"ဟယ် ဉာဏ ... ဘာဖြစ်တာလဲ"

တီတာရဲ့စိုးရိမ်တကြီးမေးသံက အရင်ဆုံး ထွက်ပေါ်လာ၏။ ဉာဏသည် နာကျင်သောဒဏ်ကြောင့် ယမ်းယောင်ပြီး လူးရဲ့လက်ကို လွှတ်ရင်း ...

"ပုရွက်ဆိတ်ကိုက်တာဟ၊ အဲဒီလိုပဲ ပျိုရွယ်လူးရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စိတ်ထားကောင်းတော့ အသားကချိုတယ်လေ ... ပုရွက်ဆိတ်တွေ, ခြင်တွေက သိပ်သဘောကျတာ၊ ကျွန်တော်က သူတို့ကိုက်ရင် မသတ်ဘူး ... ကိုက်ပါစေဆိုပြီး သွေးဒါနပြုထားတာ''

''အဟင်း .. ဉာဏတို့ကတော့လေ စကားအသုံးအနှုန်းကြွယ်ပ့ါ၊ စိတ်ထားကောင်းရင် အသားကချိုသတဲ့ ... အဲဒါတကယ်အဟုတ်လား''

''အဲဒီလိုပဲပေ့ါ ... ကိုယ့်ဘက်ကိုယ်ယက်တဲ့ ပေါက်တူးလေ''

ဉာဏအရွှန်းဖောက်မှုနောက်သို့ ရယ်သံတွေ တသောသော လိုက်ပါသွား၏။ ထိုရယ်သံများထဲတွင် ဝီရနှင့် တီတီတာ့အသံ မပါ။ တစ်ဦးက နာကျင်ခံခက် အမျက်ထွက်စွာ၊ ကျန်တစ်ဦးက ဝမ်းနည်းကြေကွဲအားငယ်စွာနှင့် ...။

ဘာပဲပြောပြော ... ထိုနေ့က ဉာဏ သရဖူဆောင်းသည်။ သူနှင့် ပျိုရွယ်လူး ခင်မင်သွားခဲ့တာကိုး ...။

------------ ။

''ဘယ်သူနဲ့လဲ ... ဘယ်တော့လဲ ... မေမေ''

လူးရဲ့မေးသံက အလံန့်တကြား။ တစ်ယောက်က အချက်အပြုတ်တာဝန်ယူ၊ ကျန်တစ်ယောက်က အိမ်သန့်ရှင်းရေးကာဝန်ယူထားသော မိဝိုင်းနှင့်မိသူပါ စိတ်ဝင်တစားဖြစ်သွားရသည်။

''မေမေကလည်း ... ဆိုင်းမဆင့်ဗုံမဆင့်''

''အလိုတော် ... ဒီကိစ္စက ဆိုင်းဗုံဆင့်စရာလား''

''ဖေဖေရော သိပြီးပြီလား''

''သမီးမိန်းကလေးမွေးကတည်းက ဒီကိစ္စက အမေကပဲ စီစဉ်ရမှာ၊ ဒါပေမဲ့ မေမေ့က သင့်တော်တယ်ထင်လို့ ပြမှာနော် ... သမီးစိတ်တိုင်းကျမှ ရွေးချယ်ပါ၊ မေမေ့စကားပဲ နားထောင်ရမယ်လို့ မဆိုလိုဘူး၊ သမီးကိုလည်း မေမေမေးချင်တယ် ... သမီးမှာ ချစ်သူတွေဘာတွေ ရှိနေပြီလား''

မေမေ့အမေးက သူမကို နှုတ်ဆွံ့စေသည်။ အာရုံ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရသူကို ဖျတ်ခနဲမြင်ယောင်သည်။ ဒါပေမဲ့ လူးက မိန်းမသား။ မိန်းမသားဆိုတာ ဟိုးကမ္ဘာဦးစကတည်းက ရင်ဖွင့်ခွင့်မရှိတဲ့သူ။ သူတစ်ပါးရင်ဖွင့်တာကိုပဲ မျှော်လင့်ခွင့်ရှိသူ။ သူကရော လူးကို ရင်ဖွင့်ပါမည်လား။ အခုချိန်အထိ လူး အကဲခတ်မရသေး။ သူ့ ငယ်ချင်းထက်ပိုသော နှောင်ကြိုးတစ်ခုတော့ လူးလှမ်းမြင်ရပါ သည်။ ဒါပေမဲ့ နှလုံးသားကို အတည်ပြုချက်မှ မရသေးတာ။

"အင်း ... ဒီမေးခွန်းက လူးဖြေဖို့ စောပါသေးတယ် မေမေ၊ မေမေပြန်လာခဲ့လေ ... မေမေနဲ့လူး တွေ့ချင်တယ်၊ မေမေတွေ့ချင်တဲ့လူနဲ့လည်း လူးတွေ့မယ် ... အဲဒီအခါကျရင် မေမေ့မေးခွန်းကို လူးဖြေလို့ရရင်လည်းရမှာ"

"OK သမီး ... မေမေက ဘာကိုမှ အတင်းအကျပ် မတိုက်တွန်းဘူး ... သမီးသဘောကျပဲ၊ လောကမှာ အချစ်ဆို တာ တန်ခိုးအကြီးဆုံးနတ်ဘုရားတစ်ပါးပဲ၊ အဲဒီအချစ်ဆိုတာ ရှိနှင့်ပြီးရင် မေမေ့ကို ဘာမှအားနာစရာမလိုဘူးနော် ... ကြား လား သမီး"

"ဟုတ်ကဲ့ မေမေ"

မေမေဖုန်းချပြီးသောအခါ နဂိုကတည်းက စပ်စုချင် သော မိပိုင်းတို့နှစ်ယောက် သူမအနား ဇွေ့ခနဲရောက်လာသည်။

"ဟဲ့ ... ဘာတဲ့လဲ 'နှင့်အမေက"

"ယောက်ျားပေးစားမလို့တဲ့"

သူမရဲ့အဖြေစကားကြောင့် သူငယ်ချင်းနှစ်ယောက်စလုံး မျက်ဖြူဆိုက်သွားရသည်။





"ယောက်ျားပေးစားမလို့"

နှစ်ယောက်သံပြိုင်မေးသည်။

"အေး ... ဟုတ်တယ်"

"ဟဲ့ ... ဘယ်သူလဲ ... ဘယ်ကလဲ"

လူးက ပခုံးကို ဟန်ပါပါတွန့်ပြရင်း ...

"အဲဒါတော့ ငါလည်းမသိဘူးလေ၊ မေမေလာမှ တွေ့ရ မှာ"

"ဝီရကို နင် ဘယ်လိုလုပ်မှာလဲ"

မိသူက မေးသည်။

"ဝီရက ငါ့နှလုံးသားထဲက အမြုတေ"

"အေးလေ ... အခု နင့်အမေက ..."

"ဟင့်အင်း ... မေမေက ငါ့ကို လွတ်လပ်စွာရွေးချယ် ခွင့် ပေးထားတယ်၊ အဲဒါတွေက သိပ်ပြီး ဦးနှောက်မစားပါဘူး"

"ဘာက,စားလဲ"

"ဝီရပေါ့"

"ငါကတော့ ဝီရထက် ဉာဏကို ပိုသဘောကျတယ် မိလူး၊ အပြောချိုတယ်၊ ရုပ်ကချောတယ်၊ ဆက်ဆံရေးကောင်း တယ်၊ ပြီးတော့ဆေးကျောင်းသား ...ဟီဟိ ... ငါသာဆို ကိုယ့်အပေါ်ညွတ်နေတဲ့ ဉာဏကိုရွေးမှာပဲ"

"ဟုတ်တယ်ဟဲ့ ... မိပိုင်းပြောတာ မှန်တယ်၊ ဉာဏက တော့ အပြစ်ပြောစရာမရှိဘူး၊ တစ်ခုပဲ ... သူက နည်းနည်းပွေ ချင်တယ် ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



''ငါက စိတ်မဝင်စားပါဘူး''

လူးက ပြတ်ပြတ်ပင်ဆို၏။

''ငါက အပေါ်ယံလှာကို ခံစားတာမဟုတ်ဘူး၊ ဝီရက ဟိုးအရင်ကတည်းက ငါ့နှလုံးသားထဲကို အမြစ်တွယ်ပြီးသား . . . သူ့နေရာကို တခြားဘယ်သူမှ အစားမထိုးနိုင်ဘူး''

''နင့်ဝီရက အခုအထိ မတုန်မလှုပ်ကျောက်ရုပ်၊ နင်ပြောသမျှ နားထောင်မယ်, ခေါင်းညိတ်မယ်, ကြိုးစားပြုံးမယ် . . . ဒါပဲ၊ ပထမတော့ ဝီရက ဟုတ်သလိုလိုနဲ့ . . . ဉာဏနဲ့လည်း ယှဉ်ရော ပျင်းစရာကြီးဖြစ်သွားရော''

''ငါ့အတွက်တော့ သူက ဘယ်တော့မှမရိုးတဲ့ လူငယ်လေးဟဲ့''

လူးသည် ထိုစကားကို ကြည်နူးနှစ်သိမ့်စွာဆိုမိလေသည်။ နေ့တွေ ညတွေ အချိန်တွေ ရာစုနှစ်တွေ ဘယ်လောက်ပြောင်းပါစေ . . . သူ့အပေါ်ထားရှိသော လူးရဲ့ချစ်ခြင်းမေတ္တာက ဘယ်အခါမှပြောင်းမည်မဟုတ်။ လူးရဲ့အချစ်က နူးညံ့သိမ်မွေ့သလောက် ထုထည်ကြီးမားလွန်းလှသည်။

❦ ❦ ❦

**အခန်း - ၈**

''ငါ့ကို လူးနဲ့အောင်သွယ်ပေး . . . တီတာ''

ထူးပြီး မအံ့သြတော့ပါ။ ဒီစကားဟာ တစ်နေ့မဟုတ်တစ်နေ့ ကြားရမည်ဆိုတာ သူမ သိပြီးသားပင်။ တစ်ခုပဲရှိသည်။ အံ့သြခြင်းနေရာ၌ ဝမ်းနည်းကြေကွဲခြင်းနှင့်အတူ အားငယ်စိတ်တွေ ဝင်လာခြင်းပင်။ ဉာဏရင်ဘတ်ထဲရှိ တစ်နေရာလေးမျှတောင် သူမ မရရှိဘူးတဲ့လား . . .။

''တီတာ . . . ငါပြောတာကြားရဲ့လား''

''အင်း . . . ကြားပါတယ်''

''ကြားရင် လှုပ်ရှားတော့လေဟာ၊ နင် ဘာတွေစဉ်းစားပြီး တွေဝေနေတာလဲ . . . ဝီရလား''

ချော်လည်းရောထိုင်လေ . . .။ ခေါင်းညိတ်ပြမိသည်။ ကိုယ့်အတွေးထဲ ဝီရမပါဘူးဆိုတာ ကိုယ်သာအသိဆုံး။

''အလကားပါဟာ . . . နင် ဒီကောင့်ကို ခေါင်းထဲထည့်မနေနဲ့''

ပြောရင်းက ဉာဏက မြေပြင်ကို ခြေထောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ထောက်ကန်ပြီး ဒါန်းကိုအရှိန်နှင့်လွှတ်လိုက်၏။ ဝုန်းခနဲ ထိုးတက်သွားသော ဒန်းအရှိန်ကြောင့် တီတာက ကိုးယိုးကားယား။ ဒါကိုပဲ ဉာဏကြည့်ရင်း တဟားဟားအော်ရယ်သည်။

"နင်ကလည်း အသည်းငယ်လိုက်တာဟာ"

"ဉာဏ"

"ဟင် ... ပြော"

"နင် ရည်းစားတွေ အများကြီးထားတယ်နော်"

"သိပြီးသားတွေ ထပ်မေးပြန်ပြီ"

"အဲဒီအထဲက တကယ့်လက်တွဲဖော်အဖြစ် နင် ဘယ်သူ့ကိုမှ မရွေးသေးဘူးနော်"

"အပျော်ပါဆိုပြီး တွဲထားတာလေ၊ အတည်ကြံဖို့အထိ ငါ စိတ်အပြောင်းအလဲမမြန်သေးဘူး"

အပြောကတော့ ရွှေမန်းပဲ။ မသိတဲ့လူများကြားလျှင်တော့ စိတ်ခတ်နိုင်ကျည်တဲ့လူအဖြစ် ကြည်ညိုသွားနိုင်၏။

"ဒါဆို နင်ရဲ့အတည်က ဘယ်မှာလဲ"

တီတာက နောက်ဆုံး မြက်တစ်ပင်ကိုဖြစ်ဖြစ် ဖမ်းဆွဲထားတဲ့ ရေနစ်သူလို။ မျှော်လင့်ခြင်းဇာပဝါပါးကို အရအမိ ဖမ်းဆွဲထား၏။

"ငါ့ဘဝကို ဘယ်လောက်ထိ မြေတောင်မြှောက်ပေးနိုင်မလဲ ... အဲဒါနဲ့ ငါဆုံးဖြတ်မှာ၊ ငါရှုံးခဲ့ရတာတွေ အများကြီး တီတာ၊ အဲဒီလိုပဲ လောကကြီးမှာ ငါအနိုင်လိုချင်တဲ့လူတွေလည်း အများကြီး၊ အဲဒါတွေကိုပြန်ရဖို့ ငါ့ဘဝနဲ့လဲလှယ်မှာ၊





ကဲပါ ... နင်ကမေး ငါကဖြေနဲ့ မပြီးတော့ဘူး၊ ပျို့ရွယ်လူးနဲ့သာ အောင်သွယ်ပေးစမ်းပါ ... သူနဲ့ ဇာတ်လမ်းဖြစ်သွားတဲ့အခါ နင့်ကျေးဇူး ငါမမေ့ပါဘူး"

"နင် ... သူ့ကို တကယ်ချစ်လို့လား ... ဒါမှမဟုတ် အပျော်သဘောလားဉာဏ"

ဉာဏ နှုတ်ခမ်းတစ်ဖက်ကိုမဲ့ချသည်။ ဒါပေမဲ့ ရုပ်ဆိုးမသွား ... ကြည့်ကောင်းဆဲဖြစ်၏။

"နင်မေးတာ တစ်ခုမှမဟုတ်ဘူး၊ ငါ သူ့ကိုလိုက်မှာ အနိုင်လိုချင်လို့"

"အနိုင်"

"right ... သူ့ကို လက်တွဲပြီး အနိုင်ရတဲ့အပြုံးနဲ့ မော်ကြွားချင်လို့ ... လုပ်စမ်းပါ သူငယ်ချင်းလေးရယ်"

"ငါတို့သုံးယောက်ကြားမှာ စိတ်ဝမ်းကွဲစရာတွေများ ဖြစ်ကုန်မလားဉာဏရယ်"

"ငါ့ကိုကြည့်စမ်း ... တီတာ"

ဉာဏက သူမလက်ဖဝါးကို ဆွဲယူပြီးပြောတော့ သူမရင်ထဲ ရှိန်းခနဲ။

"နင် ဒါမျိုးတွေဖန်တီးတတ်ပါတယ်ဟ ... အဲလို အောင်သွယ်လုပ်ပေးတဲ့သူက နောင်ဘဝကျရင် အလိုရှိရာချစ်ခြင်းတွေနဲ့ မကြောင့်မကြ နေရမယ်၊ ပြီးတော့ ဒီဘဝမှာလည်း ငါက အခုရှိရင်းစွဲအချစ်တွေထက် ပိုချစ်ဦးမှာ"

ရင်တစ်ခွင်လုံး ဟာခနဲပွင့်ထွက်သွားသည်။ သူ့အကြည့်



www.burmeseclassic.com

www.burmeseclassic.com



စိုလဲ့လဲ့ အပြုံးရွှန်းရွှန်းစားတွေကို သူမ မကြည့်ရဲတော့။ တီတာက ချက်ချင်းခေါင်းငုံ့လိုက်ရပြီး ...

"ငါ ... ကြိုးစားကြည့်မယ်လေ"

"အေး ... ဒီလိုမှ ငါရဲ့တီတာကွ"

ဒီလိုနှင့်ပဲ တီတာဟာ ပျို့ရွှယ်လူးထံ ချဉ်းကပ်ရတော့သည်။ တခြားမိန်းကလေးတွေက ပြဿနာမရှိပေမယ့် ဝီရနှင့် ပတ်သက်သော သူမကိုတော့ တီတာ အနည်းငယ်ရှိန်ရပါသည်။ ဒါပေမဲ့ ငြင်းမရ။ ဉာဏမျက်နှာ မညိုဖို့အရေးကြီးသည်လေ။

"နင် ရအောင်ခေါ်နော် တီတာ ... ငါ ဒီနေ့ အတန်းဖျက်လာရတာ"

ဉာဏက လမ်းတစ်လျှောက် ဒီဝါကျကိုပဲ တတွတ်တွတ်။ ဒီနေ့အစီအစဉ်မှာ ဉာဏက ဒါရိုက်တာ။ ပျို့ရွှယ်လူးအား ရုပ်ရှင်ကြည့်ရန်အတွက် ခေါ်ထုတ်ဖို့ဖြစ်သည်။

"အေးပါဟယ် ... ငါသိပါတယ်"

"ဝီရက နေ့တစ်ဝက်မှ ကျောင်းလာမှာ၊ သူ့ကားကို ဆေးပြန်မှုတ်မလို့တဲ့၊ အဲဒါကြောင့် သူ့မရှိခင် အချိန်အတွင်းမှာ ငါတို့အစီအစဉ် အောင်မြင်မှုဖြစ်မှာဟဲ့၊ သူနဲ့တွဲနေကျ နှစ်ယောက်ပါရင်လည်း နင် ရအောင် ပ,ထုတ်ခဲ့နော်"

"အေးပါ"

သူမမှာ ခေါင်းညိတ်အမိန့်နာခံလွန်းလှ၍ ပုတ်သင်ညိုအဖြစ် ဘဝပြောင်းချင်လှလှ။ ကံကောင်းချင်တော့ ပျို့ရွှယ်လူး အနား၌ ရှိနေကျနှစ်ယောက် မရှိ။ အတန်းဆင်းချိန်နှင့်လည်း





ကွက်တိ။

"အံ့ယ် ... ဉာဏနဲ့တီတာ ... ဘယ်ကနေ မျက်စိလည် လမ်းမှားလာတာလဲ"

"အဟင်း ... ပျို့ရွှယ်လူးဆီ မျက်စိလည်ပြီးမှ ရောက်လာမယ့်လူလို့ ထင်ထားလို့လား ... တမင်တကာကို လာတာ"

ဉာဏတို့က ရောက်ရောက်ချင်း အဲလိုတစ်ဂိုးပစ်သွင်းလိုက်တာ။

"တမင်လာတာ ... ဝီရလည်းမပါ,ပါလား ... သွားခေါ်ကြမယ်လေ၊ လူးတောင် ဒီနေ့ ဟိုနှစ်ကောင်က အတန်းမတက်တော့ ဝီရကိုအဖော်လုပ်ပြီး ကင်း(န်)တင်းသွားမယ်လို့ စဉ်းစားထားတာ"

လူးက စိတ်ထဲရှိတဲ့အတိုင်း ပြောချပစ်တာပင်။ တကယ်တော့ ဝီရနှင့်လူးတို့အကြား ခင်မင်မှုက အကန့်လေး ခြားထားသလိုရှိဆဲ။ သူ့အတန်းကို လူးက သွားမခေါ်သလို သူကလည်း လူးတို့ရှိရာဘက်သို့ ယောင်လို့ပင် ခြေဦးမလှည့်။ ဒါပေမဲ့ လူးတို့ကြားထဲ သင်္ကေတလေးတော့ရှိသည်။ အဲဒါက သူသည် ထိုင်နေကျကင်း(န်)တင်းမှာထိုင်ပြီး လူးတို့ကလည်း ထိုကင်း(န်)တင်းသို့ အရောက်သွားလေ့ရှိခြင်းပင်။

ဒီနေ့တော့ ဟိုမိန်းမနှစ်ယောက်က မဟာအကြံအစည်နှင့် အခါတော်ပေးလိုက်ခြင်းဖြစ်သည်။

"နင် ဒီနေ့ ဝီရကိုသွားခေါ်နော်၊ ငါတို့မရှိလို့ဆိုပြီး တစ်နေရာရာကို သွားဖို့အဖော်ဆွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှော့ပင်(န်) ထွက်လိုက်၊ သူ အမြဲအသုံးဝင်မယ့် ပစ္စည်းတစ်ခုခု လက်ဆောင်ဝယ်ပေးလိုက်"

ဟု အမှာစကားရှိခဲ့သည်။ လူးကလည်း ထိုအတိုင်းလုပ်ရန်ပင်။ သို့ပေမယ့်ပေါ့လေ ...

"ဝိရက ဒီမနက် အတန်းဖျက်ထားတယ် ပျို့ရွှယ်လူးရဲ့"

"မဟုတ်ပါဘူးဗျာ ... သူ့ကားကို ဆေးရောင်ပြောင်းမှတ်မလို့ ... သွားလေရဲ့"

လူးသည် အခုမှ စိုးရိမ်စိတ်က ပြန်ပြုတ်ကျသွား၏။ အံ့သြဖို့ကောင်းလေစွ ...။ အချစ်ဆိုတာ စိုးရိမ်ပူပင်ခြင်းကိုလည်း ဖြစ်ပွားစေတတ်သေးတာပင်။

"အဲဒါ ပျို့ရွှယ်လူးကို လာခေါ်တာ၊ ရှပ်ရှင်သွားကြည့်ကြမလို့လေ၊ အခါတိုင်းဆို ဝီရပါနေကျ၊ အခု ဝီရ မရှိလည်း ပျို့ရွှယ်လူးတို့သုံးယောက်နဲ့ သွားမယ်လို့ စဉ်းစားထားတာ ... ဒီရောက်တော့လည်း ပျို့ရွှယ်လူးက တစ်ယောက်တည်း"

"အင်း ... ဟုတ်တယ်"

"အဲဒါဆိုလည်း မထူးပါဘူး ... ဒီသုံးယောက်ပဲ သွားကြည့်ကြတာပေါ့"

ဉာဏက ခပ်သွက်သွက် လောဆော်သည်။ ရှပ်ရှင်ရုံထဲကျ တီတာ့ကို ပထုတ်ရန်လွယ်ကူသွားလေပြီ။ တီတာဆိုတာ သူ့လက်ခုပ်ထဲကရေ၊ သွန်လိုသွန်၊ မှောက်လိုမှောက် ကျရာနေရာမှ စီးဆင်းသွားမည်လေ။





"ရှပ်ရှင်ဆိုရင်တော့ လူး ... အချိန်မရဘူး၊ နောက်တစ်ချိန်က မေဂျာချိန် ... အရေးကြီးတယ်၊ အဲဒါ ပြန်တက်ရမှာ"

လူးရဲ့အငြင်းစကားကြောင့် ဉာဏမျက်နှာ ကွက်ခနဲ။ သူ့ဘဝမှာ အဲလိုငြင်းဆန်ခဲ့ဖူးတာ မရှိခဲ့။ ဉာဏ ဆိုခဲမြဲစေချည်း။ အခု ဒီတစ်ယောက်ကျမှ ...။ တီတာကတော့ ဘာဆက်လုပ်ရမှန်းမသိ ... ကြောင်အမ်းအမ်းမျက်နှာနှင့် ဉာဏကိုသာ မလွတ်တမ်း အကဲခတ်လျက်ရှိပါသည်။ သူမနှင့်ဉာဏ ... ပျို့ရွှယ်လူးအား အပိုင်တွက်ထားခဲ့တာကို။

"အဲဒါဆိုလည်း ကင်း(န်)တင်းပဲ ထိုင်ကြတာပေါ့၊ ဒီနေ့ကိုယ်အတန်းဖျက်လာတာပဲ အဖတ်တင်တာပေါ့"

"အဟင်း ... ဟုတ်ပါရဲ့နော် .. ဉာဏကို အားနာစရာကြီး၊ အဝေးကြီးကတောင် လာရတာ"

"ဒါဆို ကင်း(န်)တင်းမှာ လိုက်ညှော်ခံပေါ့"

"အို ... ဒီလောက်တော့ ဖြစ်ပါတယ် ဉာဏရဲ့ ... လာလေ"

လူးက ဦးဆောင်၍ ကင်း(န်)တင်းဆီ ခြေလှမ်းသည်။

"တို့မလိုက်တော့ဘူး ပျို့ရွှယ်လူး၊ ဉာဏရေ ... နင်ဖြစ်တယ်မလား ... ငါ အရေးတကြီးကိစ္စလေး ပေါ်လာလို့"

"ဟင် ... တီတာကလည်း"

"ထားလိုက် ပျို့ရွှယ်လူး ... တီတာက အမြဲဒီလိုချည်းပဲ၊ လောကမှာ သူ့လောက်အလုပ်များတဲ့လူ မရှိတော့ဘူး၊ ကြွကြွ



www.burmeseclassic.com

www.burmeseclassic.com



. . . တီတာရေ"

ဉာဏက ပိတ်ပြောပစ်သည်။ ဒါမှ သူနှင့်လူး လွတ်လပ်စွာ တွေ့ရမည်လေ။ လူးကို သူပြောချင်ရာစကားတွေ ပြောခွင့်ရမည်လေ။

"ဉာဏ . . . ကြိုက်တာမှာနော် . . . လူးကျွေးမယ်"

"လူးလည်း ကိုယ့်ကျောင်းကို အလည်လာလေ၊ အဲဒီအခါကျရင် ကိုယ်ပြန်ကျွေးမယ် . . . တစ်လှည့်စီပေါ့"

"အင်း . . . ဉာဏကျွေးတာကို စားချင်တာနဲ့ပဲ ဉာဏတို့ကျောင်းကို လာလည်ရတော့မယ်နဲ့တူတယ်၊ လူးက အစားအသောက် သိပ်မက်တာလေ . . . အဟင်း"

လူးစကားဆုံးသွားပေမယ့် ဉာဏအကြည့်က ဆုံးခန်းတိုင်ခြင်း မရှိ။ လူးအား ထွင်းဖောက်မတတ် စိုက်ကြည့်နေပြီးမှ . . .

"ပျို့ရွယ်လူးလည်း Broken family (ပြိုကွဲမိသားစု) သမားနော်"

"အင်း . . . ဟုတ်တယ်လေ ဉာဏ . . . ဘာဖြစ်လို့လဲ"

"ဩော် . . . ဝီရနဲ့ မတူဘူးနော်၊ ကိုယ်ကြည့်ရသလောက် ဝီရတင်မဟုတ်ဘူး . . . လူးက ကိုယ်တွေ့ဖူးတဲ့ ဘယ်မိန်းကလေးနဲ့မှလည်း မတူဘူး"

"စားချင်တာစားလေ . . . ကျွေးပါ့မယ်လို့ ပြောထားတာကို"

လူးက ပြုံးပြုံးလေး ပြောသည်။ ဉာဏအကြည့်တွေ၊





အပြောတွေ၊ အပြုံးတွေကို လူး,ဖတ်တတ်ပါသည်။ ဒါဟာ မိန်းမတို့တတ်အပ်သော ပညာဟုဆိုလေမလား။ ခက်တာက ထိုအရာတွေအပေါ် လူး ခံစားလို့မရခြင်းပင်။ သူ့နေရာမှာ ဝီရဆို . . .။ လူးအတွေးမဆုံးခင်မှာပဲ သူမတို့စားပွဲပေါ် အရိပ်တစ်ရိပ် မိုးကျလာသည်။

"ဝီရ"

ဉာဏနှုတ်မှ အံ့အားတသင့် ခေါ်သံထွက်ပေါ်လာ၏။

"ထိုင်လေ ဝီရ . . . တစ်ခုခုသောက်လေ . . . လူးတို့တောင် အခုမှရောက်ခါစရှိသေးတာ"

"မထိုင်တော့ဘူး . . . တီတာရော ဉာဏ"

အဲဒီမေးခွန်းဟာ လူးနှလုံးသားအား ထုရိုက်ချသည်။ လေးလံသော တင်းပုတ်ကြီးအလားပင်။ ဘုရားရေ . . . သူဟာ လူးကို ရှေ့ထားပြီး တီတာကိုတွေ့ချင်သတဲ့လား။ အမှန်ဆို လူးတို့ဝိုင်းမှာ ဝင်ထိုင်သင့်သေးသည် မဟုတ်လား။

"တီတာ သူ့အတန်းမှာရှိမှာပေါ့ . . . မင်းကား ဆေးအရောင်ပြောင်းမလို့ဆို"

"အင်း . . . စိတ်ကြိုက်အရောင် မတွေ့သေးလို့"

သူ့အသွင်က တည်ငြိမ်စွာ အေးစက်စွာပင်။ လူးသည် ရင်ထဲ၌ စိုးရိမ်စိတ်လှိုင်းထနေပြီ။ သူ့ကိုရိုက်ထားသော မှတ်တမ်းခွေလေးထဲမှ ပုံရိပ်တွေက လူးအာရုံကိုဝင်နှောင့်၏။ သူ တီတီတာကို ကမ်းပေးသော ရတနာဘူးလေး။ ဒါတွေက ဘာတွေလဲ။ သူနဲ့တီတာ ပတ်သက်မှုက ဘာတွေလဲ၊ လူးခေါင်းထဲ နောက်ကျိ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ စိတ်တွေ မှောင်မိုက်နေ၏။

"ငါ တီတာ့ဆီ သွားဦးမယ်"

"မထိုင်တော့ဘူးလား . . . မင်းက"

"မထိုင်တော့ဘူး . . . အတန်းတက်စရာရှိတယ်"

"အေးပါ . . . မင်းက စာပဲ ဖိပြီးကြိုးစား"

"ငါ့မှာ စာကလွဲပြီး တခြားကြိုးစားစရာမှမရှိတာ"

ဝီရက တစ်စားပွဲလုံး ဝေ့ခနဲကြည့်ကာ အဓိပ္ပါယ်ပြည့်စုံသောစကားကို ပြောခဲ့သည်။ ကျောခိုင်းထွက်လာရပေမယ့် သိစိတ်က အဲဒီစားပွဲနားမှ တရစ်ဝဲဝဲ။ ညို့ယူသောအပြုံးတွေနှင့် ဉာဏ။ ရယ်မောပျော်ရွှင်နေဟန်ရှိသော ပျိုရွယ်လူး။ ထိုနှစ်ယောက်ပုံရိပ်တွေက. သူ့ကို မီးတောက်မီးလျှံတွေလို လောင်ကျွမ်းဝါးမျိုသွား၏။ ဝီရ ခေါင်းကိုခါ၍ အတွေးထဲမှာ ထုတ်ပစ်သည်။

မိန်းမတွေဟာ အသည်းစားဘီလူးကိုမှ နှစ်သက်တတ်ပါသလား။ ထိုမိန်းမများထဲ၌ ပျိုရွယ်လူးကို မပါဝင်စေချင်တာ သူ့ရဲ့ဆန္ဒပင်ဖြစ်၏။

------------ ။

"အဲဒါ ဘာသဘောလဲ"

"သူ့အတွက် တီတာက အရေးကြီးနေတဲ့သဘောပေါ့ မိပိုင်းရယ် . . . ရှင်းနေတာကို အဖြေမထုတ်ချင်စမ်းပါနဲ့"

မိသူက မိပိုင်းကိုပြောသလိုလိုနှင့် သူမကိုတိုက်ရိုက်ပစ်သည်။

"အဲဒါကြောင့် အစောကြီးကတည်းက ငါမပြောဘူးလား . . . သူ့တို့သုံးယောက်ကြားမှာ ငါတို့မသိတဲ့ ဆက်ဆံရေး တစ်ခုခု ရှိနေပါတယ်လို့"

"တော်ပါတော့ဟာ . . . ငါ အဲဒါတွေကို ခံနိုင်ရည်မရှိဘူး"

"ရှေ့လျှောက် နင် ဒီထက်ပိုပြီးခံစားရဦးမှာမိလူး . . . အခုကတည်းက စဉ်းစား . . . ခံနိုင်ရည်မရှိရင် နောက်ဆုတ်ပစ်လိုက်"

"ငါ သူ့ကို မစွန့်လွှတ်နိုင်ဘူးမိသူ"



www.burmeseclassic.com

www.burmeseclassic.com



''အခုရော နင်ပိုင်ဆိုင်ရလို့လား''

မိသူရဲ့မေးခွန်းက ရင်သို့စူးစိုက်ဝင်သောအဆိပ်လူးမြား။ ဒါပေမဲ့ သူမက နှုတ်ဖယ်ပစ်ရန် အင်အားမရှိပေ။ တီတာနှင့် သူ၏ရွှေလက်တွဲပုံရိပ်ကို အာရုံ၌ မကြာခဏမှောက်မှားမြင်ယောင်သည်။ မြင်ယောင်တိုင်း နှလုံးသားက နာကျင်ကြေမွရ၏။ သူ့အား စိတ်နာပစ်ချင်သည်။ မုန်းတီးပစ်ချင်သည်။ ဦးနောက်ရဲ့ ဆန္ဒကို နှလုံးသားက တော်လှန်သည်။ ကျောင်း၌ ဝီရနှင့်သူမက တွေ့ကျစမြဲပေမယ့် အဝေးကရောက်လာသည့်ဉာဏက သူမ အနီး၌ အမြဲရှိနေတတ်သည်။

သူမကိုပေးသော လက်ဆောင်ပဏ္ဏာတွေကလည်း တစ်နေ့နဲ့တစ်နေ့ မရိုးနိုင်။ ဒီနေ့ ပန်းစည်းဆို နောက်နေ့ ပန်းခြင်း။ လှပဆန်းပြားသော Fancy လက်ပတ်ကြိုးလေးတွေ၊ ဆံပင်တို စိစိတွင် တပ်လို့ရသည့်ကလစ်ကလေးတွေ ... အိုး ... စုံတကာကို စေ့လို့။ ပြီးတော့ သူရောက်လာတဲ့အချိန်က ဘယ်အချိန်ပဲဖြစ်ဖြစ် လူးအတန်းရှေ့ ရောက်လာတတ်သည်။

လူးအတန်းရှိလျှင်တော့ အခန်းအပြင်ဘက်ကော်ရပ်တာမှာနေပြီး လက်ကလေးထောင်ပြနှုတ်ဆက်မည်။ လူးအတန်းပြီးချိန်နှင့်ကြုံလျှင် သူပါ အခန်းထဲဝင်လာပြီး ...

''ပျို့ရွှယ်လူး ... ကင်း(န်)တင်းသွားရအောင်''

ဟု အရင်စခေါ်တတ်သည်။ သူသည် လူးနှင့်စကားပြောသည့်အခါ ချိုသောအပြုံး၊ ရွှင်သောအသံရှိတတ်ပြီး လူးမျက်နှာအား မလွှတ်တမ်း ဖတ်နေတတ်သူဖြစ်ပြန်သည်။ ဝီရကဖြင့်





လူးတို့ အဲဒီလိုတွဲပြီး လာတာမြင်လျှင် ဘောလုံးဂျာနယ်ကို သဲမဲတကြီး ဖတ်နေတတ်သည်။ တစ်ခါတစ်ရံတော့ တီတာနှင့် စကားပြောနေတတ်သည်။ ဒါပေမဲ့ ထိုဝိုင်းသို့ လူးရောက်သွားလျှင် သူ့အသံတစ်စွန်းတစ်စမှမကြားရအောင် လေကိုချွေတာတတ်၏။

ကြာတော့ ဝီရသည် ဉာဏနှင့်ယှဉ်လျှင် အမှတ်လျော့စရာဖြစ်လာသည်။ မိဝိုင်းနှင့် မိသူက ဉာဏမှဉာဏ။

''ဒီမယ်မိလူး ... တိုတိုလေးမကြည့်နဲ့ တစ်ဘဝလုံးအတွက်ကြည့်၊ ကိုယ်ချစ်ထက် သူချစ်က ပိုကောင်းတာ၊ မိန်းမဆိုတာ အသည်းနှလုံးကို ဦးစားပေးပြီး မရွေးချယ်ရဘူးဟဲ့ ... ဦးနောက်နဲ့ပဲရွေး''

''အေး ... မိသူပြောတာ ငါလည်းထောက်ခံတယ် ... ဝီရနဲ့ဆို နင်ကချည်း ဖြည့်ဆည်းပေးနေရမှာ၊ အခုကြည့်စမ်း ... ဉာဏခမျာ ဆေးကျောင်းကနေ နေ့တိုင်းနှင့်ဆီလာရတဲ့ခရီးက လွယ်တာမဟုတ်ဘူးဟ''

ဟူ၍ ဆွယ်တရားဟောကြသည်။ ဟောကြသည့်အထဲ၌ ဉာဏအားထောက်ခံမဲက အပြည့်။ လူးသည် နှလုံးသားရေးရာနှင့်ပတ်သက်ပြီး ဒါ ပထမဆုံးစိတ်ဆင်းရဲရတာဖြစ်သည်။ ဝီရကလည်း ဥပက္ခာပြုလာ၊ ဉာဏကလည်း သူမနှင့်နီးစပ်အောင် ခြေလှမ်းတွေတိုးလာချိန်မှာပင် ဘယ်လိုမှ မျှော်လင့်မထားသော အဖြစ်အပျက်တစ်ခု သူမထံ ဆိုက်ရောက်လာ၏။

အဲဒီနေ့က လူးတို့ကျောင်းပိတ်ရက်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း အိမ်အလုပ်တွေကို ဇယားဆွဲခွဲတမ်းချနေသည့်အချိန်မှာပဲ လူခေါ်ဘဲ(လ်)သံ ထွက်ပေါ်လာတာပင်။

"လာပြီ ... လာပြီ"

လူးက တံခါးနှင့်အနီးဆုံးလူ။ ထို့ကြောင့် လုပ်လက်စအလုပ်တွေကိုချထားပြီး တံခါးပြေးဖွင့်သည်။ တံခါးအဖွင့် တွေ့လိုက်ရတဲ့လူက ... မေမေ။

"wow ...mother"

လူးသည် အံ့သြတကြီးရေရွတ်ကာ မေမေ့ကို ပွေ့ဖက်ပစ်သည်။ မေမေက သူမပွေ့ဖက်ခြင်းအား ကြည်နူးစွာလက်ခံရင်း ...

"နေကောင်းရဲ့လား သမီး"

"ဟုတ် ... ကောင်းပါတယ်၊ မေမေတစ်ယောက်တည်းလား ... အန်ကယ့်ကို ဘာလို့မခေါ်လာရတာလဲ"

"သမီးအန်ကယ်က အလုပ်က ခွင့်မရဘူးလေ၊ ခွင့်ရလည်း မေမေကမခေါ်ပါဘူး ... သမီးနဲ့မေမေ့ကြားမှာ ဆွေးနွေးရမယ့်ကိစ္စတွေ ပါလာပြီလေ ... သူရှိနေလို့ မဖြစ်ဘူး"

"အဲဒါဆိုလည်း ဒီကိုအကြောင်းမကြားဘူး အန်တီရယ် ... သမီးတို့ လာကြိုလို့ရတာပေါ့"

မိပိုင်းက မေမေ့အိတ်ကို လာဆွဲယူရင်းပြောသည်။

"ကိစ္စမရှိပါဘူး သမီးတို့ရဲ့ ... အန်တီလည်း မြန်မာနိုင်ငံသူပဲကို၊ ရန်ကုန်မြို့ကြီး တိုးတက်ပြောင်းလဲသွားပေမယ့် အန်တီ သွားတတ်လာတတ်ပါတယ်"





"မိသူတို့က အန်တီပင်ပန်းမှာစိုးလို့ပါ"

"မပင်ပန်းပါဘူးကွယ် ... လေယာဉ်ပေါ်လည်း တစ်ချိန်လုံး အိပ်ပြီးလိုက်လာရတာ၊ ဒီရောက်တော့လည်း တက္ကစီငှားရုံပဲ၊ ပင်ပန်းတယ်ဆိုတာ ဘာလဲလို့မေးရမလိုတောင် ဖြစ်နေပြီ"

မေမေ့အပြောကြောင့် မိသူတို့တစ်တွေက ပြုံးစိစိ။ လူးကတော့ မေမေ အခုလို ဗြုန်းစားကြီးရောက်လာတာကိုပဲ ပျော်နေမိသည်။ ဝီရနှင့်ပတ်သက်သောခံစားချက်တွေ မေမေ့ထံရင်ဖွင့်မည်။ ပြီးတော့ မေမေ့ထင်မြင်ချက် ယူရမည်။ ထိုအတွေးနှင့်ပင် လူက ဖျတ်လတ်တက်ကြွလာ၏။ မေမေကတော့ သူမှုအတိုင်းပင် ရေမိုးချိုးရင်း၊ လူးတို့ မဖွယ်မရာချက်ပြုတ်ထားသည့် နံနက်စာကို စားရင်း ...

"ညနေကျ မေမေ့သူငယ်ချင်းဆီ သွားလည်ရအောင်လူးရေ ... သူတို့အတွက်ဝယ်လာတဲ့ လက်ဆောင်တွေလည်း ပေးရင်းလေ၊ သူ့သားလေးအတွက်တောင် မေမေက ဆေးစာအုပ်တွေ ဝယ်ခဲ့သေးတယ်"

"မေမေ့သူငယ်ချင်းရဲ့သားက ဆေးကျောင်းသား ... ဟုတ်လားမေမေ"

"အေး ... ဟုတ်တယ်၊ ဒုတိယနှစ်လား ရောက်နေပြီတဲ့"

"နာမည်ဘယ်သူတဲ့လဲ မေမေ"

"မမေးကြည့်မိဘူးသမီးရဲ့ ... မေမေ့သမီးက ဆေးကျောင်းသားဆိုတာနဲ့ စိတ်ဝင်စားသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



''အာ . . . မဟုတ်ပါဘူး မေမေရဲ့ . . . လူးတို့အဖွဲ့ထဲမှာ ဆေးကျောင်းသားတစ်ယောက်ပါလို့''

''မိလူးကို သဘောကျနေတာအန်တီ၊ သူက နဂိုတုန်းက နည်းနည်းပွေတယ်ပေါ့နော်၊ အခု မိလူးနဲ့တွေ့မှ ခြေငြိမ်သွားတာ အန်တီရဲ့''

သူငယ်ချင်းပေါင်း ပေါင်းသော၊ လွတ်လပ်ပွင့်လင်းသော မေမေ့ကို မိပိုင်းတို့က ရှိန်မနေ . . . ပြောရဲဆိုရဲရှိကြသည်။

''ဟုတ်တယ် အန်တီ . . . မိလူးအပေါ်လည်း သိပ်ဂရုစိုက်တာပဲ၊ မျက်နှာကို မလွှတ်တမ်းအကဲခတ်နေတာ၊ မိလူးစိတ်တိုင်းကျပဲ သူကနေတာ အန်တီရဲ့''

မိသူတို့ရဲ့အမွှမ်းတင်စကားကြောင့် မေမေက လူးကို စူးစမ်းသလို စိုက်ကြည့်သည်။

''သမီးစိတ်ထဲ အဲ့တစ်ယောက်ကို ဘယ်လိုခံစားရလို့လဲ၊ ဆေးကျောင်းသားဆိုတော့ ပညာအရည်အချင်းလေးက မဆိုးပါဘူး''

''လူးစိတ်ထဲမှာရှိတာက တခြားတစ်ယောက်မေမေ''

''လာပြီ''

မိသူက ထအော်သည်။

''အဲ့တစ်ယောက်က မကောင်းဘူး''

မိပိုင်းက ကန့်ကွက်၏။

''လူး . . . သူ့ကိုချစ်တယ် မေမေ''

လူးကလည်း မရမကပြောသည်။ ပျို့ရွယ်လူးရဲ့ဗီဇကိုက





လုပ်ချင်တာလုပ်လိုက်ရမှ . . . ဖြစ်ချင်တာဖြစ်ရမှ ကျေနပ်သူ။ မေမေကတော့ သူမရဲ့ရဲရင့်ခြင်းကို သဘောကျဟန်တူသည်။

''ချစ်ပေါ့ သမီးရဲ့၊ ကိုယ့်အချစ် ကိုယ်ပိုင်တာပဲ . . . လိုသလို အသုံးချခွင့်ရှိတယ်''

''ဒါပေမဲ့ သူက မိလူးကိုမချစ်ဘူးအန်တီရဲ့၊ သူ့မှာ ချစ်ရမယ့်သူရှိတယ်''

ဒီတစ်ကြိမ်တော့ မေမေ့မျက်နှာ ဖျတ်ခနဲပြောင်းလဲသွားသည်။ ထိုအပြောင်းအလဲကို ရင်မဆိုင်ဝံ့စွာ လူး . . . ခေါင်းငုံ့ထားမိသည်။ လူး၌ ငြင်းဆန်ရန်အင်အားမရှိ။ သူက တီတာမှတီတာ။ လူးတို့ဝိုင်း၌ တီတာမရှိလျှင် သုံ့မထိုင်တော့။ တီတာနှင့်သာ စကားပြောသည်။ လူးဝင်ပြောလျှင် ခေါင်းညိတ်ခေါင်းခါသာ လုပ်တတ်၏။

ဒါတွေဟာ သူတို့နှစ်ယောက်ကို ချစ်သူစုံတွဲလို့ သတ်မှတ်မရပေမယ့် လူးထက်တော့ အလေးထားတာအမှန်ပင် ဖြစ်၏။

''သူ့မှာချစ်ရမယ့်လူရှိရင်တော့ သမီးအချစ်ကို ထုတ်မပြသင့်ဘူး''

''ရှင် . . . မေမေ''

''အချစ်က တန်ခိုးကြီးတယ်ဆိုတာ မှန်ပေမယ့် သမီးအချစ်လိုပဲ သူ့အချစ်ကိုဦးစားပေးဖို့, အရာရာရင်ဆိုင်ဖို့ မေမေက တိုက်တွန်းချင်တာ၊ ဒါပေမဲ့ သူ့နှလုံးသားက ကိုယ့်အတွက် နေရာမပေးနိုင်ဘူးဆိုရင် ဘာလုပ်မလဲသမီးရယ်၊ ကိုယ့်အချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ့ကို အနှောင့်အယှက်မဖြစ်စေနဲ့ . . . သူစိတ်ချမ်းသာမှုကို ဦးစားပေးပေါ့''

မေမေ့စကားအဆုံး၌ ငိုင်ကျသွားသည်။ သူ့ကိုစွန့်လွှတ်ရမည်လား။ အတွေးနှင့်တင် နှလုံးသားက အက်ကွဲလာ၏။ မလွယ်ကူပေ။

ဒါကိုရိပ်မိသော မေမေကတော့ . . .

''ကဲ . . . ထားပါလေ . . . နောက်မှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့၊ မေမေလည်း ဒီမှာနေဦးမယ့်ဥစ္စာ၊ ထမင်းစားပြီးရင် မိသူတို့အတွက်ဝယ်လာတဲ့ လက်ဆောင်ပစ္စည်းတွေ လာယူကြ''

''မေမေ့သူငယ်ချင်းအိမ်က ဘယ်အချိန်သွားမှာလဲ''

''ညနေ . . . နေအေးမှလေ''

''ဖုန်းကြိုဆက်ထားရမလား . . . မေမေ''

''မဆက်နဲ့သမီး . . . သူတို့မှာ အပိုင်ဖုန်းမရှိဘူးနဲ့ တူတယ်၊ ဘေးအိမ်က လှမ်းခေါ်ပေးရတာ၊ မေမေ့မှာ လိပ်စာရှိတယ် . . . ဒီအတိုင်းပဲ သွားကြတာပေါ့''

လို့ဆိုလေသည်။ လူးက ခေါင်းအသာညိတ်ပြ၍ မေမေ့အပါးမှထွက်ခဲ့လေ၏။ ရင်ခွင်အထက်ကကောင်းကင်သည် အချစ်ဆိပ်ကြောင့် မှိုင်းမှုန်ညို့မှောင်နေပြီဖြစ်သည်။

❦ ❦ ❦

**အခန်း - ၉**

''ဟာ . . . ပျိုရွယ်လူး''

ဥာဏနှုတ်ဖျားမှ ထိုအမည်က အံ့အားတသင့်ထွက်ကျသွားသည်။ ဒီကားက ပျိုရွယ်လူးရဲ့ကား၊ လင့်ခရူဇာနီနှစ်ရောင်။ ဆင်းလာသောသူကလည်း ပျိုရွယ်လူးပင်။ နောက်ပါး၌ သူ့မမြင်ဖူးသော အမျိုးသမီးကြီးတစ်ယောက် ပါသည်။ ထိုအမျိုးသမီးကြီးဟာ ပျိုရွယ်လူးနှင့် မျက်နှာကျပုံချင်းတူထားမို့ ဒါဟာ သားအမိလို့ တပ်အပ်ပြောနိုင်ပါသည်။

''ဟော . . . ခြံဝကလူခေါ်ခေါင်းလောင်းကို ဆွဲလှုပ်နေပြီ''

ဥာဏက မြင်တဲ့အတိုင်းနှုတ်ဖျားက လိုက်ပြောပေမယ့် ရပ်နေတဲ့နေရာကတော့ တစ်ဖဝါးမှ ရွေ့မရသေး။ အံ့ဩမှုကြောင့် မှင်တက်နေခဲ့သည်။

''ဟဲ့ . . . သား . . . ခြံဝမှာ ဧည့်သည်ရောက်နေတယ်နဲ့ တူတယ်၊ ဘာရပ်လုပ်နေတာလဲ . . . သွား . . . တံခါးဖွင့် . . . ဟင် . . . နီနီ''



www.burmeseclassic.com

www.burmeseclassic.com



မေမေကစကားလည်းပြောရင်း ခြံဝကိုကိုင်းကြည့်သည်။ အဲဒီနောက် သူ့မသိသောအမည်တစ်ခု ရေရွတ်ပြီး ခြံဝသို့ အူယားဖားယားပြေးသွားတော့၏။ သူ့တောင် မခိုင်းတော့။ ဉာဏကတော့ အခုချိန်အထိ ဘာလုပ်ရမလဲ ဝေခွဲမရ။ သူ့အခြေအနေမှန်ကို ပျို့ရွယ်လူးအား အသိခံရတော့မည်လား။ ဒါဆို သူ့အပေါ် အထင်များသေးသွားမလား ...။ ဒါမှမဟုတ် တီတာ့အိမ်ဘက်ပဲ သွားပုန်းရင်ရော ...။

အဲဒီအတွေးကို သူက ချက်ချင်းပယ်ဖျက်ပစ်သည်။ တီတာ့အိမ်၌ ဝီရရောက်နေသည်။ ဝီရနှင့် သူက ပျို့ရွယ်လူးကို မဏ္ဍိုင်ထား၍ သိပ်ပြီး မျက်နှာကြောမတည့်လှ။ ပျို့ရွယ်လူးအား သူပိုင်ပစ္စည်း လုစ်ချင်သည်။ ဉာဏကလည်း အဲဒါကိုပဲကြည့်မရတာ ဖြစ်၏။

''နီနီရယ် ... ကြိုတင်ပြီးပြောရောပေါ့ ... မြတ် ညစာအတွက် တစ်ခုခုစီစဉ်ပေးမှာပေါ့''

''အင်း ... သိတယ်၊ အဲဒီလိုဒုက္ခတွေရှာမှာစိုးလို့ ဘာမှ အကြောင်းမကြားတာ၊ ဟိုတစ်ခါပို့လိုက်တဲ့ စာအုပ်တွေရော ရရဲ့လား၊ သားအတွက်ရော အသုံးဝင်ရဲ့လား''

ဉာဏရင် ဒိတ်ခနဲ ဆောင့်ခုန်သည်။ စာအုပ်ပို့ပေးသော မေမေ့သူငယ်ချင်းက ပျို့ရွယ်လူးရဲ့မိခင်။ ဒါဆို ... အံ့ဩဝမ်းသာခြင်းက လှိုင်းတစ်လုံးအလား သူ့ရင်ကိုပြေးဆောင့်သည်။ ဉာဏအတွေးထဲ၌ စိတ်ကူးတွေက အစီအစဉ်တကျ ...။ အဲဒီတုန်းက မေမေပြောခဲ့သောစကားတွေ သူနားထဲ၌ ပြန်လည်ကြားယောင်





လာသည်။

''သူ့သမီးလေးကို စိတ်မချဘူးတဲ့သားရဲ့ ... သူ့သမီးက ကျောင်းလည်းပြီးတော့မယ်တဲ့၊ မိဘအမွေအနှစ်တွေ အများကြီးနဲ့ ကျန်ခဲ့တဲ့သူဆိုတော့ မတော်တရော်တွေနဲ့တွေ့သွားမှာ စိုးရိမ်တယ်နဲ့တူပါတယ်သားရယ်၊ မေမေ့သားက ဆရာဝန်လောင်းလျာ မိဘမျိုးရိုးကလည်း ပြောစရာမရှိတာ၊ တစ်ခုပဲ ... သူတို့လောက်တော့ စည်းစိမ်ဥစ္စာမကြွယ်ဝဘူးပေါ့၊ သူက စသလိုနဲ့ပြောတာ ... သားနဲ့ သူ့သမီးကိုလေ၊ မေမေကလည်း ငြင်းစရာမရှိပါဘူး ... အဲလိုဖြစ်ရင် မြတ်က ဝမ်းသာဦးမှာလို့''

''အာ ... မေမေတို့ကလည်း စွတ်ပြီး ကတိတွေပေးနေတယ်၊ သူ့သမီးက ဘယ်လိုပုံစံမှန်းမသိ''

''အမယ်လေးသားရယ် ... မြတ်ရော သူ့ယောကျ်ားကိုကျော်စွာပါ ချောကြပါတယ်၊ အချောအလှမိဘနှစ်ပါးက မွေးဖွားလာတဲ့ ကလေး ... မချောဘဲပါ့မလား''

မေမေက ပြောခဲ့ပါသည်။ အခုတော့ ပျို့ရွယ်လူးဟာ ဒေါ်နီနီဝင်းရဲ့သမီး။ ဒါဆို ...

''ကဲ ... သားအမိတွေ ခဏထိုင်ကြဦး ... မြတ် အအေးဖျော်လိုက်မယ်၊ သားလည်းရှိတယ် နီနီရဲ့ ... သမီးနဲ့ပါ တစ်ခါတည်း မိတ်ဆက်ပေးရအောင်လေ၊ သမီး ခဏလေးနော်''

ဒေါ်မြတ်မြတ်က ပျာယီးပျာယာရှိလှသည်။ စိတ်လှုပ်ရှားတာရော ဝမ်းသာတာရောပေါင်း၍ လှုပ်ရှားမှုက အစီးမရ ...။ မတည်မငြိမ်ဖြစ်နေသည်။ ဒေါ်နီနီဝင်းကတော့ သူငယ်ချင်းဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့လက်ကောက်ဝတ်ကို ဖမ်းဆွဲပြီး ...

"အထွေအထူးတွေ မလုပ်ပါနဲ့မြတ်ရယ် ... ညည်မခံလည်း ဘာမှမဖြစ်ဘူး ... တို့တွေက သူစိမ်းတွေမှမဟုတ်တာ"

"အမယ်လေး ... အထွေအထူးလုပ်စရာမလိုပါဘူး နီနီရဲ့ ... မြတ်က အအေးတော့တိုက်နိုင်ပါသေးတယ်"

ဟုပြောကာ ဒေါ်မြတ်မြတ်ဆိုသူက အိမ်အတွင်းဘက်သို့ ဝင်သွားသည်။ ညည်ခန်းထဲ သားအမိနှစ်ယောက်ကျန်ခဲ့၏။ ထိုအချိန်ကျမှ ဝေ့ဝဲအကဲခတ်မိသည် ... ညည်ခန်းအပြင်အဆင်ကိုလေ။ အိမ်က တစ်ထပ်တိုက်ခပ်ပြားပြားလေး။ အပြင်ရောအတွင်းပါ သုတ်ထားသည့်ဆေးဟွေက ဟောင်းနွမ်းကာပျက်နေပြီ။ အတွင်းညည်ခန်း၌ ၂၁လက်မတီဗီတစ်လုံးနှင့် DVD ရှိသည်။

သူမတို့ထိုင်နေသောဆက်တီက သစ်သားဆက်တီ။ အပေါ်၌ ကျောမှီနှင့် ခုထိုင်သော အညိုရောင်ဆိုဖာပြားခင်းထား၏။ ညည်ခန်းနံရံတွင် ဘွဲ့ရဝတ်စုံနှင့်အမျိုးသားတစ်ဦးပုံကို ချိတ်ဆွဲထား၏။

"မေမေပြောတဲ့ဆရာဝန်လောင်းဆိုတာက"

"သူက အငယ်ဆုံးသားတဲ့၊ မြတ်က သုံးယောက်မွေးထားတာလေ"

"ဪ"

ထိုအချိန်မှာပင် အအေးဗန်းကိုင်ထားသော ဒေါ်မြတ်မြတ် ညည်ခန်းထဲပြန်ဝင်လာသည်။

"ကဲ ... အမောပြေသောက်ကြဦး၊ သားငယ်ရေ ...





ထွက်ခဲ့ဦးလေ"

ဟု တစ်လက်စတည်း လှမ်းခေါ်သည်။ လူးသည် ကျဉ်းသောကမ္ဘာမြေ၏ လှည့်စားချက်များကို သဘောမပေါက်သေး။ ထို့ကြောင့် အေးဆေးငြိမ်သက်စွာပင် အအေးခွက်လှမ်းယူမိသည်။ ထိုအခိုက်မှာပင် လူးနှင့်မျက်နှာချင်းဆိုင်ဆက်တီ၌ ဝင်ထိုင်သော လူရိပ်တရိပ်။

"ဒါ ... မြတ်ပြောတဲ့ သားငယ်လေးလေနီနီရဲ့၊ နီနီစာအုပ်တွေပို့ပေးတာ သူ့အတွက်ပေါ့"

"စာအုပ်တွေအတွက် ကျေးဇူးအထူးတင်ပါတယ် ခင်ဗျာ"

ချိုမြ၍ ပျူငှာသော ဒီအသံ။ ချိုမြသောအသံ။ ဒီအသံဟာ သူမနှင့် မစိမ်းပေ။ လူး ဖျတ်ခနဲမော့ကြည့်တော့ ...

"ဟင် ... ညာဏ ... ညာဏက ဒီအိမ်က"

"ဟုတ်တယ်ပျို့ရွှယ်လူးရဲ့ ... ဒါ ကိုယ့်မေမေလေ"

"သားနဲ့သမီးက သိနေကြတာလား"

"ဟုတ်တယ်မေမေ၊ တီတာတို့နဲ့ တစ်ကျောင်းတည်းလေ ... မေဂျာသာ မတူတာ"

"ဪ ... တကယ့်မိတ်ဟောင်းဆွေဟောင်းတွေပေါ့၊ ဒါ ... မိသူတို့ပြောတဲ့သူငယ်လားသမီး"

"ဟုတ် ... မေမေ"

လူးက အဲဒီလောက်သာ ပြောနိုင်ပါသည်။ သူ့နောက်ကွယ်၌ သူ့အတင်းပြောထားသဖြင့် သူ့ရှေ့မှောက်တွင် လူး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပူရ၏။

"သမီးနဲ့သူငယ်ချင်းတွေဆိုတော့ အန်တီစိတ်အေးရတာပေါ့ သားရယ်၊ သူငယ်ချင်းကို စောင့်ရှောက်ပေးပါ၊ လူးက သူထင်ရာသူလုပ်တဲ့ တစ်ဖွတ်ထိုးသမား၊ သူ့ကြီးတော်လည်း မနိုင်ဘူး ... အဲလောက်ထိ"

"ကျွန်တော်တို့နဲ့ပေါင်းတာတော့ ပျို့ရွယ်လူးက လိမ္မာပါတယ်အန်တီ"

ဉာဏက ဝင်ပြောသည်။ လူးကတော့ မေမေ့သူငယ်ချင်းရဲ့သားဟာ ဉာဏဖြစ်မှန်းလည်းသိရော ဝမ်းသာရမလို ဝမ်းနည်းရမလိုနဲ့။ ခံစားချက်ကြီးက အူလည်လည်နှင့်။ မေမေနှင့် ဒေါ်မြတ်မြတ်ကတော့ ရှေးဟောင်းဖြစ်ဟောင်းတွေပြောပြီး တသောသောရယ်ဆဲ။ သူမတို့သာ မိခင်များရဲ့ငယ်ဘဝကို မသိခဲ့သူတွေမို့ အလယ်မှာ ယောင်နန။

"ပျို့ရွယ်လူး ... ခြံထဲသွားကြည့်ကြမလား ... မေမေစိုက်ထားတဲ့ သစ်ခွတွေရှိတယ်"

"သစ်ခွ"

လူက သံယောင်လိုက်သည်။ အမှန်တကယ်ကတော့ လူးက ပန်းဆို ဘာပန်းမှသိသူမဟုတ်။ ဒါပေမဲ့ မေမေတို့လူကြီးတွေကြား ဒီအတိုင်း ငေါင်စင်းစင်းထိုင်နေရာမှာထက်စာလျှင် ပန်းတွေလျှောက်ကြည့်တာမှ အပျင်းပြေဦးမည်။

"ဟုတ်တယ်သမီးရဲ့ ... သိပ်အများကြီးတော့ မဟုတ်ပါဘူး၊ တချို့ ဘွဲ့ယူတာတို့, မင်္ဂလာဆောင်တာတို့အတွက်





ရည်ရွယ်ပြီးရောင်းတာလေ၊ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင်ပေါ့"

လို့ ဉာဏမေမေကပါ ဝင်ပြောသည်။ ဒီလိုနှင့် သူမက ဉာဏဦးဆောင်မှုနှင့် ခြံထဲသို့ ထွက်ခဲ့သည်။ သစ်ခွပန်းအိုးတွေကို လိုက်လံငေးမောရင်း ...

"ဉာဏနဲ့တီတာက ခြံချင်းကပ်ရပ်ဆို"

"အင်း ... ဟုတ်တယ်"

"ဉာဏကလည်း စောစောကတော့ သတိမပေးဘူး၊ တီတာ့အိမ် သွားလည်လို့ရတာပေါ့ ... ဟိုဘက်ခြံလား"

"အင်း ... ဟုတ်တယ်"

ဉာဏလေသံက မဖြေချင့်ဖြေချင်ဟန်။ တီတာ့အိမ်ကို သူမက တစ်ဖက်ခြံစည်းရိုးမှတစ်ဆင့် ငေးသည်။ တီတာ့အိမ်က နှစ်ထပ်တိုက်လွင်လွင်ကြီး ...။ ဉာဏတို့အိမ်ထက်စာလျှင် ခမ်းနားတာ အမှန်။ သူမသည် ထိုသို့နှိုင်းယှဉ်မိပြန်တော့ ဉာဏအပေါ် ကရုဏာစိတ်လေး လွှမ်းမိုးသွားသား။ သူ့မှာ မပြည့်စုံတဲ့ကြားက လူးအတွက် ပန်းစည်းတွေ၊ လက်ဆောင်တွေ အမျိုးစုံပေးပြီး ပိုးပန်းရတာကိုက သနားချင်ဖွယ်ရာ။

အတွေးနှင့်စိုက်ကြည့်နေဆဲမှာပင် အိမ်ကြီးရဲ့ပေါ်တီကိုအောက်မှ တီတာပြေးထွက်လာ၏။

"ဟော ... တီတာ"

ဟု သူမကပြောပြီး လှမ်းခေါ်မည့်ဆဲဆဲ နောက်ပါးက ထွက်လာသောသူတစ်ယောက် ... ဝီရ။



www.burmeseclassic.com

www.burmeseclassic.com



ဝိရသည် သူ့ဒီဖိုင်းအတိုင်း မှုန်ကုပ်ကုပ်၊ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်နှိုက်ပြီး ထွက်လာသည်။ တီတာ့အနားရောက်သောအခါ ဒီဘက်ခြံသို့ခေါင်းငဲ့ပြီး ဉာဏကိုရှာနေဟန်တူသည်။ တီတာ့လက်မောင်းတစ်ဖက်အား ဆွဲ၍ သူ့ဂျစ်ကားပေါ် တက်စေသည်။ ထိုမြင်ကွင်းသည် သူမနှုတ်ဖျားကိုဆွံ့အစေသည်။ သူမနှလုံးသားအား တင်းကျပ်မောဟိုက်စေသည်။

ဝိရရဲ့ကားစက်သံသည် ညက်ညောခြင်းမရှိ။ ထိုအသံစူးရှရှက သူမနှလုံးသားကို ဖြတ်ကြိတ်သွားသလို။

"သူတို့က အဲဒီလိုပဲလေ ပျို့ရွယ်လူးရဲ့ ကျောင်းပိတ်ရက်ဆို အမြဲတွေ့ကြတယ်၊ ပြီးတော့ တစ်နေရာအတူချိန်းပြီးသွားကြတာ"

"ဉာဏကရော"

"ကိုယ့်ကိုတော့ ထားခဲ့တာများပါတယ်"

"ထားခဲ့တယ် ... ဘာဖြစ်လို့လဲ ဉာဏရဲ့၊ ဉာဏတို့က ငယ်သူငယ်ချင်းတွေမဟုတ်လား"

"အဟင်း ... ကိုယ်က ပိုက်ဆံသိပ်မရှင်ဘူးလေ၊ သူတို့လိုလည်း မသုံးနိုင်ဘူး၊ သူတို့သွားတဲ့နေရာလည်း မသွားနိုင်တော့ ..."

ဉာဏမျက်နှာသည် ညှိုးရိပ်သမ်းနေ၏။ သိမ်ငယ်စိတ်ကြောင့် ထင်သည်။ ခေါင်းလည်းငုံ့ထားသည်။ လူးရင်ထဲ ထိထိခိုက်ခိုက်လေး ခံစားသွားရသည်။ လူးချစ်တဲ့လူငယ်လေးဟာ အဲဒီလိုပဲလားကွယ်။ လူးသည် စိတ်မကောင်းခြင်းကြီးစွာနှင့်





နှုတ်ဆိတ်သွားရ၏။

ဉာဏကတော့ သူမမျက်နှာကို အကဲခတ်ပြီးသား။ ဒီတစ်ကြိမ် ပစ်ခွင်းသောသူ့မြားသည် လူးရဲ့စာနာစိတ်ကို ခြွေချနိုင်ခဲ့ပြီ။ ဉာဏနှုတ်ခမ်းပါး၌ အပြုံးသဲ့သဲ့ထင်၏။

အောင်နိုင်ပြုံး ... ပီတိပြုံး။

"မင်းကို ငါအလဲထိုးတော့မယ် ... ဝိရ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

------------- ။

"Happy Birthday ဝီရ"

ကော်ရစ်တာထောင့်ချိုးမှ ဂုန်းခနဲ ထွက်ပေါ်လာသော လူးကြောင့် သူလန့်သွားသည်။ ဒီနေ့မှ လူးသည် သူမဆံပင် တိုစိစိလေးတွေကို သားရေကွင်းရောင်စုံလေးတွေနှင့် ငုံစိလေး တွေ စည်းထား၍ မျက်နှာဝင်းဝင်းလေးက ကြည်လင်စိုပြည်စွာ ပေါ်လွင်နေ၏။

"ရော့ ... ဒါက ဝီရအတွက် လူးရဲ့ Birthday Present"

သူ့ရှေ့ရောက်လာတာက ခပ်ကြီးကြီးလေးထောင့်စပ်စပ် ကတ္တူဘူးတစ်ဘူး။

"မွေးနေ့လက်ဆောင်မလိုချင်လို့ ကိုယ့်မွေးနေ့တောင် ဘယ်သူ့မှမပြောဘူး"

"သူများလက်ဆောင်တွေ မယူချင်နေပေါ့ ဝီရရဲ့ ... လူးရဲ့လက်ဆောင်တော့ ယူပေါ့"





"ကျေးဇူးတွေတင်နေရဦးမယ်"

သူ့မျက်နှာက ရှုတည်တည်။ လူးကိုကြည့်သောအကြည့် တွေက စိမ်းကားလှသည်။ လူးရင်ထဲ မကောင်းတော့။ ဝီရ ဘာကြောင့် ဒီလိုပြောင်းလဲသွားတာလဲ။ အဖြေရှာမရ။ ဒါဟာ တီတာနဲ့များ ပတ်သက်နေသလား။

"မတင်ချင်လည်း မတင်ပါနဲ့ ဝီရရယ်၊ လူးက စေတနာ သန့်သန့်နဲ့ပေးတာပါ"

"အဲဒါဆိုရင်တော့ မင်းပြောတဲ့စေတနာကို ငါလေးစား ပါတယ်၊ ငါ့မွေးနေ့ကို သတိရပေးတဲ့အတွက်လည်း ကျေးဇူးတင် ပါတယ်၊ ဒါပေမဲ့ ဒါတွေငါ့အတွက်မလိုအပ်ဘူး"

ဝီရက ကတ်ထူဘူးကြီးကို သူမဘက်ပြန်တွန်းပို့ရင်း

"ဉာဏာကိုပဲ ပေးလိုက်ပါ ... သူ့အတွက် အသုံးဝင်ပါ လိမ့်မယ်"

ပြောပြီးထားပစ်ခဲ့သည်။ လူးသည် အံ့သြခြင်း၊ မယုံနိုင် ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းများစွာနှင့် ဝီရကျောပြင်အား လိုက် ငေးကြည့်မိသည်။ မျက်ဝန်းထဲ၌ မျက်ရည်တွေပြည့်လျှံကာ ဝီရ ကျောပြင်က မှုန်ဝေရီသွား၏။

"နင်မငိုနဲ့ ... မိလူး"

မိသူက သူမလက်မောင်းကို ခပ်ဆတ်ဆတ်ရိုက်ရင်း သတိပေးသည်။

"အစောကြီးကတည်းက ငါပြောသားပဲ ... သူ့မှာ အသည်းနှလုံးမရှိပါဘူးလို့"



www.burmeseclassic.com

www.burmeseclassic.com



မိုဝိုင်းက ဒေါသသံကြီးနှင့်ပြောသည်။၏

''ဟင့်အင်း ... အသည်းနှလုံးမရှိတာမဟုတ်ဘူး ... ရှိတယ်၊ သူ့အသည်းနှလုံးက တီတီတာ့အတွက်''

လူးသည် စိတ်ထဲဝမ်းနည်းခြင်းသာ ဖြစ်လို့လာသည်။ နာကြည်းလို့တော့မရသေး။ ချစ်ဆိပ်တက်နေပုံများ ပြောပါသည်။ သူယူမသွားသောလက်ဆောင်အား ရင်ဝယ်ပိုက်ထားပြီး ...

''သူ့အိမ်ကိုသွားထားမယ်''

''မိလူး''

သူသူစံက ခပ်ဆတ်ဆတ်လေးအော်ပြီး ...။

''နင် မေ့လိုက်တော့ဟယ် ... ဖြစ်နိုင်ရင်မုန်းပစ်လိုက်''

''ဟင့်အင်း ... ငါသူ့ကို မုန်းဖို့ချစ်ခဲ့တာ မဟုတ်ဘူး မိသူရဲ့၊ သူ့အချစ်ကိုမရလို့ ငါမုန်းတယ်ဆိုရင် ငါ့အချစ်က စစ်မှန်ခြင်းရှိတော့မှာမဟုတ်ဘူး၊ ရတယ် ... သူမချစ်လည်း ငါကတော့ ချစ်နေဦးမှာပဲ၊ ပြီးတော့ သူ့အတွက် ဖြည့်ဆည်းပေးနေဦးမှာပဲ''

လူးက အဲဒီလိုရဲရဲတောက် ကြွေးကြော်ခဲ့သည်။ တကယ်လည်း သူငယ်ချင်းတွေမကူညီရင် နေပါစေ ... လူးက သူ့အပါးမှ တစ်ဖဝါးမျှ ခွာမည်မဟုတ်။ သူ့ထံပါး၌ အရိပ်လိုရှိချင်သည်။ ထိုကြောင့် သူ့အခန်းဝ၌ လူးရဲ့လက်ဆောင်ထုပ်ကို သွားထားခဲ့၏။ အခါတိုင်းလို သူ့အရိပ်ကိုမြင်ချင်တာ။ ဒါပေမဲ့ လူးကိုတွေ့ရလျှင် သူစိတ်မချမ်းသာမှာ စိုးသည်။ ထိုစိတ်ကြောင့်ပင် လူး လှည့်ထွက်ခဲ့၏။





''သူပြန်ရောက်ရင်တော့ တွေ့မှာပါ''

''လွှင့်မပစ်ရင် ကံကောင်းပဲ''

ဟု မိဝိုင်းကဆိုသည်။ ဝီရ ကျောင်းကပြန်ရောက်သောအခါ တွေ့ပါသည်။ သံပန်းတံခါး၌ ကတ်ထူဘူးအားဖဲကြိုးနှင့်ချည်နှောင်ထားခြင်းကို။ ဒါကိုတွေ့တာနှင့် ဘယ်သူပေးလဲဆိုတာ သိပါသည်။ ဝီရဘူးကြီးကို အိမ်ထဲသို့ယူလာ၏။ အထဲရောက်မှ ဖွင့်ကြည့်သောအခါ ကြွေရောင်တောက်နေသော စတစ်ကော်လံတစ်ထည်နှင့် စာတိုလေးတစ်စောင်''

'ကြယ်သီးမရှိတော့တဲ့ အကျီလေးကိုယ်စားပေါ့ ဝီရရယ်'

ဟူသောစာတန်းလေးက သူ့ရင်ကို ဖျတ်ခနဲ နိမ့်ဆင်းသွားစေသည်။ ဝီရက ထိုအကျီဘူးလေးကို တရိုတသေပင် ဗီရိုအပေါ်ဆုံးထပ်၌ ထည့်ထားမိသည်။ သူမပေးသောပစ္စည်းတွေကို စွန့်ပစ်လောက်အောင်ထိ သူ့အသည်းက မမာသေး။ တစ်ဆက်တည်းမှာပင် ဗီရိုထဲမှ သေတ္တာအသေးစားလေးအား သူထုတ်ယူသည်။

သေတ္တာလေးသည် အနက်ရောင်အပြောင်လေးဖြစ်ပြီး မွှေးပျံ့သောရနံ့တစ်မျိုး သင်းပျံ့နေသည်။ ထိုသေတ္တာလေးအား သူက ရည်ရွယ်ချက်တစ်ခုတည်းနှင့် ဝယ်ခဲ့တာဖြစ်သည်။

သေတ္တာလေးအားဖွင့်ကြည့်သောအခါ စီဒီအချပ်တွေ၊ ကော်ကြယ်သီးလေးသုံးလုံး၊ နောက် သူမ,ဆွဲပေးထားသော ပုံတူစာရွက်လေးတွေ။ သူက ထိုအရာတွေကို လက်ညှိုးနှင့်ဖွဖွတို့ထိရင်း လွမ်းဆွတ်ခြင်းရသတစ်မျိုးကို ခံစားလာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျို ... ရွယ် ... လူး"

သူ့နှုတ်ဖျားက တိုးဖွဖွခေါ်ကြည့်သည်။ ရင်တငြိမ့်ငြိမ့် ခုန်လာသလို။

"သူများတွေက ဝီရမျက်နှာကြီးရှုပ်နေတာကို ကြည့်ပြီး ကြောက်ကြတယ် ... သိလား။ လူးကတော့ မကြောက်ပေါင် ... ဝီရက တခြေသရဲမှမဟုတ်တာ၊ ပြီးတော့ လူးက ဝီရရယ်မှာ တောင် စိုးရိမ်နေရသေးတာ"

လို့ သူမပြောတုန်းက သူနားမလည်စွာနှင့် ...

"ဘာဖြစ်လို့လဲ"

"အိုး ... ဘာဖြစ်ရမှာလဲ၊ အဲဒီလိုခပ်တည်တည်နေတဲ့ သူတွေဟာ ရယ်လိုက်ရင် တအားနှစ်လိုဖွယ်ကောင်းသွားတာ လေ၊ ဥပမာပြရရင် ... အာနီးတို့ ဗန်ဒိန်းတို့ကြည့်ပါလား၊ ရယ်လိုက်တဲ့အခါ မျက်နှာကသွယ်ပြီးချိုသွားရော"

"ဩော် ... အဲဒီလိုလား"

"ဝီရမယုံရင် ရယ်ကြည့်ပါလား"

ဒီတော့မှ သူက လူးရည်ရွယ်ချက်ကိုသဘောပေါက်သည်။

"ဒီကိုလူလည်ကျပြီး ရယ်ခိုင်းလို့ကတော့ တစ်သက်လုံး မရယ်ဘူးမှတ်ပါ ... ဒေါ်ပျိုရွယ်လူး"

ဟု သူက အတတ်နိုင်ဆုံး မျက်နှာကိုတည်ပြီး ပြောသည်။ ဒါတောင်ပြုံးရိပ်က တစ်စွန်းတစ်စခိုတွယ်လျက်။ ဝီရက သက်ပြင်းချပြီး မျက်နှာကြက်ကိုမော့ကြည့်မိသည်။ ဒါပေမဲ့ မျက်နှာကြက်ကို မမြင်။ သူ့အား ပြုံးရယ်ပြီးကြည့်နေသော သူမမျက်





နှာသာပေါ်လာ၏။ အဲဒီလို သူ့ဘဝ .. အမြင်ကို ပြောင်းလဲပေးခဲ့သော သူမကို သူ လွယ်လွယ်နှင့် လက်လွှတ်ဆုံးရှုံးရမည် မထင်။

"ဉာဏတစ်ခါပြောဖူးတယ်လေ ... အင်္ဂလန်ကနေပြီး သူ့ဆီစာအုပ်တွေပေးတဲ့ မိန်းမကြီးလေ ... အဲဒါ လူးရဲ့အမေတဲ့၊ ဟိုတစ်နေ့ကပဲ လူးတို့သားအမိနှစ်ယောက်စလုံး ဉာဏအိမ် လာသွားတယ်တဲ့ ဝီရရဲ့ ... မေမေခိုင်းတဲ့ကိစ္စသွားဖို့ နင့်ကို အဖော်ခေါ်တဲ့နေ့ကလေ"

"အဲဒါကြောင့် ဉာဏက အိမ်ကပ်နေတာပေါ့"

"ဉာဏပြောတာတော့ သူတို့လူကြီးချင်း စကားပြောကြ တယ်ဆိုလားပဲ ... လူငယ်ချင်းပဲ နားလည်မှုယူရတော့မယ်တဲ့"

"ဩော်"

သူ့နှလုံးသားက ဖန်ခွက်တစ်ခွက်အလား ဖျတ်ခနဲ ကွဲကြေသွားသံကို သူ အတိုင်းသားကြားရသည်။ တီတာလည်း သူ့နည်းလည်းကောင်းပါပဲ။ သူနှင့်တီတာက တစ်ခုပဲကွာခြား သည်။ သူက လူသူမသိ ကျိတ်ဆွေးရသေးတာ။ တီတာက တော့ ...

ဉာဏလက်ခံမယ်နဲ့ တူတယ်နော်၊ ပျိုရွယ်လူးကလည်း ငြင်းမှာမဟုတ်ဘူး၊ ဉာဏ ... ရက်စက်တယ်ဟာ"

တီတာက မျက်ရည်ဝဲဝဲ၊ အသံတုန်တုန်ဖြင့် ဆိုလေသည်။ သူ့၌ နှစ်သိမ့်စရာစကားလည်းမရှိ။

"လွမ်းစရာကို နာစရာနဲ့ဖြေ တီတာ ... ဒီကောင့် အတွက်နဲ့ မျက်ရည်ကျမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



လို့ ခပ်ထန်ထန်သတိပေးခဲ့သည်။ ဒါပေမဲ့ သူကိုယ်တိုင်ကတော့ ဒီနေ့ထိတိုင် ပျို့ရွယ်လူးအပေါ် နာစရာရှာမတွေ့သေး။ တိတ်တဆိတ် ကျိတ်လွမ်းရသည်။ ဒါပေမဲ့ မျက်နှာချင်းဆိုင်တွေ့လျှင်တော့ သူက ရင်တွင်းဝေဒနာကို တတ်နိုင်သလောက်ဖုံးကွယ်ထား၏။ မာကျောရင့်သီးဟန်အပြည့်နှင့် ...။ ထိုဟန်ရှိသောလူတစ်ယောက်ရဲ့ရင်ဘတ်အတွင်း၌ နူးညံ့ပျော့ပျောင်းသော ချစ်ခြင်းတွေ ရှိနေသည်ဆိုတာ မည်သူကမှ မရိပ်မိခဲ့။

## အခန်း - ၁၀

"ပျို ... ရွယ် ... လူးက ငါ့ကိုမချစ်ဘူးတဲ့တီတာရေ"

"ဟင် ... ဉာဏ ... ဘာပြောတယ်"

"ထပ်မပြောပါရစေနဲ့ဟာ ... ဒီကောင် ရင်နာလွန်းလို့ ... ရှက်လွန်းလို့ ... အေ့"

လေချဉ်တက်သောအခါ အရက်နံ့စူးရှရှသည် ညလေပြည်နှင့်အတူ သူမနှာခေါင်းဝ၌ ပျံ့ဝဲနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင်မှောင်နေသည့်ညကာလ ...။ အချိန်က ဆယ်နာရီကျော်ပြီ။ ဉာဏကဖြင့် ဒါတွေကို သိဟန်မတူ။ပါလာသောပုလင်းက ထက်ဝက်ကျိုးပြီ။ သူကလည်း တစ်ခွက်ပြီးတစ်ခွက် ...။

"သတိထားပါဦး ဉာဏရယ် ... နင် အဲဒီလောက်ကြီးအထိသောက်တော့ အရမ်းမူးနေမှာပေါ့"

"တီ ... တာ ... နင် သိပ်မနှံ့စမ်းနဲ့ဟာ၊ ငါသောက်တာ ... အေ့ ... မူးချင်လို့ ... မူးရင် အားလုံးကိုမေ့မယ်



www.burmeseclassic.com

www.burmeseclassic.com



. . . ပြီးရောပေါ့''

ဖန်ခွက်ကို ဉာဏာက နူတ်ခမ်းနားဆီဆွဲယူသည်။ တီတာက ဖန်ခွက်ကိုင်လက်ကို လှမ်းဆွဲထားသည်။ ကားအတွင်း ပိုင်း မီးရောင်နီမှိန်မှိန်အောက်၌ ဉာဏာမျက်နှာလည်း အရောင်မှိန်၍နေသည်။

''နင် . . . လူးကပြင်းလိုက်လို့ အသည်းကွဲနေသလား ဉာဏာ . . . ဟင်''

ဉာဏာက ရီဝေဝေအကြည့်နှင့် ကြည့်သည်။ ပြီးတော့ ဟက်ခနဲရယ်ကာ . . .

''No ... No . . . ငါကအသည်းမကွဲဘူး . . . ငါ ရှုံးသွားတာ၊ ဘဝနဲ့ချီပြီး ရှုံးသွားတာကို မခံနိုင်ဖြစ်နေတာ၊ ငါ့ကိုမချစ်တဲ့မိန်းမ ဒီကမ္ဘာမှာ ဘယ်နှစ်ယောက်ရှိသလဲ . . . တီတာ''

ရက်ရွံ့စိတ်က သူမကို ဖြန်းခနဲရိုက်ပုတ်သည်။ အမြဲငေး ကြည့်ချင်သောသူ့အကြည့်တွေကို ရင်မဆိုင်ရဲတော့။ တုန်လှုပ် ချောက်ချားစွာ မျက်လွှာချလိုက်သည်။

''ဟင် . . . တီတာ၊ ငါကချောတယ် . . . ဟား ဟား . . . ငါ့အပြုံးက ညို့အားပြင်းတယ်၊ ဆရာဝန်လောင်း ငါနဲ့ချစ်သူဖြစ်ရမှာ ဘာများနစ်နာစရာရှိလို့လဲ၊ ဒါကို သူက မချစ်ဘူးတဲ့၊ အချစ်ဆိုတာ သူအင်မတန်တန်ဖိုးထားတဲ့အရာပါတဲ့ . . . ဆော့ကစားဖို့ မဟုတ်ပါဘူးတဲ့ . . . ဟား ဟား . . . သိပ်ပြီး နှလုံးသားကို ကိုးကွယ်ချင်တဲ့ . . . မိန်းမ''

''ဉာဏာရယ် . . . နင်သိပ်မူးနေပြီ၊ ငါထွက်လာတာ





လည်း ညဥ့်အရမ်းနက်နေပြီ . . . ပြန်ကြရအောင်နော်၊ သူ မချစ်လည်း နေပေါ့ဟယ် . . . နင့်အနားမှာ ငါ . . . ငါ ရှိပါသေးတယ်''

အထစ်ထစ်အငေါ့ငေါ့ဖြင့် ထွက်လာသော ထိုစကား။ ဉာဏာက သူမကို လှည့်ကြည့်သည်။ ယမကာအရှိန်ကြောင့် ဉာဏာနူတ်ခမ်းပါးတွေက ပိုနီမြန်းနေသယောင်။ တီတာသည် သူ့အကြည့်အောက်မှာပင် လူတစ်ကိုယ်လုံး ရှိန်းမြလာရ၏။ ဉာဏာကတော့ ခေါင်းတညိတ်ညိတ်နှင့် . . .

''အင်း . . . ဟုတ်တယ် . . . နင်ရှိသေးတာပဲ၊ ငါဖြစ်ချင်တာတွေ အမြဲဖြစ်အောင်လုပ်ပေးတတ်တဲ့ နင်တစ်ယောက်လုံး ငါ့နားရှိသေးတာပဲ''

''ငါ . . ပျို့ရွယ်လူးကို ရအောင်ယူပြမယ် တီတာ . . . နင်ကြည့်နေ၊ ဒီလောက်နှလုံးသားကိုရှေ့တန်းတင်ပြီး ပလွှင်ပေါ် ထားချင်တဲ့မိန်းမ၊ ကြည့်နေ . . . ငါ့ရင်ခွင်ထဲ ပြိုဆင်းလာစေရမယ်၊ ငါ သူ့ကိုလက်လွှတ်ခံလို့မဖြစ်ဘူး၊ သူက ငါ့အနာဂတ်၊ ငါ့ဘဝကို အမြင့်ဆုံးရောက်တဲ့အထိ တင်ပေးမယ့်လေှကား၊ ငါ သူ့ကို အဆုံးရှုံးမခံနိုင်ဘူး''

''ဉာဏာရယ်''

သူရူးတစ်ယောက်လို တတွတ်တွတ်ရွတ်ဆိုနေတဲ့ဉာဏာ။ သူ့ရင်ခွင်မှာ မျက်ရည်ပင်လယ်ဝေနေသော တီတာ့အဖြစ်ကို မမြင်နိုင်။ ရင်ခွင်ထဲ သူမကိုထည့်ထားပြီး တခြားတစ်ယောက်အား တမ်းတနေတဲ့အဖြစ်။ တီတာ ရင်နာလွန်းလှ၏။

''ငါပြောတာ နင်လက်ခံရဲ့လား . . . တီတာ''



www.burmeseclassic.com

www.burmeseclassic.com



ဉာဏက သူမမျက်နှာကို ဆွဲမော့သည်။ တီတာက အလိုက်သင့်မော့ပေးထား၏"

"နင်ပြောတာ ငါ ဘယ်တုန်းကငြင်းဖူးလို့လဲ ဉာဏ ရယ်"

ဒုတိယအကြိမ် သူမကို ရင်ခွင်ထဲဆွဲသွင်းသည်။ တီတာက ယစ်မူးစွာပင် ငြိမ်သက်နေမိ၏။ ချစ်ရသောသူ စိတ်ချမ်းသာဖို့သာ သူမအတွက် အရေးကြီးဆုံးလေ။ နာရီက ဆယ့်တစ်နာရီ ထိုးလုနီးပါ။ အချိန်တွေ ...ညအမှောင်တွေ ...ပျို့ရွယ်လူး ...ဝီရ ...အားလုံး အားလုံးကို မေ့ထားချင်သည်။ သူမ,သိသည်က သူမရဲ့နှလုံးသားကမ္ဘာထဲက ချစ်သူ့နိုင်ငံတစ်ခု။

ဒီနိုင်ငံကို ရင်ခုန်သံဖြင့် မွမ်းမံချင်သည်။ နှလုံးသွေးဖြင့် ဆေးရောင်ခြယ်ချင်၏။ ပြီးတော့ "ချစ်သူပျော်ရွှင်ပါစေသတည်း" ဟူသော တောင်းဆုကို တစ်ခါမလပ် ချွေချချင်သည်။ နာရီက ဆယ့်နှစ်နာရီ။

ဒီအချိန်မှာတော့ ဉာဏက သူမကားနောက်ခန်း၌ အိပ်ပျော်နေပြီ။ အရက်အနည်းငယ်ကျန်သော ပုလင်းက ကားကြမ်းပြင်ပေါ် လဲလျက်။ သူမ ဟန်းဖုန်းဖြင့် ဝီရထံခေါ်သည်။

"ဟဲလို"

ဝီရအသံက လတ်ဆတ်နိုးကြားစွာ ...။

'ဝီရ"

"အောင်မယ်လေး တီတာ ... နင် ဘယ်ကဆက်နေတာလဲ ...ဘာတွေလျှောက်လုပ်နေတာလဲ၊ နင့်တစ်အိမ်လုံး





ဒီးတောက်နေပြီ၊ ငါလည်း ငယ်ထိပ်မြွေပေါက်နေပြီ ...နင်နဲ့ ဉာဏ အခု ဘယ်မှာလဲ"

"ငါတို့အခုနင်ဆီလာနေပြီ"

"အေး ...ပြီးရော၊ နင့်အိမ်တော့ စိတ်ပူမှာစိုးလို့ ဉာဏ စာကျက်တဲ့အိမ်မှာ ငါတို့ပါစောင့်ပေးနေရတယ်လို့ ပြောထားတယ်"

"အေးပါဟယ် ...ငါ နင့်ကိုကျေးဇူးတင်ပါတယ်"

"နင်တင်တဲ့ကျေးဇူးတွေနဲ့ပဲ ငါကလည်း ပြန်တင်ပါတယ် ...ငါ့ကို ဖုန်းဆက်ဖော်ရလို့လေ"

"နင် အောက်ထပ်ကစောင့် ...သိလားဝီရ၊ ဉာဏကို အိမ်ပြန်ခေါ်လို့မဖြစ်တော့ဘူး ...နင့်အခန်းထဲ ဆွဲတင်မှရမယ်"

"သူက ဘာဖြစ်လို့လဲ"

တီတာက ကားမောင်းနေရာမှ ဉာဏကို တစ်ချက်ငဲ့ကြည့်သည်။ အသိမဲ့စွာ ဉာဏက အိပ်ပျော်နေသည်လေ ...။

"သူ ...တအားမူးနေလို့"

"အေး ...ခေါ်ခဲ့လေ၊ ငါ့ဆီလာမှ အမူးပြေအောင် လည်ပင်းကိုဖနောင့်နဲ့ သုံးချက်လောက်ဆင့်ပေါက်ပစ်မယ်"

ပါးစပ်ကသာ ပြောရတာပါ။ တီတာဖုန်းချပြီးတာနှင့် သူ အောက်ထပ်သို့အပြေးဆင်းလာသည်။ သူလည်း မြေညီထပ်အရောက် ...တီတာ့ကားကလည်း ပါကင်ဝင်းထဲသို့ ဝင်လာပြီဖြစ်သည်။ ကားပေါ်မှ တီတာ အရင်ဆင်းလာ၏။ ဖရိုဖရဲဆံနွယ်တွေနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ပုံစံက ဘယ်လိုဖြစ်လာတာလဲ"

"ငါ နောက်မှပြောပြမယ်၊ ဝီရ ... သူ့ကို နှင်ဆွဲတင်သွားလိုက် ... ငါပြန်တော့မယ်"

"အန်တီတို့ကို ငါပြန်လိုက်ပို့မယ်လို့ ပြောထားတယ်"

ဝီရက ပြောပြီးတာနှင့် ဉာဏာကို ပခုံးပေါ်ထမ်းတင်ပြီး Lift (ဓာတ်လှေကား) ဆီခေါ်သွားသည်။ တီတာကလည်း နောက်ပါးမှ။ ဝီရခြေလှမ်းတွေကို တစ်လှမ်းချင်းအမီလိုက်ရင်း တွေးမိသည်။ ဉာဏာရင်ဘတ်ထဲ သူမက အရင်ရောက်ပြီး ဘာကြောင့် ပထမနေရာမရခဲ့ပါလိမ့်"

နှလုံးသားပဟေဠိက အဖြေညှိရန် ခက်သားလားပဲ။

---

———————————— ။

"ငါ ... နှင့်ကို အစောကြီးကတည်းက မပြောခဲ့ဘူးလား ... မိလူး၊ နှင့်မှာ အစာအိမ်ရှိတယ်၊ အစာအိမ်ရောဂါဆိုတာ စိတ်နဲ့လည်းဆိုင်တယ်ဆိုတာလေ၊ လူကောင်းတောင် စိတ်ညစ်ရင် အအိပ်အစားမမှန်တာ ရှိသေးတာပဲကို ... အစာအိမ်ရောဂါသည်ဆိုတော့ ပိုဆိုးတာပေါ့"

မိသူက ဆရာဝန်ဒီဖိုင်း .. သူမခုတင်နား လူးလာခေါက်တုံ့လျှောက်ကာ တဗျစ်တောက်တောက် ပြောနေ၏။ လူးကဖြင့် သူမ,ပြောသမျှ နားထဲ ကြားတစ်ချက်၊ မကြားတစ်ချက်။ လူးအာရုံအား သိမ်းကျုံးဆွဲဆောင်ထားတာက ဝီရ။

ဟိုတစ်ညက လူး ဗိုက်ပြန်အောင့်သည်။ တရားခံက ဝီရရဲ့စိမ်းကားမှုကြောင့် အစားမမှန်ခြင်း။ တစ်ညလုံး အလူးအလဲမို့ ဆရာဝန်တွေပြေးခေါ်၊ မေမေပါအိပ်ရေးပျက်ကာ ဗျာများသွားရသည်။ အခု သက်သာပေမယ့် အပြင်းအထန်အောင့်ခဲ့သည့် ဒဏ်တွေကြောင့် လူးဝမ်းဗိုက်တစ်ပြင်လုံး နာကျင်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝီရကို မတွေ့မမြင်ရတော့ ဝေဒနာကြားမှ မျှော်လင့်ချင်သည်။ မြင်တွေ့ချင်သည်။ ဝီရအပြုံးတစ်ချက်သည် သူမ၊ခံစားရသမျှဝေဒနာတွေကို သိမ်းငင်ယူဆောင်သွားမည်ဟု ထင်မှတ်ထား၏။

"မိလူး ... ငါပြောတာ ကြားရဲ့လားလို့"

"ဝီရကို လွမ်းတယ်"

"ဟဲ့"

မိသူက စိတ်မရှည်စွာ အော်သည်။

နင့်စိတ်ကို ငြိမ်ငြိမ်ထားစမ်း၊ ဟိုကဖြင့် နင့်ကို သတိတောင်ရမှာမဟုတ်ဘူး၊ ဒီနေ့လည်း တီတာနဲ့ ကျောင်းမှာတွေ့ပါ ... အတူတူ ကင်(န်)တင်းထိုင်လို့"

"သူတို့က သူငယ်ချင်းတွေပဲဟဲ့ ... အတူတူထိုင်တာဆန်းလား"

"အမယ်လေး ... ထိုင်ရုံမကဘူး ... ဒင်းကချော့လို့၊ ဟိုက ငိုထားတဲ့ပုံစံလို"

မိဝိုင်းကပါ မဲ့ကာရွဲ့ကာ ဝင်ပြောသည်။ လူးကတော့ ဖွတ်ပေသော မျက်နှာကလေးဖြင့် ...

"မယုံပါဘူး"

"ဟင်"

"ဟုတ်တယ် ... မယုံပါဘူး၊ ဒီမယ် ... သူများသွေးထိုးတိုင်း သွေးကွဲမယ့်အစားမျိုးထဲမှာ ငါမပါဘူး၊ ငါက မျက်စိနဲ့တပ်အပ်မြင်ရမှ၊ ငါ့နားနဲ့ ဆတ်ဆတ်ကြားရမှ ယုံမယ့်လူ"





"သွားပြီ ... အဲဒါ ဘာအရူးလဲ ... သိလားမိဝိုင်း"

"သိတယ် ... လင်တ"

"မိ ... ဝိုင်း"

ရှေ့ဆက်မည့်စကားကို သူမက ကြိုသိတားသည်။ ထို့ကြောင့် တားရခြင်းဖြစ်၏။ ပြီးမှ ...

"ငါ ... သူ့ကို အရမ်းလွမ်းတယ်ဟာ၊ သူ့ကို ဗီဒီယိုရိုက်ပေးပါလား၊ သူရဲ့လှုပ်ရှားမှုတွေကို ငါကြည့်ချင်တယ်"

"ငါတို့ကို အဲဒီဝဋ်ဒုက္ခကြီးထဲ ဆွဲမသွင်းချင်ပါနဲ့ မိလူးရယ်"

"ဆွဲသွင်းတာ မဟုတ်ပါဘူးဟယ် .. အကူအညီတောင်းတာပါ"

သနားစဖွယ်ရုပ်ကလေးနဲ့ မိလူး။ ဒီလိုဆိုတော့လည်း သူမတို့နှစ်ယောက် ဥပေက္ခာမပြုရက်။ အစွဲအလမ်းကြီးသော သူငယ်ချင်းအကြောင်းကို သူမတို့အသိဆုံး။ ထို့ကြောင့် မိသူက တစ်ထစ်လျှော့ပေးသည့်အနေဖြင့် ...

"မနက်မှ ရိုက်ပေးမယ်ဟာ ... ကျောင်းထဲကပုံတွေလေ"

"အမယ် ... မိသူ ... နင်ငါ့ကို တစ်ပတ်မရိုက်နဲ့၊ မနက်ဖြန် စနေကျောင်းပိတ်ရက်ကြီး၊ သွားပါဟယ် ... သူက ဒီလိုရာသီဥတုသာယာတဲ့ညနေမျိုးဆို လမ်းလျှောက်ထွက်တတ်တယ်၊ အသွားမမီတောင် အပြန်မီမှာပါ ... သွား ... သွား"

"ဘယ်သွားခိုင်းနေတာလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဆန်ပြုတ်ပန်းကန်သယ်လာကာ မေးသူက မေမေ။ ရုတ်တရက်မို့ အမှန်အတိုင်းလည်း မဖြေဝံ့သေးသောလူးက ...

"အင်း ... ဟိုဟာမေမေ"

"ဘာမှမဟုတ်ပါဘူး ... သူ့ကောင်လေးကိုလွမ်းလို့တဲ့ ... ဗီဒီယိုသွားရိုက်နိုင်းတာအန်တီ"

ဖော်ကောင်လုပ်ချင်သောမိသူကို မျက်စောင်းထိုး၊ အသံတိတ်ဆဲရေးစဉ် မေမေက ဟက်ဟက်ပက်ပက်ရယ်ရင်း ...

"ဩော် ... ဟိုခွေတွေထဲက ဂျစ်တစ်တစ်လေးလား၊ မေမေတောင် သူ့စတိုင်ကို သဘောကျနေတာ၊ ကဲ ... သူရိုက်ပေးဆိုလည်း ရိုက်ပေးလိုက်ပါ ... ဒါမျိုးက ဖြစ်တတ်ပါတယ်"

မေမေက တိုက်တွန်း၏။ မိပိုင်းတို့နှစ်ယောက်ကတော့ လက်မှိုင်ချကာ ...

"ဟွန်း ... သွားပါပြီ ... စစ်ကူတောင်းပါတယ် ... တစ်ခါတည်း တန်းပြီးအရေးနိမ့်တော့တာပဲ"

ဟု စူပွပွလုပ်ကာ ကင်မရာဆွဲပြီး ထွက်သွားကြ၏။ လူးတို့နှစ်ယောက်ချင်း ကျန်ခဲ့တော့မှ ...

"မေမေက ဝီရကို ဘယ်တုန်းက သိတာလဲ"

"သိတာက ... မြတ်တို့အိမ်သွားကတည်းက"

"ဩော် ... အန်တီမြတ်က ပြောပြတာလား"

"မဟုတ်ဘူးသမီးရဲ့ .. မြတ်က သူသားရဲ့အယ်လ်ဘမ်ကို ထုတ်ပြတာ၊ သမီးနဲ့ဉာဏ ခြံထဲဆင်းသွားတဲ့အချိန်လေ၊ အဲဒီ ဉာဏရိုက်ထားတဲ့ပုံတချို့မှာ ဒီကလေးကို မေမေမြင်တာ





မြင်တာနဲ့ သတိထားမိသွားတယ်၊ သူ့ရဲ့မှုန်တေတေမျက်နှာမြင်တာနဲ့ကိုလေ၊ နောက် သမီးနေမကောင်းဖြစ်တဲ့ညက ဆေးဒဏ်တွေနဲ့ အိပ်ပျော်နေတုန်း သူ့ပုံပါတဲ့စီဒီတွေကို ကြည့်ဖြစ်တာ၊ တကူးတကကြီး မဟုတ်ဘူးနော် ... တိုက်ဆိုင်မှုပါ၊ အဲဒီမှာ မိပိုင်းတို့က မေမေ့ကို ဇာတ်စုံခင်းပြတာ"

မေမေ့စကားတွေနားထောင်ရင်း လူးက သူ့ကိုမြင်ယောင်လာသည်။ မှုန်တေတေကြွပ်ဆတ်ဆတ်ကောင်လေးကို မတွေ့ရတာ ကြာပြီ။ ထို့အတွက် လွမ်းဆွတ်ခြင်းအရသာဟာ ပိုးတစ်ကောင်လို သူမနှလုံးသားကို တဆစ်ဆစ်ကိုက်ခဲစေသည်။

"သူ့ကိုမေမေ ဘယ်လိုသံဘောရလဲဟင်"

"မေမေ့သဘောက အဓိကမဟုတ်ဘူး ... သမီးသဘောက အဓိကကျတယ်၊ ဒါပေမဲ့ မေမေတစ်ခုတော့ သတိပေးမယ် ... ကိုယ့်အချစ်တစ်ခုတည်းနဲ့တော့ သူ့ကို မသိမ်းပိုက်မိစေနဲ့၊ အဲဒါကို သူလည်း သဘောကျမှာမဟုတ်သလို သမီးလည်း စိတ်ချမ်းသာမှာမဟုတ်ဘူး၊ အချစ်ကို ကိုးကွယ်တယ်ဆိုတဲ့နေရာမှာ နှလုံးသားချင်းထပ်တူကျဖို့က အရေးကြီးတယ် ... နားလည်လား သမီး"

"ဟုတ် ... လူးနားလည်ပါတယ် မေမေ"

ဟုသာ ပြောရသည်။ အလွမ်းဒဏ်နှင့်အတူ စိုးရိမ်စိတ်က သူမရင်ထဲ နီတွယ်လာ၏။ မေမေ ဘာကိုရည်ရွယ်ပါလိမ့်။ သူ့မချစ်ဘဲ လူးကို မချစ်စေချင်တဲ့သဘောလား။ အိုး ... လူး မတွေးတတ်တော့။ ချာချာလည်အောင် ပဟေဠိတွေပြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လှူးနှလုံးသားသည် အမှန်တရားကို မမြင်နိုင်။ ထိုအချိန်မှာပင် မိသူတို့ ပြန်ရောက်လာခြင်းပင်။

"တွေ့ခဲ့လား မိန်းမတွေ"

ခရီးရောက်မဆိုက် လှူးက ဆီးကြိုမေးမိသည်။ ကိုယ်က သိလိုလှပြီ။

"အေး ... အဲဒီမှာကြည့်"

မိပိုင်းက ကင်မရာပစ်ပေး၏။ လှူးက ဗီဒီယိုကင်မရာကို ဖွင့်ကြည့်သည်။ မြင်ကွင်းထဲအရင်ဝင်လာတာ သူ့ရဲ့ဂျစ်ကားအနီရဲလေး ...။ နောက် ကားပါကင်ထိုးပြီးနောက် သူဆင်းလာသည်။ သူ့နောက်ပါးမှာ တီတာ။ နှစ်ယောက်သား Lift (ဓာတ်လှေကား) မှတစ်ဆင့် ကွန်ဒိုပေါ်တတ်သွားသည်။ မြင်ကွင်းက ဒါပဲဖြစ်သည်။ လှူးကနားမလည်နိုင်စွာ မိပိုင်းမျက်နှာကို လှမ်းကြည့်သည်။

မိပိုင်းက ဘာမထိရုပ်နှင့် ပခုံးတွန့်ပြရင်း ...

"အဲဒီကွန်ဒိုထဲဝင်သွားတာ ညခုနစ်နာရီကတည်းက၊ အခု ငါတို့ပြန်လာတဲ့ ကိုးနာရီအထိ တီတီတာပြန်ဆင်းမလာသေးဘူး၊ တိုက်ခန်းတစ်ခုထဲမှာ ဝီရနဲ့ တီတီတာ ဘာတွေလုပ်နေလဲဆိုတာတော့ ငါတို့လည်း မှတ်တမ်းတင်လို့မရဘူးမိလှူး၊ ဒီလောက်ဆို အလွမ်းပြေလောက်ပြီပေါ့"

သူမ ငိုင်ကျသွားသည်။ လျှပ်စီးတွေက နေရာအနှံ့မှ သူမခန္ဓာကိုယ်ထဲ ဝင်ရောက်လာသလို၊ ပြိုးပြက်လင်းလက်သော ခံစားမှုများနှင့် ခန္ဓာကိုယ်တစ်ခြမ်းက လင်း၍ ကျန်တစ်ခြမ်းက





မှောင်နေသည်။ ရင်ထဲ၌ ဘာမှမကျန်တော့အောင် ဟာလာဟင်းလင်းကြီး။

သူနှင့်တီတီတာရဲ့ဆက်နွယ်မှုက အဲဒီလိုလား ... ဟင့်အင်း ... မယုံနိုင်သေး၊ မယုံချင်သေးပါ။ ဒါပေမဲ့ သူ့အပေါ် ယုံကြည်ခြင်းကတော့ အက်ကြောင်းထင်လာပြီဖြစ်သည်။ ထိုအက်ကြောင်းကို ဖျတ်ခနဲ ကွဲအက်စေခြင်းအကြောင်းမှာ သူမနှင့် မေမေအား ဥာဏာတို့မိသားစုမှ ညနေစာနှင့်တည်ခင်း ဧည့်ခံခဲ့ခြင်းပင်။ ထိုညနေက မေမေသည် ဧည့်ခန်း၌စကားဖောင်ဖွဲ့ချိန်။

ဥာဏာကတော့ ညနေစာစားပြီးသော သူမအတွက် သစ်သီးဖျော်ရည်နှင့် ဧည့်ခံရန်စီစဉ်၏။ ထိုအချိန်တွင် သူမက ဘယ်သူ့ကိုမှ အသိမပေးဘဲ ခြံထဲဆင်းလာခဲ့ခြင်းပင်။ ဒါ ... မှားလားမှန်လား ... သူ ဝေခွဲမရ။ အချိန်က မှောင်ရီပိုးတဝါး။ သစ်ခွပန်းအိုးတွေအား ငေးနေဆဲမှာပင် တစ်ဖက်ခြံမှ စကားသံသဲ့သဲ့။ လေအနေ့ာနှင့် ဝေ့ပါလာခဲ့၏။

"အဓိပ္ပါယ်မရှိတာတွေ တီတာ ... အဲဒီလိုတွက်ပြေးရုံနဲ့ ပြဿနာတွေ ပြီးသွားမလား"

"ငါ ... ငါ့ကိုပစ်မထားပါနဲ့ ဝီရရယ်"

ငိုရှိုက်သံ၊ ချော့မော့နှစ်သိမ့်အားပေးနေသောယောကျ်ားပာစ်ဦးအသံ။ လှူး သွေးတွေ ဖျဉ်းခနဲဆူပွက်လာသည်။ ခန္ဓာကိုယ်က သတိအနေအထား။ ဆက်ခနဲတောင့်မတ်လို့။ ဒါ ... ဘယ်သူတွေရဲ့အသံဆိုတာ လှူးဦးနှောက်ကမသိနိုင်ပေမယ့် လှူးနှလုံးသားက အဖြေထုတ်ပေးနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တာဝန် ငါသိပါတယ် . . . ငိုမနေပါနဲ့တီတာ၊ နင်ဖြစ်သမျှကိစ္စအားလုံး ငါတာဝန်ယူမယ်၊ နင်ငိုနေလို့ ပြီးသွားမှာမဟုတ်ဘူး၊ တိတ်တော့တီတာ . . . နင့်မျက်ရည်တွေက ငါ့ရင်ကို ပူစေတယ်ဟာ . . . တိတ်တော့"

တာဝန် . . .။ တာဝန်ဆိုတာ ဘာလဲ . . .။ တီတာ့ကို သူက တာဝန်ယူမတဲ့လား။ အိုး . . . ဒါဆို လူးက ဘေးလူပေါ့ . . . ဟုတ်လား။ လူးသည် သူ့အပေါ် ချစ်ခြင်းတွေအတွက် ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်ရှက်ရွံ့လာရ၏။ သူချစ်ခြင်းကို လူးတောင့်တနေချိန်၌ သူက တစ်ပါးသောမိန်းမထံ ဝပ်ဆင်းလို့ . . .။

သူ့ကို စွဲလမ်းခဲ့သမျှ၊ ရူးသွပ်ခဲ့သမျှ၊ မျှော်လင့်ခဲ့သမျှ . . . လူးက တကယ့်အရူးတစ်ယောက်ပမာ။ လူးပေးဆပ်ခဲ့သမျှ အရာမထင်တော့။ လူးစောင့်စားခဲ့သမျှ အိပ်မက်ဘုံသည် လေထဲ၌ပင် ဖျစ်ဖျစ်မြည်ကာ ပြိုကွဲသွား၏။ ချစ်ခြင်းဖြင့်စွတ်စိုခဲ့သော သူမနှလုံးသားသည် တစပြင်လို သွေ့ခြောက်သွားတာ ချက်ချင်း။

သူဟာ လူးရဲ့ ချစ်ဆိပ်တက်သောနှလုံးသားကို တစ်ချိန်လုံး ဆော့ကစား၏။ လူးဆန္ဒတွေ ဖြည့်ဆည်းပေးသည်ဟု ထင်သမျှ သူ့အတွက်ယူသွားတာချည်း။ လူးအပါး၌နေသည်ဟု ထင်သမျှ မှား၏။ သူ့အပါးသို့ လူးသွားခဲ့တာချည်း။

"ပျို . . . ရွယ် . . . လူး"

နောက်ပါးကခေါ်သံကြောင့် လူးလှည့်ကြည့်မိသည်။ တစ်ဖက်မှစကားသံတွေလည်း ချက်ချင်းတိတ်ဆိတ်သွား၏။ နှလုံးသားရဲ့ ကြမ်းရှခက်ထန်ခြင်းသည် သူမမျက်နှာကို အရောင်





ရင့်စေသလား မသိ။ ဉာဏာရဲ့ အံ့သြသောမျက်ဝန်းတွေကို တွေ့ရသည်။

"ဒီမှာလေ . . . သစ်သီးဖျော်ရည်"

"ကျေးဇူး ဉာဏာ . . . ပြောစရာရှိသေးတယ်"

"အင်း . . . ပြောလေ . . . ဘာလဲ"

"ဉာဏာနဲ့လူးရဲ့ကိစ္စကို ငြင်းဖို့စိတ်ကူး မရှိတော့ဘူး"

ဉာဏာသည် ချက်ချင်းထခုန်တော့မည့်ဟန်ပန်ဖြင့် . . .

"တကယ် . . . တကယ်လားပျိုရွယ်လူး . . . ကိုယ် . . . ကိုယ် အိပ်မက်မက်နေတာမဟုတ်ပါဘူးနော်"

"တကယ်ပါ . . . တို့ တကယ်ပြောတာ၊ လူး ကျောင်းပြီးတာနဲ့ လက်ထပ်ကြတာပေါ့၊ လက်ထပ်ပြီးရင် မေမေတို့ဆီ လိုက်သွားမယ်၊ ဉာဏာက ဟိုမှာကျောင်းဆက်တက်ပေါ့"

"ကျေးဇူးတင်ပါတယ်လူး . . . အရာရာတိုင်းအတွက်ပေါ့"

သူမ ဘာမှမတုံ့ပြန်မိ . . .။ ချက်ချင်းအေးစက်မာကျောသွားတာများ . . . အရင်က ပျိုရွယ်လူးမဟုတ်သလို။ အမုန်းတရားရဲ့ လက်တံရှည်က အေးခဲစွာ သူမကို စတင်ရစ်ပတ်ခဲ့ပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၁

**အ**ဖြစ်အပျက်များသည် လေပြင်းမိသော တိမ်တောင်များနှယ် တရိပ်ရိပ်လျင်မြန်စွာ သူ့အား ဖြတ်ကျော်သွားကြ၏။

"ဘယ်လို မဝိုင်း ... ကျွန်တော့်ကိုနားလည်အောင် နောက်တစ်ခေါက်လောက် ထပ်ပြောပြပေးပါ"

သူက ဖုန်းထဲမှမယုံကြည်နိုင်စွာ မေးမိသည်။

"မိလူး ပျောက်နေလို့ ... ဥက္ကာရဲ့"

အဓိပ္ပါယ် မရှိတာဗျာ၊ ပျောက်ရအောင် သူက ကလေးမှ မဟုတ်တာ"

"ကလေးမဟုတ်လို့ ကျွန်မတို့ ဒီအချိန်ထိလွှတ်ထားတာပေါ့"

"ဘယ်ကဘယ်လိုပျောက်သွားတာလဲ၊ ပျောက်မှန်းသေချာလည်း ရဲစခန်းတွေ,ဘာတွေ တိုင်တော့လေဗျာ၊ ဒီအတိုင်း ငုတ်တုတ်ထိုင်ပြီးစောင့်နေလို့ ဘယ်ဖြစ်မလဲ"

"တိုင်တော့တိုင်မလို့ပဲ ... ဒါပေမဲ့ မိလူးနဲ့အတူ ဝီရပါ





ပျောက်နေတာ"

"ဘာ"

သူ့နားထဲ မိုးကြိုးအတွဲလိုက်ပစ်ချလိုက်သလား ထင်ရသည်။ နားစည်တွေ ကွဲထွက်သွားသလို၊ နှလုံးသားကတော့ လက်ချောင်းအေးစက်စက်ကြီးတွေရဲ့ဆုပ်ချေဖျစ်ညှစ်မှုကို ခံရသည့်နှယ် ချက်ချင်း အသက်ရှူမဝဖြစ်လာသည်။

"ဝီရပါ ပျောက်နေတာ ... သေချာလား"

"အင်း ... မိလူးက ကားကို ဒီအတိုင်းထားခဲ့တာ၊ သော့ကြီးလည်းဖွင့်လျက်သားပဲ၊ ဝီရအခန်းကိုတော့ ကျွန်မတို့ သွားကြည့်ပြီးပြီ ... ဝီရမရှိတာ သေချာတယ်၊ နောက်ပြီး ကားပါတ်(ခ်)ထဲမှာလည်း သူ့ကားမတွေ့ဘူး"

သူ့စိတ်တွေက ဗလောင်ဆူလှုပ်ရှားနေပြီ၊ ဒါကိုပဲ သူက ရအောင်ထိန်းလျက် ...

"နေပါဦး ... ဝီရက သူ့ဟာသူအပြင်သွားတာရော မဖြစ်နိုင်ဘူးလား၊ ခါတိုင်းလည်း သူ ဒီလိုပဲ အပြင်သွားနေကျလေ၊ ဝီရပါ ပျောက်နေပြီလို့ ဘယ်သူပြောတာလဲ"

"တီတီတာ"

သူ့မေးခွန်းဆုံးတာနှင့် အဖြေကို တန်းအော်သည်။ တီတာ ... ဝီရနဲ့လူးပျောက်တာလို့ တီတာက ဘယ်လိုလုပ်သိနေပါလိမ့်။ သူသိသလောက် တီတာဟာ အေးဆေးနူးညံ့သော မိန်းကလေး ...။ တစ်ပါးသူအကြောင်းတွေ မသိသောမိန်းကလေး။ အခု သူသိသော တီတာက ...။ ဥက္ကာခေါင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



အတွေးချည်မျှင်တွေနှင့် ရှုပ်ထွေးလာ၏။

ခြေလှမ်းတွေက တစ်ဖက်ခြံထဲရှိ တီတာ့ထံ။ ဒန်းပေါ်၌ တီတာ့ကို အသင့်တွေ့ရသည်။ ငူငေါင်ငေးမောလျက် . . .

"တီတာ"

သူ့အား ဖျတ်ခနဲ လှမ်းကြည့်သောမျက်ဝန်းတွေထဲ တက်ကြွမှုကို မတွေ့ရ။

"ဉာဏ"

"ပျိုရွယ်လူးပျောက်နေတယ်ဆို"

"နင်သိသွားပြီလား"

"ဝိရပါ ပျောက်နေတာတဲ့"

"အင်း . . . ငါသိပါတယ်"

"ငါမသိအောင် နင် ဘာတွေဖုံးကွယ်ထားလဲတီတာ၊ ငါတို့စေ့စပ်ပွဲက မနက်ဖြန်၊ ပျိုရွယ်လူး ဘာကြောင့်ပျောက်သွားတာလဲ . . . အဲဒါ သွေးရိုးသားရိုးမဖြစ်နိုင်ဘူး"

တီတာက မျက်လွှာပြန်ချသည်။ ကြည့်စမ်း . . . တုန်လှုပ်ခြင်း ကင်းလို့။ ဒါ ပုံမှန်တီတီတာမှ မဟုတ်တာ။ ဉာဏရင်ထဲ စိုးရိမ်စိတ်က ဖြောင်းခနဲ ပွင့်ထွက်သွားသည်။ ဘဝနှင့်ချီသော ဆုံးရှုံးမှုကြီးက သူ့အား ချောက်ချားစေ၏။

"တီတာ"

ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲခါသည်။

"ဟင် . . . ဉာဏ"

"ဝိရ ဒီလိုလုပ်လိမ့်မယ်ဆိုတာ နင်သိထားတယ်မဟုတ်





လား၊ သူတို့က ဘယ်မှာလဲ . . . ငါ့ကိုပြောစမ်းပါ"

"ဟင့်အင်း ဉာဏ . . . ငါမသိဘူး"

"တီ . . . တာ"

သူ ကြုံးအော်သည်။ သူ့လက်ထဲ၌ အဝတ်ရုပ်တစ်ရုပ်လို . . . သူမက ပျော့ခွေစွာ။

"ဒါ . . . ငါ့အနာဂတ်နဲ့သက်ဆိုင်တယ် တီတာ၊ ငါ့အနာဂတ်ကိုဖျက်ဆီးတဲ့ ဘယ်သူ့ကိုမဆို ငါခွင့်မလွှတ်ဘူးနော်"

သွားကြားထဲမှ လေထွက်ရုံ စူးရှစိမ်းခဲစွာပြောသည်။ သူ့မျက်လုံးတွေဟာ လောဘကြောင့် အနီရောင်တောက်နေ၏။ ချစ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မေတ္တာတရားတွေ . . . တစ်ခုမှ မတွေ့ရ။ ထိုအရာတွေအစား သူ့မျက်နှာပေါ်၌တွေ့ရတာက အရှုံးကြီးရှုံးမှာကို စိုးရိမ်သောအတ္တ။ အတ္တရဲ့ အနီရောင်မျက်နှာကြီးသာ တွေ့ရသည်။

တီတာသည် သူ့အားစိုက်ကြည့်ရင်း ဝမ်းနည်းလာ၏။ ဒီတစ်ကြိမ်ဆုံးရှုံးတာက ဘာနှင့်မှမတူ။ ငယ်သံယောဇဉ်ကို အမြဲတမ်း မျှော်လင့်ချက်ထားခဲ့သော သူမ။ နောက်ဆုံးမျှော်လင့်ကြိုး ဒီနေရာမှာပဲ ပြတ်တောက်သွားခဲ့ပြီ။

"ငါ့ကိုဖြေပါ တီတာ . . . ပြောပြပါ၊ ငါ . . ပျိုရွယ်လူးကို ဆုံးရှုံးသွားဖို့ မဖြစ်နိုင်တော့ဘူး၊ သူက ငါ့ဘဝ၊ ငါ့အနာဂတ်"

"ငါ့မှာလည်း အနာဂတ်ရှိတယ်ဉာဏ . . . ငါ့အနာဂတ်က နင်"

"ဒီအချိန်မှာ နင့်အကြောင်းတွေ ငါ နားထောင်မပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးတီတာ''

တီတာ ရှော့ (ခ်) ရသွားသည်။ ငြိမ်သက်ဆုတ်ဆိုင်းသွားသည်။ ဉာဏာမျက်နှာကိုငေးကြည့်နေသော သူမမျက်ဝန်းတွေက အစိမ်းရောင်။

''ကျေးဇူးပြုပြီး ... ဝီရဘယ်မှာရှိလဲဆိုတာ ပြောပြပါ တီတာ''

သူမ ပြုံး၏။ မျက်ရည်တွေကြားထဲက ရှင်သန်လာသော အပြုံး။

''ငါ တကယ်မသိဘူးဉာဏာ ... နင့်အတွက် ငါ စိတ်မကောင်းပါဘူး''

ပြောပြီးသည်နှင့် ဉာဏာကိုကျောခိုင်းပစ်သည်။ ဒါဟာ နောက်ဆုံးပါပဲလို့ သူမတီးတိုးရေရွတ်၏။ ဝီရနှင့် ပျိုရွယ်လူးတို့ ပျောက်သွားပြီး နောက်တစ်နေ့မှာပဲ တီတာလည်း ထိုဝန်းကျင်မှ ပျောက်သွားခဲ့သည်။ ဉာဏာကတော့ အခုချိန်ထိ လက်မခံသေးသော အရှုံးတွေနှင့် ...။ ငါ့ ... ရင်မှာမီးလောင်နေပြီ ဝီရ။

------------ ။

လူး အိပ်ရာက ဖျတ်ခနဲ နိုးလာသည်။ နာခေါင်းထဲ၌ စိမ်းရွှေရွှေအနံ့ကြီး ရနေဆဲပင်။ ခေါင်းတစ်ခုလုံး ရီဝေအုပ်မှိုင်းလျက်။ အခန်းဝန်းကျင်အား သူမ မျက်စိကစားမိသည်။ အပြာနုရောင်လွှမ်းသောအခန်း ...။ သူမနှစ်သက်သောအရောင်နဲ့ ချည်း ဖွဲ့စည်းထား၏။ ဒါပေမဲ့ သူမအခန်းမဟုတ်။

နံရံတွေ၌ ရေမွှေးနှင်းဆီတွေကို အစည်းလိုက် ကပ်ထားသည်။ တချို့နေရာ၌ ပန်းခြင်းလေးဖြင့် ချိတ်ဆွဲထား၏။ ထိုမှ ထွက်သော ရနံ့သင်းလေးသည် အုံခဲနေသော သူမဦးခေါင်းနှင့် စိတ်အစဉ်ကို ကြည်လင်စေသည်။ ခုတင်က ကြီးမားကျယ်ပြန့်သော နှစ်ယောက်အိပ်။ အဖြူပေါ်ပန်းရောင်နှင်းဆီပွင့် အိပ်ရာခင်းကြီး။ ခေါင်းအုံးစွပ်တွေကလည်း အရောင်တူမို့ တစ်မျိုးလေး စိတ်ကိုလှုပ်ရှားစေသည်။

''ငါ ... ဘယ်ကိုရောက်နေပါလိမ့်''

လူးဟာ နောက်ဆုံးအချိန်ထိ သူမကားပေါ်၌ ရှိနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ သတိရ၏။ စေ့စပ်ပွဲအတွက် လူးပန်းသွားယူတာပါ။

''တစ်ယောက်တည်းဖြစ်ရဲ့လား လူး၊ ကိုယ်က ဒီနေ့ viba (နှုတ်ဖြေစာမေးပွဲ) ရှိလို့၊ ဒါပေမဲ့ လူးတစ်ယောက်တည်း အဆင်မပြေရင်တော့ ကိုယ်လိုက်ခဲ့ပေးမယ်လေ၊ စာမေးပွဲနဲ့ စေ့စပ်တာနဲ့ လာတိုက်နေရတယ်လို့ကွာ''

လို့ ဉာဏက တညည်းညည်း။ ထို့ကြောင့် လူးကပင်

''ရပါတယ် ဉာဏရဲ့ ... သွားတတ်ပါတယ်၊ ပန်းလေး သွားယူတာ ဘာမှအရေးမကြီးပါဘူး ... စောင့်စရာလည်း လိုမှ မလိုတာ ... မှာပြီးသားကို''

''ဆောရီးပဲ လူးရယ် ... ကိုယ်တောင်းပန်ပါတယ်''

''ဘာကိုလဲ ဉာဏရဲ့''

''လူးအနားမှာ အဖော်လုပ်မပေးနိုင်လို့လေ''

''အိုး ... ကိစ္စမရှိပါဘူး''

''လူး ကိုယ့်ကိုငြိုငြင်သွားမှာ ... ကိုယ်သိပ်ကြောက် တယ်''

''ဉာဏရယ်''

သူမလက်ကို ဖျစ်ညှစ်ဆုပ်ကိုင်၍ ဆိုလာသောဉာဏ။ သူ့မျက်နှာပေါ်၌ တကယ်စိုးရိမ်မှုတွေ အထင်းသားမို့ လူးကပင် စိတ်မကောင်းဖြစ်သွားရသေးတာ။ သူ့လက်ကိုပြန်လည်ဆုပ်ကိုင် အားပေးချိန်တွင် လူးအာရုံ၌ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ မြင်ယောင်သွားခဲ့သည်။ ကြွပ်ဆတ်မာကျောသောလူ။ အချစ်ကို မခံစားတတ်သောလူ။





နာကြည်းစိတ်ဖြင့် ကြိုးစားမောင်းထုတ်၏။ ရင်ထဲ နာကျင်စိတ်က အရိပ်လိုကျန်သည်။ သူမ ပန်းယူပြီး ကားထဲပြန်ဝင်တော့ ထူးခြားသောမွှေးရနံ့ရပြီးနောက် လူးလက်ထဲက ကားသော့ ပြုတ်ကျသွားတာမှတ်မိသည်။ ဒါဆို ဒီကို လူး ဘယ်လိုရောက်လာတာလဲ ...။ စေ့စပ်ပွဲ ...။

လူးက လက်မှနာရီကို ဖျတ်ခနဲကြည့်သည်။ (၉း၃၀)။ ဒါဆို ည ကိုးနာရီခွဲပေါ့။ လူးစေ့စပ်ပွဲက မနက်ကိုးနာရီတိတိမှာ။ မဟုတ်သေးပါဘူး ... လူးက နာရီကို တစ်ဖန်ပြန်ကြည့်သည်။ နာရီထဲရှိ ရက်စွဲက ၂၀ ရက် ...။

''ဘုရားရေ ... ဒီနေ့ 'စေ့စပ်ပွဲ''

လူး ဆတ်ခနဲ ခုန်ထသည်။ အခန်းတံခါးဆီ ပြေးသွား၏။ လူး တံခါးနားရောက်မလာခင်မှာပဲ တံခါးချပ်က ဖျတ်ဆိုပွင့်သွား၏။

''မောနင်း ... လူး''

ဝင်လာသောသူကိုကြည့်ကာ သူမ မှင်တက်ဆဲ။

''ဗီရ''

''ဒီမှာ လူးသိပ်ကြိုက်တဲ့ နန်းကြီးသုပ်လေ၊ ကိုယ်ကြိုးစားပြီး လုပ်ထားတာ၊ စားကြည့်ပါဦး ... လူးကြိုက်မှာပါ''

သူက တည်ငြိမ်အေးဆေးစွာ စားပွဲပေါ်ကို ဇန်းတင်သည်။ အခန်းတံခါးကို ပိတ်၏။ လူးသည် ကြောင်တက်တက်ရပ်နေဆဲ။ ဒါပေမဲ့ တစ်ခဏအတွင်း အခြေအနေအရပ်ရပ်ကို သူမ သဘောပေါက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နင် ... ဘာလုပ်တာလဲ ... ဝီရ"

သူမအသံက ကိုယ်တိုင်ပင် မမှတ်မိနိုင်လောက်အောင် အေးစက်စိမ်းရှစွာ။

"ဒါကရေချိုးခန်း ... ဒီမှာအိမ်သာ၊ မှန်တင်ခုံပေါ်မှာ မင်းအတွက် အလှကုန်ပစ္စည်းတွေရှိတယ်၊ ဗီရိုထဲမှာ အဝတ်အစား"

"ဝီရ ... လင်းထင်"

လှူးအော်သံက အကျယ်ကြီး ...။ လှူးသည် သူ့နားကို ဒေါသဖြင့်လျှောက်သွားက သူ့အကျီကို ဆောင့်ဆွဲပစ်သည်။

"နင် ငါမေးတာကို ဖြေစမ်း ... နင်ဘာလုပ်တာလဲ"

သူက လှူးလက်တွေကို ဖြည်းချရင်း ...

"မင်းကို ခေါ်လာတာ"

"ဘာ ... နင် ရူးနေပြီလား ... ဝီရလင်းထင်၊ ဒီနေ့ ငါ့စေ့စပ်ပွဲ၊ ငါစေ့စပ်ရမယ် ... ငါ့ကိုပြန်ပို့ပေးပါ"

"မပို့ဘူး"

"နင် .. ဒါ သက်သက်ယုတ်မာတာ၊ နင် ဉာဏအပေါ် သစ္စာဖောက်တာ"

"မပြောနဲ့ ... နင့်ပါးစပ် ပိတ်ထားစမ်း"

"ဘာကိစ္စပိတ်ရမှာလဲ၊ ပြောရမယ် ... ဒီထက်မက ပြောရမယ် ... နင်ဟာ လူယုတ်မာ ... သူများလက်ထဲရောက်မှ ပြန်လုချင်တဲ့ကောင်"

"ပျို့ရွှယ်လှူး ... နင့်ပါးစပ်ကို ပိတ်ထားစမ်း"





သူ့ကလည်း အော်သည်။ လှူးကလည်း အားကျမခံပင်

"မပိတ်ဘူး ... ငါ အမှန်အတိုင်းပြောနေတာ၊ အားလုံးသိအောင်လည်း ပြောဦးမှာ၊ နင် ငါ့ကိုပြန်မပို့ဘူးနော် ... ရတယ် ... ငါ့ဟာငါပြန်မယ်"

လှူးဟာ လေ၏အဟုန်လိုပင် မြန်ဆန်စွာ အခန်းထဲမှ ပြေးထွက်သွား၏။ လှူးသည်ခန်းထဲရောက်တာနှင့် တံခါးမကြီးကို ရှာသည်။ တွေ့ပါပြီ ... သစ်သားတံခါးချပ်ကြီး။ လှူးကပြေးသွားပြီး အားကုန်သုံးကာဖွင့်သည်။ တံခါးကြီးက တုတ်တုတ်တောင်မလှုပ်။

"မင်းကြိုးစားလည်း အချည်းနှီးပဲ လှူး၊ ဒီတံခါးကို ငါ သော့ခတ်ထားပြီးသား"

"နင် ယုတ်မာလှချည်လား၊ ကယ်ကြပါဦးရှင် ... ဒီမှာ ကျွန်မကို ပိတ်လှောင်ထားလို့ ... ကယ်ကြပါဦး"

လှူးအသံတွေ ပြာအက်လာတဲ့အထိ အော်သည်။ တံခါးကို တဝုန်းဝုန်းထုသည်။ ခြေထောက်နှင့်ကန်သည်။ တံခါးက ပွင့်မလာ။ လှူးသာ အားကုန်မောပန်းလျက်။ ပါးပြင်၌လည်း မျက်ရည်တွေရွှဲရွှဲစိုပြီ။ အထင်ကြီးခဲ့သော၊ ချစ်ခဲ့သော လူတစ်ယောက်၏ ရက်စက်ခြင်းကိုတွေ့ရသောအခါ ဝမ်းနည်းကြေကွဲခြင်းထက် နာမြော်ခြင်း၊ ယူကျုံးမရဖြစ်ခြင်းတွေက သူမအား ဝတ်ရုံကြီးတစ်ခုလို ဖုံးလွှမ်းသွား၏။

"ကယ်ကြပါ ... ဒီလူယုတ်မာလက်ထဲက ကယ်ကြပါ"

"လှူး ... တော်ပြီ ... မင်းသိပ်ပင်ပန်းနေပြီ ... အော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြားရမှာမဟုတ်ဘူး''

သူက နောက်မှဝင်ချုပ်ရင်း ပြောသည်။ ယောက်ျားအားကို လူး,မတော်လှန်နိုင်။ သူ့ရင်ခွင်ထဲ တစ်ခဏတော့ နစ်မြုပ်သွား၏။ ဒါပေမဲ့ လူးဟာ ဒဏ်ရာရတဲ့ ကျားနာမလေးတစ်ကောင်လို ဒေါသတွေမာန်ဖီရင်း ...

''ဖယ်စမ်း ... ဖယ်စမ်း ... နင် ငါ့ကိုမထိနဲ့ ... ဖယ်''

ဟု ရုန်းကန်ရင်း ... သူ့လက်မှလွတ်သည်နှင့် အိပ်ခန်းဆီ ပြေးဝင်ခဲ့သည်။ ချစ်ခြင်းနှင့်ဆန့်ကျင်သော အမုန်းမီးသည် အားကောင်းစွာတောက်လောင်ခဲ့ပြီ။ ကမ်းခဲ့တုန်းက မတွဲခဲ့သော လက်ကို အခုမှ ပစ္စလက်ခတ် ဘာကြောင့်ပုတ်ချချင်ရတာလဲ။ လူးသည် ခါးသီးသောအတွေးတွေနှင့်အတူ မြင်မြင်ရာအား ဆွဲမွှေလွှင့်ပစ်သည်။

နန်းကြီးသုပ်ပန်းကန်တွေ၊ အလှပြင်ပစ္စည်းတွေ၊ ခေါင်းအုံးတွေ ...။ အဆုံး ... သူမလှုပ်ရှားမှုကို လိုက်ကြည့်နေသော မှန်ချပ်ကြီးကို အနီးရှိကော်ဖီပန်းကန်လုံးဖြင့်ပင် ပေါက်ခွဲပစ်သည်။ ကွဲရှသံ၊ ထိခိုက်ပြိုလဲသံတွေက ဆူညံပွက်လောရိုက်နေသည်။ ကမ္ဘာပျက်သည့်အလား။

''မင်း ကျေနပ်သွားပြီလား''

သူမသည် ပျော့ခွေစွာ ကြမ်းပြင်ပေါ်ထိုင်ချ၏။ နှလုံးသားက မောပန်းစွာနွမ်းနယ်နေပြီ။ ဒါပေမဲ့ ဒေါသမာန် ရှိတုန်း။

''ငါ ... နင့်ကို ဘယ်တော့မှမကျေနပ်ဘူး ဝီရလင်းထင်၊ စေ့စပ်ပွဲပျက်ရုံနဲ့ ငါနဲ့ဉာဏရဲ့အနာဂတ်က ပျက်မသွားဘူး





... အဲဒါကို နင်မြဲမြဲမှတ်ထား''

လို့ သူမ,ပြောခဲ့သည်။ အခုနေများ သူမ နဂါးတစ်ကောင်သာဖြစ်လျှင် ဘယ်လောက်ကောင်းမည်နည်း။ မျက်လုံးတွင်း၊ နှာခေါင်းတွင်း၊ အာခံတွင်းမှ မီးညွန့်မီးလျှံများ တထိန်ထိန် တညီးညီး ပစ်လွှတ်ချင်သည်။ ဒင်းတစ်ကိုယ်လုံး ပြာအတိကျအောင်လို့လေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၂

ညည့်ခန်းသည် တိတ်ဆိတ်ခြောက်ကပ်လို့။ သုသာန်တစပြင်နှင့်မခြား ညည့်ခန်းထဲ၌ တီတာ့မိဘနှစ်ပါး၊ ဥဏ္ဏာမိဘနှစ်ပါးနဲ့ လူးရဲ့အမေ။ နောက် မိဗိုင်းနှင့် မိသူ။ မျက်နှာတွေက မသာမယာ။ အဆိုးဆုံးက ဥဏ္ဏာပင်။ ဒီနေ့ ... သူနှင့်လူး လူသိရှင်ကြားစေ့စပ်ရမည့်ပွဲ ပျက်သွားခဲ့တာကိုး ...။

"မြတ်ရယ် လုပ်ပါဦး ... ကူပါဦး ... ဆွေ့သမီးလေး ... သမီးကိုကယ်ပါဦး"

"ကဲပါ မဆွေရယ် ... ဒီမှာလည်း အားလုံးက အပူကိုယ်စီနဲ့ကို"

"ဟင့်အင်း ကိုမောင် ... ကျွန်မ တခြားလူတွေအတွက် မပူဘူး ... သမီးအတွက်ပဲပူတာ၊ သမီးက ဘယ်သူနှင့်မှလိုက်သွားတာမဟုတ်ဘူး ... တစ်ယောက်တည်း ထွက်သွားရတာ၊ သူက ဘယ်မှလည်း သွားတတ်တာမဟုတ်ဘူး"

"မိလူးကလည်း သူ့သဘောအတိုင်းလိုက်သွားတာ မဟုတ်ဘူးအန်တီ"





မိဗိုင်းက စိတ်ပေါက်ပေါက်နှင့် ထပြောပစ်၏။ အန်တီနီမျက်နှာကိုကြည့်ရင်း စိတ်မကောင်းဖြစ်ရ၏။ ဥဏ္ဏာတို့မိသားစုရှေ့၌ ကိုယ့်သမီးကပဲ လော်လည်နေသောသဘောမျိုး သက်ရောက်ရသည့်အထဲ။ တီတာ့အမေရဲ့စကားတွေက အန်တီနီကို ပြုံလဲသွား စေနိုင်သည်လေ။

"အမလေးတော် ... အဖြစ်က ရှင်းရှင်းလေးရယ်၊ မိဘချင်းက သဘောတူထားတယ်၊ မိဘကို မလွန်ဆန်နိုင်တော့ ဒီလိုခိုးရာလိုက်သွားမှာပေါ့"

"အစ်မကြီး နားလည်မှုလွဲနေပြီ၊ သမီးနဲ့နီကြားက ဆက်ဆံရေးက အဲဒီလောက် ရှေးရိုးမဆန်ပါဘူး၊ သမီးကို လွတ်လပ်ခွင့် အပြည့်အဝပေးထားတာပါ"

"ဒါဆို ဒီကိစ္စက ဘာကြောင့်ဖြစ်လဲ ... တီတာက ဘာလို့ အိမ်ကထွက်သွားရတာလဲ"

ဥဏ္ဏာဟာ စိတ်ရှုပ်ရှုပ်နှင့်လက်ဖဝါးထဲမှာ မျက်နှာကို မှောက်ချထား၏။ ဘာမှမပြောချင်တော့။ ပြောစရာစကားလည်း မရှိပါ။ ခေါင်းထဲရှုပ်ထွေးနေတာသာ သိတော့သည်။

"တီတာနဲ့ ဝီရကြားမှာ သမီးတို့မသိနိုင်တဲ့ဆက်နွယ်မှုတွေ ရှိတယ်"

မိသူက ပြောချပစ်လိုက်သည်။ လူးကိုလည်း အရှက်မရစေချင်။ ကိုယ်တွေက အထင်နှင့် ရမ်းသန်းစွပ်စွဲခြင်းမဟုတ်။ အမြင်နှင့် သက်သေက တစ်ပုံတစ်ပင်နှင့်ပြောခြင်းဖြစ်၏။

"ဘယ်လို ... ဘယ်လို ... ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်တီ . . . ဉာဏာနဲ့ လူးစေ့စပ်ပွဲကိစ္စ ဆွေးနွေးတဲ့အချိန်မှာ ဝီရဟာ တီတာ့ကို တာဝန်ယူပါ့မယ်လို့ ကတိပေးခဲ့တယ်တဲ့"

"ဘာ"

ဒေါ်ဆွေဆွေရဲ့မျက်နှာကြီး ညို့ခနဲ . . .။

"ဘယ်လို . . . ပြောပါဦးကွယ့် . . . ဝီရက တီတာကို"

"ဟုတ်ပါတယ်အန်တီ၊ သူတို့ကြားထဲ ဘာအရေးကိစ္စတွေရှိတယ် မသိပါဘူး . . . ဒါပေမဲ့ ဝီရအခန်းထဲက မနက်အစောကြီး တီတီတာထွက်လာတာတို့၊ ဟို . . . ညဘက် ဝင်သွားပြီး ပြန်ထွက်မလာတာတို့တော့ . . ."

"တော် . . . တော်ပါပြီကွယ်"

တီတာ့အမေက လက်ကာဟန့်တား၏။ ရှက်စိတ်ကြောင့် မျက်နှာနီအမ်းအမ်းကြီးဖြစ်နေကာ . . .

"ကဲ . . . မဆွေ . . . တို့တွေပြန်ကြရအောင်၊ ဒီမှာ မြတ်မြတ်တို့လည်း ဆွေးနွေးစရာရှိဦးမှာပေါ့"

"အဲဒီလိုပြန်လို့ ဘယ်ဖြစ်မလဲ၊ ဒီကလေးမစကားမှန်ရင် အဲဒီဝီရကို အရင်ရှာရမယ်၊ ဘယ့်နှယ့် . . . ယုံကြည်မှုကို အလွဲသုံးစားလုပ်တဲ့လူမျိုးကို တစ်ခါမှမတွေ့ဖူးပါဘူး၊ ဆွေ့သမီးကို စိတ်ကြိုက် ခြေမွပြီးမှ နောက်တစ်ယောက်ကို သူရွေးသွားတာဒါ လုံးဝမတရားဘူး၊ မောင်ဉာဏာ . . ."

"ဟုတ်ကဲ့ . . . ပြောပါအန်တီ"

"ဝီရရဲ့အုပ်ထိန်းသူတွေ ဘယ်မှာနေလဲ"





"သူတို့ Family Life (မိသားစုဘဝ) ကိုလည်း အန်တီသိသားပဲ၊ အဖေနဲ့အမေက တစ်နိုင်ငံစီမှာ၊ အဲဒီနိုင်ငံရဲ့လိပ်စာတွေလည်း ကျွန်တော်မသိဘူး၊ ဟို . . . ဝီရကလည်း မပြောပြဘူး၊ ဝီရစရိုက်ကိုကလည်း လျှို့ဝှက်တတ်တော့လေ"

"အဲဒါလျှို့ဝှက်တာမဟုတ်ဘူး ဉာဏာ . . . ထိမ်ချန်ထားတာ"

မိဝိုင်းက ဝင်ပြောသည်။ ဉာဏာမှာ ဝန်ခံရခက်သောဟန်ပန်မျိုးနှင့် လည်ကုပ်ကို အသာပွတ်ရင်း . . .

အဟင်း . . . ဝီရက အဲဒီလိုအကျင့်ရှိတော့လေ"

"အိုး . . . သူ့အမေနဲ့ အဖေလိပ်စာ မသိရင်နေပါစေ . . . မြန်မာနိုင်ငံမှာ သူ့ဘကြီးတော်သူတစ်ယောက်ရှိသေးတယ်ဆို"

အန်တီဆွေက မေးသည်။

"ရှိတော့ ရှိတယ်"

"အေး . . . အဲဒါဆို သူ့လိပ်စာမင်းသိလား"

သိသားပဲ . . .။ သူတောင် အိမ်လည်လိုက်ဖူးသည်။ ပိုက်ဆံလည်းချေးဖူး၏။ ဒါပေမဲ့ ဉာဏာက ခေါင်းယမ်းပြမိသည်။ သူ့ဘကြီးတော်နှင့် ဝီရက အဆက်အသွယ်ရှိမယ်မထင်။ ရှိလည်း ဒီကိစ္စမျိုး ဝီရက တိုင်ပင်မှာမဟုတ်။ ဝီရစိတ်ကို သူသိပြီးသား။ ထို့ကြောင့် လူးရဲ့သတင်း မရသည့်အတူတူတော့ ဝီရကို လူယုတ်မာ . . . ရမ်းကားသူအသွင်သာ ရှိပါစေတော့။

တစ်ကြိမ်တစ်ခါရသော အနိုင်အတွက် သူနှုတ်ဆိတ်နေ



www.burmeseclassic.com

www.burmeseclassic.com



မည်သာ ...။

"ဟွန်း ... မင်းက ဒီအကြံအစည်ရှိလို့ အားလုံးကို ခြေရာဖျောက်သွားတာပေါ့လေ"

"မြတ်တို့လည်း ဘာဆက်လုပ်ရမှန်းမသိအောင်ပါပဲ မမဆွေရယ်"

"အို ... ဘာမှဆက်လုပ်လို့မရဘူးဆိုတာ မရှိဘူး ... အေးလေ ... မိအုပ်ရက်, ဖအုပ်ရက် မကြီးပြင်းခဲ့ရတော့လည်း စရိုက်ဆိုးတွေ ဝင်နေမှာပေါ့"

ထိုစကားကြောင့် ဒေါ်နီနီဝင့်ခန္ဓာကိုယ်က ဆတ်ခနဲ တောင့်မတ်သွားသည်။ အခုကိစ္စ၌ ကိုယ့်ဘက်ကမှားခဲ့တာ မဟုတ်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးတော့ အပုပ်မခံနိုင်။

"စကားကို ဆင်ခြင်ပြီးပြောပါ အစ်မကြီး"

"ဘာရှင့်"

"မိဘတွေ တကွဲတပြားနေခဲ့ရပေမယ့် လိမ္မာတဲ့ကလေးတွေ အများကြီးရှိပါတယ်၊ ကွဲကွာတယ်ဆိုတာလည်း ဘယ်မိန်းမ သားမှ ဖြစ်ချင်တဲ့ကိစ္စမျိုးမဟုတ်ပါဘူး ... ကံတရားကြောင့်ပါ၊ ဒါဟာ အပြစ်တစ်ခုလို ထိုးနှက်စရာမလိုပါဘူး"

"ရှင့်ကိုထိနိုက်သွားတယ်ဆိုရင်တော့ ဆောရီးပဲ"

"ရပါတယ် ... နောင် စကားပြောရင်သာ လက်လွတ်စပယ် မပြောပါနဲ့"

ဒေါ်ဆွေဆွေလတ်သည် သူမဘက်ကအမှားလည်း ဖြစ်





နေ၍ ဘာ့တစ်ခွန်းမှမချေပနိုင်။ မျက်စောင်းကြီးတခဲခဲနှင့်သာ ထွက်သွားတော့သည်။ ဒီတစ်ခါတော့ ဧည့်ခန်းထဲနေတဲ့သူတွေက ငြိမ်မနေနိုင်တော့ ... သက်ပြင်းမောကိုယ်စီအား ပူလောင်စွာ မှုတ်ထုတ်ရင်းက ...

"ဘယ်လိုလုပ်ကြမလဲ နီနီရယ်"

"နီဖြင့် ဘာမှမတွေးတတ်အောင်ဘဲ၊ မြတ်တို့မိသားစုနဲ့ သားကို အားနာတာပဲသိတယ်၊ နီ အာမခံနိုင်တာတစ်ခုက သမီးဟာ သူ့စိတ်မပါဘဲ ဒီကိစ္စကိုတော့ လက်ခံမှာမဟုတ်ဘူး"

ဉာဏာဖေဖေက သက်ပြင်းရှိုက်ရင်း ...

ပျိုရွယ်လူးအပြစ်လို့ ကျွန်တော်တို့မမြင်ပါဘူး၊ သား ... မင်း ဘယ်လိုလုပ်မလဲ"

ဉာဏာက ဖေဖေ့မျက်နှာကို လှမ်းကြည့်သည်။

"သားဆန္ဒရှိသလို ဆုံးဖြတ်ပါ ... အန်တီ့ကို အားနာစရာမလိုပါဘူး၊ မြတ်ကလည်း သားအပေါ် ဖိအားမပေးနဲ့ ... ရတယ်၊ ဒါ တစ်ခဏတာ မဟုတ်ဘူးမြတ် ... သားနဲ့သမီးရဲ့ တစ်ဘဝစာပါ၊ ဒီတော့ သား ... ဘယ်လိုပဲဆုံးဖြတ်ပါစေ ... အန်တီစိတ်မဆိုးဘူး၊ တစ်ခုပဲ တောင်းဆိုပါရစေ ... သမီးကိုရှာတဲ့နေရာမှာ သားတတ်နိုင်သလောက် အကူအညီပေးပါလို့ အန်တီတောင်းဆိုချင်တယ်၊ အန်တီက ဒီမှာမနေတာ ကြာတော့လေ"

"ကျွန်တော်နားလည်ပါတယ် အန်တီ၊ လူးကိုလည်း တွေ့တဲ့အထိ ကျွန်တော်ရှာပေးပါ့မယ် ... တွေ့တဲ့အခါကျ



www.burmeseclassic.com

www.burmeseclassic.com



လည်း''

သူက စကားကို အဲဒီနေရာမှာရပ်လိုက်သည်။ အားလုံးရဲ့စိတ်ဝင်စားခြင်းက သူ့မျက်နှာပေါ်မှာ။ မျှော်လင့်ချက်တွေ အရောင်တောက်လို့ ...။

''လူးဆန္ဒသာရှိမယ်ဆိုရင် ကျွန်တော်လက်ထပ်ပါ့မယ်''

''အို ... သားရယ်''

''လူးကို ကျွန်တော်အဆုံးရှုံးမခံနိုင်ပါဘူး အန်တီ''

သူဟာ ထိုစကားကို တကယ့်စိတ်ရင်းနဲ့ပြောခြင်းပင်။ လူးက သူ့ဘဝရဲ့ မီးရှူးတန်ဆောင်လေ။ ဒီအခွင့်အရေးကို သူ လက်လွှတ်မခံနိုင်တာတော့ အမှန်ပင်ဖြစ်၏။ ပြီးတော့ အားလုံးရဲ့အမြင်မှာ သူဟာအနစ်နာခံသူ၊ ပေးဆပ်သူအဖြစ် သရဖူဆောင်းချင်သည်။ ဒါဟာ သူ့ဘဝရဲ့နိုင်ကွက် ...။

ငါ ... မင်းကို မြေလှန်ရှာမယ် ဝီရ။

------------- ။

''ဒါလေးတော့ စားလိုက်ပါ''

ထမင်းပွဲရှေ့အရောက် သူပို့ပေးသည်။ သူမကာဖြင့် နှာခေါင်းရှုံ့ ဆတ်ခနဲမျက်နှာလွှဲပစ်ရင်း ...

''ဒါတွေကျွေးဖို့ နင် ဒီကိုခေါ်လာတာပေါ့ ... ဟုတ်လား ဝီရလင်းထင်''

ဒေါသထွက်နေသော မျက်နှာလေးသည် မီးလင်းဖိုရဲ့အရှိန်ကြောင့် ရဲရဲနီလျက်ရှိပါသည်။ သူက သက်ပြင်းကို ခိုးရှိုက်သည်။ ရယ်လည်းရယ်ချင်၏။ သူမရဲ့ဂျီတိုက် ဂျစ်ကျမှုကိုလေ။ ဟိုးအရင်က သူသိခဲ့ရသော ပျို့ရွယ်လူးနှင့် တကယ်တခြားစီ။

ယခင်က ပျို့ရွယ်လူးသည် သူ့ကိုတွေ့လျှင် ရွှင်ကြည်သောမျက်နှာဖြင့် ဆီးကြိုမည်။ သာသောအသံဖြင့် စကားတွေဆိုမည်။ ကြည်နူးချိုမြသောအသံဖြင့် ရယ်မောမည်။

ယခုပျို့ရွယ်လူးကတော့ လူတွေ့လျှင် ချက်ချင်း ရှုပုပ်တင်းမာသွားသောမျက်နှာ၊ အရယ်အပြုံးကင်းသောနှုတ်ခမ်းများ၊



www.burmeseclassic.com

www.burmeseclassic.com



နောက် တောက်ပခြင်းကင်းသော မျက်ဝန်းများနှင့် တကယ်အေးစက်စက်။ ဒါပေမဲ့ သူ့နှုတ်ခမ်းသားတွေက မအေးစက်နိုင် …။

ယခင်ထက်ပင် နှစ်ဆတိုး၍ နွေးရှိလှိုက်ခုန်တတ်တာမဆန်းလား။ ဒါဟာ အချစ်လို့ပင် သူ ဝံ့စားစွာ ခေါင်းစဉ်တပ်ချင်ပါသည်။

"မစားလို့မရဘူးလေ … မင်း မနေ့က တစ်နေကုန်လုံးလည်း ဘာမှစားမထားဘူး။ ဒီမနက်လည်း မစားနဲ့ ဒါလေးတော့ဝင်အောင် စားလိုက်ပါ၊ အစာမရှိရင် မင်းဒုက္ခရောက်လိမ့်မယ်"

"ရောက်လို့သေ … အေးတာပဲ"

"မဟုတ်သေးဘူးလေ"

"နင် ငါ့ကို ဘယ်တော့ပြန်လွှတ်မှာလဲ"

ရုတ်တရက်မေးလာသော သူမကြောင့် သူလန့်သွား၏

"ဖြေလေ … ငါ့ဒီမှာ အကျဉ်းသားတစ်ယောက်လို မနေနိုင်ဘူး"

"ကိုယ် မင်းကို အကျဉ်းချထားတာ မဟုတ်ပါဘူး လူး"

"ဒါဆို … ဘာလုပ်ထားတာလဲ၊ နင် ဒီလိုလုပ်ရတဲ့ရည်ရွယ်ချက်က ဘာလဲ၊ ဘာအဓိပ္ပါယ်လဲ၊ ငါ့အပေါ် နစ်နာအောင် နင်လုပ်ထားတာလား"

လူး သည်းမခံနိုင်တော့။ သူ … လူးကိုဘာကြောင့်ခေါ်လာလဲ … လူးမသိပါ။ မနေ့ကတစ်နေ့လုံးတော့ သူမဟာဒေါသတွေနဲ့ ပေါက်ကွဲနေခဲ့ပြီး ဘာကိုမှ ရေရာစွာ မတွေ့ခဲ့နိုင်။

လူးကြောက်စိတ်က မနေ့ညကမှ ဝင်ရောက်လာခဲ့တာ။





ဒီအိမ်ကလေးထဲမှာ သူနှင့်လူး နှစ်ယောက်တည်း …။ ထိုအသိစိတ်က သူမကို ချောက်ချားစေသည်။ အိပ်ခန်းလိုက်ကာတွေ မ,ကြည့်တော့ အပြင်သံဆန်ခါကာတစ်ထပ်၊ မှန်ပြတင်းပေါက်ကို တွေ့ရသည်။

ထိုပြတင်းပေါက်မှတစ်ဆင့်တွေ့ရတာက ပိန်းပိတ်မှောင်သောအပြင်လောက၊ အိမ်ခြေရာခြေလည်း မတွေ့ရ။ မီးရောင်လည်း မတွေ့ရ။ ယုတ်စွအဆုံး သူမတို့တိုက်ခန်းလေးမှာလိုလမ်းမမှဖြတ်သွားသော ကားသံလည်းမကြားရ။

ထိုအခါ ကြောက်စိတ်က အတိုင်းအဆမဲ့ …။ ဆူးချွန်တစ်ချောင်းလို သူမအသွေးအသားထဲ စတင်မွှေနှောက်လေပြီ။ သူမက ထိတ်လန့်ပါသည်ဆိုမှ အခန်းတံခါးက ဖျတ်ခနဲပွင့်လာ၏။

"နင် ဘာလာလုပ်တာလဲ"

သူမက ထိတ်လန့်ချောက်ချားစွာ မေးမိသည်။

"ထမင်းစားကြမယ်လေ"

သူပုံစံက အရိုးခံ။ သူမကသာ အကြောက်မပြယ်သေးဘဲ

"မစားဘူး … သွား … နင်လည်း ဒီအခန်းထဲက ထွက်သွား"

လို့ မောင်းထုတ်ခဲ့သည်ပဲ။ အဲဒီနောက် အခန်းတံခါးကို လော့(ခ်)ချ၊ ခုတင်ပေါ်ပြေးတက်၊ စောင်ကိုခေါင်းမြီးခြုံကာ အိပ်တော့သည်။ ထိုအချိန်၌ ဗိုက်ဆာတာလည်း သတိမရတော့။ ကြောက်ကြောက်နှင့် အိပ်ပျော်သွားတာများ ညလယ်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ဆာခြင်းဒဏ်ကြောင့် သူမ,ပြန်နိုးလာ၏။

အပြင်ကိုနားစွင့်တော့ ဘာသံမျှမကြားရ။ တိတ်ဆိတ်ခြင်းညယံမှာ နာရီလက်တံတရွေ့ရွေ့သွားသံသာ မြည်နေ၏။ ခေါင်းမြီးခြုံကြားမှ သူမ အသာထွက်ကြည့်သည်။ သူမ,မအိပ်ခင်က မပိတ်ခဲ့သော မီးအစား ညအိပ်မီးထွန်းထားသည်။ အိပ်ရာဘေးစားပွဲပေါ်၌ ဟမ်ဘာဂါနှင့် နွားနို့တစ်ဖန်ခွက်။ နောက်အပူရှိန်ရနေပြီဖြစ်သော မီးလင်းဖို …။

"ဘုရားရေ … သူ ငါ့အခန်းထဲကိုရောက်သွားတာပဲ"

လို့သာ ထိတ်လန့်တကြားရေရွတ်နိုင်သည်။ လောင်နေသောဝမ်းမီးကို သူပြင်ပေးထားသော အစားအသောက်တွေနှင့်ငြိမ်းပြီးမှ ထိုညကစပြီး စဉ်းစားခန်းဝင်ခဲ့တာ ဒီနေ့ထိ။ အဖြေကတော့ မရသေး။ ထို့ကြောင့်ဖွင့်မေးရတာပါ။ သူမ ဆက်ပြီးသည်းမခံနိုင်တော့ဘူးလေ။

"ငါမေးနေတယ်လေ … နင် ငါ့ကို ဘာရည်ရွယ်ချက်နဲ့ခေါ်ခဲ့တာလဲ"

သူက ချက်ချင်းမဖြေ။ အနည်းငယ် ဆုတ်ဆိုင်းနေပြီးမှ

"ကိုယ် မင်းကိုနစ်နာစေသလိုဖြစ်သွားရင် တောင်းပန်ပါတယ်"

"တောင်းပန်ရုံနှင့် အရာရာပြီးဆုံးမသွားဘူး၊ ငါ့ဘဝငါ့မနက်ဖြန်တွေအကုန် နင်တောင်းပန်တယ်ဆိုတဲ့ စကားနဲ့ပဲရေစုန်မျှောရမှာလား"

"အဲဒီအတွက် ငါစိတ်မကောင်းပါဘူး လူး … ဒါပေမဲ့ငါ့လုပ်ရပ်ထဲမှာ နင့်ကိုနစ်နာစေလိုတဲ့ဆန္ဒ တစ်ခုမှမရှိဘူး … နင့်ကိုကယ်တင်ခဲ့တာ"

"ဘာ … ငါ့ကိုကယ်တင်ခဲ့တာ"

လူးက ပြန်မေးသည်။ မျက်ဝန်းတွေက စိမ်းလက်စွာစူးရှနေ၏။ ဒေါသအရောင်ကြောင့် မျက်နှာက ရဲရဲနီစွေးစွာ။ လူးသည် သူ့အား ခက်ထန်စွာစိုက်ကြည့်ရင်းမှ ဟွန့်ခနဲ တစ်ချက်ရယ်သည် … မခိုးမခန့်နှင့်ပါ။

"နင်က ကယ်တင်ရအောင် စူပါမင်းလားဟား … ဟ၊ လူကြားကောင်းအောင် မပြောပါနဲ့ ဝီရလင်းထင်၊ နင်က မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးပါ၊ နင့်ကို တစ်ချိန်လုံး အထင်ကြီးခဲ့သမျှ, လေးစားခဲ့သမျှ, ယုံကြည်ခဲ့သမျှ နင်က တစ်ချက်တည်းနဲ့ ရိုက်ချိုးခဲ့တာပဲ၊ အခုမှ နင်ရဲ့အကျင့်စရိုက်က ဘွားဘွားကြီးပေါ်လာတော့တယ်၊ နင်က လူယုတ်မာ"

"ငါ လူယုတ်မာမဟုတ်ဘူး"

သူ ပြန်အော်သည်။ နဂိုကမှ တည်တင်းသောသူ့မျက်နှာသည် မေးကြောကြီးတွေထောင်ထအောင် အံကြိတ်သွားသောအခါ ခက်ထန်သွားရ၏။ ကြည့်ရသည်မှာ ကြောက်စရာ။

"ငါ ဘယ်သူ့အပေါ်မှ မယုတ်မာခဲ့ဘူး"

"ဥာဏာဘဝထဲက နင် ငါ့ကိုခိုးခဲ့တာ၊ ဒါ ယုတ်မာတာမဟုတ်လို့ သူတော်ကောင်းလုပ်ရပ်လား၊ ကဲ … ပြောစမ်းပါဦး"

"နင့်ပါးစပ်ကို ပိတ်တော့ ပျိုရွယ်လူး … ငါ သူခိုးမဟုတ်ဘူး"





သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူခိုးမှ သူတို့ဝန်ခံတာ ငါမကြားဖူးဘူး"

လူးကပြောပြီး ဆတ်ခနဲမျက်နှာလွှဲသည်။ သူက လူး၏ မျက်နှာအနီးသို့ ထိလုမတတ်ကပ်လာပြီး ...

"ငါ လူယုတ်မာမဟုတ်ဘူး၊ ငါ သူခိုးမဟုတ်ဘူး၊ နောက်တစ်ခါထပ်စွပ်စွဲရင် ငါသည်းခံမဟုတ်ဘူး"

ပြောချင်ရာပြောပြီး သူက အခန်းထဲမှထွက်သွား၏။ ပေါက်ကွဲခြင်းတွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့်ကျန်ခဲ့သူက လူး။ ရင်အစုံက မို့လိုက်နိမ့်ဆင်းလိုက်ဖြင့် လူးသည် ဒေါသကိုထိန်းသည်။ ထိန်းမရသည့်အဆုံးတော့ ...

"အား"

အကျယ်ကြီးအော်ကာ စားပွဲပေါ်မှ ထမင်းပန်းကန်တွေ ဟင်းပန်းကန်တွေကို လက်ပြန်ရိုက်ချဖြစ်၏။ သံစုံကွဲရှသံတွေနှင့် အတူ စားဖွယ်ရာတွေက ကော်ဇောပေါ် ပြန့်ကျဲလျက်။ အဲဒီ နောက် လူးက စောင်ခြုံပြီး တစ်ခါပြန်အိပ်သည်။ အခန်းတွင်း ချိုးချိုးချွတ်ချွတ်အသံတွေကြောင့် လူးပြန်နိုးလာ၏။ စောင်ကို အသာလှစ်ကြည့်တော့ သူ ...။

ပွစာကြဲသော ထမင်းဟင်းတွေ သိမ်းဆည်းသည်။ မီးလင်းဖိုထဲ မီးထည့်၏။ ပြီးတော့ စားပွဲပေါ် ဟမ်ဘာဂါနှင့် နို့တစ်ဖန်ခွက် ချထားသည်။ ထို့နောက် တိတ်တဆိတ်ပင် အခန်းထဲကပြန်ထွက်သွားသည်။

လူး ... သူ့ကို ဘယ်လိုနားလည်ရမှန်း မသိတော့။ ဒါပေမဲ့ လူးသိတာတစ်ခုတော့ ရှိပါသည် ... သူမ,လွတ်မြောက်





အောင် ကြိုးစားရမည်လေ။ လွတ်မြောက်သွားခြင်းက သူမ အတွက် လက်နက် ...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ● ၁၃

"ဆရာမလေး စားပြီးပြီလား"

"ဩော် ဒေါ်ကြီး . . . မစားရသေးပါဘူး"

တီတာက နေရောင်ကြောင့် ရှိန်ရှိန်ထနေတဲ့ ရွာလယ်လမ်းမကြီးကို လှမ်းကြည့်ပြီးပြန်ဖြေသည်။

ဒေါ်ကြီးက တဘက်ကြီး ခေါင်း၌ ပတ်ခြုံပေါင်းထားသည်။ နေအပူသက်သာရန်ပါ။ လက်ထဲ၌ ဟင်းပန်းကန်လုံးလေး ကိုင်ဆောင်ထား၏။

"မစားရသေးရင်အတော်ပဲ၊ ဒီမှာ အမဲသားလေးကို ငရုတ်သီးနဲ့ စပ်စပ်လေးချက်ထားတာ . . . အသားကောင်းလေး ရလို့လေ ဆရာမရဲ့၊ ကိုယ့်ဝန်သည်ဆိုတာ အမဲသားများများ စားပေးရတယ်၊ ဒါမှ သွေးကောင်းပြီး ကလေးကို မီးဖွားရလွယ်ကူမှာ"

"ဒေါ်ကြီးရယ် ဒုက္ခရှာလို့ . . . ကိုယ်ဝန်က အခုမှ လေးလပဲ ရှိပါသေးတယ်"

"နတုန်းစားတာ ပိုထိရောက်တာပေါ့ဆရာမရဲ့"

သက်ပိုင်ရဲ့စာမေပ



အဘွားကြီးရဲ့စကားကို သူမ မလွန်ဆန်ချင်တော့။

"ဟုတ်ပါပြီ . . . ဒါဆိုလည်းပေး . . . ကျွန်မ လှယ်ထား လိုက်မယ်၊ စောစောကတင် ဒေါက်တာတို့အိမ်ကလည်း အမဲနှပ်တွေ လာပို့သွားသေးတယ်"

"ဟင် . . . ဒေါက်တာကြီးက ဦးသွားတာပေါ့လေ . . . ဦးပါစေ . . . သူက ကျုပ်ထက်ပို့သိတယ်တော့ . . . ဆရာမလေး ဘယ်အချိန် ဘာလိုအပ်တယ်ဆိုတာ"

"အို . . . ဒေါ်ကြီးကလည်း"

မျက်နှာ၌ ရှက်သွေးက ရဲခနဲ ဂယက်ထသွားသည်။ တီတာ့နှုတ်ဖျားမှ ရှက်ရိပ်စွန်းသောတားမြစ်သံ ထွက်ပေါ်သွား၏။ ဒါကို ဒေါ်ကြီးကလည်းသိပါသည်။

"မဟုတ်ပါဘူးအေ . . . သူက ဆရာဝန်မဟုတ်လား၊ ဆရာမ ဘာလိုအပ်လဲဆိုတာ နားကြပ်တစ်ချက်ထောက်ရုံနဲ့ သိတယ်လို့ပြောတာပါ၊ ကဲ . . . သွားပြီ"

ပြောပြောဆိုဆိုပင် ဒေါ်ကြီးက အိမ်ပေါ်ကဆင်းသွားပြီး တံလျှပ်ရောင်တပြောင်ပြောင်ဖြစ်နေသော နေပူကြီးထဲ ခြေလှမ်းကျဲကြီးများဖြင့် ဖြတ်လျှောက်သွား၏။

ဆရာ . . .။ ဒေါ်ကြီးပြောသလိုပင် သူမ,လိုအပ်သမျှ သိပြီး ဖြည့်ဆည်းပေးစွမ်းတတ်သူဆရာ။ အကြင်နာရိပ်လည်း ကြီးမား၏။ အို . . . သူက လူ့အသက်ကယ်သော ဆရာဝန်ကိုး။

ဒါပေမဲ့ ဉာဏကျတော့ရော ကြီးမားသောကြင်နာခြင်းနှင့် စာနာခြင်းတရားတွေ ဘာလို့ကွယ်ပျောက်နေတာပါလိမ့်။

သက်ပိုင်ရဲ့စာမေပ

www.burmeseclassic.com

www.burmeseclassic.com



သူမအတွေးထဲ ဆရာ့မျက်နှာနှင့် ဉာဏမျက်နှာ အတူယှဉ်တွဲ ပေါ်လာသည်။

ဆရာက ဉာဏလောက် အသားမဖြူ။ ညိုမောင်းစိုပြည်သည်။ မျက်ဝန်းတွေက ဉာဏလောက် မရွှန်းလက်။ ဒါပေမဲ့ ထိုမျက်ဝန်းထဲ၌ လူတွေအပေါ်ထားသည့်မေတ္တာရိပ်တွေ ပေါ်လွင်စေသည်။

ဒီရွာသို့ရောက်အောင် ဆရာပဲ ခေါ်သွင်းခဲ့တာ။ သူမကလည်း အေးမြခြင်းအရှိန်အဝါအောက်က ရုန်းမထွက်နိုင်။ အသာတကြည်ပင် စီးမျောပါသွားခဲ့သည်။ ကိုယ်တိုင်ကလည်း ဤအရိပ်ကို မြင်မြင်ချင်း သဘောကျ နှစ်သက်မိပြီမဟုတ်လား။

အဲဒီတုန်းက ခြေဦးတည့်ရာဆိုပြီး သူမ စီးလာတဲ့ကားက ရွာအဝင်လမ်းနားမှာ ပျက်သွားသည်။ အိမ်ကထွက်လာခါစမို့ စိတ်ကလည်း ခပ်ထွေထွေရယ်။ ထို့ကြောင့် အဝတ်သေတ္တာကြီးဆွဲ၊ ကားပျက်နားက လူတွေရုံးစုစုနားက ဖယ်ခွာထွက်ခဲ့သည်။ ထိုအခိုက်မှာပင် ဆရာနှင့်တွေ့ခဲ့ခြင်းပင်။

"ဟော ... ဟိုမှာ ဆရာမကွ၊ ကဲ ... သွား ... သွား၊ သေတ္တာတွေသွားဆွဲ"

သူကိုယ်တိုင်ကလည်း အော် ...။ ပြီးတော့ နွားလှည်းပေါ်ကဆင်းကာ တီတာ့ထံလျှောက်လာသော ထိုယောကျ်ားကို သူမ မှင်တက်စွာငေးသို့၊ ထိုအချိန်မှာပင် ထိုယောကျ်ားသုံးဦးတို့သည် သူမအနီး ရောက်လာကြပြီး တစ်ယောက်က သူမအဝတ်သေတ္တာကိုဆွဲယူ၏။ နောက်တစ်ယောက်က ...





"လာပါဆရာမ ... ဟိုမှာ နွားလှည်းရှိပါတယ်၊ ဆရာမတို့ စောပြီးတောင် ရောက်လာသေးတာပဲ"

ဟု ပျာပျာသလဲဖိတ်ခေါ်ကြ၏။ သူမသည် အံ့ဩလွန်း၍ အာစေးပိတ်နေသူပမာ ဘာစကားတစ်ခွန်းမှ မပြောနိုင်။

"ဟို ... ဟိုလေ ကျွန်မက"

"လှည်းပေါ်ကြွပါ ဆရာမ၊ ကျွန်တော်က ဒီရွာရဲ့ကျန်းမာရေးကို တာဝန်ယူထားရတဲ့ ဒေါက်တာမာန်သူရပါ၊ ဆရာမကို တစ်ရွာလုံးကိုယ်စား ကြိုဆိုပါတယ်လို့ပြောပါရစေ"

ဒေါက်တာ ...။ ထိုအသုံးအနှုန်းက သူမအသည်းညှာကို ဆွဲခါယမ်းပစ်သည်။ တီတာသည် ဆရာဝန်ဆိုသော သူ့အား ငေးမောအကဲခတ်မိ၏။ အရပ်ခပ်မြင့်မြင့်၊ ညိုသောအသားအရေနှင့် ပြုံးရိပ်လွှမ်းသောမျက်နှာ။

သူမ လွန်ဆန်မရအောင် ဒေါက်တာဆိုသောဘွဲ့က ပြုစားလေပြီ။ ဉာဏနှင့်ပတ်သက်လာလျှင် အမြဲကျရှုံးတတ်သော သူမသည် ဉာဏနှင့်တူသောအချက်ကို မတွေ့လေနှင့် ... ထိုသူ့ခြေရင်း၌ ဝပ်ဆင်းကျရှုံးပြီးသားပင်။ ဒေါက်တာမာန်သူရ၏ ညို့စက်ကွင်းထဲ ရုန်းမရအောင်ပါသွားခဲ့တာပင်။

"ဆရာမနာမည်က မြတ်မဋ္ဌူနော်"

"မဟုတ်ပါဘူး"

တီတာနှုတ်မှ အငြင်းဝါကျ လွှတ်ခနဲထွက်သွား၏

"ဗျာ ... ဆရာမက ဒီမှာတာဝန်ထမ်းဆောင်ဖို့လာတဲ့ မြတ်မဋ္ဌူမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မ တီတီတာပါ''

ဒေါက်တာအပါအဝင် လှည်းမောင်းသော သူငယ်ရော နောက်ပါး၌ အဖော်လိုက်လာသောကောင်လေးကပါ တအံ့တသြ။

''ကျွန်မ ဆရာမလည်း မဟုတ်ပါဘူး ... ကားပျက်လို့ လျှောက်လာရင်း ဒီကဒေါက်တာတို့နဲ့ တွေ့တာ''

''အာ ... ဒါဆိုဒုက္ခပဲ''

ဒေါက်တာ့မျက်နှာ၌ စိတ်လှုပ်ရှားခြင်း၊ အားနာခြင်း လက္ခဏာများ ထင်ဟပ်လာပြီးမှ ...

''ကြွက်နီ ... လှည်းခဏရပ်''

ဟု အမိန့်ပေးပြီးမှ ...

''ဒါဆို ညီမက ရွာကိုပဲလာတာလား''

''မဟုတ်ပါဘူး''

''ဒါဆို ဒီကညီမက ဘယ်ကိုသွားမှာလဲ''

''တီတာ့မှာ သွားစရာလည်းမရှိပါဘူး''

''ဗျာ''

ဒုတိယအကြိမ် အံ့သြခြင်း။ တီတာက အဝတ်သေတ္တာကို သူမဘာက်ဆွဲယူရင်း ...

''ကျွန်မ ဒီနေရာမှာပဲ ဆင်းနေခဲ့ပါမယ်၊ ဒေါက်တာတို့ကို အနှောင့်အယှက်ပေးရာကျနေပါဦးမယ်''

''မဟုတ်သေးဘူးလေ ... မတီတီတာရဲ့၊ ညီမက ဒီမှာ ရပ်ပြီး ဦးတည်ချက်မရှိ ဘာမရှိနဲ့ ဘယ်လိုလုပ်မှာတုံး''

''သွားစရာတွေ အများကြီးပဲလေ ... ခြေဦးတည့်ရာပဲ၊





စိတ်ကူးပေါက်တဲ့အတိုင်း သွားမှာ၊ ကဲ ... ခွင့်ပြုပါဦး''

''အာ ... နေပါဦး ... ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ ညီမ ဘယ်မှသွားစရာမရှိရင် ကျွန်တော်တို့ရွာကိုပဲ လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်၊ ဟိုမှာနေကြည့်ပေါ့ဗျာ ... အဆင်မပြေတော့လည်း တစ်မျိုးစဉ်းစားကြတာပေါ့၊ ကျွန်တော်တို့ရွာက တလိုက်တလှဲကြိုဆိုကြမှာပါ''

ဟု ... ဒေါက်တာက ပြောသည်။ သူမမှာ မငြင်းနိုင်။ တကယ်လည်း တီတာ့အတွက် နားခိုစရာအရိပ်တစ်ခု မျှော်လင့်မိသည်။ တီတာ့မှာ စိတ်ရောကိုယ်ပါ နွမ်းချိုးကျလှုပြီမဟုတ်လား

''ကဲ မောင်တိုး ... မင်း ရွာထိပ်မှာ ဆက်စောင့်နေ၊ ခေါ်မြွတ်မချူလာရင် ခေါ်ဖို့ ငါ ... ရွာကလှည်းတစ်စီး ထပ်လွှတ်ပေးမယ်''

''ဟုတ်ကဲ့ဆရာ''

သူကပဲ စီစဉ်သည်။ အမိန့်နာခံတဲ့သူကလည်း နာခံသည်။ ဒီလိုနဲ့ သူမ ရွာကိုရောက်ခဲ့၏။ ရွာရောက်တော့လည်း ဆရာမလေးထင်၍ သူက တစ်ဖန်ရှင်းပြရပြန်၏။ နောက်ဆုံးတော့ ဧည့်သည်အဖြစ် ရွာ၏ဧည့်ရိပ်သာတွင် သူမ နားခိုခွင့်ရသည်။ ထို့ကြောင့် ... ဒေါက်တာမာန်သူရသည် သူမ၏ကယ်တင်ရှင်။

''ဒီရွာမှာနေရင် ဘာမီးဖိုချောင်မှ ဝင်စရာမလိုဘူး ဆရာမလေးရဲ့၊ ဧည့်သည်ဆို ရွာက အိမ်ဟင်းတစ်ခွက်ပို့တာနဲ့တင် ဆရာမလေး စားလောက်တယ်''



www.burmeseclassic.com

www.burmeseclassic.com



လို့ သူကြီးကတော်က ပြောခဲ့သည်။ ပြောခဲ့သည့်အတိုင်းပင် သူမထမင်းစားချိန်၌ ဟင်းခွက်ရေပေါင်း မြောက်မြားစွာ။ ဟင်းခွက်တိုင်း၌ ခရမ်းချဉ်သီး၊ ငရုတ်သီးတွေက မပါမဖြစ်။

"ဒါ ရွာရဲ့ခလေ့ပဲ တီတီတာ၊ စားပါ ... အားမနာတမ်းပေါ့"

လို့ ဒေါက်တာက ပြောသည်။ တစ်ခဏချင်းတွေ့ရသော သူစိမ်းတရံအပေါ်၌ လိုက်လှဲနွေးထွေးခြင်း၊ ပျူငှာစွာဆက်ဆံခြင်းတို့သည် သူမရင်ဘတ်ထဲသို့ အရှိန်အဟုန်ပြင်းစွာ ထိုးခွဲရောက်ရှိသွားတဲ့ မြားတံပမာ။

ဤမျှရိုးသားဖြူစင်လှသော ရွာသားတွေနှင့်တကွ ဒေါက်တာ့အပေါ် သူမ ဘာမှမဖုံးကွယ်ထားချင်ပါ။ အရာရာကို ပကတိအတိုင်းသာ ဆက်ဆံချင်တော့သည်။

ထို့ကြောင့် တီတာသည် ရောက်ရောက်ချင်းညမှာပင် သူမအကြောင်းတွေကို အဖြစ်မှန်အတိုင်း ဝန်ခံခဲ့သည်။

"ဒါ ... တီတာမှတ်ပုံတင်ပါ၊ ဒီကဦးကြီး သိမ်းထားလို့လည်း ရပါတယ်၊ ဒါမှမဟုတ် ဒေါက်တာသိမ်းထားပေးပါ၊ တီတာ အကြောင်းတစ်ခုကြောင့် အိမ်ကထွက်လာတာပါ၊ တီတာ့မှာ ကိုယ် ... ကိုယ်ဝန်ရှိနေပါတယ်"

"ဟင်"

အာမေဋ္ဍိတ်သံက တစ်ခဲနက်။

"တီတာက လော်လည်တတ်တဲ့မိန်းကလေးမျိုးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် ဒီလိုဖြစ်ခဲ့





ရတာပါ၊ ဒီကဦးကြီးတို့ လက်ခံမယ်ဆိုရင် တီတာ ... ဒီမှာပဲ မီးဖွားချင်ပါတယ်"

တီတာက ပြောရင်း ဝမ်းနည်းလာရသည်။ ချစ်ရသူရဲ့သွေးကို တီတာမဖျက်ဆီးရက်ပါ။ ဖျက်ဆီးမယ်လည်း စိတ်မကူးခဲ့။ ဒါပေမဲ့ သူ့ကိုချစ်ခဲ့သော၊ ပေးဆပ်ခဲ့ရသော ဆုလာဘ်ဟာ ဒါပဲလားလို့သိချိန်မှာ အဲဒီအချစ်နွံထဲမှ တီတာရုန်းထွက်ခဲ့ပြီ။

ချစ်တာကသတ်သတ်၊ အရှုံးပေးတာက သတ်သတ်ဆိုတာ တီတာနားလည်သဘောပေါက်ခဲ့ပြီ။

"ကျုပ်တို့ရွာမှာနေတာက ဒီကလေးမ ပျော်သလောက်နေ ... ရတယ်၊ ကလေးမွေးရုံမကဘူး ... ကလေးကြီးတဲ့အထိ ဒီမှာအခြေချလည်း ကျုပ်တို့က ဝမ်းမြောက်ဝမ်းသာကြိုဆိုမှာပါ ... မဟုတ်ဘူးလား ဆရာကြီး"

သူကြီးက ဒေါက်တာအားမေးသည်။

"ဟုတ်တာပေါ့ ... ကဲ ... ဒေါ်တီတီတာ ... ဘာမှစိတ်မပူနဲ့၊ ဒီကလေးကျန်းမာအောင် ရှောရှောရှူရှူမွေးအောင်လည်း ကျွန်တော် အားလုံးတာဝန်ယူပါမယ်"

ဟူ၍ပြောသော ဒေါက်တာ့စကားသည် နှုတ်ဖျားကမဟုတ်၊ ရင်တွင်းက လာကြောင်း ... သူမ,သိသည်။ ဤသို့ဖြင့် တီတီတာရဲ့ဘဝတစ်ဆစ်ချိုး၌ ဒေါက်တာသည် အရေးပါသော လူတစ်ယောက်အဖြစ် ရပ်တည်ခဲ့ပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

------------- ။

ပန်းသီးကြီးတွေက အကြီးကြီးမှ တကယ့်အကြီးကြီး။ လက်နှစ်ဖက်နှင့် ပွေ့ပိုက်၍ရသည်။ သူက ပန်းသီးပင်ကို မလှမ်းမကမ်းမှ ငေးကြည့်သည်။ လက်နှင့်အသာလေးဆွတ်ခူးယူနိုင်ချိန်။

"လူးကို ကျွေးရရင်ကောင်းမယ်၊ ထမင်းကို လူးမှ ကောင်းကောင်းမစားတာ၊ အင်း ... သူ့ခမျာ ဟမ်ဘာဂါရယ်, နွားနို့ရယ်နဲ့ပဲ ပြီးနေရတာလေ"

သူကပြောပြီး အသာဆွတ်ခူးရန် လက်လှမ်းသည်။ ထိုအချိန်၌ ဝေါခနဲ မိုးသက်လေပြင်းကျလာသည်။ မိုးသီးမိုးပေါက်တွေက သူ တအံ့တသြဖြစ်ရသော ပန်းသီးကြီးတွေထက် ကြီးသည်။ ကြီးမားပြင်းထန်သော မိုးသီးများသည် သူ့ကိုယ်ပေါ် တရစပ်။ ကျောပြင်တွေ၊ လက်ဖျံတွေက စပ်ဖျဉ်းဖျဉ်းနာကျင်မှုကို ခံစားရသည်။ သူ ပန်းသီးပင်ကို သတိရသွားသည်။ ဖျတ်ခနဲ မော့ကြည့်တော့ ...

"ဟား ဟား ဟား ... ငါ အကုန်ခူးပစ်လိုက်ပြီ၊ မင်း





အတွက် မရှိတော့ဘူး၊ ဒါတွေကို ပျို့ရွယ်လူးကို ငါသွားကျွေးမှာ သူက ပန်းသီးဆိုရင် အရမ်းကြိုက်တာကွ ... ဟားဟား".

"ဟော့ကောင် ... ဟော့ကောင် ... ဉာဏ"

သူ အကျယ်ကြီးအော်သည်။ ဒါပေမဲ့ အသံကထွက်မလာ။ လည်ချောင်းဝ၌ တစ်ဆို့နေသည်။ ဉာဏကား သည်းထန်သော မိုးသက်မုန်တိုင်းများအကြား တစ်စထက်တစ်စ မှုန်ဝါးပျောက်ကွယ်သွားသည်။ သူသည် ပန်းသီးတွေဆုံးရှုံးခြင်း၊ တစ်ကိုယ်လုံးနာကျင်ချမ်းအေး ခင်းတွေနှင့် ယူကျုံးမရဖြစ်နေချိန်၌

"ဟင် .. ဟင်း .. ဟင်း .. အား"

အသံသဲ့သဲ့လေး ..။ ညည်းညူသံ ..။ ဉာဏ ... ဒီကောင် ဘာများဖြစ်တာလဲ။ သူ စိုးရိမ်စိတ်ဖြင့် ခေါင်းထောင်သည်။ မျက်လုံးတွေ ဖွင့်မရ။

"အား ... ကျွတ် ကျွတ်"

ဟင် ... ဒါ လူးရဲ့အသံ။ လူး ဘာဖြစ်သလဲ။ ဒီတော့မှ လေးလံသောသူ့မျက်လုံးတွေ ဆတ်ခနဲပွင့်သည်။ ပန်းသီးပင်တွေ၊ မိုးမုန်တိုင်းတွေ ဘာတစ်ခုမှ သူ့ဝန်းကျင်၌မရှိ။ မီးလင်းဖိုထဲ၌ မီးက ငြိမ်းလုလု။ ထို့ကြောင့် သူ အချမ်းဒဏ်ခံစားရခြင်းပင်။

"ဟင်း .. ဟင်း .. ကျွတ် .. ကျွတ်"

ညည်းညူသံ တစ်ခါထပ်ကြားရသည်။ ဒါ အိပ်မက်မဟုတ်တော့။ အသံလာရာ လူးအခန်းဆီမှ ...။

"လူး ... လူး"

သူအော်ခေါ်သည်။ ခြေလှမ်းတွေက သူမအခန်းရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရောက်သွားသည့်မသိတော့။

"လူး ... လူးရေ ... ဘာဖြစ်လဲ ကိုယ်ဝင်လာခဲ့မယ်နော်"

သူမထံမှ ခွင့်ပြုသံမစောင့်။ အခန်းသော့က သူ့၌ရှိသည်။ သော့ဖွင့်၍ ဝင်လိုက်တော့ လူးသည် နာကျင်မှုကြောင့် ရှုံ့မဲ့နေသောမျက်နှာလေးနှင့် သူ စိုးရိမ်တကြီး အနားရောက်သွားသည်။

"မင်း ဘာဖြစ်လဲလူး"

"အား ... အောင့်တယ် ... အား"

"အောင့်တယ် ... ဟာ ... ဒုက္ခပဲ အူအတက်တွေဘာတွေများ ပေါက်သလား ... မင်း ဘာတွေစားလို့လဲ"

"ဟင့်အင်း ... ငါ့မှာ အစာအိမ်ရောဂါရှိတယ်၊ အား ... အောင့်တယ်"

"အစာအိမ်"

သူ မျက်လုံးပြူးသွားသည်။ သူမ,အစားမမှန်တာ ဘယ်လောက်ကြာပြီလဲ။ သူ့ကိုစိတ်ဆိုးဒေါသထွက်ကာ ထမင်းပင်ကောင်းကောင်းမစား။ ဘာဂါနှင့် နွားနို့သောက်နေခဲ့တာ ဒီရောက်ကတည်းကလေ။ သူရဲ့စိုးရိမ်စိတ်က ငယ်ထိပ်အထိ တက်ဆောင့်သည်။

"တော်တော်အောင့်နေလား ... ဟင်"

"အင်း ... အား"

အေးလှသောရာသီဥတုနှင့် တောင်ပေါ်ဒေသလေးမှာတောင် သူမတစ်ကိုယ်လုံး ချွေးတို့ နစ်နစ်ရွှဲလျက်။ မဖြစ်တော့





... ဒီတိုင်းထား၍မဖြစ်တော့။ ထို့ကြောင့် သူက သူမကို အိပ်ရာပေါ် အသာလှဲ၍ ...

"ခဏနေခဲ့ ... ကိုယ် ဆရာဝန်သွားခေါ်မယ်"

"ဆရာဝန်"

"အင်းလေ ... ခဏလေးပဲနော်၊ တစ်ခြံကျော်လေးမှာ"

သူက ပြောပြီး ဝုန်းခနဲပြေးထွက်သွားပြီး ဝေဒနာကြားမှ လူး ရင်လှိုက်ခနဲခုန်သည်။ တစ်ခြံကျော်မှာ ဆရာဝန်ရှိသည်ဆိုတော့ လူးတို့အနီးအပါး၌ လူနေသည်ပေါ့။ ကြည့်စမ်း ... ဒီတစ်ကြိမ်တော့ သူမရောဂါဟာ သူမကိုကယ်တင်လိုက်ပြန်သည်။ လူးသည် နာကျင်မှုကြားမှ ခပ်မဲ့မဲ့လေးပြုံးမိသည်။ ထက်သန်သောစိတ်ဇော၊ လွတ်မြောက်ခြင်းအတွက်ရည်သန်သောစိတ်တို့ဖြင့် သူမ အိပ်ရာထက်မှ ကျုံးထသည်။

စာရေးစက္ကူအတိုအစနှင့် ဘောပင်တစ်ချောင်းယူသည်။ စာရွက်ပေါ် သူမဆန္ဒရှိရာ ရေးခြစ်ပြီးပြီ။ အချိန်ကိုက်ပင် ...။ အိမ်ရှေ့တံခါးဖွင့်သံနှင့်အတူ အမောတကောခြေသံများ ...။

"ဒီမှာပါ ဆရာ"

သူမလက်ကိုအသာဆုပ်၍ စာရွက်လေးကို ဝှက်ထားသည်။ နာကျင်မှုကြောင့် မှိန်းနေသည့်သဏ္ဍာန်။ ဆရာဝန်က သူမနားတွင်ထိုင်ကာ ကုသမှုကို စတင်သည်။

"အင်း ... အစာအိမ်ရှိတယ်ဆိုရင် အစားမှန်မှန်စားရမှာလေ သမီးရဲ့၊ အစားအသောက်ကို ဂရုစိုက်မှပေါ့ .. ဟုတ်လား"

ဟု ဒေါက်တာပြောသောအချိန်တွင် သူမက ဝီရရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရိပ်အကဲကို ကြည့်သည်။ သူမအတွက် စိုးရိမ်ပူပန်ခြင်းတွေနဲ့ ယှက်သန်းနေသော ဝီရမျက်နှာပေါ်တွင် တခြားဘာအရိပ်မှ မတွေ့ရ။ လူးသည် ဒေါက်တာ့မျက်နှာအား အခါမလပ်ကြည့်ရင်း အခွင့်အရေးစောင့်နေစဉ်မှာပင် ...

"သူ့ကို ခပ်နွေးနွေးနဲ့ နူးညံ့တဲ့အစားအစာမျိုးပဲကျွေးပါ မောင် ..."

"ဝီရပါ အန်ကယ်"

"ဩော် ... မောင်ဝီရ ... ဟုတ်ပြီနော်"

"ဟုတ်ကဲ့ပါ"

ဟု သူကပြောသည်။ ယိုအချိန်မှာပင် သူက သွေးပေါင်ချိန်နေသော ဒေါက်တာ့လက်အတွင်းသို့ စာရွက်ခေါက်လေးအား အသာထည့်ပေးခြင်းဖြစ်သည်။ အံ့ဩတကြီးဖြစ်သွားသော ဒေါက်တာ့အား အသနားခံအပြုံးလေးပြုံးပြ၊ ဒေါက်တာ့လက်ကို တစ်ချက်ဖိညှစ်ရင်း ...

"ကျေးဇူးတင်ပါတယ်ဒေါက်တာ"

ဆိုလိုက်သေးသည်။ ဆရာဝန်ကြီးကလည်း တော်တော်အကင်းပါးပုံရသည်။ သူမ‚ပေးသော စာရွက်ခေါက်လေးအား ဝီရမမြင်အောင် ထိန်းသိမ်းသွားနိုင်၏။ စာရွက်လေးထဲ၌ သူမ ရေးထားသည်မှာ အရိုးရှင်းဆုံး (Help me) ကျွန်ုပ်ကို ကူညီပါ ဟူ၍ဖြစ်သည်။ ထိုစာရွက်ခေါက်လေး ဆရာဝန်ကြီးဆီရောက်ပြီး ဘာတွေဖြစ်သလဲတော့မသိ ...။ အရာခပ်သိမ်းကို ဝီရက ကိုင်တွယ်ဆောင်ရွက်နေသူမို့ သူမသိအောင် အလုံးစုံထိန်းသိမ်း





ထားရန်တော့မလွယ်။ သူမ ရောဂါသက်သာပြီး နှစ်ရက်လောက်မှာ ထိုပြဿနာပေါ်ခဲ့ခြင်း ဖြစ်သည်။ ဈေးသွားပြီးပြန်လာသော ဝီရမျက်နှာက ရှုပ်ပုပ်တင်းမာလျက်။

"မင်း ဟိုတစ်နေ့ညက ဆရာဝန်ကို ဘာသွားပြောလဲ"

သူမေးလာပြီ။ ထိုအချိန်၌ သူမ‚ထွက်ပြေးရန် လမ်းကြောင်းတွေကို စပ်စုပြီးခါစ။ သူမ‚ရောက်နေသောနေရာဟာ ဘယ်အရပ် ဘယ်ဒေသမှန်းလည်း မသိ။ မသိဆို ဒီအိမ်ဒီအခန်းထဲမှ ဘယ်ကိုမှ မသွားရတာ ...။

သူအပြင်သွားလျှင် သော့ခတ်သွားသည်။ အိမ်၌ သတင်းစာ မယူ။ ဖုန်းမထား။ သူ့၌ လက်ကိုင်ဖုန်းတော့ ရှိမှာပေါ့လေ။ ဒါပေမဲ့ သူမ၌ မရှိ။ ထို့ကြောင့် သူမမှာ ပြင်ပလောကတွင် ဘာတွေရှိမှန်းမသိရ။ တကယ့်ကို အဆက်အသွယ်ပြတ်တောက်နေပြီ။ ထို့ကြောင့်ပင် ဆရာဝန်ကြီးကို အားကိုးအားထားပြု၍ အကူအညီတောင်းရခြင်းဖြစ်သည်။

အခုတော့ ပြဿနာပေါ်လေပြီ

"ဟိတ် ... ငါမေးနေတယ်လေ"

"ဘာပြောရမှာ ... နင့်ရှေ့မှာပဲ နေတာပဲ"

"တို့အကြောင်း တစ်ခုခုပြောလို့သာ၊ ဟိုက မသင်္ကာတဲ့ မေးခွန်းမျိုးမေးတာပေါ့"

"ဒါတော့ မတတ်နိုင်ဘူးလေ ... နင့်ပုံစံကိုက သံသယဝင်စရာ ဖြစ်နေလို့နေမှာပေါ့"

လူးက မျက်နှာကိုမော့ မျက်တောင်ကိုစင်းပြီး ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ အနိုင်ရသူ၏ ထိမထင်ဟန်။ ရင်ထဲမှာတော့ ဝမ်းသာစိတ်က ကုန်းပေါ်ပစ်တင်ခံရသောငါးနှယ် ... ဖျပ်ဖျပ်ကိုလူးလို့။ သူမ,ကြိုးစားမှု အောင်မြင်ကြောင်း မီးစိမ်းပြခြင်းပင်။ ဝီရကတော့ ဈေးမှဝယ်လာသော အထုပ်တွေကိုဆွဲ၍ အခန်းထဲမှ ပြန်ထွက်လာသည်။

''ဘာမှသံသယဝင်စရာမလိုဘူး''

ဟူ၍ မကြားတကြားရေရွတ်ရင်းကလေ။ သူမကို သူက အပိုလုပ်ပြီး သွားမေးခြင်းပါ။ သူ့ရှေ့မှာတင် ဆေးကုသမှုခံယူခဲ့တာ သူအသိ။ ဆရာဝန်ကြီးနှင့်လည်း ဘာစကားအပိုမှ မပြောခဲ့ပေ။ ဒါဆို ဆရာဝန်ကြီးက ...။ သူ့အတွေးတွေက အစောက လမ်းမပေါ် ပြန်ရောက်သွားသည်။ သူက ဈေးဝယ်ကပြန်လာ၊ ဆရာဝန်ကြီးကတော့ လမ်းလျှောက်ပြန်လာဟန်တူ၏။ လက်ထဲမှာ တုတ်ကောက်နှင့် ...။

သူ့ကိုတွေ့တော့ ပျူငှာနွေးထွေးသောအပြုံးနှင့် နှုတ်ဆက်ရင်း ...

''မောင့်ရင့်ဇနီးကော နေကောင်းသွားပြီလား''

''ဗျာ''

ရုတ်တရက်ဆိုတော့ သူကြောင်သွားသည်။ လူးက သူ့ဇနီးမှပဟုတ်တာ။

''ဩော် ... ဟိုတစ်နေ့ညက အစာအိမ်အောင့်တဲ့လူလေ၊ ဇနီးပဟုတ်ဘူးလား ... ဘာတော်လို့လဲ''

ဒီတော့မှ သူ ဟန်မပျက်ဖို့ မိမိကိုယ်မိမိ သတိပေးရ





သည်။

''ဇနီးပါ''

ဒီလိုပဲ ပြောရမည်။ ဘယ်မောင်နှမသူငယ်ချင်းတွေကများ အခုလိုနေမှာမို့လို့လဲ။

''သက်သာသွားပါပြီ၊ ကျေးဇူးတင်ပါတယ်ဆရာကြီး''

သူကပြောရင်း စကားဖြတ်ရန်ကြိုးစားသည်။ ဒါပေမဲ့ မအောင်မြင်ပါ။ သူ့ထက် အသက်နှစ်ဆပိုကြီးသော ဆရာဝန်ကြီးက အရာရာကို နားလည်ဟန်တူသည်။

''စပ်စုတယ်လို့မထင်နဲ့နော် မောင်ဝီရ''

''ဗျာ''

''ဩော် ... မောင်ရင်တို့စုံတွဲက စိတ်ဝင်စားစရာကောင်းလို့လေ၊ ခါတိုင်း ကျုပ်ထင်တာ မောင်ရင်တစ်ယောက်တည်းနေတယ်လို့ ထင်တာ ... ကလေးမလေးကို မတွေ့ရတော့လေ၊ ဟိုတစ်နေ့က တွေ့တော့လည်း အပြင်မထွက်နိုင်တာ ဒုက္ခိတများလားလို့ဆိုပြီး ထင်နေတာ၊ လူကောင်းပါပဲနော်''

''ဟုတ်ကဲ့''

သူ့ဖြေသံက စိတ်မပါလက်မပါရယ်။ ညကြီးသန်းခေါင် သူမကို ဆေးကုပေးခဲ့သောဆရာဝန်သာမဟုတ်ရင် သူ ပိတ်ပြောပစ်တော့မည်။ ခင်ဗျားကြီးနဲ့ဘာဆိုင်လဲဆိုပြီးတော့လေ။

''ဒါနဲ့များကွယ် အိမ်တွင်းအောင်းနေရတယ်လို့၊ တခြားဘာအခက်အခဲများရှိလို့လဲ''

''မရှိပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်စိတ်ထင် မောင်ရင်တို့က ညားခါစလင်မယားနဲ့တူတယ်၊ နိုးပြေးလာကြတယ်လို့ ထင်တယ်"

သူ မသက်မသာပဲ ခေါင်းညိတ်ပြမိသည်။ စိတ်က ရှုပ်ထွေးလေးပင်လှသည်ဖြစ်၏။

"ဒါနဲ့များကွာ အတူတူမထွက်တာ တော်တော်ထူးဆန်းတာပဲ၊ လူကြီးတွေ ပြန်မိသွားမှာစိုးလို့နဲ့တူတယ် . . . ဟုတ်လား"

"ဟုတ်ကဲ့"

"အေး . . . အေး . . . အိမ်နားလည်း ရောက်ပြီ . . . စကားလည်း ပြောလို့ကောင်းတယ်ကွ . . . ဟား ဟား . . . မောင်ရင့်မိန်းမကိုလည်း ပြောပြလိုက်ပါ . . . ဘာကိုမှ ကြောက်မနေပါနဲ့လို့၊ ချစ်လို့ယူထားကြတာပဲကွာ . . . ရာဇဝတ်မှုကျူးလွန်တာမှမဟုတ်တာ"

လို့ ပခုံးပုတ်ပြီးတောင် သြဝါဒချွေနေသေးတာ။ သူ့မှာအတော်အောင့်အည်းသည်းခံပြီး နားထောင်နေရတာ။ ခေါင်းတွေမနားတမ်းညိတ်ပြီး ရအောင်အလွတ်ရုန်းထွက်ခဲ့တာတောင် သူ့နောက်ကျောဘား ရပ်ကြည့်နေရင်းက . . .

"ဟိတ် . . . မောင်ရင့်အမျိုးသမီးနာမည်က ပျိုရွှယ်လူးနော် . . . ဟုတ်လား"

"ဟုတ်ကဲ့"

ဟုပြောပြီး ခပ်သွက်သွက်ခြေထဲ လှမ်းဝင်ခဲ့သည်။ ဒါတောင် ဆရာဝန်ကြီးက သူ့အား ရပ်ကြည့်နေဆဲ။ အဝေးမှာပင်သံသယအခိုးအငွေ့တွေအား မြင်နေရဆဲဖြစ်ပါသည်။ လူးအမည်





ကို ဒီဆရာဝန်ကြီး ဘယ်လိုသိပါလိမ့်။ သူစဉ်းစားတာ ခေါင်းပင်ခြောက်လာရသည် . . . အဖြေကမထွက်။ ထို့ကြောင့် သူမအားသွားမေးရခြင်းပင် ဖြစ်သည်။

မေးသာမေးရတယ် . . . သူမကလည်း သူ့အရှေ့မှာပင်ဝေဒနာခံစားရ၍ စကားတောင် ဟဟမပြောနိုင်တာ သူအသိ။ သူ့စိတ်ထဲ၌ အန္တရာယ်အနံ့အသက်အား ရလာသလိုပင်။ ဘာပဲဖြစ်ဖြစ် လူး . . . သူ့အနားမှ ထွက်မသွားနိုင်ရေးအတွက် ဒီထက်ပို သူစောင့်ကြပ်ရမည်။ ဒါပဲ သူသိပါသည်။

လူး . . . ထွက်ခွာမသွားရန် အတွက်ပါ။

ကိုယ့်အရိပ်ဟာ မင်းအတွက် အလုံခြုံဆုံးနဲ့ အအေးမြဆုံးပါ ပျိုရွှယ်လူး။ ဒါကို တစ်နေ့တော့ မင်းနားလည်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၄

ဝိ ရ ... ပျို့ရွယ်လူး ...
ဖြစ်သမျှကိစ္စအားလုံး ခွင့်လွှတ်သည်။
အမြန်ပြန်လာပါ။
ဝိရနှင့် ပျို့ရွယ်လူးအား တွေ့ရှိပါက အကြောင်းကြားရန်။
ကျေးဇူးဆပ်ပါမည်။

ဉာဏ
၀၉ ၅၁ ------
အမှတ်( )၊ ( )လမ်း၊
( ) မြို့နယ်၊ ရန်ကုန်။

သူထည့်ထားသော ကြော်ငြာအား အကြိမ်ကြိမ်အခါခါ ပြန်ဖတ်ကြည့်သည်။ ဘာမျှားမှားယွင်းနေပါလိမ့်။ မှားယွင်းတာ ဘာမှမရှိ။ ဒီကြော်ငြာကို နေ့စဉ်ထုတ် သတင်းစာတွေ၊ နာမည်ကြီး စာစောင်တွေ၊ အပတ်စဉ်ထုတ်သော အားကစားဂျာနယ်တွေပါ မကျန်အောင် သူ့ထည့်ထားသည်။ ဝိရတို့ထွက်သွား





ကတည်းက ထည့်တာမို့ နှစ်လနီးပါး ရှိပြီ။

ဒါပေမဲ့ အခြေအနေက ဘာမှထူးမလာ။ ဆက်သွယ်သူလည်း မရှိ၊ သတင်းပေးတဲ့သူလည်း ပေါ်မလာ။ ဒ့ါအပြင် သူက ဝိရဘကြီးအိမ်ကိုပင် သွားစုံစမ်းခဲ့သေးသည်။ ထိုဘကြီးတော်သူ အန်ကယ်ဦးအောင်ထွဋ်သည် သူပြောမှ ဒီသတင်းကို သိသွားဟန်တူသည်။

"ဟေ ... ဝိရက မင်းယူမယ့်မိန်းမကို ...၊ နေပါဦး မောင်ဉာဏရဲ့ ... မင်းယူမယ့်မိန်းမက တီတီတာဆိုတဲ့ ကလေးမလေးလား"

"မဟုတ်ဘူးအန်ကယ် ... မိဘတွေသဘောတူတဲ့သူ"

သူက တီတာ့အမည်ကြားရလျှင် ရင်၌ မသက်မသာဖြစ်သွားရမြဲ။ တီတာ ဘာကြောင့်အိမ်က ထွက်သွားလဲ ... သူမသိ။ သူသိသည်က ဝိရပယောဂမကင်း၍ဖြစ်သည်။ ဒါပဲ ...။

တစ်ခါ တစ်ခါ ထိုအတွေးက အူကြောင်ကြောင်နိုင်မှန်း သူသိသည်။ တီတာရဲ့ ချစ်ရိပ်မကင်းသောမျက်ဝန်းတွေကို သူကောင်းစွာသတိရသည်ပဲ။ ပြီးတော့ ဝိရရဲ့သဘောထားဟာ တီတာ့အပေါ် ရှင်းသန့်ဖြူစင်သည်ဆိုတာ သူသိ၏။ ဒါပေမဲ့ အဖြစ်အပျက်တိုင်းသည် ဝိရထံသာ မြားဦးညွှန်ပြနေသည်။ သူလည်း ဒီအတိုင်းထားလိုက်တာ ကောင်းမည်။ တခြားသူ့အကြောင်းတွေးရန် သူ့ခေါင်းထဲ၌ နေရာမရှိ။

လူးတစ်ယောက်တည်းနဲ့တင် သူ ခေါင်းမီးတောက်နေပြီ။ ပဟုတ်လား။ ဝိရဘကြီးအပြောကတော့ အားတက်ဖွယ်ရာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ထင်တော့ထင်တယ်ကွ . . . ဒီကောင်မိန်းမခိုးသွားပြီလို့၊ မြန်မာနိုင်ငံက ကျဉ်းကျဉ်းလေးပါကွာ၊ တကယ်တမ်း ဒီမှာရှိရင်တောင် အကြာကြီး ပုန်းမနေနိုင်ဘူး၊ နောက်ပြီး မင်းက ဓာတ်ပုံပါထည့်ပြီး ကြော်ငြာထားတာဆို"

"ဟုတ်တယ် အန်ကယ် . . သတင်းစာထဲတော့ Black and white (အဖြူအမည်း)ပေါ့၊ ဂျာနယ်တွေထဲတော့ colour (အရောင်) ဓာတ်ပုံတွေနဲ့ ထည့်ကြော်ငြာထားတာ"

"အေးလေ . . . တစ်ဦးမဟုတ်တစ်ဦးတော့ တွေ့ရမယ်ကွာ၊ မင်းကြော်ငြာတာ အချိန်ဒီလောက်ကြာနေပြီကို၊ ငါ တစ်ခုတော့စဉ်းစားမိတယ် . . . နိုင်ငံခြားကိုများ ခိုးသွားတာလား"

သူ့ဆံပင်တွေ ဝုန်းဆို ထောင်ကြွသွားသည်။ နိုင်ငံခြား . . .။ သူ တစ်ခါမှမတွေးဖူးသော နိုင်ငံခြား . . .။

"အင်း . . . ဖြစ်နိုင်တယ်နော် အန်ကယ်"

"ဒီနိုင်ငံမှာ ဒီလောက်အထိပုန်းဖို့ မလွယ်ဘူးကွ၊ ဒီတော့ မင်းကိုငါ အကောင်းဆုံးအကြံဉာဏ်တစ်ခုပေးမယ် . . . လက်လျှော့ပြီး နောက်တစ်ယောက်သာစဉ်းစားတော့"

ဟု လူကြီးကဆိုလေသည်။ နောက်တစ်ယောက်ဟာ သူ့ကို အင်္ဂလန်အထိခေါ်သွားနိုင်ပါ့မလား။ ကျောင်းဆက်ထားပေးနိုင်ပါ့မလား . . .။

ဥာဏဆိုသောနာမည်ရဲ့နောက်မှာ (F.R.C.S) တွေ (M.R.C.P) တွေ . . . အစရှိတဲ့ဘွဲ့ထူးတွေ ထည့်ပေးနိုင်ပါ့မလား။ ဟူး . . . မလွယ်ရေးချ မလွယ်။





ဒါဆို အခု . . . သူဘာဆက်လုပ်ရမလဲ။ ဥာဏက သူ့ဘေးရှိ ယနေ့ထုတ်စာစောင်တွေကို မျက်မှောင်ကုတ်ကြည့်သည်။ ငွေကုန်ပြီး အကျိုးမထူး။ အန်ကယ်ဦးအောင်ထွဋ် ပြောသလိုဆို ဒီကောင် နိုင်ငံခြားထွက်သွားလျှင် ကိုယ်က ဒီကြော်ငြာ တစ်ပွဲ့တစ်ပိုက်ကြီးနှင့် အရှုံးတစ်ပိုင်းဖြစ်တော့မည်။ ထို့ကြောင့် ကြော်ငြာမထည့်ရန် သူဆုံးဖြတ်သည်။ ဖုန်းကိုယူသည်။ ဂျာနယ်တိုက်ကို အကြောင်းကြားရန် . . .။

ထိုအခိုက်မှပင် သူလက်ထဲက ဖုန်းမြည်လာသည်။ နံပါတ်က သူမသိသောနံပါတ် . . .။

"ဟဲလို"

"ဥာဏပါလား"

"ဟုတ်ပါတယ် . . . ဘယ်သူပါလဲခင်ဗျာ"

"အင်း . . . အန်ကယ်က ပြင်ဦးလွင်ကပါ၊ . . . . . . ."

ဖုန်းပြောနေသော ဥာဏမျက်နှာ အရောင်တဖျပ်ဖျပ် ပြောင်းသွား၏။ တောက်ပခြင်း၊ တက်ကြွခြင်းတွေက မီးလျှံပမာ အရှိန်ညီးစွာ တောက်လောင်လို့ . . .။

"ကျေးဇူးတင်ပါတယ် . . . အန်ကယ်"

www.burmeseclassic.com

www.burmeseclassic.com

------------- ။

စိုပြည်စိမ်းလန်းသော စပါးပင်တွေက လေအဝှေ့၌ ယိမ်းနွဲ့နေသည်။ တောင်ကုန်းပေါ်ဖြစ်၍ လေပြည်ကညင်းသွဲ့သွဲ့။ စေတီငယ်လေးရှိ ဆည်းလည်းသံတွေက စိတ်ကြည်နူးဖွယ်ရာ။

တီတာက ရင်ကိုဖွင့်၍ အသက်တဝကြီး ရှူပစ်သည်။ ဆည်တွေနှင့် စပါးပင်တွေကို ဖြတ်သန်းလာသောလေတွေက အဆုတ်ထဲ တဝကြီးဝင်ရောက်သွားသည်။ လူက ချက်ချင်းဆိုသလို စိမ်းလန်းလတ်ဆတ်လာသယောင်ပင်။

''ဘယ့်နှယ့်လဲတီတာ၊ ဒီနေရာကို သဘောကျရဲ့လား''

''အိုး ... သဘောကျပါတယ် ဆရာရဲ့၊ တခြားနေရာတွေမှာ ပူချင်ပူမယ် ... ဒီစေတီဝန်းကျင်ကတော့ မပူဘူးနော်''

''ဘုရားရိပ်,တရားရိပ်ပေါ့။ ပြီးတော့ တောင်ပေါ်မှာဆိုတော့ လေတိုးတယ်လေ၊ ဒီကကြည့်ရင် ရှုခင်းတွေကို တပြန့်ကြီးမြင်ရတာ၊ စပါးခင်းတွေ, ဆည်တွေကဖောက်ပြီး သွယ်ပေးထားတဲ့ရေပေးမြောင်းတွေ, ဟိုးမှာ ... ခရမ်းချဉ်သီးခင်းတွေ,





ငရုတ်ခင်းတွေ ... တွေ့လား''

''ဟုတ် ... တွေ့ပါတယ်ဆရာ''

''အဲဒါတွေက ဒီဒေသရဲ့ထွက်ကုန်တွေလေ တီတာရဲ့''

''ထူးဆန်းတယ်နော်ဆရာ ... မိုးခေါင်ရေရှား ဒီဒေသတွေမှာ အခုလိုစိုက်ပျိုးနိုင်တာလေ''

''လူသားတွေရဲ့ တီထွင်ဖန်တီးမှုတွေပေါ့ ... အဲဒါကြောင့် မျိုးဆက်သစ်တွေကို ကိုယ်က အများကြီးအလေးထားတယ်လို့ ပြောတာပေါ့''

ဆရာ့စကားကြောင့် တီတာက သူမဝမ်းဗိုက်စူမို့မို့လေးကို ငုံ့ကြည့်မိသည်။ အံ့ဩစရာတော့ ကောင်းပါ၏။ ချစ်ရသူရဲ့သွေးကို သူမ,လွယ်ပိုးထားရသည်။ ဒါပေမဲ့ သူမ၌ သတ္တိအရာမနည်းပေ။ အရာရာကို ရင်ဆိုင်နိုင်စွမ်းရှိသည်။ မမြင်ရသေးသော ဒီရင်သွေးလေးအတွက် လောကကိုကြွကြွခိုင်ရင်ဆိုင်နိုင်ပြီ။

ဒါဟာ ဆရာကြောင့်လို့ တစ်စိတ်တစ်ဒေသပြော၍ရသည်။

''ကံအကြောင်းမလှလို့ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရတာပဲ တီတာ ... ဒါ ဝဋ်ကြွေးပေါ့၊ ရှက်နေကြောက်နေဖို့ မလိုဘူး၊ ဝဋ်ကြွေးဆိုတာ ကျေလည်ကင်းရှင်းတဲ့အထိ ပေးဆပ်ရတဲ့အရာလေ၊ ဒီဘဝ ကျေအောင်ဆပ်ပြီးရင် ပြီးပြီပေါ့၊ ကိုယ့်သားသမီးကို ကိုယ့်လိုမဖြစ်အောင်, လောကမှာ အထူးချွန်ဆုံး အတော်ဆုံးဖြစ်အောင် ဘယ်လိုပဲ့ကိုင်မလဲဆိုတာပဲ စဉ်းစားပါတီတာ၊ အနာဂတ်ဆိုတာ ကိုယ်မပိုင်ပေမယ့် ပိုင်အောင်လုပ်လို့ရတဲ့နည်းလမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပါပဲ''

လို့ ဆရာကပြောခဲ့သည်။ ထို့ကြောင့်တီတာ့ဘဝသည် အားမာန်တွေနှင့် တစ်ဖန်ပြန်ရှင်သန်လာခဲ့တာဖြစ်၏။ ဆရာကတော့ သူမထက်ပင် ကိုယ်ဝန်ကို ပိုဂရုစိုက်သေး။

''ကိုယ်ဝန်ဆောင်သည်ဆိုတာ တစ်လတစ်ခါတော့ ပေါင်ချိန်ရတယ်၊ ပြီးတော့ အသီးအနှံ များများစားပေးရတယ်၊ ခေါင်းမူး,ခေါင်းကိုက်တယ်ဆိုပြီး တွေ့ကရာဆေးတွေ မသောက်ရဘူး။ ပြီးတော့ သွေးတိုးစေမယ့်အစားအစာတွေ ရှောင်ရမယ်နော်''

ဟု တတွတ်တွတ်မှာသည်။ မြို့သို့ရောက်တိုင်း ရွာရှိ ကိုယ်ဝန်သည်တွေနှင့် သူမအတွက် ကိုယ်ဝန်ဆောင်အားဆေးတွေ ဝယ်လာကာဝေပေးတတ်သည်။ သူမအတွက် အိုဘီမင်။ ရွာက ကိုယ်ဝန်သည်တွေကျ ပရင်နေတယ်။ ကြာတော့ ရွာသူတွေက ...

''ဆရာမနဲ့ ကျုပ်တို့သောက်တဲ့ဆေးက အရောင်မတူဘူးနော် ဆရာ ... အဲဒါ ဘာဖြစ်လို့လဲ''

''အားဆေးကတော့အတူတူပါပဲ .. အရောင်ပဲကွာတာ''

ဖြေတတ်သည်။ ထိုအခါမျိုး၌ ရွာသူတွေကို ကျိတ်အားနာရသည်။ ပြီးတော့ ဆရာ့အား အထူးကျေးဇူးတင်ရ၏။ ရွာခံတွေကတော့ ဆရာ့အပေါ် ကြည်ညိုတာရော၊ လေးစားတာရော ပေါင်းပြီး အရိပ်တကြည့်ကြည့်ရှိတတ်သည်။ ထိုအခါ ဆရာ အရိပ်ကြည့်နေသော သူမကိုပါ သတိထားမိလာရော။





''ကျုပ်တို့ဆရာကတော့ ဆရာမကို မရိုးဘူးနဲ့တူတယ်တော့''

သူမရောက်စက ဆရာမမြတ်မဋ္ဌူနှင့်လူမှား၍ နှုတ်ကျိုးနေပုံရသည်။ တီတာကို ဆရာမဟူ၍သာ ခေါ်ပါသည်။

''ကျုပ်တို့ဆရာ အသည်းကွဲမှာတော့မြင့်ယောင်သေး၊ ဆရာမယောက်ျား လာပြန်ခေါ်ရင် လိုက်သွားမှာမဟုတ်လား''

ရိုးသားပွင့်လင်းသော တောသူတောင်သားတွေပီပီ ထိမ်ချန်မထားတတ်။ အဲဒီလို ဖွင့်မေးတတ်သည်။ ကာယကံရှင်သူမမှာ အခက်တွေ့ကာ နှုတ်ဆွံ့အတော့ သူတို့က လိုရာဆွဲတွေးပြန်၏။

''ဆရာမလည်း ဆရာ့သံယောဇဉ်ကို မြင်နေရပြီပဲ ... ထားတော့မထားခဲ့ပါနဲ့ ဆရာမရယ်၊ ကလေးလေးမွေးပြီး ဒီမှာပဲ နေလိုက်ပေါ့ ... ဆရာနဲ့အတူတူလေ ... ပြီးတာပဲ''

တဲ့ ...။ ကဲ ... ကောင်းရောပဲ။ သူမမှာ ရယ်ရခက်၊ ငိုရခက်ကြီး။ ဒါပေမဲ့ ဒီမှာနေတဲ့လပိုင်းအတွင်း သူမ တကယ်ပျော်ပါသည်။ နဂိုကရှိခဲ့သော ပူပင်စိတ်၊ ပေးဆပ်ဖြည့်ဆည်းပေးချင်စိတ်တွေက ဘယ်အရပ်ကို လွင့်သွားမှန်းမသိပါ။

အရာခပ်သိမ်း အေးချမ်းလုံခြုံသော မေတ္တာရိပ်အောက် နေထိုင်ရတဲ့ဘဝ။ ထို့ကြောင့်ကျေးဇူးတင်ထိုက်သူများထဲတွင် ဆရာ ... ရှေ့ဆုံးကပါကြောင်း တစ်နေ့တော့ သူမအသိပေးရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၅

"မ စားလို့မရဘူး ပျို့ရွယ်လူး . . . မင်း ရောဂါကိုမရှာ ချင်စမ်းပါနဲ့"

လူးက တုတ်တုတ်တောင်မလှုပ်။ ဆိုဖာပေါ် မလှုပ်မယှက် ထိုင်နေသည်။ လူးရှေ့က ထမင်းပွဲကိုလည်း တစ်စက်က လေးမှ မထိမတို့ပေ။

"ရောဂါရမှ ဆရာဝန်နှင့် ထပ်တွေ့ရမှာ"

လို့ စိတ်ထဲမှ အော်ပြောနေမိသည်။ သူကတော့ တံခါး ကိုကျောမှီရင်း လူးအား စိတ်ပျက်လက်ပျက်ကြည့်နေ၏။

"စားပါ လူး . . . ဒီမှာ ကြက်သားကြော်ရယ်, ထမင်းဖြူ ကို ကိုယ် . . . ဆီနဲ့နယ်ပေးထားတယ်၊ ဟင်းက တစ်မျိုးတည်း ဖြစ်နေလို့ ခေါက်ဆွဲကြော်တောင် ကိုယ်သွားဝယ်ထားတာ လူး ရဲ့"

လို့ ဝီရက တတွတ်တွတ်ပြောသည်။ လူးကဖြင့် မတုန် မလှုပ် ကျောက်ရုပ်။ ဝီရက နာရီကို တစ်ချက်လှမ်းကြည့်ပြီး ဟင်းခနဲ တစ်ချက်သက်ပြင်းချသည်။ ညခုနစ်နာရီခွဲပြီ၊ ဒီထမင်း





ဟင်းတွေကို သူစ,ယူလာပြီး ကျွေးတဲ့အချိန်က ညနေခြောက်နာ ရီကတည်းက။

ပြင်ဦးလွင်ရဲ့အအေးဓာတ်ကလည်း ညအမှောင်နှင့်အတူ သိပ်သည်းစွာ လိုက်ပါလာစမြဲ။

"ဟင်း . . . ကိုယ် ထမင်းဟင်းတွေ တစ်ခါထပ်နွှေးပေး မယ်"

"နွှေးလည်းအပိုပဲ . . . ငါက မစားဘူး၊ နင့်လက်ထဲမှာ နေရတာထက် သေသွားတာမှ ကောင်းဦးမယ်"

လူက ဂျစ်ကျသောရုပ်ဖြင့် ခပ်တည်တည်ပြောသည်။ ပြီးတော့ တီဗီကိုဖွင့်ကြည့်၏။ လာနေတာက သရဲဇာတ်လမ်း။ လူးက စိတ်ဝင်တစားကြည့်နေသည့် အချိန် . . . သူက လူးကို စိတ်ပျက်လက်ပျက်ကြည့်နေသည့်အချိန်၌ လူးတို့အကြားအာရုံ ထဲသို့ အသံသဲ့သဲ့လေး ဝင်ရောက်လာတာပင်။ အသံလေးက ငှက်အော်သံလေးလို . . . မနက်စောစော ငှက်ကလေးတွေ ကျူး ရင့်အော်မြည်တဲ့အသံမျိုး၊ စိတ်ဝင်စားစရာမို့ လူးက ခေါင်းထောင် သွားသည်။

လူးကြည့်နေသော ထိတ်လန့်ဖွယ်သရဲကားထဲမှာလည်း ဒီလိုအသံမျိုး ထွက်လာမှာမဟုတ်။ အထူးခြားဆုံးက သူပင်။ သူသည် အပြုံးအပြဲဖြစ်သွားပြီး ထမင်းဟင်းတွေထည့်ထားသော ဗန်းကိုချကာ အခန်းထဲမှ အလျင်မြန်ဆုံးအရှိန်ဖြင့် ပြေးထွက် သွားသည်။ အံ့ဩတကြီးဖြစ်ကျန်ခဲ့သူက လူး။ ဒီလောက်စိတ် ကြည်နူးစရာကောင်းသောအသံကို သူ ဘာကြောင့်ကြောက်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာပါလိမ့်။ လူးဟာ အဲဒီလိုတွေးရင်း စိတ်ဝင်စားလာရသည်။ ထို့ကြောင့် အသာထပြီး အခန်းတံခါး၌ နားကပ်ထောင်ကြည့်သည်။ စကားပြောသံ သဲ့သဲ့ ...။

''အယ်တော့''

သူမန္တတ်မှ အာမေဋိတ်။ ကြည့်ဦး ... နားတင်ကပ်နားထောင်သော သူမအခန်းတံခါးဟာ ဝုန်းဆိုပွင့်ပြီး လူကပါ အပြင်သို့ ကျုံထွက်သွားသည်။

''တံခါးကြီး ပွင့်နေတယ်''

လူးက အထူးအဆန်းကို ဖြစ်လို့။ သူက လူးကို အမြဲတမ်း သော့ခတ်ထားခဲ့တာမဟုတ်လား။ အခုမှပင် လူးက အခန်းပြင်ပကို စူးစမ်းမိတော့သည်။ သူမ,ထင်ထားသလို မဟုတ်။ လူးက သူမ,လက်ရှိနေသောနေရာကို အိမ်တစ်လုံးဟု ထင်မှတ်ထားတာ။ ရေချိုးခန်း၊ အိမ်သာ၊ အိပ်ခန်းတစ်ခန်းနှင့် ညှိခန်း တစ်ခန်း ပါတာကိုး ...။

အခု လူးနေရာက အဆောင်တစ်ဆောင်မျှသာ။ လူးရပ်နေသောနေရာနှင့် အိမ်မကြီးကို စကြံနံတစ်ခုဖြင့် ဆက်သွယ်ထားသည်။ စကြံနံရဲ့ဘေး အုတ်ပေါင်က လူတစ်ယောက်ခါးနားအထိသာ အမြင့်ရှိ၏။ ထိုမှလှမ်းကြည့်လျှင် ထင်းရှူးပင်ကြီးတွေ ရှည်မျောမျောက တစ်မျှော်တစ်ခေါ်။ လူးသည် ညဘက် ထွက်ပြူစ ပြူနေသော လရောင်နှင့် မြင်နေရသောခြံတွင်းမြင်ကွင်းကို ကြည့်ပြီး ရင်တဒိတ်ဒိတ်ခုန်လာသည် ဒီနေရာဆိုးလျှင် လူနေအိမ်တစ်ခုခု ဒါမှမဟုတ် လမ်းတစ်ခုခု တွေ့နိုင်ကောင်းသည်။





အို ... ဘာပဲဖြစ်ဖြစ် ဒီအိမ်ကြီးမှ လွတ်လျှင်ပြီးရော။ လူးက ထိုဆုံးဖြတ်ချက်ကိုချပြီးတာနှင့် သူ့ထံနားစွင့်သည်။ သူ့အသံက ဗလုံးဗထွေးထွက်ပေါ်လာဆဲ။ ကဲ ... သူမကို ကံတရားက မျက်နှာသာပေးပြီ။ လူးက ထွေထွေထူးထူး စဉ်းစားမနေ။

လူးသည် အုတ်ပေါင်ကို ကျော်ထွက်သည်။ ဒီအတားအဆီးလေးမှ ထွက်တာတောင် စိတ်က ငှက်မွေးလေးလို လွတ်လပ်သွားတာများ ...။ တိုးဝှေ့လာသော အအေးဒဏ်ကို အံတုရန် ဂျာကင်အင်္ကျီအားဆွဲစေ့သည်။ ထို့နောက် သူမက အားကုန်သွန်၍ ပြေး၏။ ပြေးစမ်း မိလူး ...။ ဒါမှ နင် သူ့လက်ထဲက လွတ်မှာ။

လူး အားကုန်သွန်ပြေးနေဆဲမှာပင် ဝီရဋ္ဌလည်း ...

''ကျွန်တော်ပြေးလည်းမပြေးချင်ဘူး ... လမ်းလျှောက်တာလည်း ဝါသနာမပါဘူး''

''ဒါ ... ကျန်းမာရေး ဝီရရဲ့၊ မောင်ရင်တို့လို ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျတဲ့လူတွေအတွက် နုပျိုလန်းဆန်းမှုဆိုတာ ပိုပြီးလိုတယ်လေကွာ''

ဆရာဝန်ကြီးက ကျန်းမာရေးကိုသာ နှုတ်ကပြောနေတာ မျက်စိက သူ့ကိုကျော်ပြီး အိမ်ထဲချည်းလှမ်းကြည့်နေ၏။ သူကလည်း တံခါးကို တစ်ကိုယ်စာဖွင့်၊ ထိုတစ်ကိုယ်စာမှာ သူက ပိတ်ကွယ်ရပ်နေတာ။ အထဲကိုမြင်သွားလို့ မဖြစ်ဘူးလေ။ သူ စကြံအကူးတံခါးကို မပိတ်ခဲ့ဘူးကိုး ...။

''ရပါတယ် ... ကျွန်တော်က လန်းဆန်းနုပျိုပြီးသား



www.burmeseclassic.com

www.burmeseclassic.com



. . . ကျေးဇူးပါပဲ . . . အဟဲ''

''ဒါနဲ့ . . . မောင်ရင့်အမျိုးသမီးရော မတွေ့ပါလား''

အိပ်နေပြီခင်ဗျ . . . ဆရာကြီးပြန်ရင် ကျွန်တော်လည်း ခြံတံခါး လိုက်ပိတ်ရဦးမှာ''

ဟု စကားကို သိသာစွာဖြတ်တောက်ပစ်သည်။ ဒီတော့မှ စပ်စုသောဆရာဝန်က လှည့်ပြန်သွား၏။ သူက ခြံတံခါး သော့ခတ်ပြီး အိမ်ထဲပြန်ရောက်လာသည်။

''ဟူး . . . မလွယ်ပါလား . . . ရင်မောစရာတွေချည်းပဲ၊ ဟိုတစ်ယောက်ကို ထမင်းကျွေးရတာက ပိုမောဖို့ကောင်းတယ်''

လို့ သူက စကားတတွတ်တွတ် တစ်ယောက်တည်း ပြော၊ သူမအခန်းဆီ လျှောက်လာခဲ့သည်။ ဒါပေမဲ့ ပေါင်းကူးစကြံလေး အရောက်။

''ဟင်''

သူ အံ့ဩတကြီးဖြစ်သွားသည်။ သူမအခန်းတံခါးကြီးက ပွင့်လို့ . . .။

''လူး''

သူအော်ပြီး အခန်းထဲ ဝင်ရှာသည်။ မရှိတော့။

''ကျစ် . . အာ . . . ဒုက္ခတွေတော့ ရောက်ကုန်တော့မှာပဲ''

သူက အဲဒီလို ရေရွတ်သည်။ လူး ဘာလုပ်နေသလဲ။ သူသိလိုက်ပြီ။ ဝီရသည် ချက်ချင်း အားကောင်းသောဓာတ်မီး ယူသည်။ ခြေထောက်၌ စီးထားသော အဝတ်ဖိနပ်ကိုချွတ်ကာ





ဝေါ့ကင်းရှူးပြောင်းစီး၏။ ထို့နောက် အုတ်ပေါင်လေးကိုကျော်၍ ခြံထဲသို့ တစ်ဟုန်ထိုးပြေးလိုက်သွား၏။

''လူး . . . မပြေးနဲ့ . . . ရောက်တဲ့နေရာက အသံပြု . . . ဝေး . . . လူးရေ . . . ပျိုရွယ်လူး'

ဓာတ်မီးတဝင်းဝင်း၊ သူမအမည် တကြော်ကြော်နှင့် အော်ခေါ်နေတာ မကြားဘူးမဟုတ် . . . ကြားသားပဲ။ လူးက ထင်ရှူးပင်စည်ကြီးကိုမှီပြီး အမောဖြေနေတာ။ ခြေဖဝါး၌လည်း ဘာတွေစူးထားမှန်းမသိ . . . နာကျင်မှုက အသည်းခိုက်လောက်သည်။ ဒါပေမဲ့ လူး အားမလျှော့။ သူ့ကို ဒီလောက်နှင့်အရှုံးမပေးချင်သေး။

လူး အားတင်းသည်။ ဆက်ပြေးရန်ကြိုးစား၏။ ဒါပေမဲ့ . . .

''အား''

ဆူးစူးထားသော နာကျင်မှုကြောင့် ကျိန်းစက်နေသော သူမခြေဖဝါးက သခင့်အလို မလိုက်နိုင်။

''လူး''

ဝီရသည် အော်သံကြားရာဘက်ကို ဓာတ်မီးထိုး၍ ပြေးလာခဲ့သည်။ စိုးရိမ်စိတ်ကြောင့် လူက ထူပူ၍နေသည်။ ဒါပေမဲ့ လူးနားအရောက် . . .

''ကဲဟာ''

လွှဲရိုက်ချက်က သူ့နားထင်နားဆီ ဒုတ်ခနဲအသံမြည်၍ လူက ယိုင်ထွက်သွားသည်။ ဓာတ်မီးက အောက်သို့ပြုတ်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



၏။ ခါတ်မီးရောင်မှုန်ပျပျဖြင့် သူမြင်ရတာက လူး . . . သစ်ကိုင်းခြောက်ကြီး ကိုင်လို့။

''လူး''

သူကြည့်နေရင်းမှာပင် လူးရဲ့မျက်နှာက တစ်စထက်တစ်စ သွေးဆုတ်လာသည်။ မျက်လုံးအစုံက ပြူးကျယ်ပိုင်းစက်လာသည်။ သူက လူးမျက်နှာပေါ် ထူးဆန်းသောပြောင်းလဲမှုအားအံ့သြတကြီး အရိပ်ဖမ်းနေဆဲမှာပဲ လူးက လက်ညှိုးတထိုးထိုးဖြင့် . . .

''အမလေး . . . သွေး . . . သွေး . . . သွေးတွေ''

ရေရွတ်၊ ဆတ်ခနဲ မျက်ဖြူလန်ကာ ပျော့ခွေကျသွားတော့သည်။

''ဟာ . . . လူး . . . ဟိတ် . . . ဟိတ်''

သူက ဆီးဖမ်းပွေ့ရင်းခေါ်သည်။ မရ . . .။ လူးကားသူ့ရင်ခွင်ထဲ၌ သတိလစ်မေ့မြောသွားလေပြီ။ သူက ရယ်လည်းရယ်ချင်သည်။ သူ့ကို ရိုက်ပြီးတော့ သူမက လဲကျသွားသေးသည်။ ဤလိုနှင့် သူသည် သွေးစီးကျလျက်ကပင် သူမအားပွေ့ချီရင်း အိမ်ဘက်သို့ ပြန်ခဲ့ရသည်။

အိမ်ရောက်လျှင် သူမအား ဆေးကုပေးရဦးမည်လေ။

---

------------- ။

အခန်းထဲသို့ နေရောင်က စူးရှစွာ ကျနေသည်။ သူမဖျတ်ခနဲ နိုးလာသည်။ ညက သွေးတွေမြင်ပြီးတော့ လူး မေ့သွားတာ မှတ်မိသည်။ အဲဒီနောက် ဘာတွေဆက်ဖြစ်လဲ သူမ မသိတော့။ ခြေဖဝါးမှ တင်းကျပ်ကျပ်အရာကြောင့် စောင်ခြုံအောက်မှထုတ်ကြည့်မိသည်။ သူမခြေခုံနှစ်ခုစလုံး ပက်တီးဖြူဖြူတွေအထပ်ထပ်။

လူး လှစ်ခနဲ ပြုံးမိ၏။ ညက ဒင်း မှတ်လောက်သားလောက်ရှိအောင်ဆိုပြီး ရိုက်ပစ်လိုက်တာ။ သူ ဘာဖြစ်သွားလဲ မသိ။ သူမ အတွေးမဆုံးခင်မှာပင် အခန်းတံခါး လှစ်ခနဲပွင့်လာသည်။ လှမ်းကြည့်တော့ . . . သူ။

''နိုးပြီလား . . . လူး''

သူ့နဖူးအစွန်း၌ ဂွမ်းအပေါ် ပလာစတာတစ်ထပ် ကပ်ထားသည်။ လူးသည် သူ့ကိုကြည့်ရတာ အားနာလာ၏။ လူးက ခပ်သွက်သွက် မျက်နှာလွှဲလိုက်သည်။ သူကတော့ လူးကို ဘာ



www.burmeseclassic.com

www.burmeseclassic.com



စကားမှမပြောဘဲ ရေချိုးခန်းဆီတန်းသွားသည်။ ပြန်ထွက်လာတော့ သွားတိုက်ဆေးထည့်ပြီးသား သွားတိုက်တံနှင့် ရေခွက်။

"ဒီအခန်းထဲကနေပဲ မျက်နှာသစ်လိုက်လေ၊ ပြတင်းပေါက်ကနေပေါ့"

ဟုပြောကာ ခန်းဆီးစကြီး ဆွဲဖယ်ပစ်သည်။ နံနက်ခင်းနေရောင်က အလုအယက် အခန်းထဲ တိုးဝင်လာ၏။ သူကမှန်တံခါးအပြင်ဘက်ရှိ သံဆန်ခါတံခါးကိုပါ ဖွင့်ပေးသည်။ အခုမှခြံတွင်းမြင်ကွင်းကို အသေအချာ မြင်ရ၏။ ထင်းရှူးပင်တွေ၊ မညီညာသောချိုင့်ဝှမ်းတွေနှင့် ခြံတွင်းမြေက ဖုန်းဆိုးမြေပမာ။

"ခြေထောက်ဘယ်လိုနေလဲ"

"ကျိန်းနေတယ် ... ဒါပေမဲ့ ထောက်လို့ပါတယ်"

"အင်း ... ဒီတစ်ရက်တော့ မင်း နာနေဦးမှာ၊ ညကဆူးတွေ အများကြီးထွင်ရတာလေ၊ ဆူးတွေကျန်နေရင် ပြည်တည်ပြီး အနာဖြစ်ရော၊ မကျန်အောင်ထွင်ရတော့ မင်း နာနေဦးမှာပေါ့"

သူကပြောပြီး အခန်းအပြင် ပြန်ထွက်သွားသည်။ ဒီတစ်ခါတော့ သူမကို သော့ခတ်မသွား။ တံခါးပိတ်မသွား၊ သူမထပ်ထွက်မပြေးနိုင်ဘူးလို့ ထင်လို့လား၊ ပြေးလိုက ပြေးပါစေဟု သဘောထား၍လား မသိ။ လူးကဖြင့် သူ့လုပ်ရပ်တွေကို ငြိမ်ငြိမ်လေး ထိုင်တွေးနေမိသည်။ သူက လူးအပေါ် တောက်လျှောက်ကောင်းခဲ့တဲ့သူ ...။ စကြံလေးခြားထား၍ သူနှင့်လူးက တစ်မိုးအောက်ထဲ မနေဟု ဆို၍ရသည်။





အခုမှ အဆက်အစပ်နှင့် စဉ်းစားမိသည်။ သူက စကြံလေးမှကူး၍ အိမ်မကြီးဆီ သွားအိပ်၍လားမသိ ... လူး တစ်ရေးနိုးညများ၌ သူ့ကို ညေ့ခန်းထဲ၌မတွေ့ခဲ့ရ။

လူးကလည်း အထူးတလည်ရှာမနေပေ။ ထိုစဉ်တုန်းကဒေါသတွေသည် အားကောင်းသော မီးစွယ်မီးညွှန့်တွေအလား။ အရှိန်တညီးညီး တောက်လောင်နေခဲ့တာကိုး ...။ အခုတော့သူမရင်တွင်းမီးကို သူ့သွေးစက်တွေ၊ သူ့အကြင်နာတွေက ငြိမ်းသတ်ပေးဟန်ရှိသည်။ သူဟာ သူမအပေါ် အခွင့်အရေးမယူ၊ သည်းခံပြီးနေခဲ့တာ ဘာကြောင့်ပါလိမ့် ...။

သူမအပေါ်လည်း ဘာမှ အမွှေတောင်းဆိုခြင်းလည်းမရှိ။ ပကတိတည်ငြိမ်စွာပင်။

"မနက်စာစားရအောင် ပျို့ရွှယ်လူး"

"ဟင်"

သူ့အကြောင်းထဲ စိတ်နှစ်နေသဖြင့် သူဝင်လာတာလည်း မသိ၊ သူဘာပြောလဲဆိုတာ မကြားလိုက်။

"မနက်စာ ...၊ ဒီမနက်တော့ အိပ်ရာထနောက်ကျတာနဲ့ပဲ ဘာမှမစီစဉ်လိုက်ရဘူး၊ ကော်ဖီနဲ့ပေါင်မုန့်ထောပတ်သုပ်ပဲ"

"ရပါတယ်"

ဟု သူမဆိုသည်။ ပြီးတော့ ပေါင်မုန့်ကို အရင်ယူစား၏။ သူကြည့်နေရင်းမှာပင် ကော်ဖီတစ်ကျိုက်ပင် မော့သောက်သေး။ သူက ထူးဆန်းစွာကြည့်နေသောအကြည့်နှင့် ဖျတ်ခနဲဆုံသည်။ သူမမျက်ဝန်းတွေက စိန်တစ်ပွင့်အလား ဖျတ်ခနဲလည်း



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးမှ ...

"ဘာကြည့်တာလဲ ... ဗိုက်ဆာနေလို့လား"

သူက မုန့်နှင့်ကော်ဖီကို လက်ညှိုးထိုးပြီးမေး၏။ သူမက ရှက်ကိုးရှက်ကန်းနှင့် မျက်စောင်းထိုးရင်း ...

"စားတော့လည်း တစ်မျိုး၊ မစားတော့လည်းတစ်မျိုးနဲ့"

ဟု ဆိုသည်။ သူက နှစ်လိုစွာပြုံးရင်း ...

"အာ ... စားပါ၊ စားတာကောင်းပါတယ် ... စားပါ၊ စားပါ၊ ဈေးသွားလိုက်ဦးမယ် ... ဘာမှာမလဲ"

"ရပါတယ် ... အဆင်ပြေတာပဲချက်ပါ"

သူက ကြည်နူးစွာ လှည့်ထွက်ဟန်ပြင်သည်။ သူမလေး ဘာကြောင့် နူးညံ့ပျော့ပျောင်းသွားလဲ ... သူ မသိ။ ဒါပေမဲ့ ဒီအခြေအနေလေးကို သူ အင်မတန်နှစ်သက်ပါသည်။ သူတို့က ရန်သူတွေမှ မဟုတ်တာ။ ဒီလိုပဲ ဖြစ်သင့်သည်မဟုတ်လား။ တကယ်ဆို ရင်ခုန်သံချင်း ထပ်တူမျှသောအခြေအနေမျိုး ရောက်သင့်တာ။

သူ့ဘဝမှာ သူမဟာ တစ်ဦးတည်းသော ပဟေဠိနတ်သမီး ဖြစ်သည်။ သူ့ရပ်တည်ခြင်းအား ပြောင်းလဲပေးသော၊ သူ့မျှော်လင့်ချက်တွေအား အရောင်တောက်စေသော၊ သူ့အနာဂတ်အား ရှင်သန်စေသော မိန်းကလေးဖြစ်သည်။ ထိုမိန်းကလေးအား သူဘယ်လောက်ရင်ခုန်သည်ဆိုတာ သူ့နှလုံးသားက အသိဆုံးပင်။

"ဟော့ ... ဒီမှာ"





နောက်ကခေါ်သံကြောင့် သူ ခြေလှမ်းတုံ့သွားသည်။ လှည့်ကြည့်တော့ မချိုမချဉ်မျက်နှာလေးနှင့် သူမ။

"ပြောလေ"

"ဒဏ်ရာဘယ်လိုနေလဲ"

သူက ဟက်ခနဲရယ်သည်။ သူ့သွားတန်းတွေ စီခနဲပေါ်ကာ ချိုလွန်းသောမျက်နှာကို သူမက ငေးခနဲ။ ရင်ခုန်ခြင်းက လေပြည်တစ်စင်းလို ညင်သာစွာ တိုးဝှေ့ဝင်ရောက်လာသည်။

"အင်း သက်သာပါတယ်၊ ဘော့စ်ဘောရိုက်တတ်လား"

"ဟင် ... ဘာလို့"

"ရိုက်ချက်ပြင်းလို့ပါ"

"သြော် ... ဆောရီးပဲ"

လူးက မျက်လွှာချပြီး တောင်းပန်၏။ နှုတ်ခမ်းထောင့်စွန်း၌ အပြုံးတစ်စက ခိုတွဲနေ၏။

"သွားပြီ ... တံခါးတော့စေ့သွားမယ်"

လူး ခေါင်းပဲညိတ်ပြ၏။ ရင်ထဲ၌ ကြည်နူးခြင်းရထားက တဖြည်းဖြည်းချင်း ခုတ်မောင်းလို့ ...။

အချိန်ကာလဟာ အရာရာကိုကုစားနိုင်တယ်ဆို ...

ထိုထဲ၌ အာဃာတတရားရော ပါပါသလား ...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၆

အိမ် ရှေ့တံခါးမကြီး ပွင့်သွား၏။ မည်သူမျှ မရှိ၊ ညှော်ခန်းက ရှင်းလင်းလျက်၊ သူ ခပ်သွက်သွက် လျှောက်သွား၏။ အိပ်ခန်းရဲ့နောက်ဘက်နားကျကျ၌ တံခါးတစ်ချပ်။

ဆွဲဖွင့်လိုက်တော့ စင်္ကြံလမ်းကလေးအား တွေ့ရသည်။ စင်္ကြံအဆုံး၌ တံခါးပိတ်ထားသော အခန်းတစ်ခန်း။ သူ ခပ်သွက်သွက်ပြေးသွားသည်။ အချိန်မရှိတော့၊ အရာရာကို မြန်ဆန်စွာ လုပ်နိုင်မှ တော်ကာကျမည်။

တံခါးကို တွန်းဖွင့်လိုက်သည်။ နှစ်ယောက်ထိုင်ဆိုဖာပေါ် နှစ်မြုပ်စွာထိုင်၍ တီဗီကြည့်နေတဲ့ လူး။ သူ့ကိုတွေ့တော့ လူးခန္ဓာကိုယ်က ဆတ်ခနဲ တောင့်မတ်သွားသည်။ မျက်လုံးတွေက ဖိုင်းစက်စွာ ချာလည်လျက်။

"ည ... ဏ"

"လူး"

"ဘယ်လိုလုပ်ပြီး ဒီကိုရောက် ..."

လူးစကား မဆုံးလိုက်။





"ကိုယ်တို့ ဒီကထွက်ကြရအောင် လူး"

"ရှင်"

"ဟိုကောင် ပြန်မလာခင်ပေါ့"

"ဟို ... ဟိုဟာလေ"

"ခဏလေး လူး ... ကိုယ်မေးတာ အရင်ဖြေ ... သူ့နောက်ကို လူး ... ကိုယ့်စိတ်နဲ့ကိုယ် လိုက်လာတာလား"

ရုတ်တရက်မို့ သူမက ဖြေရခက်သွားသည်။ လူးသည် တွေဝေသောမျက်နှာလေးဖြင့် ...

"ဟို ... အဲလိုတော့ မဟုတ်ပါဘူး ညဏရဲ့"

"လူးမသိအောင် ဒီကောင်ခေါ်သွားတာမဟုတ်လား'

"အဲ ... အဲဒါတော့ဟုတ်တယ်လေ ... ဒါပေမဲ့"

"ဘာမှ ဒါပေမဲ့မနေနဲ့လူး ... လူးကို အားလုံးစိတ်ပူနေကြတယ် ... လူးရဲ့မေမေရောပေါ့"

"မေမေ"

အို ... ကြည့်စမ်း။ သူနှင့်အတူနေရသော ကာလတစ်လျှောက်လုံး သူမက အရာရာကိုမေ့လျော့နေခဲ့တာဖြစ်သည်။ ပထမတော့ သူ့အားစိတ်ဆိုး၍၊ အခုကျတော့ သူ့အား ကရုဏာသက်၍။ လူး ... သတိမထားမိသော အချိန်ကလေးအတွင်းမှာပင် သူဟာ သူမစိတ်အလုံးစုံကို ချုပ်နှောင်ပြုစားခဲ့တာဖြစ်၏။

"ဟုတ်တယ်လူး ... သွားကြရအောင်၊ ဒီကောင်ပြန်လာရင် လူးကို ခေါ်လို့လွယ်မှာမဟုတ်ဘူး"

"ဒီတိုင်းကြီးထွက်သွားလို့ သူအရမ်းစိတ်ပူနေလိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



''စိတ်ပူရင် ရန်ကုန်လိုက်လာပါစေပေါ့''

''မဟုတ်သေးဘူး ဉာဏရဲ့''

''လူး''

ဉာဏက ခတ်ဆတ်ဆတ်အော်သည်။ လူးကြည့်တော့ ဉာဏမျက်နှာပေါ် အလိုမကျရိပ်တွေ ယှက်သန်းလျက်။ သူမလည်း ကိုယ့်ကိုယ်ကိုယ် အံ့သြမိသည်။ အမှန်ဆို ဖြစ်သင့်တာက လူး ဒီအရပ်က လွတ်မြောက်ချင်နေတာ။ ဉာဏလာခေါ်တုန်း ဝမ်းသာအားရ ထွက်သွားသင့်သည်မဟုတ်လား။ ပြီးတော့ ဉာဏကို ကျေးဇူးတောင်တင်ရဦးမှာ ... ကယ်တင်ရှင်ဆိုပြီးတော့လေ။

အခု သူမ ဘာ့ကြောင့် ဆုတ်ဆိုင်းနေပါလိမ့်။ လူးက ဝေခွဲလို့ပင် မရတော့။

''နေဦး လူး ... မင်းတွေဝေနေတာ ဘာ့ကြောင့်လဲ၊ ဒီကောင် မင်းကို ဘာတွေနဲ့များချည်နှောင်ထားသလဲ''

''ဟင့်အင်း ... ဘာမှမချည်နှောင်ပါဘူး''

''အဲဒါဆို ကိုယ်နဲ့လိုက်ခဲ့တော့လေ''

''ဝီရနဲ့လည်း သူငယ်ချင်းတွေပဲ ဉာဏရယ် ... အကျိုးအကြောင်းပြောပြီး သွားတော့ ပိုမကောင်းဘူးလား၊ သူ ဈေးသွားတာလေ ... ခဏနေ ပြန်လာတော့မယ့်ဥစ္စာ''

လူးသည် သူ့အား အသိမပေးဘဲ ထွက်မသွားချင်။ ညက သူ ဘယ်လောက်စိတ်ပူခဲ့သည်ဆိုတာ သူမ မျက်မြင်ကိုယ်တွေ့။ လူးကြောင့် သူ စိတ်ပူပင်သောကမရောက်စေချင်။

သူ့အား စိတ်ဒဏ်ရာမပေးချင်တာလည်း ပါသည်။





လူးကြောင့် သူ ဒဏ်ရာရခဲ့သည်မဟုတ်လား။ ဉာဏကတော့ သူမကို စိုက်ကြည့်ဆဲ၊ ပြီးမှ တစ်စုံတစ်ခုကို သဘောပေါက်သည့်နှယ် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

''ကောင်းပြီ လူး ... ရန်ကုန်မှာ လူးတို့ထွက်သွားပြီးတဲ့အချိန်မှာ မင်းမသိတဲ့အကြောင်းတွေ အများကြီးဖြစ်သွားတယ်''

''ဘာအကြောင်းတွေလဲဟင်၊ လူးတို့နဲ့ ပတ်သက်လား''

သူက ခေါင်းညိတ်ပြသည်။

''လူးနဲ့မပတ်သက်ဘူး၊ ... အဓိက ဝီရ''

''ဝီရ''

''ဟုတ်တယ်လူး ... ကိုယ် ဖြစ်ကြောင်းကုန်စင်ပြောပြမယ်၊ အကြောင်းစုံသိပြီးမှ မင်းဆုံးဖြတ်ပါ ... ဟုတ်ပြီလား''

''ပြောပါ ဉာဏ''

လူးမျက်နှာ၌ သိလိုသောစိတ်ဇောက အရောင်တွေပြည့်လျှံလာ၏။

''လူးတို့ထွက်သွားပြီးတဲ့ညမှာပဲ တီတာလည်း ပျောက်သွားတယ်''

''ရှင် ... တီတာ''

သူမနှုတ်ဖျားမှ တီးတိုးရေရွတ်မိသည်။ အဲဒီနောက်ကြားရသော ဉာဏနှုတ်ထွက်စကားတွေဟာ အက်စစ်တွေအလား သူမနှလုံးသားဆီ တစ်စက်ချင်း စိမ့်ယိုစီးဆင်းလာသည်။

အိုး ... နှလုံးသားတွေ တစ်စစီ ကြေကုန်ပြီထင်ရဲ့။

www.burmeseclassic.com

www.burmeseclassic.com

------------- ။

''နင်က လူယုတ်မာပဲ ဝီရ''

သူ ကြောင်အမ်းသွား၏။ မယုံနိုင်စရာ။ လူးရဲ့မျက်နှာသည် တစ်နာရီအတွင်း ဘာကြောင့်ပြောင်းလဲသွားရပါလိမ့်။ ကြောက်မက်ဖွယ်ဒေါသကြီးက သူမမျက်နှာပေါ် ယိမ်းထိုးလှုပ်ရှားနေသည်။

''လူး''

''လာမခေါ်နဲ့''

အသံတွေပြာအက်သွားတဲ့အထိ သူမ ကျိုးအော်သည်။

''လူး''

သူက ထပ်ခေါ်ပြီး ရှေ့တစ်လှမ်းတိုးသည်။ လူးက လက်သင့်မခံ။

''သွား ... မလာနဲ့၊ ,နင် ငါ့နားမကပ်နဲ့ဝီရ၊ နင် မိန်းမတွေကို ဘာထင်နေလဲ၊ မိန်းမတွေက နင့်ကစားစရာလား ... နင့်အရုပ်လား ... နင်က ကောက်ယူလိုက်,စွန့်ပစ်လိုက်နဲ့ နင်





ဘာတွေလုပ်ခဲ့တာလဲ၊ နင့်အသွင်အပြင်ကိုကြည့်ပြီး ငါက တည်ကြည်တယ်လို့ထင်ခဲ့တာ ... အခု ငါ့အထင်တွေ အကုန် သဲထဲရေသွန်ပဲ''

''မင်း ဘာဖြစ်နေတာလဲ ...မင်းပြောတာတွေ ငါ ဘာတစ်ခုမှ နားမလည်ဘူး''

''ဘာ ... နားမလည်ဘူး၊ နားမလည်တာလား, နားမလည်ချင်ဟန်ဆောင်တာလား ... အဟွန်း ... နင် ဟန်ဆောင်သိပ်ကောင်းပါတယ် ဝီရရယ်၊ တီတာ့ကိုလည်း နင် အဲလိုဟန်ဆောင်ကောင်းမှုတွေနဲ့ သိမ်းပိုက်ခဲ့တာမဟုတ်လား''

''မင်း ဘာတွေပြောနေတာလဲ ...တီတာ့ကို ဘယ်တုန်းကမှ မသိမ်းပိုက်ဘူး''

''ဒါဆို နင် ငါ့ကိုခေါ်လာတဲ့ညမှာ တီတာ ဘာလို့အိမ်ကထွက်သွားရတာလဲ''

''တီတာ အိမ်ကထွက်သွားတယ်''

သူ့အသွင်အပြင်က ပကတိရိုးသားဟန်အပြည့်နှင့်။ သူမသာ အကြောင်းစုံကို သက်သေနှင့်တကွ သိမထားဘူးဆိုလျှင် အဲဒီလုညှ်စားချက်တွေထဲမှာ ပျော်ဝင်နေဦးမည်

''ဟုတ်တယ် ... နင်နင်းခဲ့တဲ့ပန်းလေ ... အခု နွမ်းသွားပြီပေါ့''

''ငါ ... ဘယ်သူ့ကိုမှ မနင်းဘူး''

''မလိမ်နဲ့''

စူးဝါးစွာ အော်ဟစ်သံတွေက တစ်ပြန်စီ။ အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



စစ်တလင်းနယ်။

"နင်လိမ်လို့ဝရင် ဒီမှာကြည့်"

လှုးပြတာက တီဗီစက်ကရင်ပေါ် သူ့ကားပါကင် ပေါ်လာသည်။ နောက် တီတာနှင့် သူ့အခန်းဆီတက်သွား၏။

"အဲဒီညက တီတာ နင့်အခန်းထဲကနေ ပြန်ဆင်းမလာဘူး"

"ကျွတ် ... ဘာတွေလဲကွာ ... ဒါ အဆန်းမှမဟုတ်တာ"

"ဒါဆို ဆန်းတဲ့အကြောင်း ငါပြောပြမယ် ... ငါ နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာ ... ဖြစ်သမျှကိစ္စတွေအတွက် နင်တီတာ့ကို တာဝန်ယူမယ်လို့ဆိုတဲ့ စကားရဲ့အဓိပ္ပါယ်က ဘာလဲဝီရ"

"ဘာ"

"နင် တာဝန်ယူပါ ဝီရ၊ နင်လည်း Broken Family (ပြိုကွဲမိသားစု)ထဲ လူဖြစ်လာရတာပဲ၊ အဲလိုဘဝမျိုး ထပ်ပြီး သူများကို မပေးချင်ပါနဲ့"

"မဟုတ်ဘူး လှုး ... အခု မင်းထင်နေတာ တစ်ခုမှ မဟုတ်ဘူး ... ငါ ဒါပဲပြောချင်တယ်၊ ငါ အဲလိုကောင်စားမျိုး မဟုတ်ဘူး"

"နင် တီတာ့ကိုရှာပါ၊ ငါ့ကိုတော့ လွတ်မြောက်ခွင့်ပေးပါ၊ ငါနင့်ကို ဒီ့ထက်ပိုမမုန်းချင်ဘူး"

လှုးက ပြောပြီးတာနှင့် ကျောခိုင်းသည်။





ဝီရကား အံတင်းတင်းကြိတ်လျက်။

သူသိလိုက်ပါပြီ ... တရားခံ ဘယ်သူလဲဆိုတာ။

ဒါပေမဲ့ သူက အချိန်ယန္တရားနှင့် အမှန်တရားကိုပဲ အားကိုးချင်သည်။

မှန်ကန်သောသစ္စာတရားကို ယုံကြည်သည်။ ထို့ထက်ပို၍ ဘာမှမစွမ်းဆောင်ချင်တော့။

"လှုး"

"ငါသွားတော့မယ်"

"ငါ မတားဘူးလှုး ... ပြောစရာလေး ကျန်သေးလို့"

လှုးက တိတ်ဆိတ်စွာ နားထောင်နေသည်။ အသံမထွက်ရဲ ... ရှိုက်သံပါသွားမှာ စိုးလို့ပါ။

"ငါ ဘဝနှစ်ခုကို ကယ်တင်ချင်တာ၊ တကယ်လည်း ကယ်တင်ခဲ့တာ၊ တစ်ခုကို မေတ္တာတရားနဲ့ နောက်တစ်ခုကိုတော့ ..."

လှုးရင်ထဲ ထိတ်ခနဲ သွေးဆောင့်တိုးသည်။ သူ့အသံကလည်း တစ်မုဟုတ်ချင်း ပါးလျတိုးရသွား၏။

"ချစ်ခြင်းနဲ့ကယ်ခဲ့တာ၊ မင်းသွားပါ ... ငါ ဘယ်တော့မှ မင်းကို ပြန်မခေါ်တော့ပါဘူး"

သူမ ပြေးထွက်ခဲ့သည်။ လွတ်လပ်ခြင်းအရသာက ခါးသက်သက်။ အို ... ဒီလိုကြီးတဲ့လား။ လှုးရဲ့ရုပ်ခန္ဓာက လွတ်မြောက်ခဲ့တာ အမှန်ဖြစ်သည်။ ဖွေးနှလုံးက သူ့ထံ အချုပ်ကျနေတာ ဘယ်သူသိနိုင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



လူး ရှိုက်ငိုရင်းနှင့် အပြင်ရောက်ခဲ့သည်။ ဦးတည်ရာမဲ့ လျှောက်သွားနေသော သူမအားသို့ ကားတစ်စီး ထိုးဆိုက်လာ၏။

''လူး''

''ဥာဏ''

''ကားပေါ်တက်လေ ... ပြန်ကြရအောင်''

လူး သက်ပြင်းတစ်ချက်ကိုချရင်း ခေါင်းယမ်းပြသည်။

''မပြန်ဘူးလား လူး .. မင်း ပြန်ဖို့ထွက်လာတာ မဟုတ်ဘူးလား''

ဥာဏက စိုးရိမ်တကြီးမေးသည်။

''ပြန်လာမှာပါ ဥာဏ ... စိတ်မပူပါနဲ့၊ မေမေ့ကိုလည်း ပြောပြပေးပါနော် ... လူး ဒီတစ်ရက်နှစ်ရက်အတွင်း ရောက်မယ်လို့''

''လူး ဘယ်သွားဦးမလို့လဲ ... ကိုယ်လိုက်ပို့မယ်လေ''

''ကျေးဇူးပဲ ဥာဏ ... လူး တစ်ယောက်တည်း နေချင်လို့ပါ၊ ဒါ ပြင်ဦးလွင်မဟုတ်လား''

''အင်း ... ဟုတ်တယ်''

ဥာဏက သူမကို စိုးရိမ်မကင်းသလိုကြည့်သည်။ စိုးရိမ်မှာပေါ့ ... လူးက မြို့တောင် အခုမှသိတဲ့ဥစ္စာ။ သူကတော့ အားပေးပြုံးတောင် တစ်ဖန်ပြုံးပြရင်း ...

''လူး လျှောက်လည်ပြီးတာနဲ့ ပြန်လာမှာပါ ... စိတ်မပူနဲ့၊ ကျေးဇူးတင်ပါတယ် ဥာဏ ... အရာရာတိုင်းအတွက်ပါ''





လူးကပြောပြီး အရင်ဦးအောင်ထွက်သွားသည်။ သူက ငပူးကျောပြင်ကို စိတ်ပျက်တကြီးငေးကြည့်၏။ စိတ်ထဲ၌လည်း မေးခွန်းတစ်ခုက ဖျတ်ခနဲပေါ်လာသည်။

ဖြစ်ချင်တာမဖြစ်သည့်ကိစ္စများထဲ အချစ်ပါပါသလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၇

တီတာအပါအဝင် စုစုပေါင်း ကိုယ်ဝန်ဆောင်ငါးဦး တစ်ဖက်ရွာသို့ ကူးရန်ဖြစ်သည်။ ကိုယ်ဝန်သည်များ ဆောင်ရန် ရှောင်ရန်အတွက် ပညာပေးဟောပြောပွဲ တစ်ဖက်ရွာတွင် လုပ်သည်။ နယ်လှည့်ကျန်းမာရေးအဖွဲ့။ ထိုအဖွဲ့ရှိရာ သွားပြီး ဟောပြောပွဲ တက်ရောက်ရန်ဖြစ်သည်။ ခေါင်းဆောင်က တီတီတာ။

''အိုတော် ... ကျုပ်တို့ ဘာမှနားလည်တာမဟုတ်ဘူးတော့ ... ဆရာမလေးပဲ ဦးဆောင်ပါ''

''ဟုတ်ပ့ါ ... ဆရာမလေးက ဆရာနဲ့အတူနေတော့ ကျန်းမာရေးလည်း ပိုနှံ့စပ်တာပေါ့''

''မမြိုင်စကားကလည်း .. တီတာက ဆရာနဲ့ ဘယ်မှာ အတူနေလို့လဲ၊ ဆရာက ရွာရှေ့မှာ တီတာက ရွာတောင်ဘက်မှာလေ''

''ဟုတ်သားပဲ မမြိုင်ရယ် ... တော်ပြောတဲ့ပုံက ဆရာမလေး စိတ်ဆိုးသွားဦးမယ်''

''စိတ်မဆိုးပါနဲ့ ဆရာမလေးရယ် ... ကျုပ်က ဟိုလို

သက်ပိုင်ရဲစာပေ



ကြီး မဟုတ်ပါဘူးတော့၊ ဟိုဟာလေ ... ဆရာမလေးက ဆရာနဲ့ လက်ပွန်းတတီးရှိတော့ ကျန်းမာရေးကို ဆရာ့လိုပဲ သိမှာလားလို့''

''ရပါတယ် ... တီတာ စိတ်မဆိုးပါဘူး''

ဟု ပြောရသည်။ ရွာခံမလေ့ဆိုတာ ဟန်ဆောင်မှုမရှိ အရာရာ ပွင့်လင်းရိုးသားစွာပင် ပြောဆိုတတ်ကြတာမဟုတ်လား။ ဒါကို အပြစ်ယူ၍မဖြစ်ပါ။ ထို့ကြောင့် တီတာကပင် ဦးဆောင်၍ ဗိုက်ကြီးသည်တွေ ချီတက်ခဲ့တာ နေမထွက်ခင်ကတည်းက။ ယခု ဟောပြောပွဲပြီးတော့လည်း ချက်ချင်းမပြန်။ ဆရာ့ကိုပါစောင့်ပြီး အတူပြန်ခဲ့ကြတာ။

နေဝင်ဖျိုးဖျမှာ ရွာထိပ်ရောက်သည်။ နေမရှိဘူးဆိုပေမယ့် တီတာကတော့ ရွာသူတွေလိုမဟုတ် ... ရန်ကုန်မှာ ဆယ့်ငါးမိနစ်ပြည့်အောင်ပင် လမ်းလျှောက်ခဲ့ဖူးတာ မဟုတ်။ ဒီတော့ တစ်နာရီနီးပါး လျှောက်ရသောရွာလေးကို တီတာမောနေသည်။ ဒါကို ဆရာကရိပ်မိ၏။

''တီတာ ... မောရင် ခဏနားလေ''

''ဒါဆို ကျုပ်တို့သွားနှင့်မယ်နော် ဆရာမလေး''

''သွား ... သွား ... ရတယ်''

ဟု တီတာကပြောကာ ရွာထိပ်ညောင်ပင်ကြီးရဲ့ ဝေါထွက်နေသောအမြစ်ပေါ် ထိုင်ချလိုက်သည်။ ပေတစ်ရာလမ်းနှင့် မဝေးလှ။ တစ်ချက် တစ်ချက် ဖြတ်သန်းသွားသော ရန်ကုန်-မန္တလေးအဝေးပြေးကားကြီးတွေကို လှမ်းမြင်နေရသည်။ ညနေ

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်းလေသည် သူမအား ထွေးထွေးလေး ပွေ့ဖက်ကျီစယ်သွားသည်။ နေဝင်ခါနီး ဆည်းဆာချိန်သည် ဖျော့တော့စွာ နီမြန်းလျက် ...။

"တီတာ"

"ရှင် ... ဆရာ"

တီတာက မော့ကြည့်ရင်းထူးသည်။ ဆရာသည် ရှပ်အကျီအဖြူပေါ် အပြာစင်းကြောင်းလေးနှင့် အပြာရင့်မှိုင်းမှိုင်းပိုးတွဲပုဆိုးတို့ဖြင့် သန့်စင်ခန့်ညားစွာ။ ဆရာ့မျက်နှာသည် ယောကျ်ားချောစာရင်း မဝင်ပါ။ ဒါပေမဲ့ တည်ငြိမ်ရင့်သန့်သော သဏ္ဌာန်တို့ဖြင့် အစဉ်သဖြင့် အရောင်လက်နေသည်။

"ဒီနေရာကို မှတ်မိလား"

"ဆရာကလည်း အစဖော်နေပြန်ပါပြီ၊ မှတ်မိပါတယ်ဆရာ ... အဟင်း ... ရှက်ရှက်နှင့်ဝန်ခံရတာလေ၊ အဲဒီတုန်းက စိတ်တွေညစ်ပြီး တွေဝေနေတဲ့အချိန်၊ နောက်ပြီး ကိုယ်ဝန်ကလည်း လွယ်ခါစဆိုတော့ အစားအသောက်ပျက်တဲ့အချိန်နဲ့ တီတာ ရှုပ်တော်တော်ဆိုးနေမှာနော် ဆရာ ခရီးဝေးကလည်း ထွက်လာရတာလေ"

တီတာက ကိုယ့်ဟာကိုယ်ပြောပြီး သဘောတကျဖြစ်သွားသည်။ တခစ်ခစ်နှင့်ရယ်လိုက်သေး၊ ဒါကို ငေးကြည့်နေသူက ဒေါက်တာမာန်သူရ။ ကျောင်းသားဘဝတစ်လျှောက်လုံး သူဟာ စာမှစာ။ အဲဒီလိုကြိုးစားခဲ့၍ ဆယ်ကျော်သက်အရွယ်စိတ်ကစားခြင်းဆိုတာ ဘာမှန်းပင်မသိရ၊ ဆေးကျောင်းရောက်





တော့လည်း တစ်နှစ်တစ်တန်း မှန်မှန်အောင်ဖို့ ရောဂါဗေဒတွေ၊ လူနာတွေကြားမှာ ဘဝကို မြှုပ်နှံထားခဲ့ရတာ။

ရင်ခုန်လှုပ်ရှားခြင်းဆိုတာ ဘာမှန်းပင်မသိခဲ့။ ဒေါက်တာမာန်သူရဖြစ်လာတော့ ပိုဆိုးသွားသည်။ သူက စေတနာ့ဝန်ထမ်းဆရာဝန် ဖြစ်ချင်သည်။ ထို့ကြောင့် အင်္ဂလန်၌ ကျောင်းတက်ခွင့် (စကောလားရှစ်) ရတာကို စွန့်လွှတ်ပြီး ဒီလိုရွာတွေမှာ လာရောက်တာဝန်ထမ်းဆောင်ခြင်း ဖြစ်သည်။ ဒီရွာရောက်ပြီး တီတီတာဆိုသော မိန်းကလေးနှင့်တွေ့မှ ...

"ဘာတွေစဉ်းစားနေတာလဲဆရာ"

တီတာ့မေးသံကြားမှ သတိပြန်ဝင်လာသည်။

"တီတာ့အကြောင်းလေ"

"ဘာအကြောင်းလဲ ... ပြောပါဦး"

"ကိုယ့်ရှေ့ကိုရောက်လာတဲ့အချိန်ကစလို့ ဒီပုံစံဖြစ်လာတဲ့အထိပေါ့"

တီတာက ရယ်ရင်းခေါင်းငုံ့သွားသည်။

"တီတာ ရန်ကုန်မပြန်တော့ဘူးလား"

"ဟင့်အင်း ဆရာ ... တီတာ ဘာကြောင့်ထွက်လာတယ်၊ ဘယ်ကိုထွက်လာတယ်ဆိုတာ ဘယ်သူမှမသိကြဘူး၊ ယုတ်စွအဆုံး တီတာ့မိဘတွေရောပေါ့"

"တီတာ့ချစ်သူကရော"

"အဟင်း ... တီတာချစ်သူမဟုတ်ပါဘူးဆရာ ... တီတာက ချစ်ရတဲ့သူပါ၊ သူလည်း မသိပါဘူးဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် တီတာက လောကကို တစ်ယောက်တည်း ရင်ဆိုင်သွားတော့မယ်ပေါ့"

တီတာ လဲ့လဲ့လေးပြုံးသည်။ အပြုံး၌ ပန်းနုရောင်သန်း လျက် ...။

"တစ်ယောက်တည်းမဟုတ်ပါဘူး ဆရာရဲ့ ... နှစ်ယောက်ပါ၊ တီတာ့ဗိုက်ထဲမှာ တစ်ယောက်လေ၊ ပြီးတော့ ဆရာ ပေးထားတဲ့ အားပေးစကားတွေလည်း ရှိသေးတာပဲကိုး"

သူ့အား ပြုံးရိပ်လေးစွက်၍ပြောနေသော သူမကို မာန်သူရ ရင်ခုန်လာရသည်။ သူမလေးအပေါ် ဖြူစင်သော အကြင်နာ၊ ကရုဏာတွေဟာ စတင်တွေ့ကတည်းက သွန်းဖြိုးပြီး သား။ ဒါပေမဲ့ သူကိုယ်တိုင်က ဒါနဲ့တင် မရောင့်ရဲချင်သေး ... အေးမြသောမေတ္တာရိပ်အောက်တွင် တစ်သက်စာ လွှမ်းခြုံ ပေးချင်စိတ်တွေက ဒုန်းစိုင်းခုန်ပေါက်လာလေသည်။

"တီတာ့ချစ်သူကို သိပ်ချစ်တာပဲလား"

သူ့မေးခွန်းကြောင့် ပထမတော့ တီတာ ... ကြောင်၍ ငေးနေသည်။ ပြီးမှ ဟက်ခနဲရယ်ချကာ ...

"အင်း ... သူ့အပေါ် ပေးဆပ်ပြီးတော့ပေါ့ဆရာရယ်၊ တီတာ့ကြောင့် သူ ဘယ်တော့မှ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရဘူး၊ သူသွားမယ့်လမ်းမှာ တီတာက အနှောင့်အယှက်မဖြစ်စေရဘူး၊ ပံ့ပိုးပေးခဲ့သူ၊ လမ်းပြတဲ့သူပဲ ဖြစ်ချင်တာ"

"အံ့မခန်းအချစ်မျိုးပဲ ... လေးစားပါတယ် တီတာ၊ ဒါပေမဲ့ မင်းစိတ်မဆိုးဘူးဆိုရင် ကိုယ် ... စကားတစ်ခွန်းပြော





ချင်တယ်"

"တီတာနဲ့ဆရာကြားမှာ စိတ်ဆိုးစရာတွေ ဘာတွေ မရှိပါဘူး ဆရာရယ် ... ပြောပါ"

"ကိုယ် .. မင်းကို .. ချစ်တယ်"

"ရှင်"

တီတာ့မျက်ဝန်းတွေ ဝိုင်းစက်သွားသည်။ နှုတ်ခမ်းတွေက ပွင့်ဟသွား၏။ မယုံနိုင်စရာအဖြစ်အပျက်တစ်ခုကို မြင်ကြား လိုက်ရသလို အံ့သြခြင်းက မဆုံးသတ်နိုင်။ ပြီးမှ အသက်ကိုမှန်မှန် ရှူ စိတ်လှုပ်ရှားမှုကို ထိန်းရင်း ...

"ဆရာက ... တီတာ့ကို"

"အင်း"

ပြောချင်တာပြောပြီး ဆရာက သူမအား မျက်နှာချင်း မဆိုင်နိုင်။ မျက်နှာကြီးနီကာ ခေါင်းကြီးငုံ့ထား၏။

"ဆရာရယ်"

"တကယ်ပြောတာပါတီတာ၊ မင်းချစ်သူအပေါ်ထားတဲ့ အချစ်မျိုးနဲ့ ကိုယ် ... မင်းကိုချစ်တာပါ"

"ဆရာ ... တီတာက ..."

သူမသည် ကိုယ့်ဗိုက်ကိုယ် ငုံ့ကြည့်ရင်း ဘာပြောရမှန်း မသိ။ ဆရာကလည်း ဆက်အပြောမခံ။ သူ့လက်ဖဝါးနှစ်ဖက်ကို ချုပ်ကိုင်ရင်း ...

"ကိုယ် မင်းကို ချစ်တယ်တီတာ၊ ဒါ မြဲသောသစ္စာပါ"

ဟု ဆိုသည်။ ထိုအချိန်အတွင်းမှာပင် တီတာတို့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သွားသော ကားကြီးတစ်စီးမှ ဖောင်းခနဲအသံနှင့်အတူ ဘီးပေါက်သွားသည်။

"ကဲ ... ကားဘီးလဲရမယ်"

"ကြာမှာလား ... ဒုက္ခပါပဲ"

"မှောင်တော့မှာ"

"မကြာဘူး .. မကြာဘူး .. (၁၅)မိနစ်ပဲ၊ ကဲ ... ကား ပေါ်ကလူတွေ အောက်ကိုဆင်းပေးကြပါ၊ ကားဘီးလဲရမယ်"

ဟူသော ကျွက်စီစီအသံတွေ လှုပ်လှုပ်ရွရွလူအုပ်တွေ ဟာ တီတာနှင့်ဆရာတို့မြင်ကွင်းထဲ ရောက်လာတာဖြစ်သည်။ တီတာရော ဆရာပါ ထိုလူတွေအား ကြောင်ငေးနေရင်း တီတာ ရင် ဒုတ်ခနဲ ခုန်သွားသည်။ မျက်ဝန်းတွေ ပိုကျဉ်းလာကာ ဦး နှောက်ရှိ အချက်ပေးခေါင်းလောင်းက ဆူညံစွာ မြည်ဟည်းလာ ၏။ အဲဒီနောက်မှာတော့ သူမက ကမန်းကတန်း လူအုပ်ဆီ လျှောက်သွားပြီး ...

"ပျို ... ရွယ် ... လူး"

ဟု ခေါ်မိပါတော့သည်။

————————————— ။

"ဝီရ ပြင်ဦးလွင်မှာရှိတယ် တီတီတာ"

လူးက စူပုဖောင်းကားစွာဖြစ်နေသော ဝမ်းဗိုက်ကို မရဲ တရဲကြည့်သည်။ ထို့နောက်အဲဒီလို ပြောခြင်းဖြစ်၏။ တီတီတာက တော့ ဖယောင်းတိုင်မီး ဝါကြန့်ကြန့်တွေကိုပင် ပိုမိုအလင်းရောင် ရစေရန် ထပ်ထွန်းညှိရင်း ...

"ဝီရက ပြင်ဦးလွင်ကို ဘာသွားလုပ်တာလဲ"

လူး အဖြေရကျပ်သွားသည်။ တီတီတာ့မျက်နှာကို အကဲ ခတ်တော့လည်း ပကာတိတည်ငြိမ်လျက်။ ဒါဆို ဝီရလုပ်ရပ်ကို မသိတာလား။ ဝီရ အခုလိုလုပ်၍ သူမ,ထွက်သွားတာ မဟုတ် ဘူးလား။ တီတီတာကတော့ ရင်ထဲကမေးခွန်းတို့ကို သိဟန်မတူ။

"အင်း ... ဝီရက အဲဒီလိုပါပဲ၊ စိတ်ကူးတည့်ရာ လျှောက်သွားနေတာလေ၊ သူ့ကျောပိုးအိတ်ကိုကြည့်ရင် တခြား ဘာမှ မပါဘူး ... မှတ်ပုံတင်နဲ့ သွားတိုက်တံပဲပါတာ၊ အခု ရန်ကုန်မှာတွေ့ပေမယ့် မနက်ဖြန်ကျ မြစ်ကြီးနားရောက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတာ''

လူးက တီတာ့ကိုကြည့်ရင်း သံသယဝင်လာရသည်။ ကီတာဟာ ဘာမှမထူးခြား။ ဖြစ်ရိုးဖြစ်စဉ် ပြောနေသလိုပင်။ သူမ,စတွေ့တုန်းက အတူယှဉ်တွဲတွေ့နေသော အမျိုးသားကရော ဘယ်သူလဲ။ တီတာ အိမ်ကထွက်သွားတာတွေ၊ ကိုယ်ဝန်အကြောင်းတွေရောက ဉာဏပြောပြ၍ အားလုံးသိပြီးသား။ ထို့ကြောင့် သူမ အထူးအဆန်းမဖြစ်တော့ဘူးဆိုပေမယ့် ဗိုက်ကြီးအဲဒီလောက်အထိ ရှုပ်အစ်ဖောင်းနေတာကိုတော့ သူမ ထူးဆန်းရပါသည်။

နောက်ဆုံးတော့ လူးက ထူးဆန်းခြင်းကို အောင့်မထားနိုင်။ နဂိုကတည်းက သူမဟာ မြုံစိစိအေးစက်စက်သမားမှ မဟုတ်တာ။ ထို့ကြောင့် ...

''တီတီတာ ဒီလိုဖြစ်နေတာ ဟို ... ဝီရကိုအသိမပေးဘူးလားဟင်''

''အသိပေးရမယ် ... ဝီရကို''

''အင်းလေ ... ဝီရရှိတဲ့နေရာကို လူးလမ်းညွှန်လိုက်မယ်လေ ... သွားတွေ့ပါလား၊ ဒါမှမဟုတ် လူးလိုက်ပို့ရမလား''

တီတာက မှင်တက်သွား၏။ မကြားဖူးတာတွေ ကြားနေရ၍ အံ့ဩတာလည်းပါသည်။ အမှန်ဆို ခုနေချိန်၌ သူမက ဉာဏအကြောင်း ကြားချင်နေခဲ့တာ။ ပျိုရွှယ်လူးနှင့် ဉာဏဟာ အခြေအနေဘာမှန်းမသိ၍ သူမမှာ မေးခွန်းထုတ်ရန် ချိန်ဆနေခဲ့တာပါ။ အခုတော့ ဝီရရှိတဲ့နေရာကို လိုက်ပို့မတဲ့။ တီတာမှာ





အူတိအူကြောင်လေးဖြစ်သွားပြီးမှ ...

''ဝီရကို တို့က ဘာကိစ္စနဲ့သွားတွေ့ရမှာလဲ ပျိုရွှယ်လူး ... လူးက ဝီရနဲ့အတူ ရှိခဲ့တာမဟုတ်လား''

''မဟုတ်ဘူးနော် တီတာ ... အထင်မလွဲပါနဲ့၊ တို့နဲ့ဝီရ အတူရှိခဲ့ပေမယ့် ဘာမှဖြစ်ခဲ့တာမဟုတ်ဘူး၊ အို ... တို့ကလည်း အဖြစ်မခံပါဘူး၊ တီတာနဲ့ ဒါလေးမျက်နှာရှိနေတာကို''

လူးက တီတာဝမ်းဗိုက်စူဖောင်းဖောင်းလေးကို လက်ညှိုးထိုးရင်း မရဲတရဲပြောသည်။ တီတာ သဘောပေါက်သွားပြီ။ အခြေအနေအားလုံးကိုလေ။ ထို့ကြောင့် ...

''ပျိုရွှယ်လူးတို့ အထင်လွဲနေပြီ၊ တို့နဲ့ ဝီရ ဘာပတ်သက်မှုမှ မရှိဘူး''

''ရှင်''

''ဟုတ်တယ် ... ဒီကိုယ်ဝန်က ဝီရကြောင့်မဟုတ်ဘူး၊ ပြီးတော့ တို့ထွက်လာတာ ဝီရကြောင့်မဟုတ်ဘူး''

''ဟို ... ဝီရက တာဝန်ယူမယ်လို့ပြောတာလေ''

''ပြဿနာအားလုံးကို သူတာဝန်ယူပြီးရှင်းပေးမယ်ပြောတာပါ ... ဉာဏကိုရှင်းပြရမယ့်ကိစ္စတွေလေ''

''ဉာဏကို''

ပျိုရွှယ်လူးက မေးသည်။ ဒီတော့မှ တီတာသည် ကိုယ့်စကားလွန်သွားမှန်း သတိရသည်။ လွန်သွားတာပြန်သိမ်းလို့မရတော့။

''ဉာဏကို ဘာတွေရှင်းပြမှာလဲဟင် တီတီတာ ...



www.burmeseclassic.com

www.burmeseclassic.com



တို့ကို အားလုံးပြောပြပါ၊ တို့ အခု ဝီရဆီကထွက်လာတာ ... တို့နဲ့ဝီရကြားမှာလည်း အထင်လွဲနေပြီနဲ့တူတယ်တီတာ''

''အထင်လွဲပြီး ထွက်လာတာလား''

''အင်း ... ဟုတ်တယ်''

''ဒါဆို ဝီရတော့ သိပ်ခံစားနေရမှာပဲ ... သူက ပျိုရွယ်လူးကို သိပ်ချစ်တာ''

လူး၏ရင်သည် ပြင်းထန်စွာ လှုပ်ခတ်သွား၏။ အဲဒီနောက် တီတာက အဖြစ်အပျက်အစုံကို ပြောပြသည်။ လူးက နားထောင်ရင်း ရင်ထဲလှိုက်ဖိုလာသည်။

လူးဘဝထဲ ရောက်လာသောသူက ပင်လယ်လှိုင်းလုံးများနှယ် အင်အားပြင်းထန်သည်။ ကြီးမားလွန်းလှသည်။ လှိုင်းလုံးထက်ပင် အင်အားပြင်းလိမ့်မည်။ ဒါပေမဲ့ သူသည် လှိုင်းမုန်တိုင်းတစ်ခုလို ရက်စက်ကြမ်းကြုတ်ခြင်းမရှိပေ။ ကြွပ်ဆတ်မာကျောလှသော သူ့ခန္ဓာထဲမှာ နူးညံ့သိမ်မွေ့ခြင်းက အံ့သြဖွယ်ရာ ကိန်းဝပ်နေ၏။

အို ... သူ့ချစ်ချစ်ခြင်းကို လူးသိရလေပြီ။

## အခန်း - ၁၈

နှင်း မှုန်တဲ့လမ်းသွယ်အတိုင်း လူး မှန်မှန်လေး လျှောက်လာခဲ့သည်။ သူ့အိမ်ကလေးကို လှမ်းတွေ့နေပါပြီ။ အမိုးချွန် အနီရောင်လေးတွေနှင့်၊ ထိုအိမ်ခေါင်မိုးလေးဟာ ခပ်မြင့်မြင့်မို့ လူးနေသောအဆောင်ငယ်လေးအား ပြင်ပမှ တွေ့မမြင်နိုင်တာ ဖြစ်မည်။

''ပျိုရွယ်လူးအတွက် သူစိတ်တိုင်းကျ ရှာပြီးဝယ်ခဲ့တာ ပျိုရွယ်လူးနေလို့ထိုင်လို့အဆင်ပြေအောင် သူ သေချာစဉ်းစားပြီးမှ ပြင်ဆင်ခဲ့တာ၊ အဲ ... ဘယ်တုန်းကစပြီး စီစဉ်ခဲ့တာလဲဆိုရင် ဉာဏနဲ့စေ့စပ်မယ်ပြောကတည်းကလေ၊ တီတာ့ကိုလည်း အစအဆုံး မပြောပြဘူးနော်၊ သူ့ရဲ့စရိုက်ကိုက လျှို့ဝှက်တတ်တာ၊ မျိုသိပ်တတ်တာ အရမ်းလေ၊ ဒါပေမဲ့ တီတာ့ကိုတော့ အရိပ်အမြွက်ပြောပြထားပါတယ်၊ တီတာဒီလိုဖြစ်နေတာ သိတော့လေ ... စိတ်မပူနဲ့တဲ့၊ တီတာရေ၊ ပျိုရွယ်လူးပါ သူစောင့်ရှောက်မှာတဲ့၊ သူ့စိတ်ထင် ပျိုရွယ်လူးကိုခေါ်သွားတဲ့အခါ ဉာဏကို တီတာက ပြောပြမယ်၊ ဉာဏကနားလည်ပြီး တီတာ့ကိုလက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်မယ်၊ သူကလည်း အဲဒီအချိန်ကျမှ ပျို့ရွယ်လူးကိုဖွင့်ပြောမယ်လို့ စဉ်းစားထားတာလေ''

တီတာ့စကားတွေ နားထဲကြားယောင်တော့ အေးသောရာသီမှာ ရင်ထဲနွေးသွား၏၊ ဂျက်ကက်ဘေးအိတ်ထဲလက်နှစ်ဖက်ထည့်ပြီး ခပ်သွက်သွက်လျှောက်သည်။ ချစ်ရသူအား တွေ့ချင်လှပြီ။

''ဟော့ ... ဟော့''

ဘေးကဖြတ်သွားသူရဲ့ခေါ်သံကြောင့် သူမခြေလှမ်းတွေတုံ့သွား၏။

''ဩော် ... ဒေါက်တာကြီး''

''အေးကွယ့် ... မင်း ဟိုဆရာဝန်လောင်းလေးနဲ့ ပြန်မလိုက်သွားဘူးလား''

''ရှင်''

''မောင်ဉာဏနဲ့လေ .. မင်းက ပျို့ရွယ်လူးမဟုတ်လား၊ ဟုတ်ပါတယ် ... ဟိုတစ်ခါက အစာအိမ်အောင့်လို့ ငါ့ဆေးလာကုရတဲ့တစ်ယောက်မဟုတ်လား''

''ဟုတ်ပါတယ် ... လူးက ဉာဏနဲ့ပြန်လိုက်မသွားတော့ဘူး၊ လူးက ဒီမှာနေမှာ''

သူမက ရွှင်ပျသောစိတ်အခံဖြင့် ခပ်မြူးမြူးလေးပြောခဲ့သည်။ သွက်သွက်လှမ်းရာမှ ခြေလှမ်းတွေကို အပြေးဘက်သို့ပြောင်းပစ်သည်၊ ရင်ခုန်နှုန်းက ကြီးမားစွာလှိုက်ခါနေ၏၊ ကမ္ဘာမြေတစ်ခုလုံး တုန်ခုန်ယိမ်းထိုးနေသယောင် ...။





သော့ခတ်မထားသော ခြံတံခါးက အလွယ်တကူပွင့်သွား၏။ ဘေးနံ့ရံတို့အား နံရံကပ်ပန်းပွင့်တွေ နွယ်တက်ထားသည့်ကြားမှ တံခါးက အဖြူရောင်လေး။ သူမ ဘဲ(လ်)တီးလိုက်၏။ ၄ က်မျိုးစုံအော်သံထွက်လာ၏။ အရာရာက ကြည်နူးစရာ၊ မကြာမီ အတွင်းမှလှုပ်ရှားသံသဲ့သဲ့ ...။ လူးက ပျော်သောစိတ်ဖြင့်ချောင်းကြည့်ပေါက်အား လက်ဖဝါးနှင့်ပိတ်ပစ်သည်။ ဒါမှ သူချောင်းကြည့်လည်း လူးကိုမတွေ့ရအောင်လေ။

ဝီရ ချောင်းကြည့်သည်။ ဘယ်သူမှ မတွေ့ရ။ ညကစိတ်ညစ်ညစ်နှင့်သောက်သောအရှိန်က များသွားပြီထင်၏။ ခေါင်းတွေ အုံ့ခဲနေသည်။ သူက ခေါင်းအား ခပ်ကြမ်းကြမ်းယမ်းခါပစ်သည်၊ အမူးရှိန်လွင့်သွားအောင်ပေါ့။ ဒါပေမဲ့ ပိုဆိုးလာ၏။ သူ တံခါးကိုဆွဲဖွင့်သည်၊ မူးယစ်ရီဝေနေသော အမြင်အာရုံဖြင့်ကြည့်သည်။

''ဟင်''

အမူးရှိန်တွေ အခုမှ လွင့်စဉ်သွား၏။

''လူး''

''အိမ်ပြန်လာတဲ့လူကို အိမ်ထဲမခေါ်တော့ဘူးလားဝီရ''

''ဟင် ... အိမ်ပြန်လာတာ''

''အင်းလေ ... ဒီအိမ်က လူးအတွက် ဝီရလုပ်ထားတာမဟုတ်ဘူးလား''

အပျော်စိတ်ကြောင့် ရင်က ဝုန်းခနဲ ဟင်းလင်းပွင့်သည်။ သူမမျက်နှာအား မယုံနိုင်သလိုကြည့်သည်။ သူ လူးအား ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ဆွဲသွင်းသည်။ လူးသည် သူ့ခါးကိုဖက်၊ ရင်ခွင်ထဲ ပါးလေး အပ်ပြီး ...

''လူးပြောခဲ့သမျှ စိတ်ထဲမထားပါနဲ့ ဝီရရယ် ... နော်''

''လူးကို အမြဲခွင့်လွှတ်ပြီးသား၊ ကိုယ့်ဆီက လူး အပြီး ထွက်သွားပြီလို့ ထင်နေတာ၊ လူးကို ကိုယ်သိပ်ချစ်တာ၊ အဆုံး ရှုံးမခံနိုင်တာ အခုမှ ပိုသိသွားတယ်''

''အဆုံးရှုံးမခံနိုင်ဘူးသာဆိုတယ် ... လူးထွက်သွားတာ လိုက်တောင်မခေါ်ဘူး''

လူးက သူ့ရင်ခွင်ထဲနွဲ့မှီရင်း မူနွဲ့စွာပြောသည်။

''ဒါကတော့ ကိုယ်ပြောပြရင် လူးက ယုံမှမဟုတ်ဘူး လေ၊ လူးစိတ်ဆိုးဒေါသထွက်နေတဲ့အချိန်မှာ အားလုံးသိအောင် လွှတ်ပေးလိုက်တာ''

''လူး ... ဉာဏနဲ့လိုက်သွားရင်ကော''

''အဲဒီကျ မရအရ ပြန်ခေါ်မှာပေါ့၊ လူးလိုက်မသွားတာ သိတယ်လေ ... ကိုယ် ဒီကချောင်းကြည့်နေတာ''

ဝီရကပြောရင်း လူးကိုယ်လေးကို ဆတ်ခနဲပွေ့ချီသည်။ တံခါးကို နောက်ပြန်ပိတ်၏။ လူးက ကြောက်လန့်တကြား သူ့ လည်တိုင်အား ဟီးလေးခိုရင်း

''ဝီရ ... ပြုတ်ကျလိမ့်မယ် ... လူးကြောက်တယ်၊ ဒါ ဘယ်ခေါ်သွားမလို့လဲ ... လွှတ်''

''မလွှတ်ပါဘူး၊ ကိုယ်ဘယ်လောက်ချစ်တဲ့အကြောင်း လူးသိအောင် သက်သေပြမလို့''

သက်ပိုင်ရဲတာပေ



''သက်သေပြမလို့''

လူးက အံ့သြစွာရေရွတ်ချိန်၌ သူကအိပ်ရာထက် လူး အား ချလိုက်ပြီဖြစ်သည်။

''လူးကိုချစ်တယ်''

သူ့မျက်နှာက လူးနှုတ်ခမ်းဖျားဆီ တစ်စတစ်စ ငုံ့မိုးလာ သည်။ လူးသည် ထိန့်လန့်တကြား သူ့ရင်ဘတ်အားတွန်းထား သည်။

''ဟိုး ... ဟိုးထား ဝီရ၊ တီတာနဲ့ဉာဏကို လူးတို့ပစ် ထားလို့မရဘူး''

''တီတာ့ကိုလည်း ပစ်မထားဘူး၊ ကိုယ့်ချစ်သူကိုလည်း ပစ်မထားဘူး''

ဝီရရဲ့နှုတ်ခမ်းဖျားတွေဟာ သူမနှုတ်ခမ်းတွေဆီ ...။

''အင် ... ဝီရ''

နွေးထွေးသောအထိအတွေ့တွေ တစ်ခဏချင်း ရရှိကုန် ၏။ ထိုမှတစ်ဆင့် အနမ်းကမ္ဘာထဲ ..။ သူမသည် တိမ်တိုက်တွေ စီးနေရသလို တငြိမ့်ငြိမ့်နှင့်။ ချစ်ခြင်းကပေးသော တပ်မက်တိမ်း မူးဖွယ်အရသာကား စွဲမက်ဖို့ကောင်းလေစွ ...။

www.burmeseclassic.com

www.burmeseclassic.com

------------ ။

''ခင်ဗျား ကိုဉာဏနော်''

''ဟုတ်ပါတယ်''

ဉာဏက ဒီအဖြေကို ရှုပ်ပုပ်နှင့်ဖြေခြင်းပါ။ သူက အလျှင်လိုနေသည်။ လူး . . . ရန်ကုန်ရောက်သွားပြီလား။ ရောက်တော့ မရောက်နိုင်သေး။ လူးက တစ်ရက်နှစ်ရက်နေခဲ့ပြီးမှ ပြန်ခဲ့မယ်လို့ ပြောတာကိုး။

ဒါပေမဲ့ လူကြီးတွေ စိတ်အေးစေဖို့ သူက ဒီသတင်းကို ပြောရန် တာဝန်ရှိသည်လေ။ ထိုသို့အလျှင်လိုခါမှ သူ့ကား အက်ဆီးဒင့်ဖြစ်ရ၏။ တစ်ဖက်ကမောင်းလာသော ခရီးသည်တင်ကားကို ရှောင်လိုက်မိခြင်းဖြစ်၏။ လက်ဘေးထိုးကျသွားကာ မန်ကျည်းပင်နှင့်သွားတိုက်ခြင်း။

လူရောကားရော အပြင်းအထန်မထိပေမယ့် ခေါင်း၌ သုံးချက်ချုပ်ရသည်။ မျက်နှာအနှံ့ ပလာစတာတွေနဲ့မို့ ဆေးရုံတွင် တစ်ရက်နားရသည်။





အဲဒါမျိုးပေါ့ . . . အမြန်လို အနှေးဖြစ်ဆိုတာ။ မန္တလေးကထွက်လာပြီး မိတ္ထီလာအဝင်မှုဖြစ်တာမို့ သူက တိုက်နယ်ဆေးရုံသို့ရောက်သွား၏။ ယခု ဆေးရုံကဆင်းတော့မည်ဆိုတော့ သူ့အားကုပေးသော ဆရာဝန်က လာပြန်ပြီ။

''ကျွန်တော် မာန်သူရပါ၊ ခင်ဗျား ကျန်းမာရေးကောင်းတယ်လို့ဆိုရင်တော့ စကားနည်းနည်းလောက်ပြောချင်ပါတယ်''

တဲ့။ သူက မအူမလယ်နှင့် လက်ခံလိုက်ရ၏။ အခု မျက်နှာချင်းဆိုင်ထိုင်ဖြစ်တော့လည်း ဘာစကားမှ မပြောသေးဘဲ အတန်ကြာမှ . . .

''အင်း . . . ပြောရတာ နည်းနည်းတော့ခက်တယ်ဗျ၊ ကျွန်တော်က ကြားလူဆိုတော့''

''ဗျာ''

''ကိုဉာဏကို ကျွန်တော်သိနေတာ ကြာပြီ''

''ကျွန်တော်က ဒေါက်တာ့ကို အခုမှသိတာ''

စိတ်ထဲချဉ်လှသဖြင့်အဲဒီလိုပြောပစ်၏။ ဒါတောင် ဒေါက်တာဆိုသူက မျက်နှာတစ်ချက်ပျက်မသွား။ ဟက်ခနဲရယ်ရင်း

''ဖြစ်နိုင်ပါတယ်၊ ကျွန်တော့်ကို အခုမှမြင်ဖူးတာကိုး၊ တီတီတာကိုတော့ ခင်ဗျားသိမှာပါ''

''တီ . . . တာ''

မထင်မှတ်ထားသော၊ မျှော်လင့်မထားသော အမည်။ ပြီးတော့ မေ့ပျောက်ထားသောသူ . . .။

''ဟုတ်တယ်ဗျ . . . တီတီတာဆီကနေ ခင်ဗျားခေတ္တနဲ့



www.burmeseclassic.com

www.burmeseclassic.com



တွေ တွေ့လို့, ပြီးတော့ ခင်ဗျားအကြောင်းတွေလည်း ကြားဖူးတယ်၊ ခင်ဗျားကို အမြဲဖြည့်ဆည်းပေးခဲ့ရတာ၊ သူစိတ်ထဲမှာ ခင်ဗျားက အမြဲ ထိပ်ဆုံးမှာရှိတာဆိုတာကအစ''

''အင်း ... တီတာကတော့ လုပ်ချလိုက်ပြန်ပြီ''

သူက လည်ကုပ်ကိုပွတ်ပြီး ခပ်ရှက်ရှက်နှင့်ပြောရသည်။ စိတ်ထဲကလည်း 'တီတာ ... ရှော်မ ... အခုမှတွေ့တဲ့သူစိမ်းကို အကုန်လျှောက်ပြောရသလား' လို့ အပြစ်တင်မိသေး၏။ ပြီးတော့ မတွေ့ရတာကြာတော့ သူမကိုလည်းတွေ့ချင်လာသည်။ ငယ်သံယောဇဉ်ကြောင့်ပဲ ဆိုပါတော့လေ။

''တီတာ ... အခုဘယ်မှာရှိလဲဒေါက်တာ၊ သူ့ကိုတွေ့ခွင့်ရမလား''

''တီဘာ ခဏနေရင် လာလိမ့်မယ်၊ ခင်ဗျား ဒဏ်ရာရပြီး သတိလစ်နေတုန်းက သူချက်ချင်း ဖုန်းဆိုင်းပြီးပြေးလာတာ၊ ဒါပေမဲ့ ခင်ဗျားသတိရမှန်းသိရင် သူလာတော့မှမဟုတ်ဘူး''

''ဗျာ ... ဘာဖြစ်လို့လဲ''

သူ ထူးဆန်းသွားရသည်။ သူသိရသလောက်ဆိုရင် တီတာက ဉာဏအတွက် အမြဲအဆင်သင့်ဖြစ်ခဲ့သည်။ အလိုရှိရာ ပေးရန် အသင့်ပြင်ထားသူမဟုတ်လား။ ဒေါက်တာလည်း သူ့လို တွေးနေပုံပင်။ ခေတ္တနှုတ်ဆိတ်သွားပြီးမှ ...

''အင်း ... ကျွန်တော်လည်း အဲဒါကိုပဲ သိချင်နေတာဗျ၊ သူ့ကိုယ်ဝန်နဲ့များ ပတ်သက်နေမလားပဲ''

''ဗျာ ... သူ့ကိုယ်ဝန်''





ဉာဏဟာ ထခုန်မိမတတ် ဖြစ်သွား၏။ ကိုယ်ဝန် ... ကိုယ်ဝန်ဆိုပါလား။ ဝီရမျက်နှာကို ဖျတ်ခနဲပြေးမြင်သည်။ သူထင်ထားတာ တကယ်ဖြစ်ခဲ့သည်ပဲ။

ရန်ကုန်အိမ်မှာ သူပြောခဲ့သည်က ဝီရကိုနှိပ်ကွပ်လိုခြင်း သက်သက်သာ။ အဲဒီလောက်အထိ ဖြစ်လိမ့်မယ်မထင်။ အခု အကောင်အထည်ပေါ်လာပြီ။ ဝီရကို ပြေး၍သတ်ချင်သည်။ ကြည့်စမ်း ... တီတာမကရော အဲဒီလောက်အထိ လွယ်ကူရသလား။ ဟွန်း ... ပြောတော့ဖြင့် နင့်အနားမှာ ငါအမြဲရှိတယ်လေး,ဘာလေးနဲ့။ အခုတော့ ...

''အာ ... စိတ်ရှုပ်လာပြီ''

သူက နှုတ်ကပါ ဖွင့်ဟညည်းပစ်ပြီးမှ ...

''ဒါနဲ့ ဒေါက်တာ ... တီတာ့ကိုယ်ဝန်က ဘယ်လောက်ရှိပြီလဲ''

''အင်း ငါးလကျော်ပြီ ခြောက်လထဲဝင်ပြီဆိုပါတော့''

''ခြောက်လ ... ဒါဆို တော်တော်ထွက်နေပြီပေါ့''

သူက တခြားကိုယ်ဝန်သည်တွေကို မြင်ယောင်လာသည်။ ဗိုက်ဖုံးအင်္ကျီတကားကားနှင့်။ နောက် ထိုဗိုက်ထဲမှ လူအကောင်လေး မွေးဦးမည်။ ဒါဆို တီတာလည်း မွေးဖွားလာဦးမည်။ ကလေးလေးတစ်ယောက်။ တွေးရင်း သူ့ရင်ထဲ သိမ့်ခနဲ နွေးထွေးသွားရ၏။ တီတာ့အားတွေ့ချင်ဇောက များစွာ။ ထို့ကြောင့် ...

''သူ ဘယ်အချိန်လာမလဲ ဒေါက်တာ''



www.burmeseclassic.com

www.burmeseclassic.com



''အင်း ... သူ ထမင်းစားချိန်လာလိမ့်မယ်၊ ခင်ဗျားကို တော်တော်စိတ်ပူနေတာဗျ ... တစ်လက်စတည်း တစ်ခုတော့ မေးပါရစေ''

''မေးပါ''

''ခင်ဗျား သူ့ချစ်သူဆိုတာသိလား''

''သူ့ချစ်သူ''

''အင်းလေ''

ဉာဏက ဘယ်လိုပြန်ဖြေရမှန်းမသိတော့။ တီတာ ချစ်တဲ့သူကိုတော့ သူသိသားပဲ။ မိမိကိုယ်ကိုယ် အထင်ကြီးပြီး ပြောတာမဟုတ်။ တီတာ့မျက်ဝန်းတွေထဲမှ ချစ်ရိပ်ချစ်ငွေ့တွေကို သူ အတိုင်းသားတွေ့ခဲ့တာပဲ။

''သိတော့သိပါတယ်''

''သိရင် အကြောင်းကြားပေးလိုက်ပါလားဗျာ .. တီတာ ဒီမှာ ကိုယ်ဝန်ကြီးတစ်ဖက်နဲ့ ဒုက္ခရောက်နေတဲ့အကြောင်းကိုလေ၊ တီတာကတော့ ဘယ်တော့မှ ဖွင့်ပြောမှာမဟုတ်ဘူးဗျ၊ သူက သူ့ချစ်သူမြင့်မားတာကို မြင်ချင်တဲ့သူ၊ သူချစ်သူလျှောက်မယ့် လမ်းမှာ ခလုတ်ကန်သင်း မဖြစ်ချင်တဲ့သူလေ''

ဒေါက်တာမာန်သူရက ပြောပြီးတာနှင့် ထရပ်သည်။ ဉာဏမျက်နှာပေါ်က ဝေခွဲမရအရိပ်တွေမြင်ရတော့ သူ့စိတ်ကျေနပ်သွား၏။ တီတာ့ချစ်သူ ဉာဏပါလို့ သူမန္တတ်မှဖွင့်မပြောတာသာ ရှိမည်။ ဉာဏကို ဘယ်လောက်လွှမ်းဆွတ်တာ ယုတ်စွအဆုံး မွေးလာသောကလေးဟာ ဉာဏနှင့်ချွတ်စွပ်တူစေရန်အတွက်





ဉာဏဓာတ်ပုံတွေ ကြည့်တာ ...၊

အစရှိသော နိမိတ်ပုံပြစကားများကို သူ့နားနှင့်မဆံ့အောင် ကြားရပြီးဖြစ်၏။ သာမန်လူဆို မသိမြင်နိုင်ပေမယ့် သူက မြင်နိုင်ပါသည်။ တီတာ့စကားကို ရင်ဘတ်နှင့်နားထောင်သည်၊ တီတာအပြုအမူကို နှလုံးသားနှင့်ကြည့်တာကိုး။ ပြီးတော့ ငါတော့ရင်ထဲကအချစ်မျိုးနှင့် ထပ်တူညီသော ပေးဆပ်ခြင်းအချစ်ဆိပ်က သူ့တစ်ကိုယ်လုံး ပျံ့နှံ့နေပြီ။ ထို့ကြောင့် တီတာနှင့်သူ ခွဲမရတော့။ တစ်သားတည်းကျသွားပြီ။

''ကဲ ... သွားခွင့်ပြုပါဦး ကိုဉာဏ၊ ခဏနေရင် တီတီတာ လာတော့မှာပါ၊ ခင်ဗျားသတိရပြီဆိုတာ ကျွန်တော် အကြောင်းကြားမထားဘူး၊ သူနဲ့တွေ့လိုက်ပါဦး''

လို့ ဒေါက်တာကပြောပြီး ထွက်သွားသည်။ ဒေါက်တာ့ကျောပြင်ကြည့်ပြီး တွေဝေစွာကျန်ရစ်သူက ဉာဏပါ။ ဒေါက်တာ ပြောသွားသောစကားတွေဟာ ဝီရနှင့်ကိုက်ညီတာ တစ်ခုမှမရှိ။ ပြီတော့ တီတာ့ချစ်သူတဲ့။ ဝီရနဲ့တီတာက ချစ်သူတွေမှမဟုတ်တာ။ ဝီရဟာ တီတာ့အပေါ် သူငယ်ချင်းထက်မပိုတာ သူအသိ။ ဒါပေမဲ့ အား ... ရှုပ်ထွေးလိုက်တာ။

''ကဲ ... သုံးယောက်ဆုံရှင်းတာပဲ ကောင်းတယ်''

ဉာဏက ခေါင်းရှုပ်မခံတော့။ တီတာ့ကို ဆေးရုံကစောင့်ပြီး တစ်ခါတည်းရှင်းခိုင်းရမည်။ ပြီးလျှင် ပုန်းရှောင်နေသော ဝီရလက်ထဲ ထိုးအပ်မည်။ ပြီးပြီပေါ့ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၁၉

"ည ...ဏ"

တီတာသည် ကိုယ်နှင့်မျက်လုံးချင်းဆုံကတည်းက လှည့်ပြေးရန်စီစဉ်ပြီးသား ...။

"ဟဲ့ ...တီတာ ...တီတာ ..မပြေးနဲ့ ..မပြေးနဲ့"

ညဏက အော်လေလေ ...သူမက ဖွတ်ပြေးလေလေ။ ဗိုက်ဖုံးအင်္ကျီတွေက လေအရှိန်ကြောင့် လွင့်ခနဲ။ ညဏသည် နောက်ကအော်ရင်း အသည်းတယားယား ရင်တဖိုဖို။

"တီ ...တာ"

"ဟင့်အင်း ...မလိုက်ခဲ့နဲ့တော့ ညဏ ...ငါ နင့်ကို မတွေ့ချင်ဘူး"

တီတာက ပြေးရင်းလှမ်းအော်သည်။

"ဟာ ...မတွေ့ချင်လို့မရဘူး၊ နင့်ဗိုက် ...ဗိုက်ရှိသေးတယ်"

ညဏက အော်သည်။ ဒီတော့မှ သူမသတိရသွားသည်။ ဗိုက်ထဲကကလေးလေးကို စိုးရိမ်စိတ်ဝင်သွားသည်။ တစ်ပြိုင်နက်





တည်း ပြေးနှုန်းက လျော့ကျသွားသဖြင့် ညဏကမီလာသည်။

"မပြေးနဲ့တော့ တီတာ ...ကလေးကိုညှာဦး"

ပြောရင်းသူ့လက်တစ်ဖက်ကို လှမ်းဆွဲ၏။ တီတာဆက်မပြေးသာတော့။ ဒါပေမဲ့ ကျောခိုင်းလျက်နေတုန်း။ ပြေးရှိန်ကြောင့်လား၊ ညဏကြောင့်လားမသိ ...နှလုံးသားက တဒုန်းဒုန်းခုန်ဆောင့်ဆဲ။ ညဏကတော့ သူမလက်ကို တင်းကျပ်စွာဆုပ်ကိုင်ထားရင်း အမောဖြေသည်။ ပြီးမှ အသက်ရှူသံပြင်းပြင်းဖြင့်

"ငါ့ရ ပြင်ဦးလွင်မှာရှိတယ် တီတာ၊ ငါလိုက်ပို့ပေးမယ်"

"ဘာ"

တီတာသည် လက်ကိုဆောင့်ဖြုတ်သည်။ ဒီဘက်ကို မျက်နှာလှည့်လာ၏။ ဒေါသအရှိန်ကြောင့် တီတာ့မျက်နှာသည် ရဲရဲနီမြန်းလျက် ...

"ငါက ဘာကိစ္စ ငါ့ရဆီသွားရမှာလဲ၊ နင်တို့က ဘာတွေလဲ ...တစ်ယောက်လာလည်း ငါ့ရ၊ တစ်ယောက်လာလည်း ငါ့ရ၊ နေစမ်းပါဦး ...ငါမေးပါရစေဦး ...ငါ့ရနဲ့ ငါက ဘာပတ်သက်လို့လဲ"

"တီတာ ...နင့် ဒီဗိုက် ..."

"ဒါ ငါ့ရကလေးမဟုတ်ဘူး"

တီတာက ကျုံးအော်သည်။ အသံနက်ပြာပြာကြီးနှင့် ရုတ်တရက်မို့ လန့်သွား၏။

"မုတ်ထား ...ငါ့ဗိုက်ထဲက,ကလေးက ငါ့ရသွေး တစ်စက်မှ မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ...ဒီကလေးက"

"အေး ...အမေလည်းငါပဲ, အဖေလည်းငါပဲ ...နင် ကျေနပ်ပြီလား ဉာဏ၊ သွားတော့ ...နင်သွားတော့ ...နင့်ကို ထပ်မတွေ့ချင်ဘူး၊ ငါ့ကို ဒီမှာတွေ့တာလည်း ဘယ်သူ့မှမပြော ပါနဲ့၊ ဒါ ...နင့်ဆီက ငါတောင်းဆိုချင်တဲ့ တစ်ခုတည်းသော အရာပါ၊ နင့်ဆီက ငါ ဘာမှမတောင်းဆိုခဲ့ဖူးဘူးနော် ဉာဏ"

ခံစားမှုတွေ ပြိုကွဲဖိတ်စဉ်လာသော တီတာ့မျက်နှာကို သူငေးကြည့်နေမိသည်။ ရင်ထဲ၌လည်း ထိခိုက်စွာ ခံစားလာရ သလို။ အို ...သူ ဘာဖြစ်တာပါလိမ့်။ သူ့စိတ်နှလုံးက မငြိမ်၊ ဝမ်းနည်းသလို၊ နမြောသလို။ တီတာကတော့ မျက်ရည်တွေ ပြည့်လျှံနေပေမယ့် နှုတ်ခမ်းအစုံက ပြုံးနေ၏။ လှောင်ရိပ်စွန်း သော အပြုံး။

"ဒီတစ်ခုတော့ တောင်းဆိုပါရစေ ...နင့်အတွက် အပန်းမကြီးပါဘူး၊ နင့်အနာဂတ်ကို ဖျက်ဆီးရာမရောက်ပါဘူး နော်၊ ငါ ဒီမှာရှိတာကို လျှို့ဝှက်ထားပေးဖို့ဆိုတာလေ ...ငါ သွားမယ်"

"ခဏလေး နေပါဦး ...တီတာ"

တီတာ ခြေလှမ်းတုံ့သွား၏

"ဒါဆို ...ဒီကလေးအဖေက ဝီရမဟုတ်ဘူးပေါ့"

တီတာက ဆို့နင့်ကြေကွဲစွာ သူ့အားစိုက်ကြည့်ရင်း ခေါင်းယမ်းပြ၏။

"ဒါ ...ဒါဆို ...ဒီကလေး ...အဖေ ...က"





"နင်ပဲ ...ဉာဏ"

"ဘာ"

ကမ္ဘာမြေကြီးက အိုးထိန်းစက်ပမာ သွက်သွက်ခါယမ်း လို့။ သူ့ဘေး၌ လျှပ်စီးတွေ ဝင်းဝင်းလက်နေသည်။ နားထဲ၌ ...'နင်ပဲ ...ဉာဏ' ဟူသောအသံတွေက ပဲ့တင်ထပ်နေသည်။

တီတာကတော့ ဖွင့်ဟပြီးသားမို့ မထူးပြီ။ ဒင်းမမှတ်မိခဲ့ သောညလေးတစ်ညအကြောင်း အစအဆုံးပြောပြမိသည်။ ဒါပေ မဲ့ သူမ လိပ်ပြာသန့်ပါသည်။ ရည်ရွယ်ချက်က သူ့ကိုသိစေချင် တာတစ်ခုတည်းပင်။ အခြား ဘာမှမပါ။

"နင့်ကို လွတ်လပ်ခွင့် ငါပေးပါတယ် ...ဉာဏ"

"ဒါဆို ...ငါ ...ငါက"

တုန်လှုပ်ခြင်းကင်းစွာ တီတာက သူ့ကိုစိုက်ကြည့်၏။ ဒီတစ်ကြိမ် ဆောက်တည်ရာမရသူက ဉာဏဖြစ်သွားပြီလေ။

"ဟုတ်တယ် ဉာဏ ...ဒါပေမဲ့ နင်သိအောင် ငါပြော ပြတာ၊ ငါလျှို့ဝှက်ထားမှုဟာ တခြားလူတွေရဲ့ ကိုယ့်ကျင့်သိက္ခာ ကို ထိခိုက်နေမှာစိုးလို့၊ နင် ငါ့အတွက်နဲ့ ဘာမှ စိတ်အနှောင့် အယှက်မဖြစ်ပါနဲ့၊ ငါဟာနင့်ကို ချည်မယ့်ကြိုးမဟုတ်ဘူး ...နင့် ကိုဖြည်ပေးမယ့် ကြိုးပါ၊ ငါ့ ဒီကလေးကို ကြီးပြင်းအောင် ပြုစု ပျိုးထောင်နိုင်ပါတယ်"

တီတာသည် နောက်ဆုံးအနေဖြင့် ဉာဏမျက်နှာကို စိုက်ကြည့်သည်။ ပြီးတော့ ခပ်သဲ့သဲ့ပြုံးပြ၏။ ခွင့်လွှတ်ခြင်း၊ ချစ်ခြင်းနှင့် ပေးဆပ်ခြင်းတွေ ရောပွမ်းနေသောအပြုံး။



www.burmeseclassic.com

www.burmeseclassic.com



"နင်သွားတော့ ဉာဏ ... နင်နဲ့ငါက အမြဲတမ်းသူငယ်ချင်းတွေပဲ ... သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပေါ့"

ဟု ဆိုသည်။ ပြီးတော့ သူမပင် အရင်ကျောခိုင်းပစ်၏။ သူကျောခိုင်းတာ အကြိမ်ကြိမ်ငေးခဲ့ရပြီးပြီ။ ဒီတစ်ကြိမ်တော့ ငါ့ကို ကျောခိုင်းခွင့်ပေးပါ ဉာဏရယ်။

ဒါ အနိုင်လိုချင်လို့ မဟုတ်ဘူးနော်။ ငါ့ကျရှုံးခြင်းမျက်ရည်တွေကို နင်မမြင်စေချင်လို့ပါ။ တီတာ ခြေလှမ်းစပြီ ... တစ်လှမ်း .. နှစ်လှမ်း .. သုံးလှမ်း ..

"တီ ... တာ"

ခေါ်သံနှင့်အတူ တီတာ့နောက်ကျောမှ သိုင်းဖက်ခြင်းခံရသည်။ ရင်ခွင်တစ်ခုထဲ တီတာနစ်မြုပ်သွား၏။ ပခုံးစွန်း၌နွေးရှိုက်စွတ်သော အထိအတွေ့။ အို ဉာဏငိုနေသလားကွယ်။ သူမကြောင့် ချစ်သူ ... မျက်ရည်ကျသတဲ့လား။ ဟင့်အင်း ... ချစ်သူရဲ့မျက်ရည်တွေ မမြင်ပါရစေနဲ့။ ဒီမိန်းမရဲ့ နှလုံးသားက အဲဒီလောက်အထိ မမာကျောသေးဘူးလေ ...။

"နင် ... ငါနဲ့ ပြန်လိုက်ခဲ့ပါ တီတာ"

"ဉ ... ဏ"

"ငါတို့ သာယာတဲ့မိသားစုဘဝတစ်ခု တည်ဆောက်မယ်၊ ငါက F.R.C.S မဖြစ်ရင်လည်း နေပါတော့တီတာရယ် ... ဒေါက်တာမာန်သူရလိုပဲ ဒီလိုနေရာမှာ စေတနာဆရာဝန်ပေါ့ ... နော်"

"နင် ... နင် တကယ်ပြောတာလား ဉာဏ"





သူ့ဘက်သို့ မျက်နှာလေးမော့ကာပေးလာသော တီတာ့အား ခေါင်းညိတ်ဖြေပြသည်။ တကယ်လည်း သူ့ရင်ထဲ၌ လိုချင်တပ်မက်ခြင်းဆန္ဒတွေ ကင်းစင်လို့။ ထိုတပ်မက်ခြင်းတွေကြောင့် သူ ဘယ်လောက်ပူလောင်ခဲ့ရသလဲ။ သူ ဘယ်လောက်ဗျာများခဲ့ရသလဲ။ ထိုဆန္ဒတွေကြောင့်ပဲ သူက အနီးပါး၌ရှိသော ရန်ခုန်သံကို မေ့လျော့ခဲ့လေပြီ။

သူ တီတာ့အား ဖွဖွလေးသိုင်းဖက်၏။ ရင်ထဲ၌ ငြိမ်းချမ်းခြင်းတွေ ပြီးပြည့်စုံသွားသယောင်။

"ငါ နင်နဲ့ ဒီကလေးလေးကို သက်ထက်ဆုံး စောင့်ရှောက်သွားပါ့မယ်တီတာ ... ငါ ကတိပေးပါတယ်

တီတာက သူ့ပခုံးစွန်းလေးကို နဖူးလေးဖြင့်မှီရင်း ...

"ကျေးဇူးတင်ပါတယ် ဉာဏ"

ဟု ဆိုလေသည်။ ညနေခြည်နေရောင်တန်းက အနီရောင်ဖျော့တော့စွာ ကြဲပက်ထားသည်။ ညနေခင်းလေပြည်သည် တောပန်းရနံ့ဖျော့ဖျော့တို့အား သယ်ဆောင်လာသည်။ ထိုလေပြည်ထဲတွင် ချစ်ခြင်းတရားတို့က ထုံမွှမ်းသင်းပျံ့နေ၏။

နေဝင်စဆည်းဆာနှင့် ပန်းရသော ချစ်သူနှစ်ဦးအား တစ်ထောင့်တစ်နေရာမှ ကြည့်နေသူတစ်ဦးရှိပါသည်။ ကြည့်သောသူ၏မျက်ဝန်း၌ မျက်ရည်ကြည်တွေ သိုင်းခြုံလျက်။ သူသည်တစ်ဦးတည်း ကြားသာအောင် တီးတိုးရေရွတ်သည်။

"ကိုယ့်ချစ်ခြင်းက မင်းပျော်ရွှင်ခြင်းနဲ့ ထပ်တူကျပါတယ် တီတီတာ ... မင်း ထာဝရ ပျော်ရွှင်နိုင်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



သူကား . . . ဒေါက်တာမာန်သူရပင်။ ထိုအခိုက်မှာပင် ဆေးရုံဝင်းအတွင်း ဂျစ်ကားအနီတစ်စီး ထိုးစိုက်လာ၏။ ထိုကား ပေါ်မှ စုံတွဲတစ်တွဲ ဆင်းလာသည်။ ထိုနှစ်ယောက်သည် ဉာဏ နှင့် တီတီတာအား စေ့စပ်ပေးမည့် အောင်သွယ်တော်နှစ်ယောက် ပင်တည်း။ အကယ်၍ ဆေးရုံအနောက်ဘက်ရှိမြင်ကွင်းအား မြင်ရလျှင်တော့ သူတို့သဘောပေါက်သွားကြမည်လေ။

အောင်သွယ်စရာ မလိုတော့ဘူးဆိုတာကိုပေါ့။

ႎလုံးသားသည်းနှမချစ်ခြင်းများစွာနဲ့ . . .

**သက်ပိုင်ရဲ**

BURMESE CLASSIC .com

www.burmeseclassic.com